
mgyoe.com SAMPLE BOOK

# ဒေါင်းမြရိ

လင်းရောင်နီ၊စဘော၊



mgyoe.com

"သဘင်သည်ဟူသည်... မိမိ သင်ယူတတ်မြောက်ထားသည့်
အဆို၊ အက၊ အပြော၊ အငိုနှင့် ရုပ်ပြောင်းရုပ်ခွဲဟူသော အတတ်ပညာတို့အား
နှလုံးသားနှင့် ပေါင်းစပ်လျက် လူ့ဘဝ၊ လူ့သရုပ်၊ လူ့ခံစားချက်နှင့်
အနီးကပ်ဆုံး ထပ်တူကျအောင် ချဉ်းကပ်၍ ပရိသတ်၏ နှလုံးသည်းပွတ်အတွင်း
ရေးထွင်းကမ္ပည်းထိုးနိုင်မှသာ သဘင်ပညာသည်အစစ် ဖြစ်လေသည်"

ဒေါင်းမြို့ ( လင်းဇော်နီ - စဒေဘ )
9 782023 000205

mgyoe.com

mgyoe.com

စာရိပ်မြိုင်အမှတ်စဉ် (၂၀)
SAMPLE BOOK

ပုံနှိပ်မှတ်တမ်း




## လင်းရောင်နီ၊စဘော၊

ဒေါ်ငြိမ်းမြရီ


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ

မျက်နှာဖုံးပန်းချီ ♦ အောင်ကျော်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၁၂၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

လင်းရောင်နီ(စဘော)
ဒေါ်ငြိမ်းမြရီ / လင်းရောင်နီ(စဘော)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၄၀၀ ၊ ၁၅. ၂၄ စင်တီ × ၂၂. ၈၆ စင်တီ
(၂၀) ဒေါ်ငြိမ်းမြရီ


mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁

**ပျိုး**

အညာရယ် အလွမ်းရယ် မိချောရယ်



၂

**မယ်စု**

အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး



၃

**နိုင်းနိုင်းစနေ**


နောက်ဆုံးနတ်သူငယ်




၄

**လင်းရောင်နီ(ဝဘော)**

ရိုးရာနှင့် အညာဝလေ့ဝတ္ထုတိုများ



၅

**တင်မောင်မြင့်**

အချစ်ရိုင်းရဲ့ အရိုင်းချစ်






၆

**မိုင်ရာ**

တစ္ဆေညရဲ့ သန်းခေါင်ယံ



၇

**မိုးစက်ပြိမ်း**


စိတ်အတွက် ဖတ်စာ



၈

**လူခါး**

ဦးအောင်သင်းကို မော့ကြည့်ခြင်း



၉

**နိုင်းနိုင်းစနေ**

တစ်သက်တာအဖော်



၁၀

**ခင်သန္တာ**

မလွန်ခင်လေး လွမ်းရအောင်

mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ဆရာ လင်းရောင်နီ(စဘေ)ကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့အနီး စဘေအလယ်ရွာတွင် အဖ ဦးမြင့်အောင်နှင့် အမိ ဒေါ်ပိုတို့မှ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ "ဝဏ္ဏအောင်" ဖြစ်ပြီး၊ မွေးချင်း ငါးယောက် အနက် အထွေးဆုံးသား ဖြစ်သည်။

မူလတန်းပညာကို အ-မ-က(ရှေ့-စဘေ)တွင်လည်းကောင်း၊ အလယ်တန်းပညာကို အ-လ-က (နောက်-စဘေ)တွင်လည်းကောင်း၊ အထက်တန်းပညာကို အ-ထ-က (မြစ်ခြေ) တွင်လည်းကောင်း တက်ရောက်သင်ယူခဲ့ပြီး၊ ၂၀၁၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ပခုက္ကူတက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် ပညာဆည်းပူးကာ ၂၀၁၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် ဝတ္ထုတိုများကို စတင်ရေးသားခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် "ရိုးရာနှင့် အညာဓလေ့ဝတ္ထုတိုများ" စာအုပ်ဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ယခုလက်ရှိ အချိန်တွင် ဇာတိမြေ၌ပင် နေထိုင်ကာ ဝတ္ထုတို၊ ဝတ္ထုရှည်များကို ဆက်လက်ရေးသားလျက်ရှိသည်။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

အမှာစာနှင့်
# ကျေးရှူးတင်စကား

mgyoe.com

mgyoe.com SAMPLE BOOK

အမှာစာ အဖွင့်မှာ စာဖတ်သူတို့ကို ကနဦး ဝန်ခံချင်တာက "ဒေါင်းမြရီ" ဝတ္ထုရှည်ဟာ ဖြစ်ရပ်မှန်ဇာတ်လမ်း မဟုတ်ဘူး ဆိုတာပါပဲ။ ဝတ္ထုရဲ့ ဒေသနောက်ခံဟာလည်း မန္တလေးမြို့နဲ့ ပခုက္ကူနယ်ထဲက စဘေရွာဝန်းကျင်ကို နောက်ခံထားပြီး ရေးဖွဲ့ထားပေသိ ကျွဲမရဲချောင်း၊ မင်းတိုင်ပင်ရွာ၊ မင်းလိုရွာ၊ မင်းစိုးရွာ၊ မင်းမျက်ရွာဆိုတဲ့ ဇနပုဒ်ရွာလေးတွေဟာလည်း ကျွန်တော့်စိတ်ကူးထဲက အမည်နာမတွေပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒီလို သဘင်နောက်ခံ ဇာတ်အိမ်မျိုးကို ကျွန်တော် ရေးချင်ခဲ့တာ ကြာပါပြီ။ အညာမလေ့ အညာအငွေ့တွေ ယှက်ဖွဲ့ သိုင်းခြုံထားတဲ့ ဝတ္ထုတိုအများစုကို ရေးခဲ့တဲ့ ကျွန်တော့်ရင်ထဲမှာ၊ မြန်မာ့ဓလေ့စရိုက် မြန်မာ့ဟန်ပန်တွေ ပြည့်လျှမ်းနေတဲ့ သဘင်သည် မင်းသမီးကြီးတစ်ဦးအကြောင်းကို ရေးစမ်းကြည့်ချင်စိတ်တွေဟာ အုံကျင်းဖွဲ့ သန္ဓေတည်နေခဲ့တာ ကြာပါပကော။ သို့ပေသိ ဝတ္ထုတိုတစ်ပုဒ်ကိုပင် နည်းမှန်လမ်းမှန် ရေးထုံးမှန်အောင် စည်းကမ်းတကျ မဖွဲ့ဆိုနိုင်သေးတဲ့ ကျွန်တော့်လို ဝါသနာရှင် စာရေးသူတစ်ယောက်အနေနဲ့ ဝတ္ထုရှည်တစ်ပုဒ်ကို ဖန်တီးဖို့ဆိုတာ အတော်ကို မဝံ့မရဲ ဖြစ်ခဲ့ရတာပါ။

ပိုပြီး စိုးရွံ့စေတာက သဘင်နောက်ခံ ဖြစ်နေတဲ့အတွက်ပါ။ သဘင်နယ်ပယ်ဟာ ပညာရပ်နယ်ပယ် ဖြစ်လေတော့ တော်ရိလျော်ရိ ရေးလို့မရသလို၊ အမှားခံလို့လည်း မရပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း သဘင်နယ်နဲ့ မနီး၊ သဘင်သည်နဲ့ လက်ပွန်းတတီး နေခဲ့ဖူးသူ မဟုတ်တာကြောင့် ကျွန်တော်ရေးနေကျ အညာကျေးလက်ဒေသနောက်ခံ ဇာတ်လမ်း ဇာတ်အိမ်တွေနဲ့စာရင် သဘင်နယ်ဟာ ကျွန်တော်နဲ့ စိမ်းသက်လွန်းလှတယ်။ အညာမှာမွေး အညာမှာကြီး၊ အညာမီးလှုံ အညာစောင်ကိုခြုံခဲ့ရသူ ကျွန်တော့်အတွက် ရွာဓလေ့ ရပ်ဓလေ့နဲ့ အညာသူ အညာသားတွေရဲ့ စရိုက်ဘာသာတွေကို ဖွဲ့နွဲ့သီကုံးဖို့ ခဲရာခဲဆစ် မဟုတ်လှပေသိ၊

mgyoe.com

ပညာရပ်နယ်ပယ်ဖြစ်တဲ့ သဘင်အကြောင်းကို ရေးဖို့ကျတော့ အင်မတန် ခက်ခဲပေလိမ့်မယ်။ ဒီတော့ သဘင်နောက်ခံ ဝတ္ထုရှည်တစ်ပုဒ် ဖန်တီးချင်တဲ့ စိတ်ဆန္ဒကို ချိုးနှိမ်ပြီး၊ လက်လှမ်းမီရာ အညာအကြောင်း ရွာအကြောင်းတွေကိုသာ စွမ်းနိုင်သမျှ အားထုတ်နေခဲ့ရပြန်တယ်။

mgyoe.com SAMPLE BOOK

ရေးဖြစ်ဖို့ အကြောင်းဖန်လာတာကတော့ ပထမဆုံး ထွက်ခဲ့တဲ့ "ရိုးရာနှင့် အညာ မလေ့ ဝတ္ထုတိုများ" ဆိုတဲ့ ဝတ္ထုတို စာအုပ်လေးကြောင့်ဆိုရင် မမှားပါဘူး။ စာရေးပျင်းတဲ့ ကျွန်တော်၊ စာရေးဆရာ ဖြစ်ရမယ်ဆိုတဲ့ အာသီသ ပြင်းပြင်းပြပြ မရှိလှတဲ့ ကျွန်တော်ဟာ "ရိုးရာ" ထွက်ပြီးချိန်မှာတော့ မိုးဦးကျမှာ ဝါးရုံတောအတွင်းက မျှစ်စို့ကြီးတွေ အစုစုအငုငု ထွက်ပေါ်လာကြသလို၊ ကျွန်တော့်နှလုံးအိမ်ထဲက စာပေချစ်စိတ်နဲ့ စာရေးလိုစိတ် အစို့ အညှောက်တွေဟာလည်း အားသစ်လောင်းပြီး ပြန်လည် ဖြစ်ပေါ်လာခဲ့ရပါတယ်။ အမျိုးမျိုးသော အကြောင်းတရား အခြေအနေတို့ကြောင့် ဝေဝါးလမ်းပျောက်နေတဲ့ ကျွန်တော့်အတွက် ထွက်ပေါက်တစ်ခုကို တွေ့လိုက်ရသလိုမျိုးလည်း ခံစားခဲ့ရပါတယ်။ ဒီတော့ နဂိုကတည်းက ကိန်းအောင်းနေခဲ့တဲ့ သဘင်နောက်ခံ ဝတ္ထုရှည်တစ်ပုဒ်ကို ကြိုးစားရေးဖွဲ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချလိုက်မိတော့တာပါပဲ။

သည့်နောက်ကစပြီး သဘင်နဲ့ပတ်သက်တဲ့ စာအုပ်ကလေးတွေကို လက်လှမ်းမီသမျှ ရှာဖွေ စုဆောင်းပြီး ဖတ်ရ မှတ်ရပါတော့တယ်။ ဇာတ်စာ ဇာတ်စကား၊ ဇာတ်သီချင်း၊ ဇာတ်ထုပ်၊ ငိုချင်းစာ၊ ယေဉ်ကျူးစာတွေကိုလည်း ရနိုင်မယ်ထင်တဲ့သူတွေဆီ ချဉ်းကပ်ပြီး အကူအညီ တောင်းရပြန်တယ်။ သဘင်ပညာရှင်တွေထံ လူကိုယ်တိုင် သွားရောက်ပြီး ထဲထဲဝင်ဝင် မတွေ့ဆုံ မလေ့လာနိုင်သည့်တိုင် ယဉ်ကျေးမှုတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဆရာ၊ လက်ရှိမှာ ပွဲကနေဆဲ သဘင်သည်တချို့၊ သဘင်လောကနဲ့ နီးစပ်သူတွေထံ ဖုန်းတတေတေဆက်ပြီး အပူကပ်ရတော့တာပါပဲ။

သဘင်လောကရဲ့ လုပ်ထုံး၊ သဘင်ဉသျှောင်များ ချမှတ်ပေးခဲ့တဲ့ သမ္ပဇဉ်၊ သဘင်သည်တို့ရဲ့ စရိုက်သဘာဝ၊ ဖြတ်သန်းခဲ့ရတဲ့ ဘဝမှတ်တမ်းနဲ့ ရင်ဆိုင်ခဲ့ကြရတဲ့ အတွေ့အကြုံတွေကို ၎င်းတို့ထံမှ အဖုံဖုံအလီလီ ကြားနာ မှတ်သားခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ လက်တွေ့ဘဝထဲက ထိုအဖြစ်အပျက်တွေနဲ့ ကျွန်တော့်ရင်ထဲမှာ ကိန်းအောင်းနေခဲ့တဲ့ ဇာတ်အိမ်တစ်ခုကို ပေါင်းစပ်ပြီး "ဒေါင်းမြရီ" ဆိုတဲ့ ဇာတ်ကောင်တစ်ဦးကို အခြေပြုထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ကို ဖန်တီးခဲ့ပါတော့တယ်။ ကျွန်တော်ကိုယ်တိုင်က သဘင်နယ်ရဲ့ ထုံး၊ သဘင်သည်ရဲ့ နှလုံး၊ သဘင်သည်တို့ရဲ့ ပညာကို အပ်ကျမတ်ကျ စေ့စေ့ငုငု မသိမြင်နိုင်သော်ငြားလည်း ဖတ်မှတ်ထားသမျှ စာ၊ ကြားနာထားသမျှ စကား၊ ကျွန်တော့်နှလုံးသားရဲ့ ခံစားနိုင်မှု စွမ်းပကားတို့နဲ့ ပေါင်းစုစပ်ယှက်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါတယ်။ သဘင်သည်တို့ရဲ့ နှလုံးသည်းပွတ်ကနေ စိမ့်ကျယိုစီးလာတဲ့ စကားလုံးတွေကအစ သဘင်အသံ၊ သဘင်အငွေ့တို့ ထင်ဟပ်နေအောင် အထူးဂရုပြု ရေးသားခဲ့တာပါ။ ကျွန်တော့် အယူအဆ ထင်မြင်ချက် မှားယွင်းသွားတာနဲ့ သဘင်လောကရဲ့ ပုံရိပ်ကို ထိခိုက်မှာ စိုးလှတယ်။ သဘင်နယ်နဲ့ သဘင်သည်တွေဟာ ကိုယ့်အရေးအသားကြောင့် ဂုဏ်မတက်တဲ့အပြင် ဂုဏ်ပျက်မှာမျိုးကိုလည်း တွေးကြောက်နေခဲ့တာပေါ့။

mgyoe.com

အလွန်အင်မတန် ဂုဏ်ရှိန်ကြီးမားတဲ့ ပညာရပ်နယ်ပယ်ကြီးရဲ့ ဇာတ်အိမ်ဖြစ်နေ

တာကြောင့် စိတ်ဖိအားကတော့ အတိုင်းထက်အလွန်ပါပဲ။ မင်းတိုင်ပင်ရွာက ဒေါ်မိန်းကလေး
mgyoe.com SAMPLE BOOK
ဘဝဟာ သာမန်အရပ်သူအဖြစ် ရှိနေတာမို့ လူ့စရိုက်သဘာဝကို ရပ်ဓလေ့ ရွာဓလေ့လေးနဲ့ တွဲဖက်ရေးဖွဲ့ဖို့ မခက်ခဲလှပေသိ၊ သဘင်နယ်မှာ ကျင်လည်နေတဲ့ ဒေါင်းမြရီဘဝကို သရုပ်ဖော်ရာမှာတော့ အင်မတန် စိတ်ပင်ပန်းခဲ့ရပါတယ်။ ဒေါင်းမြရီ ပညာကြီးလာသည်နှင့်အမျှ ကျွန်တော့်မှာ တာဝန်ပိုကြီးလာသလို ခံစားရပါတယ်။ ရေးနေရင်းနဲ့ပဲ "ငါ မနိုင်တဲ့ဝန်ကို အတင်းဝင်ထမ်းနေမိတယ်" ဆိုတဲ့ အတွေးတွေ ဝင်လာပြီး ရပ်တန့်ပစ်ချင်တဲ့စိတ်တွေလည်း အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ရတာပါ။ သို့ပေသိ "ငါ စခဲ့ပြီးပြီ၊ အဆုံးထိရောက်အောင် သွားမယ်" လို့ ကိုယ့်စိတ်ကို ပြန်တင်းပြီး ဖြစ်အောင် ရေးခဲ့တယ်။

"ညီလေးက သဘင်လောကနဲ့ပတ်သက်တဲ့ ကျမ်းတစ်စောင်ကို ပြုစုနေတာမှ မဟုတ်တာ။ သဘင်နယ်မှာ ကျင်လည်နေကြတဲ့ လူထဲက လူတွေရဲ့အကြောင်းကို ရေးတာမို့ မှားခဲ့မယ်ဆိုရင်တောင် မှားခွင့်ရှိတယ်။ ခွင့်လွှတ်နိုင်ကြလိမ့်မယ်။ လူ့စရိုက် လူ့သဘာဝကို က အမှားမကင်းတတ်တာမျိုးကိုး" ဆိုတဲ့ အစ်ကိုဆရာ ကိုနေမင်းခိုင်ရဲ့ စကားကလည်း ကျွန်တော့်ရဲ့ တွန့်ဆုတ်နေမှုကို ရဲဝံ့စေခဲ့တာပါ။ ကျေးဇူးတင်ပါတယ် အစ်ကိုရေ။

နောက်ထပ်ကြုံတွေ့ရတဲ့ အခက်အခဲကတော့ ကာလဒေသနောက်ခံပါ။ ၁၉၉၃ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ကျွန်တော့်အနေနဲ့ ၉၃ ရှေ့ပိုင်းကာလတွေကို အတိအကျပုံဖော်ဖို့ ဘယ်လိုမှ လက်လှမ်းမမီခဲ့ပါဘူး။ ဒီတော့ မေးတန်တာ မေး၊ ဖတ်တန်တာ ဖတ်၊ မှတ်တန်တာ မှတ်နဲ့ လက်လှမ်းမီသမျှ ကြိုးစားပုံဖော်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော့် အားသာချက်အရ ခေတ်ဟောင်း ရပ်သရုပ် ရွာသရုပ်နဲ့ ကျေးလက်ဝန်းကျင်၊ တောရိပ် တောင်ရိပ် ချောင်းရိပ် မြောင်းရိပ်တွေကို ပုံဖော်ဖို့ရန် လွယ်ကူပေမယ့်၊ မန္တလေးမြို့(အထူးသဖြင့် ရှေးခေတ်မန္တလေး) ကို ခြယ်မှုန်းရာမှာတော့ လွန်စွာ ခက်ခဲလှပါတယ်။ သည်တော့ မန္တလေးကို ကိုယ်တိုင်မသွားနိုင်တဲ့ အခြေအနေတစ်ခုမှာ ဖုန်းလေးတစ်လုံးကို အားကိုးပြီး အလုပ်လုပ်ခဲ့ရတာပါ။ ကျွန်တော့် အပေါ် တူသားသဖွယ် ချစ်ခင်တဲ့ မန္တလေးမြို့က ဦးကျော်နဲ့ အန်တီအေးကို ဖုန်းတတေတေ ဆက်ပြီး မေးမြန်းရခြင်းဖြင့် တစ်မျိုး၊ ကျွန်တော်ကိုယ်တိုင် အင်တာနက်စာမျက်နှာပေါ်မှာ ရှာဖွေပြီးတစ်ဖုံနဲ့ နည်းမျိုးစုံအောင် စွမ်းသလောက်လေး အားထုတ်ခဲ့ရပါတယ်။ ဦးကျော် ကိုယ်တိုင်ကလည်း "ဒီခေတ်မှာဆိုရင် ဒီလိုဖြစ်သင့်သကွ၊ ခေတ်အရဆိုရင် ဒေါင်းမြရီက မန္တလေးမြို့ရဲ့ ဘယ်မင်းသမီးနဲ့တော့ ခေတ်ပြိုင်ဖြစ်လိမ့်မယ်၊ အဲဒီတုန်းက မန္တလေးက ဒီလိုပေါ့ကွာ" ဆိုတာမျိုး၊ အန်တီအေးကလည်း "သားရေ အိမ်တော်ရာ ဘုရားကတော့ ဘယ်လိုနော်၊ ဈေးချိုတော်ရုံကတော့ ဘယ်ကဲ့သို့" စသဖြင့် မန္တလေးမြို့ကို ကိုယ်တိုင်ရောက်နေသကဲ့သို့ မျက်လုံးထဲမှာ မြင်ယောင်ခံစားရတဲ့အထိ ပံ့ပိုးကူညီပေးခဲ့ကြလို့လည်း "ဒေါင်းမြရီ" က ပိုပြီး ပီပြင် ရုပ်လုံးကြွခဲ့ရတာပါ။ ကျေးဇူးတင်ပါတယ် ဦးကျော်နဲ့ အန်တီအေး ခင်ဗျာ။

သဘင်နဲ့ပတ်သက်တဲ့ အချက်အလက်လေးတွေကို သိချင်ပြန်တော့ ပခုက္ကူမြို့က စာရေးဆရာကြီး ဆရာသာလွန်ကျော်ထံ မေးမြန်းပြီး မှတ်ပိုက်ရပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အစ်ကိုဆရာ ဦးကျော်မင်းထွေးကလည်း ဇာတ်စာ ဇာတ်စကား ဇာတ်သီချင်း ဇာတ်ခွင်တွေ တထွေးတပိုက်ကြီး ကူညီပေးခဲ့ပါသေးတယ်။ မန္တလေးမြို့မှ Dr.Nyi Htwe က မန်းအငြိမ့်လောက မန်းအငြိမ့်သမ္ဗဇဉ်တွေနဲ့ အငြိမ့်သီချင်းတွေကို ရှာဖွေ
mgyoe.com

ပေးပြီး၊ ဆရာတော်ဦးဇနက (မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဂွန်းတောင်ရွာ၊ ရေဦးကျောင်း)နဲ့ တောင်ကြီးမြို့မှ အန်တီစန်းတို့ကလည်း သဘင်နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ စာအုပ်စာတမ်းလေးတွေကို မေတ္တာနဲ့ ပို့ပေးခဲ့ကြပါတယ်။ လှိုက်လှဲတဲ့ အရင်းခံစိတ်နဲ့ ကျေးဇူးတင်မိပါကြောင်း မှတ်တမ်းတင်လိုက်ရပါတယ်။ နောက်ပြီး ကျွန်တော့်ရဲ့ စာတွေကို စာလုံးပေါင်း သတ်ပုံကအစ သေချာစိစစ်ပေးပြီး ဖိုင်တွေဖွဲ့၊ mail တွေ ပို့ပေးခဲ့တဲ့ သူငယ်ချင်း မမေခိုင်ဦးနဲ့ အစ်မ မနွယ်ရီကြိုင်၊ "ဒေါင်းမြရိ" ဝတ္ထုရှည်ကြီးကို မညည်းမညူ ဖတ်ရှုသုံးသပ်ပေးခဲ့တဲ့ ဆရာဦးမိုးသီး၊ ဆရာလင်းအိမ်၊ "ဒေါင်းမြရိ" သီချင်းအတွက် ကျွန်တော်နဲ့အတူ စာသားရှာ သံစဉ်ရှာပေးခဲ့တဲ့ ဆရာမုန်းမာန်ခ(ဇရာဝတီ)၊ "ရေးစရာရှိတာကို ဆက်ရေးပါ။ သဘင်နောက်ခံ ဝတ္ထုမို့ ပိုပြီးအားပေးတယ်။ မရေးဖြစ်ရင် စိတ်ဆိုးမှာ" ဆိုပြီး နှုတ်၏စောင်မခြင်းဖြင့် အား ပေးခဲ့တဲ့ ဆရာမားအလိမ္မာတို့ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ။

အထူးတလည် ကျေးဇူးတင်ရမှာကတော့ "စာရိပ်မြိုင်" ရဲ့ ထုတ်ဝေသူ ညီလေး ပြည့်အာကာနဲ့ စာဖတ်သူများကိုပါ။ ခေတ်ကာလကြောင့် စိတ်ခံစားမှုအခြေအနေ၊ အလုပ် အကိုင်နဲ့ ငွေကြေးရှားပါးမှု အခြေအနေရ စာဖတ်ဖို့တောင် မနည်းအားယူနေကြရတဲ့အချိန်မှာ လင်းရောင်နီ(စဘေ)ဆိုတဲ့ ကလောင်သစ်တစ်လက်ကို ရဲရဲဝံ့ဝံ့ စင်တင်ပွဲထုတ်ပေးခဲ့တဲ့ ညီလေး ပြည့်အာကာ(စာရိပ်မြိုင်)ကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် အွန်လိုင်းမှာ ဝတ္ထုတိုလေး တွေ ရေးတဲ့အချိန်ကစပြီး တစ်လျှောက်လုံး ဖတ်ရှုအားပေးခဲ့ကြတဲ့ စာဖတ်သူများ၊ ခေတ်ကာလ အကြပ်အတည်းကြားကနေပဲ မဖြစ်ဖြစ်အောင် ဝယ်ယူအားပေးခဲ့ကြတဲ့ ချစ်ခင်ရတဲ့ စာဖတ် သူများ၊ အွန်လိုင်းမှာ မရင်းနှီး မကျွမ်းဝင်ပေမယ့် လင်းရောင်နီ(စဘေ)ဆိုတဲ့ ကလောင်ကို အားပေးကြသူများနဲ့ Facebook စာမျက်နှာထက်မှာ အခန်းဆက်ရေးတင်ခဲ့တဲ့ "ဒေါင်းမြရိ" ကို စောင့်မျှော်ဖတ်ရှုပြီး သုံးသပ်ချက်ပေးခဲ့ကြတဲ့ စာပေနယ်မှ ဆရာကြီး ဆရာမကြီးများ ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ် ခင်ဗျာ။ အခက်အခဲတွေ၊ ဖိအားတွေ၊ စိတ်နှလုံး မသာယာခြင်းတွေ ကြားကပဲ ကျွန်တော့်ရဲ့ အသက်သုံးဆယ်ပြည့် မွေးနေ့မှာ ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြစ်တဲ့ "ဒေါင်းမြရိ" ကို ဖန်တီးသရုပ်ဖော် ထုတ်ဝေ နိုင်ခဲ့ပါပြီ။ အကယ်၍ ဝတ္ထုနဲ့ပတ်သက်ပြီး လိုအပ်ချက်တစ်စုံတစ်ရာ၊ ပညာရပ်နဲ့ လူပုဂ္ဂိုလ်တို့ ပေါ် ထိခိုက်နစ်နာစေမယ့် ချို့ယွင်းချက် တစ်စုံတစ်ရာများ ပါရှိခဲ့မယ်ဆိုရင်၊ ထိုအမှား ထို ချို့ယွင်းချက်ဟာ မည်သူတစ်ဦးတစ်ယောက်ရဲ့ ပယောဂမျှမပါဘဲ ကျွန်တော်ရဲ့ လေ့လာ အားနည်းမှု စာပေအရည်အသွေး မပြည့်ဝမှုကြောင့်သာ ဖြစ်ကြောင်းကိုလည်း အသိပေး မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။

"ဒေါင်းမြရိ" ဝတ္ထုရှည်ထဲမှာတော့ "မြရိ" ဆိုတဲ့ စဘေရွာသူကလေး ဘဝကနေ၊ "ဒေါင်းမြရိ" ဆိုတဲ့ ပညာအရှိန်ကျော်စောတဲ့ သဘင်သည်တစ်ယောက် ဖြစ်လာဖို့ ဖြတ်သန်း ခဲ့ရပုံ၊ သဘင်သည်အဆင့်ဆင့်ထံ ချဉ်းကပ်ပြီး သဘင်အတတ်ပညာ မင်းသမီးအတတ်ပညာ တွေကို သင်ယူအားထုတ်ခဲ့ရပုံ၊ ဆူကြံနိမ့်မြင့် လောကဓံတရားတွေကို တွေ့ကြုံရင်ဆိုင်ခဲ့ရပုံ၊ "ဒေါင်းမြရိ" ဘဝမှသည် မင်းတိုင်ပင်ရွာမှာ ဇာတ်မြုပ်နေထိုင်ရင်း "ခင်ထားရီ" ဆိုတဲ့ မိန်းမ ငယ်လေး(ရန်သူရဲ့သွေး) တစ်ယောက်ကို မွေးမြူခဲ့တဲ့ "ဒေါ်မိန်းကလေး" ဘဝအထိ အမြုပ် အဖော် အလှည့်အပြောင်းလေးတွေနဲ့ ကျွန်တော်တတ်စွမ်းသမျှ အားထုတ်ရေးဖွဲ့ထားတာကို

mgyoe.com SAMPLE BOOK
ဖတ်ရှုရမှာ ဖြစ်ပါတယ်။

သဘင်သည်ကြီးတွေဖြစ်တဲ့ အမေကောလိပ်၊ နှံ့သာမြေ ဒေါ်ကျော့မေ၊ အမေသြဇာ တို့ရဲ့ သဘင်ဝမ်းစာ ပြည့်ဝမှု၊ သုခုမအနုပညာအပေါ် တန်ဖိုးထားမှု၊ သဘင်လောကအပေါ် သစ္စာစောင့်သိမှုတို့ကိုလည်း တွေ့မြင်ရမှာဖြစ်သလို၊ ကိုဆောင်ပန်းနဲ့ ကိုကြာမြိုင်ကဲ့သို့သော သဘင့်ကပ်ပါးကောင် သဘင်ဖျက်ပိုးတွေရဲ့ စက်ဆုပ်ဖွယ် စရိုက်၊ သဘင်လောကအပေါ် တန်ဖိုးမထားမှုတို့ကိုလည်း သိရှိရမှာပါ။ မန္တလေးနောက်ခံ သဘင်လောကနဲ့ အိမ်တော်ရာ ဘုရားပွဲသို့သော မန်းမြို့ရဲ့ အထင်ကရ ပွဲတော်တွေအကြောင်းကိုလည်း တစေ့တစောင်း ထည့်သွင်း ရေးဖွဲ့ထားတာမို့၊ တစ်ချိန်က အငြိမ့်ခေတ် သဘင်ခေတ်ကိုလည်း မြင်ယောင် လွမ်းမောစေမှာပါ။ မြန်မာမှု မြန်မာ့ဟန်၊ အညာကျေးလက် ဓလေ့စရိုက်တွေနဲ့ ခေတ်ဟောင်း သဘင်လောကကို ပုံဖော်ထားတာ ဖြစ်ပါတယ်။

လူပြက် ကိုလေပြေနဲ့ ဒေါ်ငါးမြရီတို့ရဲ့ ကြည်နူးစရာ ချစ်မေတ္တာခန်း၊ မင်းမျက်ရှာ သား မောင်စောမောင်နဲ့ မင်းတိုင်ပင်ရွာသူ မျက်မမြင်ဒုက္ခိတမလေး ခင်ထားရီတို့ရဲ့ လွမ်းဆွတ် နာကျင်ဖွယ် ဇာတ်လမ်းဇာတ်ကွက်တို့ကိုလည်း ခံစားရပါလိမ့်မယ်။ အရာရာကို အလေးအနက် မထားဘဲ လျှပ်ပေါ်လော်လည်စွာ ပေါ့ပျက်ပျက် နေထိုင်ခဲ့ပြီး၊ ရည်းစားသနာကို ထိုင်မသိမ်း လဲသလို ထည်လဲထားခဲ့ပေမယ့် ကိုကြာမြိုင်ကိုမှ တစ်ဖက်သက် အရှုံးအမူး စွဲလမ်းခဲ့ရတဲ့ မင်းသမီး ဗေဒါပျံ၊ ဒေါ်ငါးမြရီကို ပိုင်ဆိုင်ခွင့်မရတဲ့အဆုံး ဒေါ်ငါးမြရီရဲ့ဘဝတစ်ခုလုံးကို ထုံးလို ချေ ရေလို နှောက်ပြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်ခဲ့တဲ့ မင်းသားကြာမြိုင်. . .၊ ဦးသစ်ဆန်းရဲ့ "သဘင်နန်း" အငြိမ့်နဲ့ ကိုကြာမြိုင်ရဲ့ "ပဒုမ္မာသဘင်" တို့ရဲ့ အားပြိုင်မှု. . .။

အသိပညာ အတတ်ပညာတွေ၊ မေတ္တာတရားတွေ၊ အမုန်းနဲ့ အာဃာတတွေ၊ လက်စားချေလိုမှုတွေနဲ့ ပြည့်နှက်နေတဲ့ ဒေါ်ငါးမြရီဆိုတဲ့ သဘင်သည်တစ်ယောက်ရဲ့ ဘဝကို ကျွန်တော် လက်လှမ်းမီသမျှနဲ့ အားထုတ်ဖွဲ့သီခဲ့ပါတယ်။ ပညာတွေ၊ မာနတွေ၊ အတ္တတွေနဲ့ ဖွဲ့တည်ထားတဲ့ ဒီဇာတ်အိမ်ရဲ့ အဆုံးသတ်ဟာ လက်စားချေခြင်းတွေနဲ့လား၊ ခွင့်လွှတ်ခြင်း တွေနဲ့လား ဆိုတာကိုတော့. . .။

*ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအပေါင်း*
*ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရှိကြပါစေ. . .*

လင်းရောင်နီ(စဘေ)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၁

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၁

"ဖြူပြာမှုယာ၊ သူဇာနေလို၊ နတ်ကယ်ရွှေကိုယ်၊ ထင်မိယောင်မှား၊ စက်ပန်းရယ် ညောင်ပြဒ့်က၊ နန်းမြင့်ဘုံဘွား၊ ခြေဖျားလက်ဖျား သားရရားတွင်၊ ပတ္တမြားရည်ရွှန်း၊ ချိပ်ရည် စွန်းသို့၊ သွန်းသွန်းသွယ်ဖြာ၊ တင့်တယ်စွာနှင့်၊ ကျိုးအာနှိုင်းတမ်း၊ နီနှုတ်ခမ်းလည်း၊ ကွမ်းပန်းမထိ၊ ပကတိဖြင့် တင့်ဘိလွန်ကဲ၊ ရှုမရဲသည်၊ ပုလဲလျှံထွက်၊ သွားရောင်လက်နှင့်၊ အောင်ထက်စုရုံး၊ ဝန်းကျင်လုံးသား၊ လှဆုံးခေါင်းချုပ်…"

ကျွဲမရဲချောင်း။ တောင်မြောက် လျောင်းတည်နေသည့် သဲချောင်းပြင်ကြီးဖြစ်သည်။ အထက်အညာအရပ်၌ မိုးကြီးလျှင် ရေပြည့်ချောင်းကြီး ဖြစ်သွားတတ်သည်။ ကျဉ်းမြောင်း သည်။ ရေစီးသန်သည်။ စီကောင်းတောင်တန်းကြီးပေါ်မှ ဒလိမ့်ထိုး ကျလာသည့် ရေအဟုန် သည် ဤကျွဲမရဲချောင်းအတွင်းသို့ စီးဝင်၏။ တောင်စဉ်အထပ်ထပ်ကို ကျော်ဖြတ်ပြီး တောင် စောင်းဆင်ခြေလျှောအတိုင်း စီးကျလာသည့် ရေအလျဉ်သည် ကြောက်မက်ဖွယ်ကောင်းလှ အောင် အားကောင်းလွန်းလှသည်။ သန်မာလွန်းလှသည်။ ရေကျရာလမ်းတစ်လျှောက်တွင် ရှိသည့် သစ်တုံး၊ သစ်ကိုင်း၊ သစ်ပင်တို့သည် ဤချောင်း၏ရေအလျဉ်ကို အန်တုနိုင်ခြင်းမရှိ။ လက်ခမောင်းခတ်ကာ အရှိန်အဟုန်ပြင်းပြင်းဖြင့် မာန်တင်းမောက်မာလွန်းလှသည့် ရေလုံးထု ကြီးအောက်ဝယ် ညှိုးခြောက်သိမ်ငယ်စွာ ဒူးထောက်အရှုံးပေးကြရစမြဲ။ တောင်ကျရိုးတစ် လျှောက် မှီတင်းနေထိုင်ကြသည့် တောကောင်ငယ်လေးတို့သည်လည်းကောင်း၊ အသိုက်အမြုံ တို့သည်လည်းကောင်း၊ သားရဲတွင်း ဝပ်ကျင်းတို့သည်လည်းကောင်း ဤကျွဲမရဲချောင်းရေ၏ မာနတံခွန်အောက်ဝယ် ပြားပြားမှောက်အောင် ဝပ်ဆင်းခယကြရသည်ချည်း။ လဲပြိုပျက်စီး ကြရသည်ချည်း။

ခွန်အားနည်းသည့် လူသာမန်မဆိုထားနှင့်။ အားကောင်းမောင်းသန် ကျွဲသတ္တဝါ

mgyoe.com

mdyoe.com SAMPLE BOOK

တို့ပင် ကူးခတ်ရန် မဝံ့ရဲသည့် ချောင်း။ ကျော်ဖြတ်ရန် စိုးရွံ့လက်တွန့်ကြသည့်ချောင်း။ ယင်းကြောင့်လည်း ကျွဲမရဲချောင်းဟု နာမဖော်ထုတ် ခေါ်ဆိုသမုတ်ခဲ့ကြခြင်းဖြစ်ပေလိမ့်မည်။ ပုဂ္ဂိုလ်သတ္တဝါတို့သည် အနှီကျွဲမရဲချောင်းကြီးအား ရွံ့မည်ဆိုလည်း ရွံ့လောက်ပေ၏။ တွန့်မည်ဆိုလည်း တွန့်လောက်ပေ၏။ သည်ချောင်းရေ၏ အညာအတာကင်းစွာ ဝါးမျိုအုပ်စိုးမှုကြောင့် အသက်ပေးခဲ့ကြရသည့် အပဟိတ်တိရစ္ဆာန်များမှာ နည်းနည်းနောနောမှ မဟုတ်။ ချောင်းကို ဖြတ်ကျော်မောင်းနှင်နေသည့်အချိန်တွင် ကျွဲမရဲချောင်းရေအကျနှင့် ကြုံသည်မို့ စင်းလုံးမျောခဲ့ကြဖူးသည့် နွားလှည်းတွေလည်း ဒုနှဲ့ဒေး။ စီကောင်းတောင်ရိုးပေါ်၌ သစ်ခုတ်ဝါးခုတ်နေရင်း၊ မှိုရှာမျှစ်ချိုးနေရင်း၊ ဆီးဖြူသီးခူးနေရင်း၊ လမ်းခင်းကျောက်ကောက်နေရင်း တောင်ကျရေနဲ့အတူ မျောပါပြီး အသက်ပေးလိုက်ရသည့် ရွာသူရွာသားများလည်း လွန်စွာ များလှပေပြီ။ ကြုံဖူးလှပေပြီ။ ကျွဲမရဲချောင်းကြီး၏ဒဏ်ကို ခံကြရလှပေပြီ။ သို့သော်လည်း ဤသည်မှာ ကျွဲမရဲချောင်းကြီး၏ အပြစ်ကား မဟုတ်။ ရေသည် မြင့်ရာမှ နိမ့်ရာသို့သာ စီးဆင်းတတ်သော သဘောရှိ၏။ စီးတတ်သော သဘာဝက စီးဆင်းမည်သာ။ ချောင်းကျဉ်းလျှင် ရေစီးသန်၏။ အားကောင်းသည့် သဘာဝက အားကောင်းမည်သာ။ သဘာဝအတိုင်းဖြစ်တည်နေသည့် အရာများအပေါ် "မာန်ကြီးလှချေရဲ့၊ မောက်မာလှချေရဲ့၊ လုပ်ရက်လှချေရဲ့" ဟုလည်း အပြစ်မဆိုစကောင်း။ သည်တော့ ကျွဲမရဲချောင်းသည်ကား အပြစ်မရှိသည့် သဘာဝတရားပင်သာတည်း။

ယခုလည်း ကျွဲမရဲချောင်းကြီးသည် အရှိန်ပြင်းပြင်းဖြင့် စီးဆင်းရင်း၊ ရောမြစ်မင်းဆီသို့ ဦးတည်ခရီးနှင်လျက် ရှိ၏။ ကျဉ်းမြောင်းလှသည့် ချောင်းရိုးအတွင်းဝယ် ရေလုံးကြီးများသည် တသိမ့်သိမ့်တငြိမ့်ငြိမ့်။ မဖြောင့်တန်းသည့် ကမ်းပါးအကွေ့များအနီးသို့ အရောက်တွင်မူ မူလက ငြိမ့်သောရေလျှဉ်၊ သိမ့်သောရေလျှဉ်သည် ကမ်းပါးစောင်းကို ပုတ်ခတ်၍ လည်းကောင်း၊ မြေကမူကို တွန်းထိုး၍လည်းကောင်း၊ ကမ်းအစွယ်ကို ကျီစယ်၍လည်းကောင်း၊ ကမ်းပါးစောင်းတွင် ကုပ်တွယ်ကပ်ပေါက်နေကြသည့် ကန္တာရပင်၊ ဒဟတ်ပင်၊ သန်းပင်၊ ဖျောက်ဆိတ်ပင်၊ နဘူးခြုံ၊ ဆီးခလောက်ခြုံတို့ကို ရန်မီးသတ္တရုပြ၍လည်းကောင်း လှိုင်းတို့သည် အလုံးအရင်းဖြင့် တလိပ်လိပ်ကြွလျက်ရှိ၏။ ရေအမောက်တို့ ထောင်ပြကာ မာန်စောင်လျက်ရှိ၏။ တောင်စွယ်ကြောတစ်လျှောက်ရှိ အညစ်အကြေး အမှိုက်သရိုက် ဒိုက်မျောတို့ကို သယ်ဆောင်လာသည့် ကျွဲမရဲချောင်းရေသည် ကြည်လင်ခြင်းမရှိ၊ မြတ်နိုးနှစ်လိုဖွယ်မရှိ၊ ကြောက်စရာအတိ။ ရွံ့စရာအတိ။ ပျစ်ချွဲနောက်ကျိနေလေ၏။ ဝါကြန့်ညစ်ထေးနေ၏။ သို့သော်ငြား ချောင်းရေသည် တဖြည်းဖြည်းနှင့် ပျစ်ချွဲနေရာမှ ကျဲပြေလာသည်။ အမှိုက်သရိုက်နှင့် သစ်ဆွေးသစ်ပင်တို့ အပါ နည်းလာသည်။ အဝါရောင်သည် ပြင်းရာမှ ပျော့လာ၏။ အနောက်ရောင်သည် ရင့်ရာမှ လျော့လာ၏။

ကျဉ်းမြောင်းလှသည့် ကျွဲမရဲချောင်းကြီး၏ ကမ်းနှစ်ဘက်တွင်မူ ခရီးမဆက်ဝံ့သဖြင့် ချောင်းရေအကျကို စောင့်နေကြသည့် ခရီးသွားများ ရှိ၏။ အနောက်ဘက်ကမ်းနဖူးတွင် ရှိသည့် ညောင်မုတ်ဆိတ်ပင်အိုကြီးအောက်တွင် အစုစုအရုရု ငိုးတိုးငုတ်တုတ်။ အရှေ့ဘက် ကမ်းနှုတ်ခမ်းထက်ရှိ ဖျောက်ဆိတ်ပင်ကြီးများအောက်တွင်လည်း မိုးတိုးမတ်တပ်။ ဆိုရှုလျှင် စီးကောင်းတောင်တန်းကြီးကို အမှီသဟဲပြုကာ နေထိုင်ကြရသည့် မင်းတိုင်ပင်ရွာ၊ မင်းလို

mdyoe.com

mgyoe.com SAMPLE BOOK

ရွာ၊ မင်းစိုးရွာ၊ မင်းမျက်ရွာ စသည့်တောင်ခြေရွာများမှ ရွာသူရွာသားများပင်။ လိုရာခရီးသို့ သွားကြမည့်သူများကို ကျွဲမရဲချောင်းရေက တားဆီးထား၏။ ပိတ်ပင်ထား၏။ သေရဲလျှင် ငါ့ကိုဖြတ်စမ်းဟူသည့်အသွင်ဖြင့် စိန်ခေါ် နေလေ၏။ ချောင်းရေတို့သည် လှိုင်းတို့ကြွလျက် လည်းကောင်း၊ ပြေပျောင်းညင်သွဲ့သောအသွင်ဖြင့်လည်းကောင်း ခရီးသွားအပေါင်းကို လက်ပန်းပေါက်ခတ်ပြလျက်ရှိ၏။ တချို့ခရီးသွားများသည် မျက်လုံးအထက်ကို လက်ဝါးတစ်ဖက်ဖြင့် ကာလျက် နေမင်းကြီးကို တမော့မော့ကြည့်နေကြသည်။ အချိန်လင့်လှပေါ့၊ နေမြင့်လှပေါ့ဆိုသည့် ဟန်ပန်။ မီမှ မီပါတော့မလားဆိုသည့် တစ်စုံတစ်ရာအပေါ် စိုးရိမ်နေသည့် အသွင်တွေကလည်း အထင်းသား။ "အိမ်ရောက်မှ ထမင်းတစ်အိုး ဟင်းတစ်အိုးတည်ရမတဲ့၊ ငါ့ကလေးတွေ မျှော်နေကြလောက်ကဲ့" ဆိုသည့် မိခင်များလည်း ပါ၏။ "ငါ့နွားတွေ ပန်းလှပေါ့။ စားမြို့တခတ်ခတ် နှာမှုတ်သံတရှုးရှုး ခြုသံတချွန်ချွန်၊ ခလောက်သံ တဒေါက်ဒေါက်နဲ့ မောနေကြပေါ့။ အိမ်ရောက်မှ စာကျင်းချရမှာဟ" ရယ်လို့ အဆောတလျင်ဖြစ်နေကြသည့် နွားရှဉ်းကိုင် လှည်းသမားတို့သည် ပါပေလိမ့်မည်။ ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးကြမည့် ခရီးသွားတို့ရင်ထဲတွင် ပူမှုအမျိုးမျိုး သောကအထွေထွေဖြင့် ဗျာပွေနေကြပေလိမ့်မည်။

သည်ခရီးသည်များထဲတွင် အသက်ငါးဆယ်စွန်းစွန်းအရွယ် ဒေါ်မိန်းကလေးနှင့် အပျိုဖော်ဝင်စ ဆယ့်ငါးနှစ်ခန့်အရွယ် ခင်ထားရီတို့နှစ်ယောက်လည်း ပါ၏။ နှစ်ယောက်သား ချောင်းအနောက်ဘက်ကမ်းနဖူးပေါ် ရှိ ညောင်မုတ်ဆိတ်ပင်ကြီးအောက်ဝယ် လေးတိုင်စင် ထောက်ကာ ဝါးလုံးလေးလုံးကို တန်းပစ်ထားသည့် ဝါးတန်းရှည်ကွပ်ပျစ်ပေါ်၌ အများနည်းတူ ထိုင်လျက်ရှိကြ၏။ အတူထိုင်နေကြသည်ဆိုသော်ငြား ဒေါ်မိန်းကလေးသည် ဣန္ဒြေရ တည်ငြိမ် နေသလောက် ခင်ထားရီမှာမူ ဂနာမငြိမ်နိုင်ပေ။ ကျွဲမရဲချောင်းရေကို ကျစေချင်မိသကဲ့သို့ တစ်ဖက်ကမ်းကိုလည်း ရောက်ချင်လှပြီ။ အတိအကျဆိုရလျှင် အရှေ့ဘက်ကမ်းတွင်ရှိသည့် မင်းစိုးရွာမှ အလှူအိမ်သို့ ရောက်ချင်လှသည့် ခင်ထားရီ၏ စိတ်ဆန္ဒများလည်း စောနေမိသည်။ ရင်ထဲတွင်လည်း ထိတ်ခုန်လှိုက်ဖိုလိုက်ပါဘိ။ အစ်ကိုစောမောင်ဟူသည့် အမည်နာမလေးတစ်ခုကို ဖွဖွရွတ်ဆိုလိုက်မိရုံမျှဖြင့် ရှက်သွေးဖျန်းလာသကဲ့သို့၊ တိတ်တခိုးပဲ လွမ်းမိသလိုလည်း ရှိပြန်သည်။ ဖြစ်များဖြစ်နိုင်လျှင် ဤကျွဲမရဲချောင်းကြီးကို လက်ပစ်ကူး၍ပင် မင်းစိုးရွာရှိရာသို့ အပြေး လှမ်းလိုက်ချင်စမ်းသည်။ သို့သော်ငြားလည်း မိမိမှာမူ မည်သို့တတ်စွမ်းနိုင်လိမ့်မည်နည်း။

ကျွဲမရဲချောင်း၏ အနောက်ဘက်ကမ်းတွင် မင်းတိုင်ပင်ရွာနှင့် မင်းလိုရွာရှိပြီး အရှေ့ဘက်ကမ်းတွင်မူ မင်းစိုးရွာနှင့် မင်းမျက်ရွာရှိသည်။ ခင်ထားရီကား အနောက်ဘက်ကမ်းတွင် တည်ရှိနေသည့် မင်းတိုင်ပင်ရွာသူဖြစ်သည်။ အစ်ကို စောမောင်မှာမူ အရှေ့ဘက်ကမ်း၌ တည်ထားသည့် မင်းမျက်ရွာသားဖြစ်၏။ သည်ရွာနှစ်ရွာ မဝေးလှပေသိ၊ ယခုမူ ခင်ထားရီနှင့် အစ်ကိုစောမောင်တို့နှစ်ယောက်ကြားတွင် ကျွဲမရဲချောင်းကြီးသည် တံတိုင်းသဖွယ် ဆီးကာနေချေပြီတကား။ နှစ်ဦးသား မင်းစိုးရွာမှ အလှူအိမ်တွင် ဆုံကြရန် အချိန်းအချက် ပြုထားကြသည်မို့ ခင်ထားရီ ရင်ခုန်နေမိသည်။ အစ်ကိုစောမောင်သာ မစောင့်ဘဲ ပြန်သွားလျှင်ဆိုသည့် အတွေးကလည်း ခင်ထားရီကို ရတက်မအေးနိုင်အောင် ပြုလျက်ရှိ၏။ အလျင်လိုနေသည့်စိတ်ကြောင့် ခင်ထားရီအဖို့ နေမထိထိုင်မသာ ဖြစ်နေမိသည်။ ဆတ်ခနဲ ထရပ်လိုက်၊ ချောင်းရေ၏ အသံကို နားစွင့်ကြည့်လိုက်ဖြင့် အသံကိုသာ အာရုံပြုဖို့ အားထုတ်ကြိုးပမ်းနေလေ၏။ ချောင်း

mgyoe.com

ရေစီးသံသည် အရှိန်ကျဟန်မတူသေးလျှင် ဝါးတန်းကွပ်ပျစ်လေးပေါ် ပြန်ထိုင်လိုက်ပြန်သည်။ တအောင့်ကြာလျှင် မတ်ခနဲရပ်ပြီး ရေစီးသံကို နားထောင်မိပြန်သည်။ ခင်ထားရီတို့ဘေးဘီတွင် ရှိနေသည့် ခရီးသည်များ၏ အသံကိုပါ စူးစိုက်မိပြန်သေးရဲ့။

mgyoe.com SAMPLE BOOK

"ရေစီးသန်လိုက်တဲ့ ချောင်းနှယ်အေ။ ရေကလည်း ကျ မကျနိုင်ဘူး။ မိုးရိပ်မိုးဆင်ကလဲ တောင်ရိုးဆီမှာ မည်းညို့နေတုန်းရယ်။ ဒီပုံအတိုင်းဆို လွယ်လွယ်နဲ့ ရေကျမယ့်ပုံ မပေါ်ပေါင်။ တို့တော့ အလျှုအိမ်ကို မွန်းတိမ်းလို့တောင် ရောက်ပါ့မလား မသိဘူး"

"ရောက်ချင်တဲ့အချိန်မှသာ ရောက်ကရော့။ မရဲဘဲ ကျွဲပြဖြင့် မစီးဝံ့ပေါင် မအဝှါရယ်။ ကျွဲမရဲချောင်းအကြောင်း တော်လည်း သိသားပဲမဟုတ်လား။ အင်မတန် မောက်မာတဲ့ချောင်းတော့်။ အဆိုးအကောင်း အကြောင်းသုံးပါးရွှေနေတဲ့ ချောင်းမဟုတ်ဘူး။ သူ့များမထီမဲ့ပြင် ပြုလို့ကတော့ သက်ရှိကော သက်မဲ့ကော အလွတ်ပေးခဲ့ဖူးလို့လား။ မီးစောင်းထက် ရေစောင်းက ပိုထက်သတဲ့။ ကိုယ့်အသက်ကိုတော့ ကိုယ့်ဟာကိုယ် စောင့်ရှောက်ရတော့မှာပဲ"

ဘေးတွင် ရပ်နေသည့် မိန်းမကြီးတွေ အချင်းချင်း အချီအချပြောသံကြားရပြန်သည့်အခါ ခင်ထားရီ သက်မမောသာချမိ၏။ တောင်ရိုးဆီတွင် မိုးသားတို့သည် မည်းညို့နေတုန်းဟုဆို၏။ ဒီပုံအတိုင်းသာ ရေမကျဘဲနေလျှင် ခင်ထားရီအဖို့ အစ်ကိုစောမောင်နှင့် ဆုံရဖို့မမြင်။ အစ်ကိုစောမောင်သည်လည်း သည်လောက်အချိန်လင့်အောင် စောင့်နေလိမ့်မည်မဟုတ်။ "စဲလိုက်စမ်းပါတော့လား ချောင်းရယ်။ ဆုံရခဲလှတဲ့ အခွင့်ခဲပေမို့ လက်လွတ်မခံပါရစေနဲ့လား" ဟုပင် ဆုတောင်းလိုက်မိပါသည်။

"ဟဲ့ကောင်မလေး။ ညည်းနှယ်အေ. . . ဘယ်လိုဖြစ်နေသတုံး။ ဂနာမငြိမ်လိုက်ပုံများ။ စာဘူးတောင်းသိုက် လေရိုက်နေသလိုပဲ။ လှုပ်လီလှုပ်လဲ့နဲ့။ မိန်းကလေးပီပီ ဣန္ဒြေရရလေးများ ဗိုင်းကောင်းကျောက်ဖိနဲ့ ပုံ့ပုံ့ကျုံ့ကျုံ့ နေစမ်းပါအေ့။ ခုတော့ဖြင့် ဟုတ်ပေါင်။ ထိုင်လိုက်ထလိုက်နဲ့ မြင်ရတာ မျက်စိစပါးမွေးစူးလှချေရဲ့"

ခင်ထားရီ ထိတ်ခနဲဖြစ်သွားသည်။ ခင်ထားရီ၏အမူအရာများသည် ထိုမျှပင် ပျက်ယွင်းနေမိဟန်တူသည်။ မေကြီး မိန်းကလေးသည်လည်း ခင်ထားရီကို ကြည့်နေသည်ထင်၏။ ခင်ထားရီ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ရသည်။ ရင်ထဲတွင်မူ တဒိတ်ဒိတ်ရှိချေသည်။ မေကြီးမိန်းကလေးများ ရိပ်မိသွားပြီလားဆိုသည့် စိုးရိမ်စိတ်ကလည်း အပြည့်။ ရင်ခုန်ရသည်ချင်းတူသော်ငြားလည်း အစ်ကိုစောမောင်နှင့်တွေ့ရန် ရင်ခုန်ရသည်က ကြည်နူးညွတ်ပျောင်းခြင်းကို ခံစားရသည်။ မေကြီးမိန်းကလေးဆူ၍ ရင်ခုန်သည်က စိုးရွံ့ထိတ်လန့်ခြင်းကို ဖြစ်ပေါ်စေသည်။ ခင်ထားရီကိုယ်လုံးလေးကို ကျုံ့နိုင်သမျှ ကျုံ့ပြီး ဝါးတန်းကွပ်ပျစ်လေးကို လက်ဖြင့်စမ်းကာ မေကြီးမိန်းကလေးပြောသလို ပုံ့ပုံ့ကျုံ့ကျုံ့ထိုင်လိုက်မိ၏။ ခင်ထားရီ မေကြီးမိန်းကလေး၏စကားကို ဘယ်စဉ်ဘယ်အခါကမှ ပယ်ရှားခြင်းမပြုဝံ့ပေ။ ကြောက်၍မပယ်ခဲ့ခြင်းမှန်သလို၊ ချစ်၍မရှားခဲ့ခြင်းလည်း ဟုတ်ပေသည်။ ပယ်ဝံ့ရှားဝံ့လောက်အောင်လည်း ခင်ထားရီတွင် သတ္တိမရှိ။ ခွန်အားမရှိ။ အများနှင့်မတူ တမူကွဲပြားနေသည့် ဒုက္ခိတတစ်ယောက်ပင်မဟုတ်လား။ တစ်သက်လုံး မေကြီးမိန်းကလေး၏ ပြုစုယုယခံခဲ့ရသည့် ဘဝပေကိုး။

mgyoe.com

'အရီ့ဘာသာ ချောင်းရေသံနားထောင်ကြည့်တာပါ မေကြီးမိန်းကလေးရဲ့။ သေချာနားထောင်ကြည့်တော့ ရေစီးသံက တအား သာယာတာပဲတော့်နော်။ အရီဖြင့် သေချာနားထောင်

ကြည့်ရင်း ဆိုင်းသံ ဗုံသံ တီးလုံးသံလေးတွေကို ကြားနေရသလိုတောင် ထင်မိတယ်။ ဟော အခုပဲ မေကြီးမိန်းကလေး နားထောင်ကြည့်ပါ့လား။ ဝုန်းဆိုတဲ့ အသံတွေရော၊ ပလုံဆိုတဲ့ အသံတွေရော၊ ပြန်းခနဲအသံတွေရော။ အသံတွေ စုံလိုက်ပုံများ။ ဘယ်လောက် နားထောင် ကောင်းလိုက်သတုံးတော် နော်"

mgyoe.com SAMPLE BOOK

ခင်ထားရီ စကားလေပြေထိုးမိသည်။ စိတ်ကူးထဲက ပေါ်လာသမျှအတွေးကို ပါးစပ်ထဲ ပေါ်လာသမျှ စကားလုံးဖြင့် ကိုယ့်ကြွေပျက်ယွင်းမှုကို ဖုံးကွယ်မိသည်။ မေကြီးမိန်းကလေး သည်လည်း ခင်ထားရီကို စူးစိုက်ကြည့်နေရင်း အကဲဖမ်းနေပြီထင်၏။ ခင်ထားရီ မျက်နှာ မထားတတ်အောင် ရှိလှသည်။

ဒေါ်မိန်းကလေး ခင်ထားရီကို စိုက်ကြည့်နေမိသည်။ နုသစ်စ မိန်းကလေး။ ပါးကွက် ကြားလေး လိမ်းခြယ်ထားသည့် ဆံရစ်ဝိုင်းမလေး။ ရှက်သွေးစို့နေရှာသည့် ပါးမို့မို့လေးနှစ် ဖက်သည် သနပ်ခါးပါးကွက်ကြားအောက်မှပင် ရဲတက်နေရှာသည်။ ကိုယ့်ကိုယ်ကိုယ် အရီဟု သုံးတတ်သည့် သည်မိန်းကလေးကို ဒေါ်မိန်းကလေး ချစ်လှသည်။ အနက်ခံပေါ်ဝယ် အဖြူ အနီ အဝါ သုံးပင်လိမ် ချည်ပတ်လည်စင်းလေးတွေပါသည့် ဖျင်ကြမ်းထဘီကလေးနှင့် မီးခိုး ရောင်လက်စက ရင်ဖုံးအကျီပွပွလေးကို တွဲဖက်ဝတ်ဆင်ထားသည့် အရီဆိုသော ထိုမိန်းကလေး သည် ရှင်းသန့်ကြည်မွေ့လွန်းလှ၏။ ဆယ့်ငါးနှစ်ဆိုသည့် အရွယ်နှင့် မမျှအောင် ဖွံ့ထွားကျစ် လျစ်သည့် ကိုယ်နေဟန်ထားတို့သည်လည်း အမို့ အရှိုက် အဝိုက် အသွယ်တို့ဖြင့် တင့်တယ်ခြင်း အတိရှိ၏။ သွယ်တန်းသည့်လည်တိုင်လေးသည် ကြော့ရှင်းဝင်းဝါနေသလို၊ လက်ချောင်းကလေး များသည်လည်း စင်းဖြောင့်နေပြန်သေး၏။ နုသစ်နီထွေးသော နှုတ်ခမ်းလွှာသည် ဖူးငုံပွင့်စ နှင်းဆီပွင့်ပမာ ဆေးမကူဘဲ စိုရဲနေလေသည်။ မချွန်လွန်း မဝိုင်းလွန်းသည့် မေးဖျား၊ ပွ ယောင်းခြင်းမရှိဘဲ ကျစ်လျစ်လုံးဝန်းသည့် နှာတံ၊ ထူထဲနက်မှောင်သည့် မျက်ခုံး၊ ကော့ရွှန်း သည့်မျက်တောင် အလုံးစုံတို့သည် အပြစ်ဆိုဖွယ်ရာ မရှိ။ သို့သော် သူမသည် အမြင်အာရုံ မရရှာသည့် မိန်းကလေးငယ်တစ်ဦးဖြစ်သည်။ အသွေးအသားပြောင်းလဲကာလစအချိန် အပျို ဖော်ဝင်စ မိန်းမငယ်လေးသည် လှချင်တိုင်း လှနေပါလျက်ကယ်နှင့် လောကကြီးကို မြင်ခွင့် မရရှာ။ သဘာဝတရားကြီးကို ရှုကြည့်ခံစားခွင့်ဟူ၍လည်း နတ္ထိ။ အကြားအာရုံကိုသာ ခိုကိုး အားပြုနေရရှာသူကလေးဖြစ်သည်။

ဤမိန်းမငယ်လေးသည် ကွဲ့မရဲချောင်းကြီး၏ ရေစီးသံကိုပင် ဂီတသံဟု ထင်သည် ဆို၏။ သည်မိန်းကလေး၏ ခန္ဓာကိုယ်ထဲဝယ် စီးဆင်းလည်ပတ်နေသည့် သွေးတို့သည် ဂီတသံစဉ်များနှင့် ပြည့်နှက်နေလေသလား။ သဘင်ဆီ သဘင်သွေးတို့ ကိန်းခိုနေလေသလား။ မဖြစ်နိုင်ပေ။ ဖြစ်နိုင်သည်ဆိုလျှင်လည်း ဒေါ်မိန်းကလေး လက်မခံနိုင်။ ဤမိန်းကလေးသည် အနုပညာနှင့် ဝေးရမည်။ သဘင်စိတ် သဘင်ရိပ်တို့မှ ကင်းလွတ်ရမည်။ သဘင်နှင့်ဝေးရာ အရပ်သို့ တမင်ခေါ်ဆောင်လာပြီး မွေးမြူခဲ့ရသည့် နွယ်တစ်မျှင်။ ချစ်၍ ခင်၍ မွေးမြူခဲ့ရခြင်း မဟုတ်ပါဘဲလျက် တစ်စတစ်စ ချည်နှောင်တင်းပတ်ခဲ့ရသည့် သံယောဇဉ်ကြိုးတစ်ချောင်း။ ထိုရင်နာစရာ အတိတ်ဟောင်းများကို ဒေါ်မိန်းကလေး ပြန်ပြောင်းမတူးဆွချင်တော့ပေ။ မေ့ထားခဲ့သည်မှာ ကြာလှပေပြီ။ နာကျည်းစရာများကို ကျန်ရစ်ခဲ့ပါစေတော့ဟုသာ အောက်မေ့ မိတော့သည်။ မေ့ရန်ခက်သည့်တိုင် သင်ပုန်းချေနိုင်ခဲ့ပြီလေ။ အာဃာတဇာတ် တစ်ခန်းရပ်စေ

mgyoe.com

mgyoe.com SAMPLE BOOK

ချင်ပါပြီ။ အရေးကြီးသည်မှာ အရီနှင့် သဘင်လောက ကင်းကွာစေရန်သာဖြစ်သည်။ အရီ့ကို သဘင်လောကနှင့် ဝေးစေလိုသည့် မူလရည်ရွယ်ချက်သည် အမုန်းတရားတို့ဖြင့် ရစ်ဖွဲ့၍။ နာကျည်းချက်တို့ဖြင့် ထုံးနှောင်၍။ ယခုမူ ဤသို့မဟုတ်။ မေတ္တာတရားကြောင့် ကင်းကွာစေလိုခြင်းဖြစ်သည်။ ဤမျှ ရှုပ်ထွေးပွေလီလှသည့် သဘင်လောကအတွင်းသို့ အရီ မသက်ဆင်းစေရ။ ဇာတ်ပိုး သဘင်ပိုးထ၍ မင်းသမီးဖြစ်ချင်ကြသော မိန်းမငယ်ကလေးများသည် မြိုင်ကြီးဟေမဝါအတွင်း မျက်စိသူငယ် နားသူငယ်ဖြင့် သက်ဆင်းကြရသည့် ယုန်ငယ်ကလေးတွေသာဖြစ်ကြောင်း ဒေါ်မိန်းကလေး အသိဆုံးသာဖြစ်သည်။ သားရဲတို့၏ အစာဖြစ်သွားရသည်က ခပ်များများ။ "သံဆုံးတော့ အပ်၊ သားရေဆုံးတော့ ဖိနပ်၊ လူဆုံးတော့ ဇာတ်" ဟုပင် အဆိုရှိသည်မဟုတ်လား။ မင်းသမီးရှုးကလေးအများစုသည်လည်း ထို့အတူပင်။ ဝါသနာတွင်းထဲခုန်ဆင်းမိပြီးသည့်နောက် ငိုကြွေးခြင်းတို့ဖြင့်သာ ဘဝဆီမီးအိမ် ခန်းခြောက်ကြရစမြဲ။ ဒေါ်မိန်းကလေးကို အတွေးပက်စက်သည် ဆိုစေဦး ပက်ပက်စက်စက် တွေးပစ်လိုက်ချင်သည်။ နားမလည် ပါးမလည် သဘင်ရှူးမကလေးများအဖို့ တက်လမ်းထက် ပျက်လမ်းကများသည်။ ထို့ကြောင့် အရီ့ကို သဘင်ပိုး အဝင်မခံနိုင်။ စိတ်ချမ်းသာရသည်မှာ အရီသည် သဘင်သွေး သဘင်စိတ် ကြီးသည့်တိုင် အမြင်အာရုံချို့တဲ့သည့် မိန်းကလေးတစ်ယောက်အဖို့ အဘယ်ကြောင့်မျှ ရှေ့ဆက်တိုးဖို့ မဖြစ်နိုင်ပေ။ သည်အတွက် စိတ်အေးရခြင်းဖြစ်ပေသည်။

အရီ့ကို တစ်ဖက်ငဲ့စောင်းကြည့်မိသည့်အခါ အပြစ်ကင်းသည့် မျက်နှာကလေးသည် ဒေါ်မိန်းကလေး၏ ဟိတ်ဟန့်မှုအောက်ဝယ် နွမ်းဖျော့မှိုင်းညို့နေရှာ၏။ ဖျတ်လတ်နေသည့် ကိုယ်လုံးကလေးသည် သေးကွေးကျုံ့ကျစ်သွားရှာ၏။ ဒေါ်မိန်းကလေးရင်ထဲ မကောင်းလှသည့်တိုင် တဖန်ပြန်၍ မနှစ်သိမ့်မိ။ အရီကမူ ဝါးတန်းလေးကို လက်သည်းဖြင့် တဂျစ်ဂျစ် ကုတ်ခြစ်လျက်ရှိ၏။

"ကိုင်းဗျို့ ကိုင်းဗျို့. . . ချောင်းရေလည်း အတော်ကျနေပြီ။ လှည်းနဲ့ဆို ကူးနိုင်စကောင်းရဲ့။ ကျုပ်တို့လှည်းတော့ တစ်ဖက်ကမ်းကို ကူးတော့မယ်။ လိုက်ချင်တဲ့သူ လိုက်ခဲ့ကြ"

အရီ့ကိုယ်လုံးလေး တွန့်ခနဲ ဖြစ်သွားပြန်သည်။ ချောင်းရေကျပြီမို့ ခရီးတစ်ထောက်နားနေသည့် လှည်းများသည် ချောင်း၏ တစ်ဖက်ကမ်းသို့ ကူးကြတော့မည်ဆို၏။ အရီ့မျက်နှာလေးသည် မေကြီးမိန်းကလေးရှိသည့်ဘက်သို့ စောင့်ငဲ့လိုက်မိသည်။ မေကြီးမိန်းကလေးကမူ "သွားကြစို့ အရီ" ဟုလည်း မခေါ်။ "တို့နှစ်ယောက် ဟိုဘက်ကမ်းကို လိုက်ခဲ့စမ်းပါရစေ အမောင်ရေ" ဟုလည်း လှည်းသမားကို မတားဆီး။ အဘယ့်ကြောင့် တုံဏှိဘာဝေ တိတ်ဆိတ်နေလေသည် မသိချေ။ အရီ မချင့်မရဲဖြစ်မိ၏။ "အရီတို့ မင်းစိုးရွာဘက်ထိ လိုက်ခဲ့ပါရစေဦးလေးရယ်" ဟု လှမ်းမအော်မိအောင် မနည်းချုပ်တည်းထားရသည်။ လှည်းသမားတချို့ နွားတွေပြန်ကောက်ကြပြီထင်သည်။ နွားများထံမှ ခြူသံတချွင်ချွင် ကြားရသကဲ့သို့ လှည်းသမားတို့၏ နွားငေါက်သံ တံပြာရိုက်သံတို့လည်း ထွက်ပေါ်လာကြသည်။ လေအဖြူးတွင် ညောင်ပင်မုတ်ဆိတ်ပင်ကြီးထံမှ ညောင်ရွက်ချင်း ခတ်သံတို့သည်လည်း တရှဲရှဲ။

အရီ့ညာဘက်လက်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်ကို အရီ ခံစားလိုက်ရသည်။ တခြားသူမဟုတ်ချေ။ မေကြီးမိန်းကလေးသာ ဖြစ်သည်။ အရီ သိ၏။ အရီ မေကြီးမိန်းကလေး၏လက်ကို အားကိုးတကြီး ပြန်လည်ဆုပ်ကိုင်သည်။ ဤလက်

mgyoe.com

ချောင်းပိန်ပိန်ကလေးများသည် အရီ့ဘဝတစ်လျှောက်လုံး ခွန်အားတွေပေးခဲ့ကြ၏။ ဤလက်ပိန်ပိန်ကလေးကို ခိုတွဲထားရလျှင် အရီ့ရင်ထဲ၌ အားရှိလှ၏။ သည်လက်ကလေးတစ်စုံသာ ပျောက်ကွယ်သွားလျှင် အရီ မည်သို့ ရှေ့ဆက်ရမည်ကို တွေးတောရင်း၊ ဆောက်တည်ရာမရ ငိုကြွေးခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ မေကြီးမိန်းကလေးသည် ရုပ်တရားဖွဲ့စည်းမှုအရ ချည့်နဲ့ကြုံလှီကောင်း ကြုံလှီပေလိမ့်မည်။ အရီ့အတွက်မူ အသန်မာဆုံးသော လူသားပင်တည်း။

"မေကြီးမိန်းကလေး။ သွားတော့မလားတော့"

"အေး. . . ထ ထ အရီ။ မေကြီးတို့ မောင်မှတ်စာရဲ့ လှည်းကြုံနဲ့ မင်းစိုးရွာဘက်လိုက်ကြရအောင်။ ချောင်းစပ်မှာ မောင်မှတ်စာရဲ့လှည်း စောင့်နေပေ့ါ။ ဖိနပ်လေးကိုချွတ်ပြီး လက်က ကိုင်ထားချေ။ ချောင်းအစပ်မှာ နွံတွေတင်နေတော့ ကျွံလိမ့်မယ်။ မေကြီးလက်ကိုသာ မြဲမြဲကိုင်ထား ကြားရဲ့လား။ ဟန်ချက်ပျက်ပြီးလဲနေမှ လဲစရာ လှယ်စရာ အဝတ်ပိုရယ်လို့ ပါတာမဟုတ်ဘူး"

"အင်းပါ မေကြီးမိန်းကလေးရဲ့။ အရီသိပါတယ်။ မေကြီးသာ ရှေ့ကနေ ကောင်းကောင်းလျှောက်ပါတော်။ မေကြီးက သန်သန်မာမာရှိတာလည်း မဟုတ်ဘဲနဲ့ လဲနေပါဦးမယ်"

အရီ မေကြီးမိန်းကလေးပြောသည့်အတိုင်း ဖိနပ်ကိုချွတ်ပြီး ဘယ်လက်ဖြင့်ကိုင်လိုက်သည်။ ညာဘက်လက်သည်ကား မေကြီးမိန်းကလေးလက်ကို ကျစ်နေအောင် ကိုင်ထားသည်။ မေကြီး ရှေ့ကလျှောက်သည့်အတိုင်း အရီ နောက်ကလိုက်ရသည်။ ချောင်းအစပ်ကို ရောက်ပြီထင်၏။ ခြေထောက်နှစ်ဖက် ခြေလှမ်းချလိုက်တိုင်း စိုစိုစက်စက် အိအိနူးနူးသဲတွေထဲသို့ နစ်ဝင်သွား၏။ ထဘီကို ဖိနပ်ကိုင်ထားသည့် ဘယ်ဘက်လက်နှင့် မ လိုက်ရပြန်သည်။ လှည်းနားရောက်သည့်အခါ မေကြီးမိန်းကလေးသည် အရီ့ကို လှည်းပေါ် အရင်တက်ခိုင်း၏။ အရီ လှည်းဆောင်ပန်းအိမ်၏ နောက်မြီးကို လက်နှစ်ဖက်နှင့်စမ်းကာ ဆွဲခိုအားပြုပြီး တက်လိုက်သည်။ မေကြီးမိန်းကလေး တွန်းတင်ပေးရာ ကိုမှတ်စာကလည်း လှည်းပေါ် မှ ဆွဲခေါ် လိုက်သည့်အတွက် အရီ လှည်းအိမ်ပေါ် သို့ ချောချောမွေ့မွေ့ ရောက်သွားသည်။ မေကြီးမိန်းကလေးလည်း အရီ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ အရီ ဆောင်ပန်းအိမ်ရဲ့ လှည်းရံတိုင်ကို မြဲအောင်ကိုင်ထားလိုက်၏။

ကိုမှတ်စာက နွားငေါက်ကာ လှည်းထွက်လေသည်။ နွားတွေက ရုန်းပုံမပေါ်။ ချောင်းရေထဲ၌ နွံ့ကြတွန့်ကြသည်ထင်၏။ ကိုမှတ်စာက နကန်ဖြင့် နှစ်ချက်လောက် ပုတ်လိုက်မှ နွားတစ်ရှဉ်းက သုတ်ခနဲ ရုန်းလေသည်။ အရီ့မျက်နှာဆီ ရေစက်တို့ ဖျောက်ခနဲ စင်လာကြပြန်သည်။ အရီ ထိတ်ခနဲဖြစ်သွားရာ မေးကြီးမိန်းကလေးက "နွား အမြီးခတ်တာပါအေ" ဟု ပြောသည်။ ကျွဲမချောင်းရေသည် မာန်တို့ပြေလျော့သွားပုံရ၏။ နွားနှစ်ကောင်သည် တအိအိ ရှေ့ဆက်ကြချေပြီ။

အရီ့ရင်ထဲတွင် စိုးရိမ်စိတ်တို့ ပြေပျောက်ကာ ပျော်ရွှင်ခြင်းများ ဝင်ရောက်လာကြပြန်၏။ အစ်ကိုစောမောင်နှင့် ဆုံရမည့်အရေးကို တွေးမိလျှင် ရင်ဖိုလာရပြန်သည်။ လှိုက်ခုန်လာမိပြန်သည်။ အစ်ကိုစောမောင် အလှူအိမ်တွင် စောင့်မှ စောင့်ပါဦးမလား၊ ရှိမှ ရှိနေပါဦးမလား ဟု စိတ်ရောက်မိပြန်တော့လည်း စိုးတထိတ်ထိတ် ရှိရပြန်၏။ အရီဖြင့် ပျော်လိုက် စိုးထိတ်လိုက်နှင့် ရင်ထဲက အာရုံသည်းစုံကို ဆွဲထုတ်ခံလိုက်ရသည့်နှယ် ကိုင်မြှောက်ခံလိုက်ရသည့်နှယ် ပစ်ချခံလိုက်ရသည့်နှယ် ရှိရသည်။

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOKလှည်းသည် ချောင်းကို လွန်ပြီထင်၏။ နွားနှစ်ကောင်သည် ပိုသွက်လာကြသည်။ ကိုမှတ်စာ၏ နွားငေါက်သံ နကန်ရိုက်သံကိုလည်း မကြားရတော့။ နေလည်း အတော်မြင့်လောက်ပြီ။ အရီ အချိန်ကို မှန်းကြည့်ရန် နေရောင်ခံကြည့်သည့်အခါ အရီ့ကိုယ်ပေါ် သို့ နေရောင်မကျလာပေ။ ထို့ကြောင့် အရီ့လက်ကို ခေါင်းပေါ် မြှောက်ကြည့်လိုက်မှ ပေါင်းမိုးလှည်းအိမ်ဖြစ်နေမှန်း သိရတော့သည်။ ဘာမဟုတ်ကယ်နှင့် အရီ့စိတ်ထဲ ဝမ်းနည်းစိတ်တို့က တမဟုတ်ချင်း ဝင်လာကြပြန်သည်။ လောကကြီးကို မျက်ကွယ်ပြုနေရသည့်ဘဝလေး၊ ချစ်ရသူကို မြင်တွေ့ခွင့်မရသည့် အကြောင်းကံ။ ဤအရာတွေလောက် ဝမ်းနည်းသိမ်ငယ်စရာ ဘာများရှိဦးမည်နည်း။ မေကြီးမိန်းကလေးက "ငါ့သမီးအရီက တကယ့်မိန်းမချောပါအေ။ ယမင်းရုပ်ကလေးလို ဖူးကြွနေတာပဲအေ့" ဟု ပြောဖူးသည်။ အရီ့အလှတရားများသည် အရေးမပါတော့ပေ။ ထိုအလှတရားများသည် မျက်မမြင်ဒုက္ခိတဆိုသည့် လောင်းရိပ်အောက်တွင် သေးသိမ်မှေးမှိန်သွားရသည်သာဖြစ်သည်။ မည်သူကမျှ လှလွန်းသည်ဟူ၍ တန်ဖိုးထားကြလိမ့်မည်မဟုတ်ပေ။

အစ်ကိုစောမောင်။ အစ်ကိုစောမောင်သည်လည်း အရီကဲ့သို့ မျက်မမြင်တစ်ယောက်အပေါ်တွင် အမှန်တကယ် နှစ်နှစ်ကာကာ မြတ်နိုးသတဲ့လား။ အရီ မတွေးချင်ပေ။ ရလဒ်ကောင်းထွက်လာမည်မဟုတ်သည့် ပဥ္စာတွေမှန်းသိသိကြီးနှင့်လည်း အရီ အဖြေမရှာချင်ပေ။ မျက်ကန်းတစ္ဆေမကြောက်ဟု ဆိုကြသည်။ အရီလည်း အချစ်ဆိုသည့် မှော်ရုံတောကြီးအတွင်း မကြောက်မရွံ့ ချဉ်းနင်းဝင်ရောက်ခဲ့မိပြီ။ "အရီ့အပေါ် ထားရှိတဲ့ အစ်ကိုစောမောင်ရဲ့ မေတ္တာတွေ စစ်မှန်ခိုင်မြဲပါစေ" ဟုသာ ဆုတောင်းမိလျှင် အရီ မိုက်ရူးရဲဆန်ရာများ ကျလေမည်လား။ မသိတော့ပြီ။ အလင်းမရသည်ကလွဲ၍ အရီသည်လည်း ချစ်တတ်သော နှလုံးသားရှိသည့် လူသားတစ်ယောက်ပင် မဟုတ်လား။

*"မွေးအမိ မသိရန်xxx တွေးတမိ တမင်ကြံ၍xxx ဂွင်ဖန်ကာ ပျို့မောင်နဲ့ နီးဖို့ရယ် xxx ခရီးပ မနီးလှ တစ်ထောက်စခန်းxxx မောင်ကြီးနှမ အရောက်လှမ်းxxx"*

လှည်းဆောင်ပန်းအိမ်နောက်နားဆီက မေကြီးမိန်းကလေး၏ သီချင်းသံကြောင့် ပျံ့လွင့်နေသည့် အရီ့စိတ်သည် ထိတ်ခနဲဖြစ်ရပြန်သည်။ အရီ့ဟန်မူရာများသည် သိသာလွန်းနေ၍များ မေကြီးမိန်းကလေးက စောင်းချိတ်သီဆိုလေတော့သလား မသိပေ။ အရီ့အကဲကို နောကျေလွန်းသည့် မေကြီးမိန်းကလေး။ အရီ့စိတ်ကို ထိုးထွင်းမြင်နိုင်လွန်းသည့် မေကြီးမိန်းကလေး။ အစ်ကိုစောမောင်နှင့် ရည်ငံနေသည်ကိုသိလေလျှင် မေကြီးမိန်းကလေး မည်သို့ရှိလိမ့်မည်နည်း။ "အကန်း ပွဲအုပ်၊ ထမင်းထုပ် ဖြည်စား၊ ဒုက္ခိတက ရည်းစားထားချင်ရသလား" ဟူ၍ ဆိုမြည်လိမ့်မည်လား။ ဆိုလျှင်လည်း အရီခေါင်းငုံ့ခံရုံမှတပါး အခြားမရှိတော့ပြီ။

ကျွဲမရဲချောင်းကြီးကိုဖြတ်လာသည့် ကိုမှတ်စာ၏လှည်ကလေးသည် လှည်းပဒေါင်းအတွင်းဝယ် လှည်းဝင်ရိုးဆီ ခြောက်ခန်းနေရှာပြီထင့်။ နွားတစ်ချက်အရှန်း ဘီးတစ်လိမ့်လည်တိုင်း တကျွီကျွီတအီအီ မြည်နေရှာသည်။ လှည်းနောက်မြီးဆီတွင် အခါတိုင်းကဲ့သို့ ဖုန်တထောင်းထောင်း မကျန်ရစ်။ မိုးသိပ်သဖြင့် မြေသားတို့ အိပ်ကြချေပြီ။ သုတ်ခနဲ ဖြူးလိုက်သည့် မိုးနံ့သင်းသည့် လေပြည်ညင်းနှင့်အတူ ကိုမှတ်စာ၏ လှည်းကလေးသည် မင်းစိုးရွာဆီသို့ ဦးတည်မောင်းနှင်လျက်. . .။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၂

"ကြိုနေကျမောင် တံပြာတုတ်ကယ်နှင့်၊ နွှားကုတ်ကယ်သခင်၊ မလာရင်အလွဲ၊ လာလာရင် မလွဲတော့၊ ပျို့ရွှဲပင်ငယ်လေ၊ နက်ဖြန်ကျမှ တွေ့ရတော့မယ်၊ အပျိုဖြူ ငယ်ကကျွမ်းပါတဲ့၊ လွမ်းတုံ့တင်"

ဒေါ်မိန်းကလေးနှင့် ခင်ထားရီတို့သည် ကိုမှတ်စာ၏ လှည်းပေါ်မှ ဆင်းလိုက်သည်နှင့် အလှူအိမ်ခေါင်းရင်းသို့ ချက်ချင်း ဆိုက်ရောက်ရပေ၏။ ဒေါ်မိန်းကလေးကိုယ်တိုင်က သည်နယ်တကြောတွင် ရှိသမျှ ရွာစဉ်တန်းတစ်လျှောက်ဝယ် အဟောအပြော အတင်အမြောက်ဖြင့် ပေါက်ရောက်အရေးပါသူဖြစ်သည်က တစ်ကြောင်း၊ ခင်ထားရီသည် စက္ကူနှစ်ကွင်း အလင်းမရရှာသူကလေး ဖြစ်သည်က တစ်သွယ်ကြောင့် ကိုမှတ်စာသည် အလှူအိမ်ခြေသို့တိုင်အောင် ဖုတ်သွင်းရထား ဆိုက်ပေးခြင်းဖြစ်ပေလိမ့်မည်။ ကိုမှတ်စာသည်ကား ဒေါ်မိန်းကလေးနှင့် ခင်ထားရီတို့ လှည်းပေါ်ကဆင်းသည်နှင့် သူ့နွားတစ်ရှဉ်းကို အော်ငေါက်ကာ၊ ပေါင်းမိုးလှည်းလေးကို ငေါက်ခနဲ ထွက်လေသည်။ ဒေါ်မိန်းကလေးသည်လည်း ကိုမှတ်စာကို "ကျေးဇူးတင်ပါသကော ငါ့တူရယ်" ဟုပင် ပဋိသန္ထာရစကား မပြောမိ။ သေးသွယ်ပိန်လှီလှသည့် ခန္ဓာကိုယ်လေးကို သင်ဖြူးဖျာကလေး ခင်းကျင်းထားသည့် လှည်းဆောင်ပန်းအိမ်နောက်မြီးမှ လျှောချလိုက်ပြီး ဖျင်ကြမ်းထဘီဟောင်း မဲနယ်ရောင်ကလေးကို လက်နှစ်ဖက်ဖြင့် ဖုတ်ဖက်ခါလိုက်သေးသည်။ ထဘီကား တောက်ပခြင်းအလျှဉ်းမရှိတော့ပြီ။ အရောင်ကင်း၍ အဆင်းပြယ်နေပါပကော။ တစ်ချိန်က တောက်ပသစ်လွင်စွာ ပွဲဝင်ခဲ့မည့် မကြေးအိုး၏ ရက်ကန်းကျထဘီလေးသည်ကား ယခုမူ ပြယ်တလွင့်လွင့်ဖြင့် ဖြူရော်နေချေပြီ။ ဒေါ်မိန်းကလေးသည် လှည်းပေါ်မှဆင်းကာ ဆင်မြန်းထားသည့်ထဘီကို ရှေ့နောက်လှည့်ကာ ခိုင်ကျည်အောင် ဝတ်လိုက်ပြီး သေသပ်ပိရိအောင် လက်ဖြင့် သပ်ချလိုက်ပြန်သည်။ ပြီးမှ ခင်ထားရီ၏လက်ကို

mgyoe.com

ဆွဲကိုင်ကာ လှည်းအိမ်ပေါ်မှ ဆင်းစေ၏။ အလှူအိမ်ကိုရောက်သည့်အခါ အချိန်ကား အတော်
mgyoe.com SAMPLE BOOK
လေးလင့်ချေပြီ။ မသကာ ကိုရင်ဆွမ်းခံပြန်ချိန်လောက်ပင် ရှိရော့မည်။

အရီလည်း မေကြီးမိန်းကလေး၏ ဦးဆောင်မှုနောက်မှ လက်ဆွဲကာ လိုက်ရ၏။ နဂိုကမူ သည်လိုပျားပန်းခပ်မျှ ဧည့်ကျသည့်ပွဲခင်းများသို့ မေကြီးမိန်းကလေး၏ လက်ကိုဆွဲခိုကာ လိုက်ရသည်ကို အရီ အင်မတန် ရှက်ရွံ့ခဲ့ဖူးသည်။ "ငါ့အရွယ် အမျိုးသား အမျိုးသမီးကလေးတွေက အပြင်အဆင် အခြယ်အသတွေ ဆင်ယင်ထုံးဖွဲ့ပြီး စိတ်ရှိတိုင်း သွားလာပျော်ရွှင်နိုင်ကြချိန်မှာ ငါကတော့ဖြင့် တစ်လောကလုံးကို မှောင်မိုက်ခြင်းအတိနဲ့ ဖုံးကွယ်ပိတ်ဆီးခံထားရသူပါလား" ဆိုသည့် စိတ်ခံစားမှုသည် အရီ့အား သိမ်ငယ်စေခဲ့ဖူးသည်။ သို့သော် ဤရှက်ရွံ့သိမ်ငယ်စိတ်တို့သည် အစ်ကိုစောမောင်နှင့် ဆုံပြီးနောက်ပိုင်းတွင် ငပုပ်ဖမ်းခြင်းမှ လွတ်ကင်းရသည့် လစန္ဒာနှယ် သန့်စင်ကြည်လင်ခဲ့ရ၏။ အရီသည် အစ်ကိုစောမောင်ကို ငယ်စိတ် ငယ်ခံစားချက်ဖြင့် လက်လွတ်စပါယ် ရွေးချယ်ခဲ့သည်မဟုတ်။ အရီ့အသက်သည် ဆယ့်ငါးနှစ်ဆိုသော်ငြား၊ လောကခံ၏ အထောင်းအပုတ်ကို မလှုပ်သာမလူးသာအောင် ခံခဲ့ရသည့် အရီ့အဖို့ အတွေးအခေါ်နှင့် ခံစားချက်တို့သည် ရှိရင်းစွဲအသက်ထက် များစွာရင့်ကျက်နှင့်လေပြီ။ ကိုယ့်ဘဝပေးကိုလည်း အရီ ကောင်းကောင်းကြီး နားလည်ပါသည်။ အစ်ကိုစောမောင်နှင့် ရည်ငံနေသည်ကို ပတ်ဝန်းကျင်က သိလျှင်လည်း "အနူက ပုံတော်ဖိနပ်စီးချင်သကော" ဟု ကောင်းချီးပေးကြမည် ထင်၏။ သို့သော်လည်း အရီ အစ်ကိုစောမောင်ကို လက်ခံခဲ့သည်မှာ အကြောင်းရှိသည်။ အစ်ကိုစောမောင်သည် အရီ့အပေါ် အင်မတန်ကြင်နာသည်။ ညှာတာသည်။ နားလည်မှုပေးနိုင်သည်။ ချစ်သူမိန်းကလေးသဖွယ် ချစ်မြတ်နိုးပြီး နှမငယ်ကလေးသဖွယ်လည်း စောင့်ရှောက်သည်။ ဒုက္ခိတမလေးဟူ၍ အသားယူခြင်းမရှိ။ ပြုစူခြင်းမရှိ၊ အင်မတန် ဖေးမတတ်သော အမျိုးကောင်းသားဖြစ်သည်။ မေကြီးမိန်းကလေး၏ မေတ္တာမှလွဲ၍ မေတ္တာမိုးခေါင်လွန်းသော အရီ့အဖို့ အစ်ကိုစောမောင်ကဲ့သို့ လက်တွဲဖော်ကို အရီ မည်သို့ငြင်းနိုင်အံ့နည်း။ အရီ အတွေးစများ ဆင့်ပွားနေခဲ့မိသည်။ မေကြီးမိန်းကလေးက "မဏ္ဍပ်ထဲ ရောက်ပအေ့။ ဟောသည်နားမှာ ထိုင်" ဟု နေရာချပေးတော့မှ အရီ့အတွေးစတို့ ပြတ်တောက်သွားရသည်။

"ဒွေးမိန်းကလေးတို့ နောက်ကျလှချေလား။ ကျုပ်ဖြင့် အလှူ့မတိုင်ခင် အဖိတ်နေ့ကတည်းက ညအိပ်လာခဲ့ပါလို့ ပြောထားရဲ့နဲ့။ ပစ်ပစ်ခါခါ နေနိုင်စိမ့်အားသတော်။ ရွာခြားတယ်ဆိုပေမင့် စိမ်းသက်ကြတဲ့လူတွေလည်း မဟုတ်ဘဲကို။ ကျုပ်မတော့ အဖိတ်နေ့ကတည်းက လည်တဆန့်ဆန့်နဲ့ မျှော်နေမိတာ။ ဒွေးမိန်းကလေးရဲ့တူကြီးကတောင် အလှူ့မတိုင်ခင် ရှေ့ရက်တွေက 'ဒွေးမိန်းကလေးတို့ မလာကြသေးဘူးလား' လို့ တဖွဖွမေးနေသေးတာ။

"ညည်းတို့သိတာက နည်းနည်းပါအေ့။ ညည်းတို့ကတော့ လာစေချင်တာ ဟုတ်ပေမပေ့ါ။ ငါ့မလည်း ငါ့အကြောင်းနဲ့ ငါကိုးအေ့။ ဘဝကလည်း ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်နဲ့ နေရတဲ့ဘဝမှ မဟုတ်တာ။ ဘယ်သွားသွား ဟိုကောင်မလေးက တငင်ငင်ဆိုတာလည်း ညည်းတို့အမြင်ပဲ။ သူကလေးက ရှိနေပြန်တော့ သူများအိမ်သူများရာ ညဥ့်အိပ်ညဥ့်နေဖြင့် ဘယ်စဦးစားအားပါ့မတုံး"

"ဒီလိုဆိုလည်း ဒီမနက် စောစောထွက်ခဲ့ရင် ရနေတဲ့ဥစ္စာကို။ ကျုပ်တို့က ဒွေးမိန်း
mgyoe.com

mgyoe.com SAMPLE BOOK

ကလေးလာရင်တော့ အလှည့်တန်းထဲ ဇတော်ဗန်းရွက် (စားတော်ဗန်း) ထည့်ရချည့်လို့ အောက်မေ့ထားတာ။ ရှင်လောင်း နားထွင်းတွေ နတ်ပြတော့လည်း ဒွေးမိန်းကလေးက မပါနဲ့။ ကျုပ်တို့မယ် အခက်တွေ့လိုက်ပုံများ။ ဒါနဲ့ ဆိုင်းထဲက ဘိသိတ်ဆရာကိုခေါ်ပြီး နတ်ပြခိုင်းလိုက်ရတယ်"

"ကိုင်းပါအေ အလှူ့ရှင်မရဲ့။ ငါ မပါတော့လည်း သူ့ဟာနဲ့သူတော့ ပြီးရတာပဲ မှတ်လား။ အပြစ်တင် မစောစမ်းပါနဲ့အေ့။ ရွာဘက်က ထွက်လာတာတော့ ဝေလီဝေလင်းကတည်းကပါပဲ။ ကွဲမရဲချောင်းရောက်မှ ချောင်းရေအကျနဲ့တိုးလို့ ခရီးပုပ်ခဲ့ရတာရယ်။ ကွဲမရဲချောင်းအကြောင်းလည်း ညည်းအသိပဲဥစ္စာ။ ငါတို့ ဘယ့်နှယ်များ ကူးဝံ့ပါ့မတုံး။ အခုတောင် ချောင်းစဲစ မောင်မှတ်စာရဲ့ လှည်းကြုံနဲ့ လိုက်ခဲ့လို့ ဒီအချိန်ရောက်ရတာ။ မဟုတ်ရင်တော့ လားနာရီပြန်တစ်ချက်ထိုး ဘိသိတ်ပျိုးမှ ရောက်လောက်တဲ့။ နတ်ပြခန်းဆိုတာလည်း မိန်းကလေးမြှောက်မှ မြောက်တာ မဟုတ်ပေါင်အေ။ ဘိသိတ်ဆရာနဲ့လည်း အရာမြောက်တာပါပဲအေ့။ ဒါနဲ့ ရှင်လောင်းနဲ့ နားထွင်းတွေကိုတော့ နတ်နန်းကို ဦးမတိုက်ခိုင်းဘူး မှတ်လား"

"မတိုက်ခိုင်းပါဘူး ဒွေးမိန်းကလေးရယ်။ ဘိသိတ်ဆရာကလည်း နတ်ပြခန်းအကြောင်း ဂယနဏ ရှင်းပြပါတယ်"

"အေးပါအေ။ အဲသလိုဆို ပြီးတာပါပဲ။ မဟုတ်ရင် အားလုံး အပြစ်သင့်ကြမစိုးလို့ပါ။ ရှင်လောင်းရဲ့ နားထွင်းတွေကို နတ်ပြတယ်ဆိုတာက နတ်တွေကို ဦးတိုက်ဦးခိုက်ခိုင်းဖို့ မဟုတ်ဘူးအေ့ အလှူ့ရှင်မရဲ့။ နတ်တွေရဲ့ ဦးခိုက်ခံဖို့။ 'ဤရှင်လောင်းနှင့် နားသကလျာတို့သည် ဆရာတော်သံဃာတော်ကြီးများရဲ့ ဥပစ္ဈာယ်ခံယူကာ ဖန်ရည်ဆွတ်သင်္ကန်းကို ဆင်မြန်းပြီး မြင့်မြတ်သော သာမဏေအဖြစ်သို့ လည်းကောင်း၊ မြင့်မြတ်သော ဘိက္ခုနီသီလရှင် အဖြစ်သို့ လည်းကောင်း ကူးပြောင်းကာ ဗုဒ္ဓသားတော် သမီးတော်အဖြစ် ခံယူတော့မှာမို့' လို့ အစချီတိုင်တည်ပြီး သင်္ကန်းမစည်းခင် နတ်တွေရဲ့ဦးခိုက်မှုကို ခံယူခိုင်းတာအေ့"

မကြီးမိန်းကလေး အလှူ့အမနှင့် စကားအချီအချ ကောင်းနေသော်လည်း အရီကမူ ဒေါင်းတောက်လှပြီ။

နဂိုစိတ်ခံက ဆိုင်းသံဗုံသံ ဂီတသံများနှင့် အဆိုအငိုများကို ခုံမင်နှစ်ခြိုက်သည့်တိုင်အောင် ယခုဖြင့် မဏ္ဍပ်အတွင်းက ဆိုင်းဝိုင်းသံကြောင့် နားတွေပူနေကာ၊ ခေါင်းထဲတွင်လည်း ငြီးစီစီဖြစ်လာသည်။ ပို၍ဆိုးသည်မှာ အစ်ကိုစောမောင်ကြောင့်ဖြစ်သည်။ သူ့ရွာဘက်သို့ ပြန်ကူးချေပြီထင်၏။ အရီက မျက်မမြင်မို့ အရိပ်အယောင်မမြင်ရသည်က ရှိစေဦး။ ယခုမူ အသံတစ်ခွန်းတစ်ပါဒမျှပင် မကြားရချေ။ အသေအချာ ချိန်းဆိုခဲ့ပါလျက် ဘယ့်အတွက်ကြောင့်များ ပေါ်မလာဘိသနည်း။ အရီတို့ကလည်း ခရီးတစ်ထောက် ကြန့်ကြာခဲ့သည့်အပြင် အစ်ကိုစောမောင်သည်လည်း အားလှသူမဟုတ်သဖြင့် မစောင့်နိုင်ခြင်းလည်း ဖြစ်တန်ရာသည်။ ယာချိန်ကိုင်းချိန်တွင် နွားနှင့်အပြိုင် ရုန်းရသကဲ့သို့ ကောက်ပဲသီးနှံသိမ်းချိန် ဆည်းချိန်ရောက်လျှင်လည်း သူ့ခြေသူ့လက်ချည်းမဟုတ်လား။ တောအလုပ် တောင်အလုပ် နားချိန်တွင်လည်း အိမ်တွင် လုပ်နေရသည့်တိုင် အားတာသည်မဟုတ်ချေ။ နွားစာရိတ်၊ နွားစာစဉ်း၊ နွားစာကျွေးချပြင်းတို့သည် အစ်ကိုစောမောင်အလုပ်။ ညနေစောင်းတွင် မင်းမျက်ရွာထိပ်ရှိ မိုးနတ်ကန်သို့ သွားပြီး ရေစည်လှည်းတိုက်ရသည်မှာလည်း အစ်ကိုစောမောင်၏ တာဝန်သာဖြစ်သည်။

mgyoe.com

တောင်သူသားပီပီ တံစဉ်တစ်ဖက် ဓားတစ်ဖက်နှင့် ယာခင်းကိုင်းခင်းထဲမှ ထွက်ရသည်မဟုတ်။
mgyoe.com SAMPLE BOOK
သည်တော့လည်း အချိန်ကုန်အချိန်ခန်းထိ အရီ့ကို မစောင့်သည့်အဖြစ်အား အမျက်မသိုစိတ်မကွက်ရက်ပြန်။ ကျိန်းသေသည်က အစ်ကိုစောမောင်သည် အရီ့အပေါ် မေတ္တာစိမ်း၍ သစ္စာတိမ်းသည်ကား မဟုတ်တန်ရာ။

ဆိုင်းဝိုင်းထဲမှာ လူရှင်တော်များသည်လည်း တခ်ဏုပ္ပတ္တိဉာဏ်သုံး၍ ဟာသပြတ်လုံးအမျိုးမျိုးကို မရိုးရအောင် ထုတ်ကြ၏။ အဆိုရှင် အမျိုးသမီးသည်လည်း ပြည်သောအသံကြည်သောအသံ ပီသောအသံတို့ဖြင့် နားဝင်ပီယံဖြစ်အောင် အလှူ့ရှင်တို့၏ စေတနာထက်သန်ပုံ၊ သဒ္ဓါတရား ပြတ်သားပုံတို့ကို တေးချင်းအသွယ်သွယ်နှင့် ညွန်းဖွဲ့သီဆိုကြသည်။ မဏ္ဍပ်အလယ်၌ ခင်းထားသော နီးကြောဖျာများအပေါ်တွင် ထိုင်နေသည့် ဧည့်ပရိသတ်များသည် ဆိုင်းဝိုင်းမှ ဖျော်ဖြေသမျှကို ရှုစားရင်း အဟောဝတ သဘောကျလျက် ရှိကြပေသည်။ ဧည့်ခံအမျိုးသမီးတို့သည်လည်း ဧည့်ပရိသတ်ကြီးကို တစ်နေရာစီ သန့်ကာသုံ့ကာ ထမင်းရုံ့အတွင်း ဖိတ်ခေါ်နေသည်ကိုလည်း အရီကြားမိ၏။ အရီသည် ဤသာယာသံများအပေါ် ညွတ်ပျောင်းစိတ် သာယာစိတ်တို့ စိုးစဉ်းမျှ မဖြစ်ပေါ်မိချေ။ တမင်စိမ်း၍ မဟုတ်သော်ငြား၊ ချစ်သသူနှင့် တွေ့ခွင့်မကြုံ ဆုံခွင့်သွေဖည်ရမည့်အပေါ် ရွှေစိတ်တော်အလိုမကျဘဲ မျက်နှာညှိုးကျလျက်ရှိပေသည်။

မေကြီးမိန်းကလေးက အရီ့ကို "ကောင်မလေး. . . ထအေ့။ ထမင်းရုံထဲ သွားကြရအောင်" ဟု ဆိုတော့လည်း မေကြီးမိန်းကလေးလက်ကိုဆွဲကာ ထလိုက်မိသည်သာ။ စိတ်ထဲတွင်မူ အစား စားချင်သည့်အာသီ နည်းနည်းမျှပင် မရှိပေ။ နီးကြောဖျာများခင်းထားသည့် ထမင်းရုံထဲရောက်ချိန်တွင် မေကြီးမိန်းကလေးသည် အရီ့အား လူတစ်ထိုင်စာ စားပွဲခုံဝိုင်းလေးတွင် နေရာချပေးသည်။ လာသမျှဧည့်သည်တို့သည် ဧည့်ခံထားသမျှ ထမင်းဟင်းတို့ကို ပယ်ပယ်နယ်နယ် လူးနယ်ပြီး အားရပါးရ ပလုတ်ပလောင်း စားကြရုံသာ။ အညာဒေသ၏ အလှူပွဲရိုးရာအတိုင်း ကျွေးမွေးသည့် ဟင်းအမယ်များသည်လည်း ကိန်းကြီးခန်းကြီးဖြင့် မဟုတ်ပေ။ ယာခင်းကိုင်းခင်းမှရသည့် တစ်နှစ်တစ်ဝါစာ ငါးစေ့ပဲ၊ ကုလားပဲ စသည့်တို့ကို ငရုတ်ဆီရဲနေအောင် နှပ်ထားသည့် ပဲနှပ်တစ်ခွက်။ ငရုတ်သီးခြောက်ကို ငခြောက် (ငါးခြောက်) စဉ်းတုံးကြီးတွေနိုင်နိုင် ကြက်သွန်နီုင်းချင်းဖြင့်ကြော်ထားသည့် ငရုတ်ကြော်က တစ်မျိုး။ မန်းကျည်းရွက်ပေါ် ချိန်တွင် မန်ကျည်းရွက်မှန်ရောင်ဟင်းချိုက တစ်မယ်။ မန်ကျည်းရွက်မရှိလျှင် ချဉ်ပေါင်ကန်စွန်း ချဉ်ရည်ဟင်းက တစ်ဖုံ။ သရက်ချဉ်လို ပဲတီချဉ်လို အချဉ်လေးတွေကိုလည်း ကြက်သွန်စဉ်းလုံးချင်းနှင့် သုပ်ကြပြန်သည်။ ဤမျှဆိုလျှင် အညာဒေသ တောအလှူ၏ ဧည့်ခံဟင်းအမယ်တို့မှာ ပြည့်စုံပြီ။ လူးကာနယ်ကာ စားကြစမ်းပါလေ့။ မလောက်မငှဟူ၍ မရှိပေ။

"မေကြီးမိန်းကလေး. . . အရီ. . ."

အစ်ကိုစောမောင်၏အသံကို အရီကြားလိုက်ရသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဖြစ်ပေါ်နေသည့် ဝမ်းနည်းစိတ်တို့သည် တစ်မုဟုတ်ချင်း လွင့်စင်ကွယ်ပသွား၏။ အရီစားနေသည့် ထမင်းစားပွဲဘေးမှာ လာထိုင်ရင်း အရီ့ကို ခွန်းဟနှုတ်ဆက်လိုက်သည့်အသံ။ သည်အသံထဲမှာ ကြင်နာမှုအပြည့်။ နားလည်မှုအပြည့်။ နွေးထွေးမှုအပြည့်။ အရီ သည်အသံကြားတာနှင့် အားရှိရသည်။ ခိုကိုးမိသည်။ ညွတ်နူးမိသည်။
mgyoe.com

mgyoe.com SAMPLE BOOK

"အစ်ကိုစောမောင် မပြန်သေးဘူးနော်။ အရီဖြင့် အစ်ကိုစောမောင် ပြန်လောက်ပြီ တောင် မှတ်နေတာ။ အရီတို့ ကျွဲမရဲချောင်းမှာ ချောင်းအကျနဲ့ကြုံနေရလို့ ခရီးဖင့်ခဲ့ကြတာရယ်"

အရီ မေကြီးမိန်းကလေးကိုပင် သတိမမူနိုင်အားတော့ချေ။ မြူးလာသည့်စိတ်တွေကြောင့် အစ်ကိုစောမောင် မမေးပေမင့် ဖြေရှင်းချက်တို့ ထုတ်နေမိသည်။ မေကြီး မိန်းကလေးကဖြင့် အရီ့ကို ကြည့်နေလေမလား။ "တစ်လမ်းလုံး အာစေးထည့်လာတဲ့မိန်းမက ခုမှ နှုတ်လျှာကွန့်မြူးနေရကောင်းရဲ့" လို့ဆိုရင်း ခေါင်းကိုများ ဒေါက်ဒေါက်မြည်အောင် ခေါက်ချင်နေလေမလား မသိပေ။ ခေါက်ကာမှ ခေါက်စေတော့။ ဝမ်းသာသည့်စိတ်ကဖြင့် မဖုံးနိုင် မဖိနိုင်။

"မင်းအမ (အမေ) ရှင်လွန်းဇံကြီးရော လိုက်မလာဘူးလားကွဲ့ မောင်စောမောင်ရဲ့"

"လိုက်မလာဘူး မေကြီးမိန်းကလေးရေ။ အမ(အမေ)က ကောင်းကောင်း မကျန်းမာဘူးဗျို့။ ခုတလော ချူချာလိုက်တာ လွန်ပါသကော။ ဘာရယ်မဟုတ်ကနေ ဖြစ်လိုက်တာ ကျောကပ်ဖျာကပ်နေရတာတောင် ရက်ရလှပေါ့။ အမက မှာလိုက်သေးတယ်။ 'မယ်မိန်းကလေးနဲ့တွေ့ရင် အိမ်ကို တင်ဖို့မြှောက်ဖို့ ခေါ်ခဲ့စမ်းဦး' တဲ့။ ဒီတော့ မေကြီးမိန်းကလေး ကျုပ်တို့ရွာဘက်ကို လိုက်ခဲ့ဦးပေါ့"

မေကြီးမိန်းကလေးကတော့ ဘယ့်နှယ်ရှိလေမည် မသိ။ လှိုက်ခနဲပျော်မိသူက အရီ။ အစ်ကိုစောမောင်တို့ မင်းမျက်ရွာဘက်ကို သွားရဖို့ သေချာပြီ။ သည့်ထက်ပျော်ရသည်က အစ်ကိုစောမောင်တို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရမည်မဟုတ်ကား။ အရီ အစ်ကိုစောမောင်နှင့် ဆုံခဲ့ရသည်မှာလည်း ဤသို့သော အကြောင်းကြောင့်သာဖြစ်သည်။ အစ်ကိုစောမောင်၏အမေ ဂျီးလွန်းဇံသည် အရှင်သခင်များကို ကိုးကိုးစားစားရှိသည်။ အတင်အမြှောက်တွင်လည်း မေကြီးမိန်းကလေးကိုသာ ယုံယုံကြည်ကြည်ရှိသူဖြစ်သည်။ ဂျီးလွန်းဇံသည် မေကြီးမိန်းကလေးနှင့်ဆုံတိုင်း "မယ်မိန်းကလေးရယ်. . . ကျုပ်မလည်း မိုးရိပ်လာဒူလာထ ဆိုသလိုပဲ။ တစ်လ တစ်ခါမှ မတင်ရ မမြှောက်ရရင် ခေါင်းခဲဝေဒနာက ထလာတော့တာ" ဟု ဆို၏။ ဤသို့ဖြင့် ရှင်ကြီးရှင်ကောင်းအပေါင်းနှင့် ဂျီးလွန်းဇံကို အကြောင်းပြု၍ မေကြီးမိန်းကလေး နှင့်အတူ အစ်ကိုစောမောင်တို့အိမ်ကို လိုက်ပါခွင့်ရခဲ့သည်။ အစ်ကိုစောမောင်နှင့် ဆုံခဲ့ရသည်။ နတ်ရေးငယ်ရွှေစာဆိုသည်မှာ အစ်ကိုစောမောင်နှင့် အရီ့ကိုများ ညွှန်းလေတော့သလား။

"နာရီပြန် တစ်ချက်ထိုးလောက်ကျရင်တော့ လျှောက်ခဲ့အုံးမပေါ့ကွယ်။ ရွာချင်းမဝေးလှပေသိ တကန်တကဆိုရင် ရောက်ဖို့ လွယ်တာမှတ်လို့။ သည်လို အကြောင်းရှိမှပဲ ရောက်ရတာမှုတ်လား။ မင့်အမကိုသာ ပြင်ဆင်စရာရှိတဲ့ ကွမ်း၊ ဆေး၊ လက်ဖက်ပွဲလေးတွေ ပြင်ခိုင်းထားနှင့်"

မေကြီးမိန်းကလေးက နာရီပြန်တစ်ချက်လောက်မှာ မင်းမျက်ရွာဘက် လျှောက်ခဲ့မည့်အကြောင်း အစ်ကိုစောမောင်ကို စကားပြန်သည်။ မင်းစိုးရွာနှင့် မင်းမျက်ရွာသည် ဝေးလှသည်မဟုတ်ပေ။ ကွမ်းတစ်ယာညက်ခန့်လျှောက်လျှင် ရောက်ရသည်သာ။ အရီ့အနေဖြင့် နာရီပြန်တစ်ချက်ထိ စောင့်မနေချင်ပေ။ အစ်ကိုစောမောင်နှင့်အတူ တစ်ပါတည်းလိုက်သွားချင်မိ၏။

"ခြေကျင်တော့ မလျှောက်ပါနဲ့ မေကြီးမိန်းကလေးရာ။ မေကြီးမိန်းကလေးကလည်း

mgyoe.com

အသက်ကရလှပေ့ါ။ အရီကလည်း ပါသေးတာ။ ကျုပ် ရွာပြန်ပြီး လှည်းကောက်လိုက်ပ့ါမယ်။ တအောင့်ပဲ စောင့်။ ကျုပ် အခုပြန်လိုက်ပ့ါမယ်"
mgyoe.com SAMPLE BOOK

အစ်ကိုစောမောင်သည် ပြောပြောဆိုဆိုဖြင့် မကြီးမိန်းကလေးနှင့် အရီ့ကို နှုတ်ဆက်ကာ မင်းမျက်ရွာဘက်သို့ ပြန်လေသည်။ အစ်ကိုစောမောင်နှင့်အတူ မလိုက်ရသည့်တိုင် မကြီးမိန်းကလေးနှင့် အရီ့ကိုငဲ့ကွက်ကာ လှည်းပြန်ကောက်သည်ဆိုသည့်အတွက် အရီ ကျေနပ်မိပါသည်။ အရီဖြင့် အလှူထမင်းကိုပင် ဆက်မစားဖြစ်တော့ချေ။

ခဏအကြာတွင် အစ်ကိုစောမောင်ပြန်ရောက်လာသည်။ အစ်ကိုစောမောင်က အရီ့ကို လှည်းချခဲ့သည့် မဏ္ဍပ်ရင်းထိ ဖေးကူခေါ်ရင်း သင်ဖြူးခင်းထားသည့် ပေါင်းမိုးလှည်းပေါ် သို့ တင်ပေး၏။ မကြီးမိန်းကလေး လှည်းပေါ် ရောက်သည့်အခါ အစ်ကိုစောမောင်သည် နွားကို တစ်ချက်ငေါက်ကာ မင်းမျက်ရွာဘက်သို့ မောင်းနှင်လေသည်။ အရီ့ရင်ထဲဝယ် ကြည်နူးခြင်းတို့သည် အတိုင်းအဆမဲ့လျက်ရှိ၏။ ဤလှည်းပေါ်၌ မကြီးမိန်းကလေးသာ မပါခဲ့လျှင် အစ်ကိုစောမောင်ဘေးမှာ အတူယှဉ်ထိုင်ကာ လက်ကို တွဲဖက်ထားရင်း ပခုံးစွန်းဝယ် ခေါင်းတင်တိုးခွေ့မိမည်ထင်သည်။ မည်သို့ဆိုစေဦးတော့ ချစ်သူမောင် မောင်းနှင်သည့် လှည်းယဉ်ကြော့ပေါ်၌ အတူယှဉ်တွဲလိုက်ပါရသည်ကိုပင် အရီ ကျေနပ်မိပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၃

"ပညာမောက်ကျော် အနောက်ကတော်ကြီးပါတော့။ ဓားပိုင်၊ ကျားပိုင်၊ မီးပိုင်၊ ရေပိုင်တဲ့ အနောက်မယ်တော် အမေရေယဉ်ကြီးပါတော့။ ကျွန်တော်မ ရှင်မိန်းကလေးသည် မယ်တော်ကြီးအပေါ် အယုံကြည်မပျက် ကိုးစားမပျက် ခစားလျက်ရှိပါတယ်တော်။ ယခုပင်လည်း ကျွန်တော်မသည် မယ်တော်ကြီးကို ငကြော်(ငါးကြော်)၊ လက်ဖက်၊ ပွဲတော်ဆက်၍ တင်ပါ၏။ မြှောက်ပါ၏။ စောင့်ရှောက်ပါ့၊ ကူမပါ့ မယ်တော်ကြီးတော်။ ကျွန်တော်မ၏ ပဌာန်းဆက် ညီမကြီး ရှင်လွန်းဇံသည်လည်း ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းလေးပါး မလျော်သဖြင့်၊ ဓာတ်လေးပါးချို့ယွင်းခြင်း၊ နာမကျန်းခြင်း ရှိရပါသည်တော်။ ကျန်းမာပကတိ ချမ်းသာစွာရှိအောင် ဖေးကူစောင်မပါ့ မယ်တော်ကြီးတော်။ အနှောက်အယှက် အတိုက်အခိုက်များရှိခဲ့ရင်လည်း မယ်တော်ကြီး ဓားနဲ့ခွင်းပေးပါ။ မယ်တော်ကြီးကျားနဲ့ ရှင်းပေးပါတော်။ ညီမကြီး ရှင်လွန်းဇံ၏ လိပ်ပြာအား မယ်တော်ကြီးထံ အပ်ပါရဲ့။ မယ်တော်ကြီးထံ ထပ်ပါရဲ့။ မာချာအောင်လည်း စောင့်ရှောက်ပါ့။ သာယာအောင်လည်း စောင့်ရှောက်ပါ့တော်။ ကြွယ်ဆုကိုလည်း ပေးတော်မူပါ။ ဝ,ဆုကိုလည်း ပေးတော်မူပါ မယ်တော်ကြီးတော်"

မကြီးမိန်းကလေးသည် အစ်ကိုစောမောင်၏ အိမ်ရှေ့တလင်းဝယ် ဖျာကြမ်းတစ်ချပ် ခင်းကာ အနောက်အရပ်ဆီသို့ မျက်နှာမူလျက် အနောက်မယ်တော်ကြီးကို တိုင်တည်ပသလျက် ရှိ၏။ ကိုးလွန်းဇံသည်ကား မကြီးမိန်းကလေး၏ဘေး၌ ပုံ့ပုံ့ကျုံ့ကျုံ့ထိုင်ကာ မျက်စိမှိတ်ထားသည်။ မကြီးမိန်းကလေး တင်မြှောက်ပြီးမှ မျက်လုံးအစုံကို ဖွင့်လေသည်။ မကြီးမိန်းကလေးသည် ရှေ့တွင်ချထားသည့် ရေစင်ခွက်ထဲမှ ရေကို သပြေခက်ဖြင့် ဆော်ယူကာ ကိုးလွန်းဇံ၏ ဦးကင်းထက်သို့ ဖျန်းပေးသည်။ နှုတ်မှလည်း တဖွဖွ ဆုတောင်းပေးသေး၏။

တင်မြှောက်ခြင်းအမှုတို့ ပြီးသည့်အချိန်တွင် မကြီးမိန်းကလေးနှင့် ကိုးလွန်းဇံတို့သည်

mgyoe.com

မယ်တော်ကြီးကို ကိုးထားသည့်ပွဲများအား သိမ်းဆည်းပြီး မြေစိုက်ကျွန်းမည်းအိမ်ကြီးထဲသို့ ဝင်သွားကြသည်။ ကျွန်းအိမ်ကြီးသည် ရေနံချေးတို့ဖြင့် ညို့နေ၏။ မေကြီးမိန်းကလေးသည် ရောက်သခိုက်ပေမို့ ဂျိုးလွန်းဖုံနှင့် ရေပက်မဝင်အောင် စကားဖောင်ဖွဲ့ပေလိမ့်ဦးမည်။ ပြီးလျှင် မပြန်သေးမီ တရေးတမော အိပ်စက်အနားယူချေဦးမည်။ ညနေ နေစောင်းလျှင် ကျွဲမရဲချောင်း၏ အနောက်ဘက်ကမ်းတွင် ရှိသည့် မင်းတိုင်ပင်ရွာသို့ ပြန်ကြရဦးမည်။ ရွာသို့ပြန်တိုင်း အစ်ကို စောမောင်သည် လှည်းနှင့် လိုက်ပို့နေကျဖြစ်သည်။ အိမ်ပြန်ရောက်လျှင် အစ်ကိုစောမောင်နှင့် ဝေးရဦးမည်။ တွေ့ရန်အကြောင်းမရှိသေးလျှင် လွမ်းရဦးမည်ဖြစ်သည်။ ကြားရက်ထဲတွင် အစ်ကိုစောမောင်လာတွေ့မှသာ အရီ့အဖို့ အလွမ်းပြေရလေသည်။

"အရီ. . . ဘာတွေများ တွေးနေသတုန်းကွယ်။ ဘေးမှာ အစ်ကိုစောမောင်ရှိတာ ကိုရော သတိသေးရဲ့လား။ တွေ့သခိုက်မှာ တီတီတာတာလေးများ ပြောစမ်းပါတော့လား မိန်းကလေးရယ်။ အရီ အစ်ကိုစောမောင်ကို မလွမ်းဘူးလား။ သတိမရဘူးလား။ အစ်ကိုစော မောင်ဖြင့် နေ့နေ့ညည အရီ့ကို လွမ်းရပါရဲ့ကွယ်။ အစ်ကိုစောမောင်ရဲ့ အရီလေး အဆင်ပြေရဲ့ လား စိတ်ပူရတာလည်း လွန်ပါရောလား"

"အစ်ကိုစောမောင်"

"အရီ. . . ပြောလေကွယ်။ အစ်ကိုစောမောင် ကြားချင်စမ်းပါရဲ့"

"အရီလေ. . . အစ်ကိုစောမောင်ကို မြင်ချင်လိုက်တာ။ အစ်ကိုစောမောင်က သိပ်ချောတာပဲလားဟင်။ စိတ်ကောင်းနှလုံးကောင်းရှိပြီး အင်မတန်ကြင်နာတတ်တဲ့ အစ်ကို စောမောင်က ချောမယ်လို့ အရီယုံကြည်ပါတယ်။ အရီချစ်တဲ့ အစ်ကို့ကို ဘယ်တော့များမှ မြင်ခွင့်မရှိတော့ဘူးထင်ပါတယ် အစ်ကိုရယ်"

စောမောင့်မျက်နှာပြင်ကို ပွတ်သပ်ကိုင်တွယ်နေသည့် အရီ့လက်ချောင်းသွယ်သွယ် ကလေးများကို စောမောင် ဆွဲယူဆုပ်ကိုင်လိုက်မိသည်။ သနားစရာကောင်းလွန်းလှသည့် မိန်းမငယ်လေး။ စောမောင်ထက် ရှစ်နှစ်ခန့်ငယ်သည့် အမျိုးသမီးကလေး။ ငါးနှစ်သမီးလေး အရွယ်ကပင် မျက်စိကွယ်ခဲ့ရရှာပုံကို ဒေါ်ကြီးမိန်းကလေးပြောပြသဖြင့် စောမောင် အကြောင်း စုံ သိခဲ့ရပါသည်။ အရီ ငါးနှစ်သမီးအရွယ်တွင် အပြင်းဖျား၏။ ကိုယ်အပူရှိန် ခြစ်ခြစ်တောက် ပြီး အဖျားရှိန်ကြီးရာမှ တစ်ချက်တစ်ချက် တက်သွားရာ မေကြီးမိန်းကလေး ပျာပျာသလဲ ဖြစ်ခဲ့ရသည် ဆို၏။ တစ်ချက်တွင် အရီတက်သွားရာမှ သတိပြန်လည်မလာတော့ပေ။ မေကြီး မိန်းကလေးသည် အရီ့ကို အိမ်၌ တစ်ယောက်တည်းထားခဲ့ပြီး ဆေးဆရာကို ပြေးခေါ် ခဲ့ရ သည်။

"မေကြီးမိန်းကလေးဖြင့် အရီ့ကို လက်လွှတ်လိုက်ရပြီလို့ကို စိတ်ဒုန်းဒုန်းချလိုက် တော့တာ။ ဆေးဆရာ ကိုသာအိုး လိုက်လာပေမယ့် ကိုသာအိုးပြန်သွားတဲ့အထိ သတိပြန် လည် မလာတော့ပါဘူးကွယ်။ တစ်ချက်တစ်ချက် အသက်ကလေး မျှင်းမျှင်းရှူနေသေးတော့ လည်း သုဿာန်သွားပြီး မပစ်ရက်ကြဘူး။ ဒါပေမဲ့ ကံဆိုးတာလား ကံကောင်းတာလား မပြောတတ်တော့ပေါင်ကွယ်။ ညသန်းခေါင်မှာ ကလေးမ သတိပြန်လည်လာတယ်။ ရှိတဲ့ ဆေးမြီးတိုလေးတွေနဲ့ နှပ်ယူကြပြန်တော့ ထူထူထောင်ထောင် ပြန်ဖြစ်လာတာပေါ့။ ဒါပေမဲ့ သူကလေး မျက်စိအလင်းတော့ မရရှာတော့ပါဘူးကွယ်"

mgyoe.com SAMPLE BOOK

မကြေးမိန်းကလေး၏ အပြောကြောင့် စောမောင်သည် အရီ့အပေါ်တွင် ပို၍ပင် ကရုဏာသက်ခဲ့ရ၏။ မကြေးမိန်းကလေး စောမောင်တို့ရွာဘက်သို့လာတိုင်း အရီ အမြဲလိုက်ပါလာစမြဲ။ တစ်ခါသား အရီ စောမောင်တို့အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးပေါ်မှာ ထိုင်နေစဉ် ဘကြီးထွန်းခအိမ်ဘက်မှ လွတ်လာသည့် နသိုး(နွားသိုး)ကြီးသည် အရီရှိရာဆီသို့ ကမူးရှူးထိုး ပြေးဝင်လာသည်။ အားလုံးက အော်ဟစ်ကြတော့ အရီသိသွားပြီး ဆတ်ဆတ်တုန်အောင် ကြောက်လန့်သွားရှာသည်။ သို့သော် အရီ ဘယ်ကိုမှ မပြေးနိုင်။ ထိုအချိန်မှာပင် စောမောင်သည် အရီရှိရာဆီသို့ လွှားခနဲ ပြေးဝင်လိုက်ပြီး နွား၏ နဖားကြိုးကို ဆွဲချုပ်လိုက်သည်။ ထိုစဉ်က အရီကြောက်လန့်နေပုံသည် စောမောင်၏မျက်လုံးထဲမှ ယခုထိ မထွက်ပေ။ ထိုကရုဏာစိတ်မှ ပေါက်ဖွားလာသည့် ချစ်ခြင်းမေတ္တာပင်ထင်၏။ သည်မိန်းကလေးအပေါ်၌ မေတ္တာစစ်နှင့် မြတ်နိုးမိခဲ့ရသည်။

"အရီရယ်။ ဝမ်းနည်းစရာတွေကို မတွေးပါနဲ့ကွယ်။ အရီ တစ်သက်လုံး မြင်ခွင့်မရတော့ရင်တောင် အစ်ကိုစောမောင် အရီ့နားမှာပဲ အမြဲရှိနေမှာပါ။ အစ်ကိုက အရီ့ရဲ့ ပြည့်စုံခြင်း ချို့ယွင်းခြင်းတွေထက် အရီ့ရဲ့ဖြူစင်ခြင်းကို မြတ်နိုးခဲ့တာပါကွယ်။ အရီ ဘာကိုမှ ဝမ်းနည်း အားငယ်နေဖို့ မလိုပါဘူး"

စောမောင် အရီ့ခေါင်းလေးကို ဆွဲယူကာ ပခုံးပေါ်မှီစေပြီး အရီ့ပခုံးလေးကို သိုင်းဖက် ထွေးပွေ့ထားလိုက်သည်။ အိမ်အပြင် သမုန်းပင်ရိပ်အောက်ရှိ လှည်းပေါင်းမိုးလေးပေါ်တွင် ထွေးပွေ့ကြင်နာနေကြသည့် လုလင်ပျိုနှင့် လုံမငယ်တို့အား ဒေါ်မိန်းကလေး ကျွန်းမည်းအိမ်အတွင်းမှ မြင်နေရပါသည်။ ဒေါ်မိန်းကလေး မတားဆီးရက်ပါ။ မပိတ်ပင်ရက်ပါ။ အမုန်းတို့ဖြင့် ပျိုးထောင်ခဲ့ရသည့် ဤမိန်းကလေးအပေါ် ချစ်ခြင်းတို့ဖြင့် အဆုံးသတ်ရတော့မည်မှာ သေချာပါသည်။

ဇာတ်ဆရာ ကိုဆောင်ပန်း။ ကိုဆောင်ပန်း၏ညီ မင်းသားကြီး ကိုကြာမြိုင်။ သင်းတို့သာ ဒေါင်းမြရီဟူသော အငြိမ့်မင်းသမီးအပေါ်၌ လူစိတ်ရှိခဲ့ကြလျှင် ခင်ထားရီဟူသော ထိုမိန်းမငယ်ကလေး၏ဘဝသည် ဤသို့ဖြစ်ဖွယ်ရာမရှိ။ ဒေါ်မိန်းကလေး မတွေးချင်တော့ပေ။ အတိတ်ဆိုးတွေသည် အတိတ်မှာပဲ ရှိကြပါစေတော့ဟုသာ အောက်မေ့မိသည်။ ပြန်လည် တူးဆွရင်း အာယာတနှင့် မာန်မာနတို့ကို ပြန်သစ်လွင်အောင် အရောင်မတင်ချင်တော့ပေ. . .။

နာကြည်းစရာ အတိတ်များကို တသသတွေးရင်း တမြေ့မြေ့လောင်နေခြင်းသည် အပူကဲသည်မှလွဲ၍ ဘာများအကျိုးရှိလိမ့်မည်နည်း။ ဒေါ်မိန်းကလေး၏ဘဝသည် နာကြည်းခါးသီးခဲ့ရသည်ကား အမှန်ပင်။ ဘဝတစ်လျှောက်လုံး တူဖြစ်ခဲ့ရသည်က ရှားသည်။ ပေဖြစ်ခဲ့ရသည်ချည်း။ လင်ကိုလည်း ဆုံးရှုံးခဲ့ရ၏။ သမီးကိုလည်း ဆုံးရှုံးခဲ့ရသည်။ ဘာများ ပိုင်ဆိုင်ခွင့်ရှိခဲ့သလဲ။ ရှုံးပြီးရင်း ရှုံး၊ ဆုံးပြီးရင်း ဆုံးခဲ့ရသည့် မိမိန်းကလေး။ ချစ်လှပါသည်ဆိုသော ပရိသတ်နှင့် မြတ်နိုးလွန်းလှသော သဘင်ပညာသည်ဘဝကိုပါ စွန့်လွှတ်ခဲ့ရသည့် ဒေါင်းမြရီ။ ဤဒဏ်ရာများသည် ဒေါ်မိန်းကလေးအတွက် သေရာပါမည့် ဒဏ်ချက်များပင်ဖြစ်၏။ သွေးစိမ်းရှင်ရှင် မထွက်တော့သည့်တိုင်အောင် အမာရွတ်တို့သည် ဖျောက်ဖျက်၍ မရအောင် အသားသေထင်ကျန်ခဲ့ရပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော်လည်း ဒေါ်မိန်းကလေးသည် အရိုကိုကား အင်မတန် သနားမိသည်။ မသိနိုးနားအရွယ်လေးမှစ၍ ဒေါ်မိန်းကလေး၏အနားတွင် မပြည့်စုံခြင်းတို့ကို အဖော်ပြုလျက် ကြီးပြင်းခဲ့ရရှာသူကလေး။ အတ္တခိုး အတ္တငွေ့တို့ အူထွက်နေသည့် အာဃာတ မီးတောက်များ ကြားတွင် လောင်မြိုက်ကျွမ်းခြစ်ခဲ့ရသည့် မိန်းမငယ်ကလေး။ ဒေါ်မိန်းကလေး အရို့အပေါ် တွင် သနားစိတ်ပိုမိသလို၊ သံယောဇဉ်လည်း ပိုခဲ့ရပေသည်။ မုန်းတီးစိတ်နှင့် မွေးမြူခဲ့ရသည့် တိုင် အရို့အပေါ် ဒေါ်မိန်းကလေး မုန်းလို့မရ။ ဘဝဘဝက ရေစက်များပင်ဖြစ်ပေလိမ့်မည်။

ဒေါ်မိန်းကလေးအတွေးစတို့ကို ဖြတ်တောက်ပြီး၊ အိမ်ရှေ့သဖန်းပင်အောက်တွင် ရှိသည့် ပေါင်းမိုးလှည်းကလေးဆီ အကြည့်ရောက်မိပြန်သည်။ လုလင်ပျိုနှင့် လုံမငယ်ကလေး သည် ပေါင်းမိုးလှည်းပေါ် ဝယ် ပြုံးနေကြ၏။ ပျော်နေကြ၏။ မောင်စောမောင်သည် အရို့နား သယ်စပ်တွင် ကျနေသည့် ဆံနွယ်စကလေးများအား နားနောက်ဘက်သို့ တယုတယ သပ်တင် ပေးရင်း၊ အရို့မျက်နှာလေးအား ကြင်နာစွာ ငေးမောလျက်ရှိလေသည်။ အရိုကမူ ဘာကို သဘောကျလေသည်မသိ။ ဖူးကြွနီထွေးနေသည့် နှုတ်ခမ်းအစုံကို လေးကိုင်းသဏ္ဍာန် ကွေး ညွှတ်သွားသည်အထိ သွားစွယ်ကလေးများပေါ်အောင် ပြုံးရယ်နေလေ၏။

အရို့အပေါ် မောင်စောမောင်၏ ကြင်နာမှု၊ သိတတ်မှု၊ ဖေးကူစောင့်ရှောက်တတ်မှု ကို ဒေါ်မိန်းကလေး သိပါသည်။ မောင်စောမောင်အပေါ် အရို့ခိုကိုးမှုသည် သနားစရာကောင်း လှသကဲ့သို့ အရို့အပေါ်ထားရှိသည့် မောင်စောမောင်၏ မေတ္တာသည်လည်း လေးစားလောက် စရာပင်။ သို့သော် မောင်စောမောင်၏ မေတ္တာကြိုးတို့သည် ဘယ်အချိန်ဘယ်ကာလအထိ ခိုင်မြဲလေမည်မသိနိုင်။ ဒေါ်မိန်းကလေး မတွေးချင်ပေ။ အရို့ကို ဒေါ်မိန်းကလေး တားလျှင် ရမည်ကို သိ၏။ သို့သော် မတားရက်။ အရိုသည် မေတ္တာငတ်ရှာသူကလေး။ ဒေါ်မိန်းကလေး မည်သည့်အင်အားနှင့်များ သင်းကလေးတို့ မေတ္တာကြိုးကို ဖြတ်ရက်လိမ့်မည်နည်း။ လက်ရှိ မြင်တွေ့ အကဲခတ်ရသလောက်ဆိုလျှင် မောင်စောမောင်သည် လူရည်မွန်ကလေးတစ်ယောက် ဖြစ်သည်။ အရို့အပေါ်မှာလည်း ချစ်သူမိန်းကလေးအဖြစ်သာမက၊ နှမကလေးလို စောင့် ရှောက်တတ်သူဖြစ်၏။ ဒေါ်မိန်းကလေးသာ မျက်ကွယ်ပြုခဲ့လျှင် မောင်စောမောင်သည်သာ အရို့အတွက် အဖော်မွန်ဖြစ်ပေးလိမ့်မည်။

သို့သော်လည်း "သက်ထားမျက်ခြယ် ဇနီးသည်၊ အရွယ်လွန်မှ ချီးမွမ်းရ။ တိုက်ရဲ ခိုက်ရဲ သတ္တိခဲ၊ စစ်ပွဲပြန်မှ ချီးမွမ်းရ။ သီးနှံကောက်ပဲ ပျိုးစိုက်ကျဲ၊ ကျီထဲရောက်မှ ချီးမွမ်းရ" ဟုပင် လောကနီတိ အဆိုရှိသည် မဟုတ်လား။ သို့ဖြစ်၍ မောင်စောမောင်သည် အရို့အပေါ် မည်မျှပင် နားလည်ပေးနိုင်သည်ဆိုစေကာမူ၊ ဒေါ်မိန်းကလေး ချီးမွမ်းမစောဝံ့ပေ "တူနှစ်ကိုယ် တဲအိုပျက်မှာပင်နေရ" ဆိုသည်မှာ ဒိုးတူဘောင်ဖက်ရှန်းနိုင်မည့် လူသာမန်တို့အတွက်ကား ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်။ အရိုသည်ကား အများသူငါကဲ့သို့ အမှီအခိုကင်းစွာ ရပ်တည်သက်မွေးနိုင်သည့် မိန်းကလေးမဟုတ်။ ဤအပေါ်တွင် မောင်စောမောင်သည် လည်း ဘယ်ရွေ့ဘယ်မျှ ဘယ်ကာလအထိ သည်းခံနိုင်မည်ကို အပ်ကျမတ်ကျ မခန့်မှန်းနိုင် ပေ။ "စိတ်ကစားစဉ်မို့ အနေကြဲလေသလား။ ထိပ်ထားတင်ဖို့ သေတပန်လေလား" ဆိုသည်ကို မောင်စောမောင်မှသာ သိပေလိမ့်မည်။

mgyoe.com

"မေကြီးမိန်းကလေး။ မေကြီးမိန်းကလေးတို့ ညနေ နေကျမှ ပြန်မှာမှုတ်လား။

အချိန်ရသေးရင် ကျုပ် အရီ့ကို မိုးနတ်ကန်ဦးက တောင်ပေါ်စေတီကို လိုက်ပို့လိုက်ဦးမယ်။ ဘုရားရှင်ကို မမြင်နိုင်မတွေ့နိုင်ပေမယ့် ဘုရားရိပ်တရားရိပ်ရဲ့ အေးချမ်းတိတ်ဆိတ်မှုတွေကိုတော့ အရီခံစားလို့ရတာပေါ့။ မေကြီးမိန်းကလေးခွင့်ပြုရင် ကျုပ် အရီ့ကို လိုက်ပို့လိုက်ချင်တယ်"

mgyoe.com SAMPLE BOOK

စောမောင်က အရီ့လက်ကိုတွဲခေါ်လာပြီး မေကြီးမိန်းကလေးတို့ရှိရာ ကျွန်းမည်းအိမ်ကြီးထဲသို့ ဝင်လာကြသည်။ အရီ့ကို တောင်ပေါ်စေတီသို့ ခေတ္တခဏ ပို့ပေးချင်ကြောင်း ခွင့်တောင်း၏။ မေကြီးမိန်းကလေးကလည်း ခွင့်ပြုကာ အရီ့ကို အတက်အဆင်းများ ဂရုစိုက်ရန်နှင့် နေပူမမိစေရန် ဂရုတစိုက် သတိပေးရှာသည်။

စောမောင်ကိုလည်း မိမိတို့ မင်းတိုင်ပင် ရွာဘက်သို့ အပြန်တွင်လိုက်ပို့ပေးရန်မှာကြားလိုက်သေး၏။

စောမောင်က လိုက်ပို့မည့်အကြောင်း အာမခံလိုက်သည်။ မေကြီးမိန်းကလေး၏ ယုံကြည်မှုကို ရသည့်အတွက်လည်း စောမောင် ဝမ်းသာမိသည်။ ယုံယုံကြည်ကြည် ခွင့်ပြုလောက်အောင်လည်း စောမောင်က စောင့်ထိန်းသည်။ မျက်ရှုမျက်ကွယ်ရာ အရပ်မှာပင် အရီ့အပေါ်၌ အသားမယူဖူးပေ။ စောမောင် ကိုယ့်ကိုယ်ကျင့်သိက္ခာကို ယုံကြည်သည်။ အရီ့အပေါ်တွင်ထားသည့် စောမောင်၏မေတ္တာသည် အသွေးအသား ကာမရာဂမှ ဖြစ်ပေါ်လာသည့် ချစ်ခြင်းမျိုးမဟုတ်။ ကရုဏာ သက်ခြင်း၊ ဖေးမလိုခြင်းတို့မှ သန္ဓေတည်ပေါက်ဖွားလာသော မေတ္တာမျိုးသာဖြစ်၏။ အရီ့ကို နှမကလေးတစ်ယောက်နှယ် ချစ်ခင်သကဲ့သို့ ဘဝလက်တွဲဖော်အဖြစ်လည်း မြတ်နိုးသည်။ ပတ်ဝန်းကျင်ဆိုသည့် လူ့ဘောင်တစ်ရပ်၏ နိန္ဒပသံသတည်းဟူသော ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကို စောမောင် အရေးမလုပ်ချင်။ မေတ္တာသည်ကား မေတ္တာသာဖြစ်သည်။ ခနကြွယ်ခြင်း၊ အဆင်းလှခြင်း၊ ပညာတတ်ခြင်းတို့နှင့် မဆိုင်။ ပေးဝေသူနှင့် ခံယူသူနှစ်ဦးနှစ်ဖက် ကြည်ဖြူကြလျှင် သုခပင် မဟုတ်လား။

စောမောင် နွားစာကျင်းတွင် နွားစာချထားသည့် နွားနှစ်ကောင်ကို ကောက်ကာ ပေါင်းမိုးလှည်းဦးက ထမ်းပိုးတုံးအောက်ဝယ် နွားနှစ်ကောင်ကို အတိုင်အလှည့်မှန်မှန် ဆင်လိုက်သည်။ ပြီးလျှင် နွားနှစ်ကောင်မှ ကြိုးထိပ်စနှစ်စကို ထုံးပြီး လှည်းရုံတိုင်တွင် စွပ်ချည်ကာ၊ အိမ်ထဲတွင် ကျန်ရစ်သည့် အရီ့ကို သွားခေါ်လိုက်ပြန်သည်။ လှည်းနားသို့ရောက်လျှင် အရီ့ကိုယ်လုံးစွင့်စွင့်လေးတို့ စွေ့ခနဲ ကောက်ချီကာ လှည်းအိမ်ထက်သို့ တင်ပေးလိုက်သည်။ အရီသည် ရုတ်တရက် ပွေ့ချီကောက်တင် ခံလိုက်ရသည့်အတွက် ထိတ်ခနဲဖြစ်သွားကာ "အမေ့" ဟုပင် အာမေဋိတ်သံ ပြုလိုက်မိသည်။ အရီ လှည်းပေါ်ရောက်လျှင် စောမောင်သည် လှည်းဆောင်ပန်းဦးထိပ်မှ လှည်းမောင်းနေရာသို့ တက်ထိုင်လိုက်၏။ ပြီးလျှင် လှည်းရုံတိုင်တွင် စွပ်ချည်ထားသည့် ကြိုးနှစ်စအား ဖြုတ်လျက် နကန်မြှောက်ကာ နွား၏ဖင်မြီးအစပ်ကို တို့လျက်၊ မိုးနတ်ကန်ဦးမှ တောင်ပေါ်ဘုရားရှိရာဆီသို့ ကဆုန်စိုင်းစေတော့သည်။ များမကြာမီတွင် ဆောင်ပန်းအိမ်အလယ်၌ ထိုင်နေသည့် အရီသည်လည်း စောမောင်၏ဖိတ်ခေါ်မှုကြောင့် ဆောင်ပန်းဦးသို့ရောက်သွားကာ စောမောင်နှင့်အတူ နှစ်ကိုယ်ယှဉ်လျက်သား ဖြစ်သွားလေတော့သည်။

mgyoe.com

"ရှင်လွှန်းဇံရဲ့။ မြင်းကမလှုပ် ခုံကလှုပ်တယ်ဆိုချင် ဆို။ အိုးကမပူ စလောင်းကပူ

mgyoe.com SAMPLE BOOK

တယ်ပဲ ပြောချင်ပြော။ ညည့်သဘောထား ငါသိချင်သအေ့။ မောင်စောမောင်နဲ့ အရီ့အပေါ် ဘယ်လိုသဘောရသတုံး။ ပြောသာပြောရပေမယ့် ကိုယ့်ရေအိုးမှာ အနာပါတော့ အတင်းလက်သိပ်ထိုး ရောင်းသလိုဖြစ်မှာလည်း စိုးပါသအေ။ ရေအိုးနာကမှ ထုံးမံရင် လုံးသေးသကိုး။ ကောင်မလေးရဲ့ အပြစ်အနာအဆာကတော့ ညည့်သားတစ်သက် သည်းညည်းခံပေရော့ မှတ်လား"

ဒေါ်မိန်းကလေးသည် အိမ်ဝိုင်းထဲမှ ထွက်သွားသည့် လှည်းတစ်စီးနှင့် နွှစ်ခက်တစ်ခိုင်ကို ကြည့်လျက် မလွန်းဖဲသဘောထားကို တီးခေါက်လိုက်သည်။

"ဘယ့်နှယ်မှ သဘောမထားပေါင် မယ်မိန်းကလေးရယ်။ ရှမ်းကြိုက်တော့ နွားချော ဆိုသလိုပေါ့။ ကိုယ့်သားက ကြိုက်တယ်ဆိုမှတော့ ကျုပ်တို့အနေနဲ့ ကြည်ဖြူကြရုံပေါ့။ အရီ့ဘဝတစ်သက်တာအတွက် သူပံ့ပိုးနိုင်မယ်ထင်လို့ ရွေးချယ်လိုက်တာပဲ။ ကျုပ် မကန့်ကွက်ပါဘူး။ အရီကလည်း မျက်စိလေးသာ မမြင်ရှာပေမယ့် ကျုပ်နဲ့ မေတ္တာစာတ် ကူးပါသကော"

မလွန်းဖဲအဖြေကြောင့် ဒေါ်မိန်းကလေး စိတ်အေးရပါသည်။ အကယ်၍ မိမိ မျက်ကွယ်ပြုခဲ့ရသည်ရှိသော် ဤမိသားစုနှင့်ဆိုလျှင် အရီ့ကို ဒေါ်မိန်းကလေး စိတ်ချ၏။ ဒေါ်မိန်းကလေး၏ စိတ်ထဲတွင် "အရီကရော ဒေါ်မိန်းကလေး မျက်ကွယ်မပြုခင်ထိ ဒေါ်မိန်းကလေးအနားမှာပဲ ရာသက်ပန် နေမတဲ့လား" ဟူသည့် အတွေးတစ်ချက် ဝင်လာချိန်တွင် သက်ပြင်းတစ်ချက်ငင်မိပြန်သည်။ အရီသည်ကား ဒေါ်မိန်းကလေးနှင့် မောင်စောမောင်မှလွဲလျှင် ကျန်တာတွေကို မသိ။ တွယ်တာစရာကား မရှိ။ သို့သော် ဒေါ်မိန်းကလေးကား သိ၏။ အရီသည် အသိုက်ရှိ၏။ အမြုံရှိ၏။ ဒေါ်မိန်းကလေးနှင့် မောင်စောမောင်အပြင် တွယ်ငင်စရာကြိုးစများ တပြုံတထွေးကြီး ကျန်သေးသည်။ ဒေါ်မိန်းကလေးသည် အတွေးစတို့ ပြတ်ရန်အလို့ငှာ ခေါင်းကို တစ်ချက် ဆတ်ခါလိုက်မိသည်။

"ကျေးဇူးများလည်း တင်ပါရဲ့ မယ်မင်းကြီးမရယ်။ ဂျို(ချို)ကျိုးနားရွက်ပဲ့ရယ်လို့ ပစ်ပစ်ခါခါ မရှိကြတဲ့အတွက်လည်း ဝမ်းနည်းဝမ်းသာပေါ့အေ။ အရီ့ကို စောင့်ရှောက်ကြပါအေ့။ ညည်းတို့ကြည်ဖြူတယ်ဆိုရင် အရီ့ကို ညည်းတို့လက်ထဲလည်း အပ်ပါသအေ့။ အတော်ကလေးဖြင့် သည်းခံနိုင်မှ ရမှာပေါ့"

ဒေါ်မိန်းကလေးသည် ကြမ်းပြင်ပေါ် ချထားသည့် ဆေးပေါ့လိပ်ရှည်ကြီးတပ်ထားသည့် အုန်းမှုတ်စွပ်ခွက်ကို ကောက်ယူလိုက်သည်။ လက်တစ်ဖက်က ဂွမ်းစလေးပေါ် ဓာတ်ဆီလောင်းကာ ဆီဖြည့်ရသည့် ဒန်မီးခြစ်ကလေးကို ကောက်၍ ဂျောက်ခနဲခြစ်ကာ ဆေးပေါ့လိပ်ကို မီးညှိလိုက်သည်။ ပြီးလျှင် ဆေးလိပ်မီးစွဲအောင် လေးငါးချက် ဆက်တိုက်ဖွာပစ်လိုက်သည်။ ဆေးပေါ့လိပ်အတွင်းတွင်ရှိသည့် ထခိုင်ရိုး(ထန်းနို့ခိုင်၏ အရိုး) စဉ်းဖတ်ဆေးရိုးသားနှင့် ဆေးရွက်ကြီးမှုန့်တို့သည် လောင်စာအဖြစ် ကျွမ်းလောင်ကြရင်း မီးခိုးချောင်းချောင်း ထလေ၏။

မလွန်းဖဲသည် နဂိုက ကျောကပ်ဖျာကပ် လျှောင်းနေရသည်ဆိုသည့်တိုင်၊ အရှင့်ရိပ်သခင့်ရိပ်ခိုကာ ကိုးကိုးစားစား တင်မြှောက်လိုက်ရ၍ ထင်၏။ ထူထူထောင်ထောင် ဖြစ်လာသည်။ မတ်မတ်ဆန့်ဆန့် ထိုင်နိုင်လာ၏။ ဒေါ်မိန်းကလေး၏ အပါးဝယ် ထိုင်ရင်း ရပ်ကြောင်းရွာကြောင်း၊ လယ်ကြောင်းယာကြောင်း၊ သမီးကြောင်း သားကြောင်း စပ်မိစပ်ရာ ပြောကြပြန်

mgyoe.com

mgyoe.com SAMPLE BOOK

၏။ ထမင်းအိုး တစ်လုံးကျက်ခန့်ကြာသော်၊ ဒေါ်မိန်းကလေးသည် အလှူအိမ်မှ စားလာသည့် အလှူထမင်း၏ အရှိန်ကြောင့်လည်းကောင်း၊ မွန်းလွဲလာသည်နှင့်အမျှ ပို၍ကျစ်လာသည့် အညာနေပူပူကြောင့် လည်းကောင်း သမ်းဝေကာ ငိုက်မြည်းလာလေသည်။ ခဏအကြာတွင် အနားရှိ ခေါင်းအုံးတစ်လုံးကို ဆွဲယူခေါင်းအုံးကာ ခင်းထားသည့် ပျဉ်ကြမ်းခင်းပေါ် လှဲချရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းအဖြစ်သို့ ရောက်လေ၏။

❑

*"ပန်းမြတ်ရွှေဖီ ရွှေဖီ xxx စီလေလေးလေ့ စီကာကုံးပါလို့ xxx မယ်လေ မယ်လေ ဆံထုံးမှာလာ့ xxx ဘုန်းပန်မိရှယ် xxx ဟော အမူသည် အမူသည် xxx မယ်ခင် မယ်ခင် ပုမှာလေ xxx ရှုတွင်းသေလု (ဆတ်ဆတ်) တုန် xxx မြင်ရစုံရယ် xxx ရွှေသည်းလေ ရွှေ သည်းတုန်းပေ့ါ xxx (ကျော်လေးယဉ်ပုံ) အိုတုန် ရွှေအသည်းမှာလေ xxx သည်းလေ ဆတ် ဆတ်တုန်xxx"*

ကိုးနှစ်သမီးအရွယ် မြရီသည် အဖေ့ပုဆိုးဟောင်းတစ်ထည်ကို ခါးတွင် မြဲမြဲစွာ ပတ်ချည်ကာ ထိုင်မသိမ်းထဘီသဖွယ် ဝတ်ဆင်ထားသည်။ အိမ်ရှေ့မန်ကျည်းပင်အောက်က ကွပ်ပျစ်တွင် တိုင်ရှည်ကြီးနှစ်တိုင်ထူ၍ ထိုးထားသည့် တန်းပေါ်တွင်လည်း ဂျီးဘော်ဖြူ၏ ရက်ကန်းစင်ကျ အနီစင်းကျား ချည်စောင်ပိုင်းတို့ကို ငါးလွှာစပ်ကာ ချုပ်ထားသည့် ငါးစပ်စောင် ကြီးကို ဇာတ်ကားလိပ်သဖွယ် လွှားတင်ထားတယ်။ ဤသည်ကား အဖေ့လက်ရာပင်တည်း။ အဖေသည် မြရီကို အင်မတန် ချစ်၏ အင်မတန် အလိုလိုက်၏။ မြရီဖြစ်ချင်တာရှိလျှင် မျက်နှာတစ်ချက် မညိုးစေရ။ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးရှာသည်။ ယခုပင် အဖေသည် ငါးစပ်စောင်ကြီးကို ဇာတ်ကားလိပ်သဖွယ် ဆင်ပေးရင်း၊ မန်ကျည်းပင်ရိပ်အောက်ရှိ ကွပ်ပျစ် ကြီးကို ဇာတ်ခုံသဖွယ် ဆင်ယင်ပေးထား၏။ အဖေကမူ ကွပ်ပျစ်ရှေ့တွင်ရှိသည့် ထန်းလက် ကုလားထိုင်ကြီးပေါ်တွင် ခြေတွဲလောင်းချထိုင်ကာ ဇာတ်ကားလိပ်ကြီးကို မမှိတ်မသုန် ကြည့် လျက်ရှိ၏။ အဖေထိုင်နေသည့် ထန်းလက်ကုလားထိုင်ဘေး မြေကြီးပေါ်၌ မြရီ၏ ငယ်သူ ငယ်ချင်းများဖြစ်ကြသည့် ဝိုင်းခင်၊ ပဲနောက်၊ အေးသင်တို့သည်ကား ပုံပုံပြားပြား ထိုင်လျက် ရှိကြပြန်သည်။ သူတို့သည် မြရီကသည့်ပွဲကို လာကြည့်ကြသည့် ပရိသတ်များအဖြစ် နေရာ ယူထားကြသည်။ ကွပ်ပျစ်၏ ညာဘက်ထောင့်စွန်းတွင် ဖိုးနီရှိပြီး ဘယ်ဘက်ထောင့်စွန်းတွင် ထွန်းဆင့်ရှိ၏။

ထွန်းဆင့်သည် ထိုင်နေရာမှထပြီး ငါးစပ်စောင်ပိုင်းကြီးကို သူ့ဘက်ခြမ်းသို့ ဆွဲယူ လိုက်သည်။ ဇာတ်ကားလိပ်ကြီးကိုဖွင့်၍ အငြိမ့်ခန်းစတင်လိုက်ပါပြီဆိုသည့် သဘောဖြင့် မျက်နှာကို ချီထား၏။ မြရီသည်ကား ခြေနှစ်ဖက်ကို ဂွင်ပုံစံချကာ ကွေးညွှတ်ထားပြီး ဘယ် လက်ကို နောက်ဘက်ခြမ်းသို့ပစ်လျက် တင်ပါးအထက်တွင် အထက်သို့ လှန်ချိုးထားသည်။ ညာဘက်လက်မှာမူ နဖူးအထက်သို့ ပင့်တင်ကာ လက်ညိုးနှင့်လက်မကို ဒေါင်းနှုတ်သီး သဏ္ဌာန် စုထားပြန်သည်။ အမှန်တကယ်ပင် ကကြိုးဆင်တော့မည့် အငြိမ့်မင်းသမီးကြီး အလား။ ထိုးကကြိုးဆင်ဟန်မှ ဖြုတ်လျက် ကွပ်ပျစ်ရှေ့စွန်းသို့ တိုးလာပြန်လေ၏။

"ပရိသတ်ကြီးရှင် ကျွန်မတို့ သဘင်သည်ဆိုတာ. . . စင်အလယ်မှာ ပြုံးပျော်မာန်နဲ့ အသုံးတော်ခံ ကပြကြရတဲ့ အနုပညာသည်တွေပဲ မဟုတ်လားရှင်။ နှုတ်စကားက ချစ်စရာ။

mgyoe.com

ပီယစိစာ အစဉ်သုံးလို့ ပရိသတ် ရွှင်ပြုံးအောင်လည်း ကြိုးစားရသပေါ့ရှင်။ ကောင်းမြတ်တဲ့ နိမိတ်တဘောင်နဲ့ ထိပ်အခေါင်အောင်ခြင်းသို့ ဆောင်နှင်းလို့လည်း သီဆို ကပြရသူတွေပါရှင်။ ဒီတော့ 'အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ အသံတဘောင်' ဆိုတဲ့အတိုင်း ကျွန်မ မြရီကလေ "မင်္ဂလာရှိသော အဆိုအကနဲ့ တင်ဆက်ပြသ အသုံးတော်ခံချင်တာက ဒီလိုပါတဲ့ရှင်"

မြရီ ပဏာမ နှုတ်ခွန်းဆက်အပြီးတွင်၊ ကွပ်ပျစ်ညာဘက်ထောင့်မှ ဖိုးနီသည် အဆက်မပြတ် တရစပ် ပါးစပ်ဆိုင်းတီးပါတော့သည်။ မြရီသည်လည်း ကြည့်ဖူးသမျှ အငြိမ့်ထဲမှ မှတ်သားထားသည့် အပြော၊ အဆို၊ အကတို့ဖြင့် ပြောရင်း၊ ဆိုရင်း ညွတ်ဆင်းနေအောင် ကချေတော့၏။ ဖိုးနီမှာလည်း ပတ်တစ်လုံး နဲ့တစ်ပေါက် သံစုံရောက်အောင် တီးလိုက်ရသည်မှာ နဂို ကျီးကန်းပါးစပ်နာထနေသည့် နှုတ်ခမ်းထောင့်ဖြူဖြူကြီးနှစ်ဖက်တွင် တံတွေးမြှုပ်လို့ သီးထနေလေ၏။ မြရီသည်လည်း ကကြိုးစုံအောင် ကြိုးစားရှာသည်။ အဖေ့ပုဆိုးစအနားကို ထဘီနားသဖွယ် တဖျပ်ဖျပ်ခတ်ရင်း ခုနစ်ထွေအက စုံအောင်ကလျက်ရှိ၏။ ရုပ်သေးအကကလေးလည်း ပါလိုက်သေးသည်။ ဒေါင်းအကကလေးလည်း ကလိုက်သေး၏။

စင်အောက်ရှိ ဝိုင်းခင်၊ ပဲနောက်၊ အေးသင်တို့ကမူ လက်ခုပ်တဖြောင်းဖြောင်းခတ်လျက်၊ ကောင်းချီးသြဘာပေးလျက်ရှိ၏။ မြရီ ကနေရင်း အဖေ့မျက်နှာကို လှမ်းကြည့်လိုက်သည့်အခါ အဖေမျက်နှာထက်မှ ကြည်နူးကျေနပ်သည့် အပြုံးတို့ကို တွေ့လိုက်ရသည်။ သမီးဖြစ်သူကို ချစ်မြတ်နိုးစိတ်တို့သည် အဖေ့အပြုံးတွင် ပေါ်လွင်နေသည်မှာ ထင်ရှားသည်။ မြရီ ကပြီးသွားချိန်တွင် ကွပ်ပျစ်ပေါ်မှ ဆင်းလာပြီး အဖေ့ပေါင်ပေါ် တက်ထိုင်လိုက်သည်။

မြရီက "မြရီ ကတာ လှရဲ့လား" ဟု မေးလိုက်သည့်အခါ အဖေ့အပြုံးမျက်နှာသည် ပိုပြုံးသွား၏။ ပါးစောင်တွင် ငုံထားသည့် ကွမ်းကို တစ်ချက်ဝါးလိုက်ရင်း၊ ကွမ်းသွေး(ကွမ်းတံထွေး) တို့ကို မန်းကျည်းရွက်ခြောက်ပုံကြီးဆီသို့ ဗျစ်ခနဲ လှမ်းထွေးလိုက်သည်။

"ငါ့သမီး ကမှတော့ မလှဘဲ ရှိပါ့မလားအေ။ ခြေချိုးလက်ချိုးများ ညွတ်နေတာပဲ။ အဖေကြားဖူးတာကတော့ 'မင်းသားမှာ ခြေ၊ မင်းသမီးမှာ ထဘီ' တဲ့အေ့"

"အဲ့ဒါ ဘာကိုပြောတာတုံး အဖေရဲ့။ မြရီကို ရှင်းပြပါဦး"

"အဖေ့သမီးနှယ်အေ။ ဘာဟုတ်ရမတုံး။ မင်းသားမှန်ရင် ခြေထိုးဟန် ကောင်းရတယ်။ မင်းသမီးမှန်ရင် ထဘီအနားခတ်ဟန် ကောင်းရတယ်လို့ ပြောတာပေါ့အေ့။ ငါ့သမီး ထဘီ နားခတ်တာများ ငါးမြီးကလေး ခတ်နေတဲ့အတိုင်းပဲ။ လှလိုက်သမှဗျာ"

မြရီ အလွန်ပင် ကျေနပ်ပျော်ရွှင်သွားသည်။ အဖေသည် မြရီပျော်အောင် ထားတတ်သလို၊ မြရီကျေနပ်အောင်လည်း အလွန်ပြောတတ်သည်။ မြရီ အဖေ့ပါးပြင်ကြီးကို နမ်းချလိုက်၏။ အဖေ၏ မုတ်ဆိတ်ကျင်စွယ်များသည် မြရီအား စူးကုန်လေသည်။ အမ(အမေ) ကမူ အိမ်တံစက်ရိပ်တွင်ထိုင်ကာ မြရီ၏ ဖျင်ထဘီအနားစုတ်ကလေးကို ချုပ်နေရင်း အဖေနဲ့ မြရီကို မျက်စောင်းထိုးနေလေသည်။ မြရီ အဖေနှင့် အမကို ချစ်သည်။ အဖေနှင့် အမကလည်း မြရီကို ငုံထားမတတ် ချစ်ကြသည်ပင်။ ရင်သွေးဟူ၍ မြရီတစ်ယောက်သာ ရှိသည်ကိုး။

"အဖေ. . . မြရီကြီးလာလို့ မင်းသမီးဖြစ်ရင်လေ။ မင်းသမီးနာမည် လှလှလေး ဘယ်လိုပေးရတုံးဟင်"

အဖေသည် တွေဝေမနေ၊ တုံ့ဆိုင်းမနေဘဲ ချက်ချင်းဖြေလေသည်။

mgyee.com

mgyoe.com SAMPLE BOOK
"အဖေ့သမီး ဒေါင်းကလေး ကသွားတာများ လှလိုက်ဘိခြင်းအေ။ ဒီတော့ တစ်ထူးတစ်ထွေ စဉ်းစားနေဖို့ လိုသေးလား။ ဒေါင်းမြရီလို့ အမည်ပေးကြတာပေါ့ ငါ့သမီးရ"

မြရီ အဖေပေးသည့်နာမည်ကို သဘောကျစွာ "ဒေါင်းမြရီ" ဟု ဖွဖွလေး ခေါ်ကြည့်လိုက်မိသည်။

အဖေပေးသည့်နာမည်ကို မြရီ အလွန်သဘောကျသည်။ မြရီသာ အငြိမ့်မင်းသမီးဖြစ်လျှင် ဒေါင်းမြရီဆိုသည့်အမည်နှင့် လျှမ်းလျှမ်းတောက်အောင် ကြိုးစားပစ်လိုက်မည်။ မြရီတို့ စဘောရွာကလေးတွင် ခင်ထွေးရီ ကောလိပ်စိန် စသည့် အငြိမ့်မင်းသမီး တစ်ယောက်စနှစ်ယောက်စ ပေါ်ထွက်ခဲ့ကြဖူးသည်ဆိုသည့်တိုင် ရပ်အငြိမ့် ရွာအငြိမ့်တွင် ကုတင်မင်းသမီးရပ်ဖိုးရွာဖိုးမင်းသမီးလောက်နှင့်သာ ပြီးခဲ့ကြသည်ချည်း။ ရွာ့ပြင်တကြောဆို၍ ပခုက္ကူလောက်ထိသာ နာမည်ပေါက်ခဲ့ကြသည်ဆို၏။ မြရီ၏ ရည်ရွယ်ချက်မှာမူ ကြီးမားသည်။ မြရီသည် ရပ်ဖိုးရွာဖိုးလောက်နှင့် ဖြိုးဖြိုးဖျောက်ဖျောက်သာ ကရသည့် အငြိမ့်မင်းသမီးမျိုး မဖြစ်ချင်။ စင်မြင့်သဘင်မြင့်ထက်တွင် ဆိုင်းကြီးဝိုင်းကြီးနှင့် ကခုန်ဖျော်ဖြေနိုင်ပြီး ကိန်းခန်းတကြီး ကျော်ကြားသည့် မင်းသမီးမျိုးသာ ဖြစ်ချင်သည်။

သည်သို့ဆိုသော်လည်း မြရီသည် ရွာထဲတွင် နေထိုင်လျက်ရှိသေးသည့် ရပ်ဖိုးရွာဖိုးဖြင့် ကပြခဲ့သည့် မင်းသမီးကြီးများအပေါ် အထင်သေး၍ ကားမဟုတ်။ မြရီကိုယ်၌က ကျော်ကြားလိုသည့် စိတ်အခံကြောင့်သာဖြစ်သည်။ မြရီ မင်းသမီး အင်မတန်ဖြစ်ချင်သည်။ အောင်မြင်ချင်သည်။ ကျော်စောချင်သည်။ လူတိုင်း၏ပါးစပ်ဖျားတွင် ဒေါင်းမြရီဟူ၍ တစ္စဲစွဲတသသဖြစ်နေသည့် အရသာမျိုးကို မြရီ ခံစားကြည့်ချင်မိသည်။

အမှန်ဆိုရလျှင် မြရီအတန်းကျောင်းပင် မတက်ချင်တော့ပေ။ အဖေ မကြာခဏပြောသည့် ပန်တျာကျောင်းကိုသာ သွားနေလိုက်ချင်သည်။ အတန်းစာတတ်၍လည်း ထူးခြားလာမည်ဟု မထင်မိပေ။ မြရီသည် အတန်းပညာသုံး၍ ရုံးစာရေးရုံးစာချီ လုပ်မည့်သူ မဟုတ်ချေ။ ခြေဆစ်ချိုး လက်ဆစ်ချိုးနှင့် အပြောအဆို အငိုဆိုသည့် အတတ်ပညာများတတ်လျှင် မြရီ၏ဘဝရည်မှန်းချက် ပြီးပြည့်စုံပြီဟု ထင်သည်။ မြရီသည် "အမ(အမေ). . . မြရီ စာသင်တဲ့ကျောင်း မတက်ချင်ဘူး။ အကသင်တဲ့ ပန်တျာကျောင်းကိုပဲ ပို့ပေး" ဟု ပြောဖူးသည်။ ထိုအခါတွင် အမသည် မြရီအား "မယ်မင်းကြီးမရယ်။ တော်ရုံရှူးစမ်းပါအေ။ စာမတတ်ဘဲ ညည်းက ဘယ်လိုများ မင်းသမီးလုပ်မတုံး။ မင်းသမီးလုပ်ချင်တဲ့သူကလည်း စာရေးတတ်ဖတ်တတ်မှ ဖြစ်မပေါ့အေ့။ စာမတတ်လို့ကတော့လား မင်းသမီးရဲ့ထဘီခေါက်ဖြစ်ဖို့တောင် မသေချာဘူး။ ညည်းအင်္ဂရုပ်ကလည်း မင်းသမီးဖြစ်မယ့်ပုံ မပေါ်ပေါင်အေ" ဟု ကောင်းချီးပေးခဲ့သည်။ အမ ကောင်းချီးပေးပုံမှာ မြရီအဖို့ ခံရခက်စရာပင်။ အဖေနှင့် အမတို့၏ မြရီအပေါ်ထားရှိသည့် ခံယူချက်များသည် ကွာခြားလွန်းလှသည်ဟု ထင်မိသည်။ အဖေကမူ မြရီအား မည်သည့်အခါမျှ သိမ်ငယ်အောင် မပြောဖူးပေ။ မြရီ နားဝင်လက်ခံအောင်သာ အမြဲပြောတတ်သည်။ ထိုစဉ်ကလည်း အဖေက နားဝင်အောင် နားချ၍သာ မြရီ ကျောင်းမထွက်ခဲ့ခြင်းပင်။ အမ ပြောပုံအရဆိုလျှင် မြရီ ရွှတ်ပေပြီး ကျောင်းထွက်မိပေမည်။

"အဖေ့သမီးရ. . .။ မင်းသမီးလုပ်ချင်လို့ ကျောင်းထွက်တယ်ဆိုတာတော့ ဘယ်ဟုတ်ပါ့မတုံးအေ့။ ဘယ်အလုပ်ကိုပဲ လုပ်လုပ်၊ ဘယ်လိုရည်မှန်းချက်ပဲ ရှိရှိ စာတော့ တတ်

mgyoe.com

mgyoe.com SAMPLE BOOK

အောင်သင်ရမှာပေါ့။ ကိုင်းအေ. . . အဖေ့သမီးက တန်းကျောင်းက ထွက်ပြီး ပန်တျာကျောင်းကို သွားတက်ပါပြီတဲ့။ ဟိုကနေ မင်းသမီးတို့ တတ်သင့်တတ်အပ်တဲ့ အတတ်ပညာတွေကို ပြဋ္ဌာန်းစာအုပ်တွေနဲ့ သင်ပြီဆိုရင် အဖေ့သမီး ဘယ်လိုလုပ်မတုံး။ ဟော နောက်တစ်ခုက ဇာတ်စာတွေ ဇာတ်ကားတွေ အဆိုအငိုတွေကို ကျက်မှတ်ရတော့မယ်ဆိုရင်ရော သမီး ဘယ်လို ကျက်မှတ်မတုံး။ ဘယ်နေရာရောက်ရောက် စာတတ်မှ အဖေ့သမီး သူတကာထက် ခေါင်းတစ်လုံးသာမှာပေါ့။ အဖေ့သမီး မင်းသမီးကောင်းဖြစ်ချင်ရင် စာတတ်အောင် သင်ရမယ်။ စာအုပ်စာပေလည်း ဖတ်ရမယ်။ စာဖတ်တဲ့သူဆိုတာ အသိကျယ်တယ်၊ အပြောကြွယ်တယ်။ မင်းသမီးလုပ်မယ့်သူက ပိုပြီးတော့တောင် စာဖတ်ရမှာအေ့။ ဒါမှ ပါးရည်နပ်ရည်ရှိပြီး ပရိသတ်ကို ပြောပြနိုင်၊ ဆိုပြနိုင်၊ ဖမ်းစားနိုင်မှာပေါ့။ ဒီတော့ စာတတ်အောင်အရင်သင်ဖို့က အဖေ့သမီး အလုပ်။ မင်းသမီးဖြစ်အောင် ပံ့ပိုးပေးဖို့က အဖေ့အလုပ်။ ဟုတ်ကဲ့လား။ အဖေကတိပေးသအေ။ အဖေ့သမီးမြရီ မင်းသမီး ဖြစ်ကိုဖြစ်စေရမယ်"

အဖေက သည်လိုပြောခဲ့တော့လည်း မြရီကျောင်းဆက်တက်ဖြစ်ပါသည်။ ပြောမယ့်သာ ပြောရ၏။ မြရီ အသက်ငယ်ပါသေးသည်။ နို့နံ့ပင် မစင်သေးသည့် မြရီကဲ့သို့ ရှစ်နှစ်ကိုးနှစ်သမီးကို မည်သည့်ပန်တျာကျောင်းကမှ လက်ခံလိမ့်မည်မဟုတ်ပေ။ လက်ခံသည့်တိုင် မြရီ အဖေနှင့် အမကို ခွဲ၍ လိုက်သွားနိုင်မည်မထင်။ သည်တော့လည်း အဖေစီမံပေးသည့် ငါးစပ်စောင်ကန့်လန့်ကာကြီးနှင့် ကွပ်ပျစ်ဇာတ်ခုံပေါ်မှာသာ မြရီ၏ဝါသနာကို ပုဆိုးစုတ်ထိုင်မသိမ်းနှင့် ကျေနပ်ရခဲ့လေသည်။

မြရီသည် မိမိအား ဒေါင်းမြရီဟုခေါ်ရန် အေးသင်တို့ကို ပြောလိုက်ရာ၊ ဟိုမိန်းမသုံးယောက်၏ နှုတ်ခမ်းတွေ မဲ့ရွဲ့ကုန်ကြသည်။ သင်းတို့မှာ ကစားချင်လွန်း၍သာ မြရီထံ လာရသော်လည်း မြရီကတာချည်း ပရိသတ်လုပ် လက်ခုပ်တီးပေးနေရသည့်အပေါ် ကျေနပ်လှသည်တော့ မဟုတ်ကြ။ အေးသင်ဆိုလျှင် မြရီက "ဒီနေ့ အငြိမ့်ကတမ်း ကစားကြမယ်ဟေ့" ဟု အဖော်စပ်လိုက်သည်နှင့်၊ သူ့မအေ ဒွေးကျစ်စာ၏ အဝါရောင်တောက်တောက်ချိတ်ထဘီဟောင်းကြီးကို ခိုးဝှက်ယူလာကာ မြရီတို့၏ အိမ်ဝိုင်းပေါက်အရောက်တွင် ထိုချိတ်ထဘီကြီးအား ချိုင်းကြားညှပ်၍ ဝင်လာတတ်သည်။ ကစားချိန်တွင်မူ အေးသင်တို့ ကရသည်မရှိဘဲ မြရီကယတာချည်း ပရိသတ်လုပ်ပေးကြရရှာ၏။ အချိန်တန်၍ ပတ်စာခွာ ဖျာသိမ်းလျှင်သူ့မအေ မကျစ်စာ၏ ချိတ်ထဘီကြီးကို ချိုင်းကြားညှပ်ပြီး ပြန်သွားရသည်သာ။ နောက်နေ့ကျောင်း ရောက်သည့်အခါ "ဒီကောင်မ အေးသင်ပေါ့. . . ။ မနေ့က သူ့မအေ ဒွေးကျစ်စာရဲ့ချိတ်ထဘီဝါကြီး ခိုးဝတ်လို့ အရိုက်ခံလိုက်ရပုံများ။ ဖင်မှာ ထနပ်ပြားအရာ(ထန်းလက်ပြားအရာ) ချည်းပဲ" ဆိုသည့် ထောမနာသံတွေ ကြားရတတ်သည်။ အေးသင်သည် ယခုလည်း ထိုနည်းတူစွာပင်။ မအေ့ချိတ်ထဘီဝါကြီးကို ချိုင်းကြားညှပ်ကာ ထပြန်ဖို့ ပြင်သည်။

ဖိုးနီနှင့် ထွန်းဆင့်သည်လည်း ကိုယ်စီ နေရာယူထားကြသည့် ကွပ်ပျစ်ထောင့်များဆီမှ ဝုန်းခနဲခုန်ဆင်းလာကြကာ ကောင်မလေး သုံးယောက်နှင့်အတူ ပြန်ကြရန် ဟန်ပြင်သည်။ မြရီသည်ကား အဖေ့ပေါင်ပေါ်မှ မဆင်း။ ဒေါင်းမြရီဟူသော အမည်ကိုသာ တဖွဖွရေရွတ်လျက် ပြုံးခြင်း၊ ပျော်ခြင်း ကျေနပ်ဂုဏ်ယူခြင်းမျက်နှာဖြင့် ပြုံးနေမိသည်။ အမ(အမေ)သည် "ဘုန်းကြီးရှူးနဲ့ လှေလှူးဟဲ့။ လိုက်လည်း လိုက်တဲ့ သားအဖ" ဟုဆိုကာ အိမ်ထဲသို့ ဝင်သွားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေနှင့် မြရီသည် အမ၏စကားကို မကြားချင်ယောင်ဆောင်ကာ မည်သို့မျှ မတုံ့ပြန်ဘဲ တုံဏှိဘာဝေနေလိုက်ကြ၏။

မြရီသည် နွေကျောင်းပိတ်ရက်တွင် အမေကောလိပ်စိန်ထံမှ အကသင်ခြင်းကြောင့်နှင့် လိုက်အပ်ပေးရန် အဖေ့ကို ပူဆာမိသည်။ အဖေ့မျက်နှာသည်လည်း ရုတ်ချည်း တွေဝေသွား၏။ မြရီ ကျောင်းစာဘက်တွင် အားပျော့သွားမှာ စိုးလေသလားမသိ။ မြရီ ကျောင်းစာကို မလစ်ဟင်းအောင် အားစိုက်မည့်အကြောင်းကို တွင်တွင်ကြီး ကတိပေးမိပြန်သည်။ အဖေ့ဦးခေါင်းသည် ဆတ်ခနဲ မတ်လာကာ ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ချလိုက်ဟန်တူ၏။ မြရီ၏ ဆန္ဒတို့ ပြည့်ဝခဲ့ရလေသည်။

"မကောလိပ်စိန်. . . ငါ့အစ်မ။ ညည်းတူမ မြရီကို နွေကျောင်းပိတ်တုန်းလေး ညည်းတတ်ထားတဲ့ အကခုန်လေး သင်ပေးလိုက်စမ်းပါအေ။ ညည်းတူမ ပူဆာလွန်းလို့ ညည်းဆီ လာပြောရတာပေါ့။ သင်းကလေးရဲ့ ဝါသနာက ရုံးစာရေးရုံးစာချီ မဟုတ်ဘူးအေ့။ အငြိမ့်မင်းသမီးမှ ဖြစ်ချင်လှသတဲ့။ သင်း ငယ်သေးလို့သာ ငါလည်း ဆရာ မအပ်သေးတာပါအေ။ အရွယ်ရောက်ရင်တော့ သူ့ဝါသနာနဲ့ သူ့ဘဝ ထပ်တူကျအောင် မြေတောင်မြှောက်ပေးဖို့ ငါ သန္နိဋ္ဌာန်ချထားပြီးသားပါ။ ခုတော့ ညည်းပဲ မြရီလေးရဲ့ လက်ဦးဆရာအဖြစ် ခံယူပေးစမ်းပါတော့အေ"

"မောင်ကျောင်းပေါင်ရယ်။ မြရီ သင်ချင်သပဆိုတော့လည်း သင်ပေးပါ့မယ်။ သို့ပေမဲ့ ဆရာတစ်ဆူ ဂုဏ်ကိုဖြင့် မခံဝံ့ပေါင်ကွယ်။ ငါ့ မင်းသမီးပညာ ဝမ်းစာကလည်း အဲသလောက်ပြည့်တာမှတ်လို့။ ရပ်ဒိုးရွာဒိုးနဲ့ပဲ ဒိုးဒိုးဒေါက်ဒေါက် ပြီးခဲ့ရတာက ခပ်များများမှတ်လား။ ငါကိုယ်တိုင်က ဆရာအဆူဆူဆီမှာ နဝင်းကျအင်းကျရယ်လို့ ဂဃနဏ သင်ယူခဲ့ရတာလည်း မဟုတ်ပေါင်။ ဇာတ်တကာထဲ ကြေးတီးမောင်းတီးရတဲ့ အဖေ့နောက်လိုက်ရင်း မင်းသမီးကြီးတွေနဲ့ အနေနီးတော့ သူတို့သင်ပေးတဲ့ ခြေဆစ်ချိုး လက်ဆစ်ချိုးတွေနဲ့ မင်းသမီးဘဝ စခဲ့ရတာမှတ်လား။ သည်တော့ မြရီလေးကိုလည်း ပညာပြည့်တဲ့အထိတော့ ငါ တာဝန်မယူနိုင်ပေါင်ကွယ်။ စည်းကျဝါးကျလေးတွေနဲ့ အခြေခံအကလောက်တော့ဖြင့် ဖြစ်ပါသကော မောင်ကျောင်းပေါင်ရယ်"

မြရီ အဖေ့ဘေးမှာ ကပ်ထိုင်ရင်း အဖေ့ဒူးခေါင်းလေးကို တင်းနေအောင် ဆုပ်ကိုင်ထားမိ၏။ အဖေ သဘောမတူသည့်ကြားကပင် မြရီ အကသင်ရတော့မည်။ အမေကောလိပ်စိန်ကလည်း ကြည်ကြည်ဖြူဖြူ လက်ခံသဖြင့် မြရီအဖို့ အချိုရှာ သကာတွေ့ခဲ့ရပြီ။ သည်လိုနှင့် မြရီ၏ မင်းသမီးပိုးသည် တိုးသထက်တိုး ပွားသထက် ပွားလာလေချေတော့၏။ နောက်နေ့များတွင် အမေ့ကောလိပ်စိန်အိမ်သို့ မြရီ မိုးလင်းကတည်းက သွားသည်။ နေဝင်မိုးချုပ်မှ ပြန်သည်။ အမေကောလိပ်စိန်က "ညည်းအိမ်လည်း ကပ်ပါဦးဟဲ့။ ငါ ညည်းကို အချိန်ပြည့် သင်နိုင်တာမှတ်လို့။ ကောလိပ်စိန်တို့ မင်းသမီးသာဖြစ်ခဲ့ရတယ်။ ညည်းလောက်ဖြင့် မထက်သန်ခဲ့ဖူးပေါင်။ ခုများ ညည်းဟာကတော့ ဟုတ်ပေါင်။ ဆိုင်းဆရာက စက်တော်ခေါ်၊ အပျိုတော်ကကန်တော့ပွဲမ ဆိုသလို ဖြစ်နေပေါ့" ဟု ဆိုလေသည်။ အမေကောလိပ်စိန်ပြောသော်လည်း မြရီက မမှုချေ။ နေထွက်က နေဝင် သွားမြဲလာမြဲပင်။ အမေကောလိပ်စိန်ကို ကူစရာရှိလျှင်လည်း ငေါက်ခနဲ ထ,ကူလိုက်သေးသည်။ တစ်ခါတစ်ရံ စကားစပ်မိလျှင် အမေကောလိပ်

mgyoe.com

စိန်သည် မြရီအား မင်းသမီး တကယ်ဖြစ်ချင်သလားဟု မေးတတ်၏။

mgyoe.com SAMPLE BOOK

"ဘယ့်နှယ်များ မေးလိုက်တာတုံး အမေကောလိပ်စိန်ရယ်။ မြရီ မင်းသမီးဖြစ်ချင်လိုက်သမှ တစ်ပိုင်းသေနေတာပါကော။ ဖြစ်များဖြစ်နိုင်ရင် ခုချက်ချင်းတောင် အရွယ်ရောက်ပြီ။ မင်းသမီးဖြစ်၊ အငြိမ့်တွေ ကပစ်လိုက်ချင်တာ"

မြရီ အူလိုက်သည်းလိုက် ပြန်ဖြေမိသည်။ မင်းသမီးဖြစ်ရန်မှာ မြရီ၏ ဘဝအိပ်မက်ပင်ဖြစ်၏။ တချိန်တွင် လူတိုင်း၏ပါးစပ်ဖျား၌ ဒေါင်းမြရီဟု တသသ စွဲနေသည်အထိ မြရီ ကြိုးစားရမည်။

"အေး မိန်းကလေးက ငယ်သေးတော့ သိပ်ပြီး များများစားစား နားလည်မှာတော့ မဟုတ်ဘူးပေ့ါအေ။ မင်းသမီးဆိုတာလည်း အဆင်းလှရုံ၊ အသံသာရုံ၊ အပြောကြွယ်ရုံနဲ့ ဖြစ်တာ မဟုတ်ဘူးအေ့။ မင်းသမီးတို့ တတ်အပ်တဲ့ အတတ်ပညာ ဆယ့်နှစ်ရပ်ဆိုတာ ရှိတယ်။ ညည်းမှတ်မိလွယ်အောင် အတိုပြောရရင် 'ပိုး၊ မွေး၊ ခေါ်၊ မျှော်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရှူး၊ အ၊ သေ၊ ပစ်' ဆိုတဲ့ တစ်ဆယ့်နှစ်ရပ်သောအတတ်ကို တစ်ဖက်ကမ်းခတ်အောင်တတ်မှ မင်းသမီးကောင်းလို့ ခေါ်ထိုက်တာကလားအေ"

တစ်ခါတစ်ရံ အမေကောလိပ်စိန်သည် အကအခုန်အပြင် ဤသို့သော မှတ်ဖွယ်မှတ်ရာများကိုလည်း စိတ်လိုလက်ရ ပြောပြတတ်သည်။ မြရီကဲ့သို့ မင်းသမီးရူးမကလေးအဖို့ သဘင်နှင့်ပတ်သက်လာလျှင် ခက်ခဲမှု နက်နဲမှုအားလုံးကို သိချင်မိသည်။ တတ်ကျွမ်းချင်သည်။ ရှင်းပြပါ အမေကောလိပ်စိန်ရယ်ဟုပင် တောင်းဆိုမိသည်။ အမေကောလိပ်စိန်ကလည်း စိတ်ရှည်လက်ရှည် ရှင်းပြရှာပါသည်။ 'ပိုး၊ မွေး၊ ခေါ်၊ မျှော်' ဆိုသည်မှာ မိန်းမနောက်ပိုး၊ ကိုယ်ဝန်ဆောင် သားမွေး၊ လင်ခေါ် သားခေါ် နှင့် အမျှော်စိုက်ခြင်း အတတ်ပညာတွေကို ဆို၏။

"အောင်ဆိုတာကတော့ ဖျာလိပ်နတ် မအောင်ဖြူကို ပြောတာပေ့ါအေ။ ဟံသာဝတီမြို့ မြို့ရိုးတိုင်ကြီးတွေထူတော့ မအောင်မြင်တာနဲ့ တနင်္ဂနွေသမီးဖြစ်တဲ့ မအောင်ဖြူကို စတေးပြီးမှ ထူခဲ့ကြတာ။ သည်အပူကို မင်းသမီးအတတ်နဲ့ကူပြီး ပရိသတ်ကို မျက်ရည်ချူရတဲ့ဇာတ်ပေ့ါ။ မင်းသမီးတစ်လက်ဆိုပေသိ အဆိုအငိုတွေကို ပိုင်မှသာ အောင်ဖြူဇာတ်ကို က,နိုင်တာအေ့။ ဒါမှ ပညာပြည့်တဲ့ မင်းသမီးလို့ သတ်မှတ်ကြတာ။ ဒါကို ပြောတာ"

အမေကောလိပ်စိန် တစ်ခုချင်းရှင်းပြသည်ကို မြရီ၏ စိတ်နှလုံးထဲ စွဲနေသည်ထိ လိုက်မှတ်ထားသည်။ 'ဇော်၊ လု၊ ဘ" ဟူသည်ကား ဇော်ပြော ဇော်က၊ လင်လု သားလု၊ ဘီလူးပြော ဘီလူးကကို ပိုင်နိုင်သည်ဆို၏။ "ရှူး" ဆိုသည်မှာ ပဋာစာရီဇာတ်ကို ဆိုလိုသည်။ ပဋာစာရီဇာတ်သည်လည်း မင်းသမီးဇာတ်ဖြစ်သည့်အတွက် ပညာပြည့်မင်းသမီးကြီးတွေမှသာ ကနိုင်၊ ဆိုနိုင်သည့်ဇာတ်ဖြစ်ကြောင်း အမေကောလိပ်စိန်ရှင်းပြသည်ကို မြရီ မှတ်သားသိရှိရပြန်သည်။ ဆွံ့အ,စကားမပြောတတ်သည့် သရုပ်၊ သေကောင်ပေါင်းလဲ ဖြစ်နေချိန်တွင် အလွမ်းသယ် အပူတိုက်နိုင်သည့်ပညာ၊ လင်ပစ်သားပစ် အပူတိုက်တို့ကို ပရိသတ်ကျအောင် အသုံးတော်ခံနိုင်ရမည်ဟူသော ဖိုးအနုဂ္ဂထိုက်သည့် အမေကောလိပ်စိန်၏ သွန်သင်မှုများကို မြရီ ဂရုတစိုက် လိုက်မှတ်သည်။ အမှန်တွင် အမေကောလိပ်စိန်သည် ရပ်ဒိုးရွာဒိုးနှင့် ကခဲ့ရသည့် မင်းသမီးဆိုသည့်အတိုင်း မြရီ၏ လက်ဦးဆရာဖြစ်သည်မှာ ငြင်းဖွယ်ရာ မရှိပေ။

mgyoe.com

mgyoe.com SAMPLE BOOK

မြရီသည် အမေကောလိပ်စိန်၏ လက်ကျ။ အန္တေဝါသိက တပည့်အရင်းအချာ။ သည်မှ တစ်ဆင့်တက်၍ ဆရာအဆက်ဆက်ထံ နည်းနာခံပညာယူခဲ့ရပြန်သည်။ ပညာပြည့်သည့်အချိန်တွင် ဒေါင်းမြရီ ဖြစ်ခဲ့ရပြီ။ ကျော်စောခဲ့ရပြီ။ ပရိသတ်တို့ အသည်းနှလုံးကို မင်းသမီးတို့ အတတ်ပညာတည်း ဟူသော မှော်ကိုသုံး၍ သိမ်းကျုံးဖမ်းစားနိုင်ခဲ့ချေပြီ။

မြရီသည် ဇာတ်ခုံပေါ်ဝယ် ကွေးညွတ်သွယ်ပျောင်းစွာ ကနေ၏။ ငြိမ့်ညောင်းသာယာစွာ သီဆိုနေ၏။ မြရီဘေးတွင် တောင်ရှည်ကွက်ကျားကြီးများကို ဆင်မြန်းထားသည့် လူရွှင်တော်ကြီးများ ငါးဦးရှိသည်။ ကိုလေပြေ၊ ကိုလေပွေ၊ ကိုလေချို၊ ကိုလေညှင်း၊ ကိုမုန်တိုင်း တို့ပင်တည်း။ ထိုသူတို့သည် မြရီဘဝဝယ် အရေးပါခဲ့သူများဆိုလျှင် မမှားပေ။ မြရီကြောင့် လေနတ်သားငါးပါး ထင်ရှားခဲ့ရသလို၊ လေနတ်သားငါးပါးတို့ကြောင့် ဒေါင်းမြရီ ဖြစ်ခဲ့ရသည် မဟုတ်လား။ သည်အထဲကမှ မြရီဘဝအတွက် အရေးပါဆုံးလူတစ်ယောက် ရှိခဲ့ပြန်သည်။ ဘဝသက်လုံး ချစ်ထုံးနှောင်ဖွဲ့ ရစ်ပတ်ခဲ့ရသူပင်တည်း။ သူသည်ကား အခြားသူမဟုတ်။ ကိုလေပြေပင် ဖြစ်တော့သည်။

"မေကြီးမိန်းကလေး။ အရီတို့ မင်းတိုင်ပင်ဘက် ပြန်ကြရအောင်လေ။ ညနေတောင်စောင်းနေပေါ့။ စီကောင်းတောင်ဘက်မှာ မိုးတွေလည်း ညို့နေပြန်ပြီ။ ကျွဲမရဲချောင်းရေကျနေရင် အပြန်ခက်နေအုံးမယ်။ အစ်ကိုစောမောင်လည်း လိုက်ပို့ဖို့ စောင့်နေတယ်"

အရီနိုးသံကြောင့် ဒေါ်မိန်းကလေး အိပ်ပျော်နေရာမှ ဆတ်ခနဲနိုးလာသည်။ နိုးလာသည့်အချိန်တွင် ဒေါင်းဖလ်ဝါရှင်နေမင်းသည် အနောက်ဂေါယာကျွန်းသို့ မေးတင်ကာ နေစွယ်ကျိုး၍ မိုးပင်ချုပ်လှပြီ။ ကောင်းကင်မှာလည်း တိမ်ညိုတိမ်လိပ်တို့သည် တရိပ်ရိပ် တဆိုင်းဆိုင်းရှိ၏။ အိပ်ချင်ဇောကြီးစွာ ရှိုက်ခနဲပျော်သွားရာမှ အိပ်မက်မက်သည်အထိ နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားမိသည်။ အိပ်မက်ထဲတွင် ဒေါ်မိန်းကလေး အဖေ့ကိုလည်း တွေ့ခဲ့သည်။ အမေကြီးကောလိပ်စိန်နှင့်လည်း ပြန်ဆုံရသည်။ ဒေါင်းမြရီဟူသော ဘဝကိုလည်း တဒင်္ဂ ပြန်လည် လည်ပတ်ခွင့်ရခဲ့သည်။ ကိုလေပြေနှင့်လည်း အကြည့်ချင်းတွေ ဆုံခဲ့ကြရသည်။

ဒေါ်မိန်းကလေး ပျဉ်ခင်းကြမ်းပြင်ပေါ် လှဲအိပ်နေရာမှ ငုတ်တုတ်ထိုင်လိုက်သည်။ အိပ်မှုန်စုံမွှားဖြစ်နေသည့် မျက်လုံးများကို ချည်တဘက် တစ်ပတ်နွမ်းလေးဖြင့် ပွတ်သပ်လိုက်၏။ တစ်ဆက်တည်းမှာပင် အနားတွင်ချထားသည့် ဆေးပေါ့လိပ်နှင့် အုန်းမှုတ်စွပ်ခွက်ကို ကောက်ယူကာ ဒန်မီးခြစ်ကလေးကို ဂျောက်ခနဲခြစ်၍ မီးညှိလိုက်ပြန်သည်။ ဆေးလိပ်မီးစွဲသည်နှင့် အခိုးချောင်းချောင်း ထအောင် ဖွာရှိုက်လိုက်သည်။ အိပ်မက်ဆီကို စိတ်ရောက်သွားသည့်အခါ ဒေါ်မိန်းကလေး စိတ်ထဲ မသာယာလှပေ။ ဒီအိပ်မက်တွေကို ဒေါ်မိန်းကလေး မမက်ချင်။ ဒေါင်းမြရီ၏ ဘဝအစသည် ကြည်နူးဖွယ်၊ ပျော်ရွှင်ဖွယ်၊ နှစ်လိုဖွယ်ကောင်းခဲ့သလောက် နှောင်းပိုင်းအချိန်တွေသည်ကား ဒေါင်းမြရီအတွက် ရင်နာစရာ အပုပ်ချိန်တွေသာ များခဲ့သည်။ ဖြစ်များဖြစ်နိုင်လျှင် နာကျည်းဖွယ် ထိုဖြစ်အင်များကို ဇာတ်ခုံထက်မှ ပိတ်ကားကြီး ချလိုက်သလို၊ ဘာမျှ မမှတ်မိတော့လောက်အောင် ပြည်ဖုံးကား ချပစ်လိုက်ချင်သည်။ သို့သော် ဒေါ်မိန်းကလေး သိပါသည်။ ထိုဒဏ်ရာတို့သည် သေရာပါတော့မည့် အမာရွတ်များအဖြစ် ကြွင်းကျန်ရစ် ချေပြီတကား။

မိုးသားတို့သည် တလိပ်လိပ်တက်လာကြ၏။ ဆည်းဆာရောင်သည် တဖြည်းဖြည်း

mgyoe.com

mgyoe.com SAMPLE BOOK

အားပျော့လာကာ ဂေါယာကျွန်းသို့ တိုးလျှိုးပျောက်ကွယ်လုပြီ။ တစ်ချက်တစ်ချက် ဂျိန်းခနဲ ချိန်းလိုက်သည့် မိုးချုန်းသံနှင့် ဝင်းခနဲ ပြက်ခနဲ လက်လိုက်သည့် လျှပ်စီးရောင်စဉ်တန်းတို့သည် လောတစ်ခွင်လုံးကို မှောင်ချည်တစ်ခါ လင်းချည်တလှည့် ဖြစ်စေရန် ဆလိုက်မီးမောင်း ထိုးလျက်ရှိ၏။ ဝေ့ခနဲ သုတ်ဖြူးလာသည့်လေတွင် မိုးရနံ့တို့ စွက်လာသည်။ နဂိုမူလ ပူနွေးရှိန်းမြနေသည့်လေသည် မိုးရိပ်မိုးမာတ်ကြောင့် အေးမြစိုစွတ်ခြင်းဘက်သို့ ကူးပြောင်းလာသည်။ စာကလေးတစ်အုပ်သည် မလွန်းဇံတို့ အိမ်ရှေ့တလင်းသို့ ဝေါခနဲဆင်းလာကြပြီး ခိုဖြူခိုပြာတစ်အုပ်တို့သည် သုတ်ခနဲ ထပျံလေ၏။

ဒေါ်မိန်းကလေးသည် ဖွာလက်စဆေးပေါ့လိပ်နှင့် စွပ်ခွက်ကို ဘေးသို့အသာချကာ၊ မလွန်းဇံကို နှုတ်ဆက်လိုက်သည်။ မောင်စောမောင်ကိုလည်း ပြန်တော့မည့်အကြောင်း စကားလှမ်းပါးလိုက်သည်။ မောင်စောမောင်သည် လှည်းယဉ်တွင် နွားဆင်ကာ စောင့်ဆိုင်းလျက်ရှိ၏။ ဒေါ်မိန်းကလေးသည် မိမိဘေးတွင် ကပ်လျက်ထိုင်နေသည့် အရီ့လက်ကို ဆွဲကာ အိမ်ရှေ့တွင် ရပ်စောင့်နေသည့် လှည်းထံသို့ လျှောက်လေသည်။ မောင်စောမောင်သည် ဒေါ်မိန်းကလေးနှင့် အရီ့ကို လှည်းပေါ်သို့အတက်တွင် ဂရုတစိုက်တင်ရှာ၏။

လှည်းဘီးသည် အိမ်ဝိုင်းအတွင်းမှ တစ်လိမ့်ချင်း စလိမ့်သည်။ လမ်းပေါ်သို့ရောက်လျှင် နွားနှစ်ကောင်၏ ခြေတို့သည် သွက်လာကြ၏။ လှည်းယဉ်မှ ဘီးနှစ်ဘီးတို့သည် မြန်လာ၏။ လှည်းလမ်းသည် လှည်းပေါင်းများစွာ နေ့တဓူဝ နင်းဖြတ်ခဲ့ရသည့်အတွက် ဘီးလိမ့်ရာ လမ်းကြောင်းနှစ်သွယ်၏ မြေသားတို့သည် ချိုင့်ခွက်၍ နေချေပြီ။ မြေသားမညီသည့် ကုန်းကမူများ အနီးတွင် လှည်းကိုယ်ထည်သည် တိမ်းစောင်းသွားသည်လည်းရှိ၏။ ဆောင့်ခုန်သွားသည်လည်း ကြုံ၏။ ထိုအခါ အရီ့ကိုယ်လုံးလေးသည် တုန်သွားသည်။ မြှောက်တက်သွားသည်။ အရီ၏ လက်တစ်ဖက်သည် လှည်းရံတိုင်တို့ကို ကိုင်၍လည်းကောင်း၊ အခြားလက်တစ်ဖက်သည် အစ်ကိုစောမောင်၏ ခါးနားမှ အကျီစကို ဆွဲ၍လည်းကောင်း ဟန်ချက်မပျက်အောင် ထိန်းနေရရှာသည်။ ဒေါ်မိန်းကလေးသည်ကား အေးအေးလူလူပင်။ ယိမ်းခါသွားသည့် လှည်းအိမ်နှင့်အတူ ခန္ဓာကိုယ်ကို ဟန်ချက်ညီအောင် အလိုက်သင့် စောင်းကာငဲ့ကာ၊ တိမ်းကာယိမ်းကာဖြင့် စီးနင်းလိုက်ပါလျက်ရှိ၏။

စောမောင်သည် လှည်းဝင်ရိုးသံတကျွီကျွီနှင့် နွားနှာမှုတ်သံ တရှူးရှူးမှလွဲ၍ လိုအပ်သည်ထက်ပို၍ တိတ်ဆိတ်ငြိမ်သက်နေသော အခြေအနေတို့ကို အားမလိုအားမရ ဖြစ်နေမိသည်။ တိတ်ဆိတ်ခြင်းသည် ပို၍ဝေးကွာသယောင် ခံစားရသည်မဟုတ်လား။ အရီမှာမူ မကြီးမိန်းကလေး ရှိနေ၍ထင်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်နှာကို ငုံ့ထားလျက်ရှိ၏။ တော်ပေါ်ဘုရားတွင် အစ်ကိုစောမောင် ကြုံရိုက်လိုက်သည့် အနမ်းတစ်ချက်ကြောင့် ယခုထက်တိုင် မျက်နှာနီမြန်းလျက် အိုးတိုးအမ်းတမ်း ဖြစ်နေရှာသည်။ မေကြီးမိန်းကလေးများ အရီ့ကိုကြည့်၍ အကဲခတ်နေမလားဆိုသည့်အတွေးဖြင့် မျက်နှာမထားတတ်အောင် ရှိနေမိသည်။ အစ်ကိုစောမောင်သည် အခွင့်အရေးမယူတတ်သူပီပီ ချစ်သူကို တစ်ရှိုက်မွှေးကြုံရန်ပင် ခွင့်တောင်းခဲ့သည်။ အစ်ကိုစောမောင်၏ ခွင့်ပန်သံသည် တိုးသက်ညင်သာ၏။ နူးညံ့ပျော့ပျောင်း၏။ ချစ်ခြင်းမေတ္တာတို့ ထုံမွှန်းလျက်ရှိ၏။ အရီ မငြင်းရက်အားပေ။ အစ်ကိုစောမောင်အပေါ် ချစ်မြတ်နိုးစိတ်ကို အရင်းခံလျက် သူ့သိက္ခာနှင့် စောင့်စည်းမှုကို ယုံကြည်သည်

mgyoe.com

ကြောင့် အစ်ကိုစောမောင်၏ ခွင့်ပန်မှုကို အရီ လက်ခံခဲ့ပါသည်။ နှစ်ကိုယ်တူ ကြည်ဖြူကြသည့် ချစ်သူနှစ်ဦးကြားမှာ သည်မျှသော စည်းကလေးကို ကျူးကျော်မိကြရုံမျှဖြင့် ဖောက်ပြန်မှောက်မှားခြင်းဟု မဆိုသာ။

mgyoe.com SAMPLE BOOK

အစ်ကိုစောမောင်က "အရီ့ပါးပြင်လေးကို အစ်ကိုစောမောင် မွှေးပါရစေလား" ဟု ဆိုကာ အရီ့ခွင့်ပြုချက်အရ နမ်းရှိုက်လိုက်သည့်အချိန်တွင် အရီ့ရင်ထဲတွင် လွန်စွာလိုက်ခုန်ခဲ့ရသည်။ နွေးထွေးသည့်အနမ်းအောက်ဝယ် မျက်နှာတစ်ပြင်လုံးသည် ရှိန်းခနဲပူသွားခဲ့ရ၏။ တစ်ဆက်တည်းမှာပင် အရီ ဝမ်းနည်းစိတ်ဝင်လာသည်။ ချစ်သူ၏ပုံသဏ္ဍာန်ကိုပင် မြင်တွေ့ခွင့်မရှိသည့် ဘဝ။ အရီ အစ်ကိုစောမောင်၏ မျက်နှာမြင်တစ်ခုလုံးကို နုနယ်ပျော့ပျောင်းလှသည့် လက်ချောင်းကလေးများဖြင့် စမ်းသပ်ကိုင်တွယ်ကြည့်မိသည်။ လှိုက်ဆို့လာသောဝမ်းနည်းစိတ်ကြောင့် အရီ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ မျက်ရည်ကား ကျမလာ။ အစ်ကိုစောမောင်သည် အရီ့အား ကရုဏာမျက်လုံးများဖြင့် မချိတင်ကဲ ကြည့်နေပေလိမ့်မည်။ အစ်ကိုစောမောင်သည် "အရီရယ်" ဟူသော အာမေဋိတ်သံကိုသာ ပြု၍ အရီ့ကို သိုင်းဖက်လိုက်သည်။ အရီရယ်ဟူသော အစ်ကိုစောမောင်၏အသံသည် ကြေကွဲခြင်း၊ မချိခြင်း၊ သနားခြင်းတို့ ရောပွမ်းထွေးယှက်နေ၏။ အသံသည် မငြိမ်။ ကစဥ့်ကလျား လည်းမဟုတ်။ အသံနောက်နားဝယ် အဖျားခတ် တုန်ခါသွားသည်ကို အရီ သတိပြုမိ၏။ "အစ်ကိုစောမောင်ရယ်။ အစ်ကိုစောမောင်ကသာ အရီ့ကို သနားရတာ မဟုတ်ပါဘူး။ အရီလည်းလေ. . . ။ အစ်ကိုစောမောင်ကို သနားလှချေရဲ့။ ဒုက္ခိတတစ်ယောက်ရဲ့ အန္ဓတာကို အစ်ကိုစောမောင်မို့သာ သည်းညည်းခံနိုင်တာပါ။ ဘဝတစ်လျှောက်လုံး လက်တွဲဖို့ဆိုတာ အစ်ကို ခဲရာခဲဆစ် ဆုံးဖြတ်ခဲ့ရမှာပေါ့နော်" ဟူသော အရီ့ရင်တွင်းစကားတို့ကို အစ်ကိုစောမောင်သည်ကား ကြားနိုင်လိမ့်မည်မဟုတ်ပေ။

လှည်းသည် ကျွဲမရဲချောင်းကို ကျော်လာချေပြီ။ ကျွဲမရဲချောင်းသည် မနက်ခင်းက မာန်တင်းမောက်မာစွာ ခက်ထန်သောအဟုန်ဖြင့် စီးဆင်းခဲ့သမျှ ယခုမူကား သူမဟုတ်တော့သလို။ ချောင်းရေ၏ တိုက်စားသယ်ဆောင်ခဲ့ရခြင်းကြောင့် သဲချောင်းပြင်ဝယ် ဟိုတစ်စု သည်တစ်စုသော ဘော့မှိုက်ပုံတို့မှတပါး အညစ်အကြေး ကင်းစင်လျက်ရှိ၏။ ချောင်းသဲတို့သည် ဖြူလွလွဖွေးဆွတ်နေ၏။ ဟိန်းဟောက်မာန်ဖီခဲ့သော ကေသရာဇာခြင်္သေ့မင်းအသွင်မှ တမဟုတ်ချင်းပင် ယုန်ဖြူတစ်ကောင်အသွင်သို့ ဝတ်ရုံလဲလိုက်ချေပြီ။ မာယာများလိုက်သည့် ကျွဲမရဲချောင်း။ သူ့အကြောင်းသိသူတို့သာ ကြောက်စရာသတ္တဝါတစ်ကောင်လို ရွံ့ကြပေသိ၊ အကြောင်းမသိသူတို့အတွက်မူ သဲပြင်ဖြူလွလွသည် ဆုပ်ကိုင်ဆော့ကစားချင်စဖွယ် အဆင်းရှိပြီး၊ သောင်ခုံဖွေးစွစွပေါ်ဝယ် မြူးထူးခုန်ပေါက်ချင်စရာပင်။ အစွယ်ဖွေးဖွေးကို နှစ်လိုဖွယ်သဏ္ဍာန်သုံး၍ ကွယ်ပုန်းဝှက်သိုထားသည့်အလား။

ချောင်းကိုလွန်လျှင် မင်းတိုင်ပင်ရွာကို ရောက်ချေပြီ။ တစ်စတစ်စ သိပ်သည်းလာသည့် အမှောင်ထုအောက်ဝယ် နွားတစ်ရှဉ်းသည် မရုန်းချင် ရုန်းချင်ဖြင့် ခြူသံဖြာအောင်ခတ်လျက် ခြေလှမ်းတို့ ယိမ်းထိုးလျက်ရှိကြ၏။

mgyoe.com

"မောင်စောမောင်ရဲ့. . . ။ မင်းတော့ အပြန်မိုးချုပ်တော့မကွယ်။ မေကြီးမိန်းကလေးဖြင့် အားလည်းနာပါရဲ့။ ကျေးဇူးလည်း တင်ပါရဲ့။ တို့နှစ်ယောက်တည်းသာ တနဲ့နဲ့ တရွေ့ရွေ့

သွားနေရင် ခရီးမတွင် ရွာစဉ်မသိ ဖြစ်နေကြရမှာ။ မင်းလည်း အပြန်တော့ ဂရုစိုက်ပြန်ကွဲ့ လူကလေးရဲ့။ ကြားရဲ့လား"

mgyoe.com SAMPLE BOOK

တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သူက ဒေါ်မိန်းကလေး။ တစ်လမ်းလုံး တစ်ခွန်း တစ်ပါဒမျှ စကားမဆိုမိဘဲ၊ အတွေးရေယာဉ်ကြောမှာ နစ်မျောလာခဲ့ကြသမျှ အိမ်အဝင်နီးပြီမို့ အတွေးစတို့ ပြတ်တောက်ခဲ့ရပြီ ထင်ပါရဲ့။

"စိတ်ချပါ မေကြီးမိန်းကလေးရာ။ ဒီလမ်းများဖြင့် သခေါင်(သန်းခေါင်) သွားသွား သန္ဓဲ(သန်းနွဲ)သွားသွား ဖြစ်တဲ့ခရီးပါ။ သူစိမ်းတရံရယ်လို့လည်း ကြောက်စရာရှိတာမှတ်လို့။ တစ်ရွာတစ်ရွာ ရွာစဉ်ဆက်နေကြမှတော့ မျက်နှာရင်း မျက်နှာချာချည်းပါပဲ။ စိတ်မပူပါနဲ့ မေကြီးမိန်းကလေးရ"

"မပူရှိရပ့်မလား မောင်သူငယ်ရယ်။ မင်းဆိုတာက မေကြီးမိန်းကလေးတို့အဖို့ ဆွေလိုမျိုးလိုဖြစ်နေရတဲ့ သူပါ့ကော။ နောက်တော့ ခုဟာက တို့ကို သက်သက်လိုက်ပို့ရရှာတာ။ ဖွဟဲ့. . . မတော်လို့ တစ်စုံတစ်ရာများ ဖြစ်သွားရင် မေကြီးမိန်းကလေးတို့ ပယောဂ ကင်းပ့်မလား။ 'မင်းတို့ထွက်တော့ ရက်ရာဇာ' တဲ့။ ရှင်ဘုရင်များတောင် တိုင်းခန်းလှည့်ရင် အချိန်အခါကောင်းမှ ထွက်တဲ့ဟာ။ ခု မောင်စောမောင်လည်း အချိန်အခါအရ လူရိပ်၊ ကင်းရိပ်တော့ဖြင့် ဂရုစိုက်ရမပေါ့"

စောမောင် နွားကို နကန်ဖြင့် တစ်ချက်တို့လိုက်သည်။ မေကြီးမိန်းကလေးစကားကို သဘောကျသဖြင့် တစ်ချက် ရယ်သွမ်းသွေးလိုက်သေး၏။ "ကျုပ်က ရှင်ဘုရင်မှ မဟုတ်ဘဲ မေကြီးမိန်းကလေးရယ်" ဟု အတွန့်တက်လိုက်လျှင် မေကြီးမိန်းကလေး မည်သို့ဆိုလေဦးမည် မသိ။ ခပ်ဆိတ်ဆိတ်သာ နေလိုက်ရသည်။ အမှန်တွင် ကျွဲမရဲချောင်းတစ်ဖက်ကမ်းရှိ မင်းတိုင်ပင်ရွာနှင့် မင်းလိုရွာသည်လည်း စောမောင်အတွက် အမှန်ပင် မစိမ်းသက်လှ။ ယာချိန်ကိုင်းချိန်တွင်လည်း နွားတစ်ရှဉ်း လှည်းတစ်စီးနှင့် နေ့နေ့ညည သွားရသည့်ဝန်းကျင်ပေဖြစ်သည်။ ထွန်ယက်သည့်အချိန်မှစ၍ကောက်သိမ်းယာသိမ်းချိန် "မြေပဲထွေး တိုက်ဖို့ဟ၊ ဆေးရွက်ကြီးတွေသယ်ဖို့ဟ၊ ပြောင်းရိုး ကဲ့ဖို့ဟ" ဆိုကာ သူ့အခင်း လှည်းနွားမနိုင်လျှင် ကိုယ့်နွားရှဉ်းက ကူရပြီး၊ ကိုယ့်အခင်း ကူလီမလောက်လျှင် သူတစ်လက် ငါတစ်လက်ဖြင့် ဝိုင်းကြဝန်းကြ ရင်းနှီးကြသူတွေ မဟုတ်လား။

"ဟုတ်သားပဲ အစ်ကိုစောမောင်နှယ်။ မေကြီးမိန်းကလေးက စိတ်ပူလို့ပြောတဲ့ဟာကို။ ဂရုစိုက်ပြန်ပေါ့။ ရွာချင်းရင်း လူချင်းသိကြပေမယ့် အန္တရာယ်ဆိုတာ ကြိုမြင်နိုင်တာမှ မဟုတ်တာ"

အရီသည် သူမကိုယ်၌ကပင် စိတ်ပူပန်သည့်အကြောင်းကို တစ်ဖက်လှည့်ဖြင့် အစ်ကိုစောမောင်ကို သိစေလိုက်သည်။ အရီ အစ်ကိုစောမောင်ကို ဆုံးရှုံးမခံနိုင်ပေ။ မည်သည့်ဘေးအန္တရာယ်မျိုးမှ ကျရောက်မည်ကို မလိုလား။ အရီ့ကို အစ်ကိုစောမောင်က အတည်အတံ့ စုံမက်သည်ကို အရီသိသည်။ အရီသည်လည်း အစ်ကိုစောမောင်အပေါ် မနက်ဖြန် ဆယ်မိုးမက၊ တစ်သက်ပန် ရွယ်ကိုးခဲ့ရသည်သာ။

စောမောင်သည် မေကြီးမိန်းကလေးနှင့် အရီ စိတ်မပူစေရန် ဂရုစိုက်ပြန်မည့်အကြောင်း အတန်တန် ကတိပေးလိုက်သည်။ မင်းမျက်ရွာဘက်သို့ လာစရာရှိလျှင်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

လှည်းကြို့ဆင့်ရန် မှာလိုက်သေးသည်။ စောမောင် မင်းတိုင်ပင်ရွာသို့ ရောက်သည့်အခါ အလင်းရောင်သည် ပကတိကွယ်ပျောက်လေပြီ။ အမှောင်ထုသည် တစ်စထက်တစ်စ ကြီးစိုးမင်းမူလာ၏။ ထိန်လင်းတောက်ပစွာ ရှိခဲ့သော နေ့အခင်းသည် မဟူရာည၏ ဝါးမျိုခြင်းအောက် ဝယ် လည်စင်းပေးလိုက်ရချေပြီတကား။ ငှက်သံတို့သည်လည်း ဆိတ်ငြိမ်လျက်ရှိ၏။ မင်းတိုင်ပင်ရွာတွင်း၌ ရှိသမျှသော အိမ်ကြီးရခိုင်တို့သည်လည်းကောင်း၊ လေးတိုင်စင်ထိုး ထလက်မိုး၊ ထလက်ကာ အိမ်နှံ့ချာတို့သည်လည်းကောင်း မဟူရာညကို အနိတုလျက် ရေနံဆီမီးခွက်ရောင်တို့ တလက်လက် ရှိကြချေပြီ။

စောမောင်သည် မကြီးမိန်းကလေးနှင့် အရီ့ကို လှည်းပေါ်မှ ချ၍ အိမ်ထဲသို့ လိုက်ပို့ပြီးလျှင်၊ ခရီးတစ်ထောက်မနားဘဲ လှည်းဆောင်ပန်းဦးထက်သို့ ခုန်လွှားကာ နကန်ကို မြှောက် နွားကိုငေါက်၍ မင်းမျက်ရွာဘက်သို့ ဦးလှည့်ခဲ့လေတော့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၄

"မယ့်မယ်ရင်နှစ်၊ ပုလဲဒါလီ၊ မြဲစွာငယ်ချီ၊ ရွှေလည်ရစ်သို့၊ သားချစ်သက်လျှာ၊ မယ့်သည်းချာကွယ်..."

နေသည် ကျစ်ကျစ်ထနေ၏။ အပူသည် ရှိန်ရှိန်တောက်နေ၏။ တံလျှပ်တို့သည် တရိပ်ရိပ်ပြေးနေ၏။ ကဆုန်နယုန် ဆွေ့ဆွေ့ခုန်ဆိုသကဲ့သို့ ပူလိုက်ပါဘိခြင်း။ တပေါင်းတန်ခူးတွင် ဖူးသစ်ခဲ့ မွေးဖွားခဲ့ကြသည့် ပုရစ်နု ပုရစ်ဖူးတို့သည် သည်ဘက်လများတွင် အရောင်ရင့်၍ အကြောတင်းလာကြချေပြီ။ နုသစ်စအရွယ်ကို လွန်မြောက်၍ သန်မာခြင်းအဖြစ်သို့လည်း ရောက်ခဲ့လေပြီ။ တစ်ချက်တစ်ချက် ဆော်သွေးလိုက်သည့် လေပူတို့သည် မင်းတိုင်ပင်ရွာ၏ မြောက်ဘက် နတ်ကွန်းအတွင်းရှိ ညောင်ပင်အိုကြီးအားလည်းကောင်း၊ နတ်ကွန်းခြေမှ ဖျောက်ဆိတ်ညီနောင်နှစ်ပင်အား လည်းကောင်း၊ ထန်းနီ့တွဲလဲ မြူအိုးမည်းနှင့် ရင်းဆွဲရင်းထောင်တို့ ထောင်ဆွဲထားသည့် ထန်းပင်ညို့ညို့တို့အား လည်းကောင်း တဖျန်းဖျန်းခတ်ကာ ကျီစယ်လျက်ရှိ၏။ နတ်ကွန်းတစ်ကွန်းလုံး တိတ်ဆိတ်နေ၏။ ကျေးငှက်သံ သစ်ရွက်လေတိုးသံတို့မှ တစ်ပါး ဆိတ်ငြိမ်စွာ ရှိနေသည်မှာ ချောက်ချားဖွယ်ပင် ကောင်းနေသေးတော့သည်။

လေနီကြမ်း တစ်ချက်အဝှေ့တွင် ညောင်ပင်ကြီးထက်မှ ကျီးတစ်အုပ်တို့သည် ဝေါခနဲ ပြိုလေ၏။ ဖျောက်ဆိတ်ပင်ထက်မှ ဆက်ရက်တစ်သိုက်သည် ဝုန်းခနဲ ပျံလေ၏။ ဤနတ်ကွန်းကြီးသည် မင်းတိုင်ပင်ရွာတွင် မှီတင်းနေထိုင်ကြသူတို့အဖို့ အဖော်သဟဲနှင့်သာ လာဝံ့သော နေရာပင်တည်း။ ရံဖန်ရံခါ ထန်းသမားနှင့် ဆိတ်ကျောင်းသား နွားကျောင်းသားတို့မှလွဲ၍ တော်ရုံလူ ခြေဦးလှည့်ဝံ့ကြသည့် နေရာမဟုတ်။ သို့သော် နတ်ကွန်းအတွင်းမှ ညောင်မုတ်ဆိတ်ပင်ကြီး၏ အမြစ်ပါးပျဉ်းဆုံတွင်ကား သက်ရှိလူသားတစ်ဦးသည် ထိုင်လျက်ရှိ၏။ အတိအကျဆိုရလျှင် အသက်ငါးဆယ်ကျော်ခန့်ရှိသည့် အမျိုးသမီးကြီးတစ်ဦး။ သူမသည် ငြိမ်သက်စွာ

mgyde.com SAMPLE BOOK

ထိုင်နေသည်ဆိုသည့်တိုင် ဦးခေါင်းနှင့်မျက်လုံးတို့သည်ကား ဣန္ဒြေမရ။ ဂနာမငြိမ်။ တစ်ဦးတစ်ယောက်ကို မျှော်နေသည့်ဟန်ဖြင့် ခေါင်းတငဲ့ငဲ့ လည်တရှည်ရှည် ရှိလေသည်။ သူမသည် ဘာကိုမျှ ကြောက်လန့်ဟန်မတူ။ သူမမျှော်နေသည့်သူနှင့်သာ တွေ့လိုသည့်စိတ်ဆန္ဒ စောလျှင်နေပုံရ၏။

သူမ ဆတ်ခနဲ ရပ်လိုက်သည်။ ဟိုရှေ့နား နတ်ကွန်းစပ် ထိန်ပင်အောက်မှာ လူတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်သည်မို့ ထရပ်လိုက်ခြင်းဖြစ်သည်။ ဟုတ်ပါသည်။ ထိုလူရိပ်သည်လည်း အမျိုးသမီးကြီးတစ်ဦးသာ ဖြစ်လေသည်။ အတိအကျဆိုရလျှင် ထိန်ပင်အောက်မှ ရိပ်ခနဲသော အမျိုးသမီးကြီးကား ဒေါ်မိန်းကလေးပင်တည်း။ ဒေါ်မိန်းကလေးသည် နတ်ကွန်းထဲသို့ ခပ်သုတ်သုတ်လှမ်းလာသည်။ ညောင်မုတ်ဆိတ်ပင်အောက်မှ အမျိုးသမီးကြီးထံသို့ ဦးတည်လျှောက်လာခြင်းဖြစ်သည်။ ဒေါ်မိန်းကလေး၏ အသွင်သည် အလိုမကျခြင်း၊ စိတ်ရှုပ်ထွေးနောက်ကျိခြင်း၊ ပြတ်သားခက်ထန်ခြင်း အသွင်ကို ဆောင်နေ၏။ ဆောင်ယူနေကျ ချည်တဘက်ဟောင်းလေးကို ခေါင်းပေါင်းထားသည်။

နေပူစပ်ခါးကိုဖြတ်ကာ ခရီးလှမ်းခဲ့ရ၍ထင့်။ ဒေါ်မိန်းကလေး၏ နဖူးပြင်၊ နှုတ်ခမ်းအထက်နှင့် အရေပျော့တွဲစပြုနေသည့် လည်ပင်းတို့ဝယ် ချွေးစက်ချွေးဥတို့ သီတွဲဝေ့ခိုနေလေ၏။ ခန္ဓာကိုယ်သည် ပိန်၏။ နဂိုမြင့်မားဟန်ရှိသည့် အရပ်အမောင်းတို့သည် ဇရာကြောင့် အနည်းငယ် ညွတ်ကိုင်းနေချေပြီ။ အရေးအကြောင်းတို့ထနေသည့် နဖူးပြင်ကျယ်၊ မြင့်ကားသော ပါးရိုး၊ ရှည်တွဲသော နားရွက်၊ စူးလက်ဆဲ မျက်လုံးတစ်စုံတို့သည် တစ်ချိန်က အင်မတန်ကျော်စောထင်ရှား ထက်မြက်ခဲ့သည့် အမျိုးသမီးကြီးတစ်ဦးဖြစ်ကြောင်း သက်သေလောင်းလျက်ရှိ၏။ ဒေါ်မိန်းကလေးသည် ညောင်ပင်အောက်မှ အမျိုးသမီးကြီးအနားသို့ ရောက်လာသည်။ ထိုအမျိုးသမီးကြီးသည် ဒေါ်မိန်းကလေးအား နှစ်သက်လိုလားစွာ ကြိုဆိုသော်လည်း ဒေါ်မိန်းကလေးမှာမူ စိမ်းသက်လွန်းလှ၏။

"ဗေဒါပျံ. . . ။ ညည်း ငါ့ဆီ ဘာလုပ်လာသတုံး။ ညည်းနဲ့ငါ ဇာတ်လမ်းပြတ်ခဲ့ကြပြီးပြီပဲ။ ညည်း ငါ့ကို ဘာလို့များ ခြေရာကောက်လာပြန်သတုံးအေ။ ညည်းနဲ့ငါ ထားခဲ့တဲ့ကတိကဝတ်တွေကို ညည်းမေ့သွားပြီလား။ ငါ့နဲ့ ညည်း သေသည့်တိုင်အောင် မဆုံကြေး။ ဆုံသည့်တိုင်အောင် မျက်နှာလွှဲကြေး ကတိထားခဲ့ကြတာလေအေ။ ဘယ့်နှယ်ကြောင့် တကန်တက လာပြီးတူဖော်ရတာတုန်း"

ဒေါ်မိန်းကလေးသည် အမောမဖြေအား။ ပြောချင်သည်များကို တရစပ်ပြောလေသည်။ ဗေဒါပျံဟူသော အမျိုးသမီးကြီးသည် မယုံကြည်နိုင်သောအသွင်ဖြင့် အံ့ဩမင်သက်မိလျက်ရှိ၏။ မျက်ရည်တို့ ရစ်ဝိုင်းလာ၏။ "ပြတ်လိုက်တဲ့ မိန်းမ၊ မာလိုက်တဲ့ မိန်းမ၊ မျက်ကွယ်ပြုနိုင်လွန်းတဲ့ မိန်းမ" ဟူသော ခံစားချက်တို့သည် မျက်လုံးတွင် ထင်းနေ၏။

"ဒေါင်းမြရီ. . . ။ ညည်း ပြတ်သားလှချေလားအေ။ ဘယ်လို ကတိကဝတ်တွေပဲရှိခဲ့ ရှိခဲ့၊ ညည်းနဲ့ငါ့ကြားမှာ အဲသလောက်ထိအောင် စိမ်းသက်သွားဖို့ လိုလို့လား။ ဒေါင်းမြရီနဲ့ ဗေဒါပျံဆိုတာ ညီအစ်မလို နေခဲ့ကြသူတွေပါအေ့။ ငါနဲ့ဆုံရတဲ့အပေါ်မှာ ညည်းရင်ထဲ တစိုးတစိတောင် ဝမ်းသာစိတ် မဖြစ်မိဘူးလားအေ"

mgyde.com

"မဖြစ်ဘူး ဗေဒါပျံ။ ငါ ဆံခြည်မျှင်တစ်ထောက်စာတောင် ဝမ်းမသာနိုင်ဘူး။ ငါ

အတိတ်ကို တူးဆွမယ့်သူမှန်သမျှ ငါ ဘယ်သူ့ကိုမှ မဆုံတွေ့လိုတော့ဘူး။ ငါ့ဘဝနဲ့ငါ အေးအေး
mgyoe.com SAMPLE BOOK
လူလူ နေစမ်းပါရစေတော့လားအေ။ ငါ့ကို ခြေရာမကောက်ကြပါနဲ့တော့"

ဒေါ်မိန်းကလေး ခါးခါးသီးသီး ငြင်းပယ်မိသည်။ အသည်းမာသည့် မိန်းမဟု ဆိုချင်လည်း ဆိုကြစေတော့။ ဒဏ်ရာဟောင်း၏ ချုပ်ရိုးကို ဖြည်မည့်သူများနှင့် မဆုံလိုတော့ပြီ။ ဒေါ်မိန်းကလေးနှင့် ပတ်သက်ခဲ့ရဖူးသူများသည် အချိန်ကြာညောင်းမှုနောက်ဝယ် အနာကျက်ပြီဟု ထင်ကောင်း ထင်ကြပေလိမ့်မည်။ ဒေါ်မိန်းကလေးကိုယ်တိုင်သည်လည်း "အတိတ်ဆိုးကို ပြည်ဖုံးကားချနိုင်ခဲ့ပြီ" ဟု မိမိကိုယ်ကိုယ် လှည့်စားခဲ့သည်။ အမှန်စင်စစ်တွင်မူ ဤဒဏ်ရာဟောင်းများသည် အတွင်းလှိုက်နေသည့် မြုံနာကြီးတစ်ခုသာဖြစ်ကြောင်း ဒေါ်မိန်းကလေး ကောင်းကောင်းကြီး သိပါသည်။

"ဒေါင်းမြရီ. . .။ ညည်းက ငါနဲ့တွေ့ရတာကို ဝမ်းမသာပေမယ့် ငါကတော့ အူစုံသည်းလှိုက် ဝမ်းသာသအေ။ ညည်းရင်ထဲ ငါ့ကိုမတွယ်တာပေမယ့် ငါကတော့ ညည်းကို တစ်အူထုံ့ဆင်း ညီမအရင်းလိုကို ချစ်ခဲ့တာအေ့"

ဒေါ်ပေဒါပျံသည် စီးကျလာသည့် မျက်ရည်မြစ်နှစ်သွယ်ကို ကလေးတစ်ယောက်နှယ် လက်ခုံဖြင့် ပွတ်သပ်ကာ သုတ်လိုက်သည်။ သူမ၏လက်အစုံသည် ဒေါ်မိန်းကလေး၏ ပခုံးစွန်းနှစ်ဖက်ကို ကိုင်ဆုပ်ထားမိပြန်၏။

"အခုလည်း ငါ ညည်းဆီကို တကန်တက လာခဲ့တာတော့ဖြင့် မဟုတ်ဘူး။ ညည်းအကြောင်းကို စုံစမ်းခဲ့တာတော့ ဝန်ခံပါတယ်။ ဒါပေသိ အခု ဆုံတွေ့မှုကိုတော့ ငါ တမင်ဖန်တီးခဲ့တာ မဟုတ်ရပေါင်အေ။ ညည်းအကြောင်းတွေကို ခြေရာကောက်ရင်း ဒီဘက်တကြောမှာပဲ ညည်းရှိနေသေးတယ်ဆိုတာတော့ ငါသိခဲ့တာ ကြာပါပြီ။ အခုက ငါ့သမီး ဩဘာတင့်ကို အငြိမ့်ကဖို့ ငှားထားတဲ့ရွာကို လိုက်လာရင်း ညည်းနဲ့ တစ်နယ်တည်းရှိနေပြီဆိုတာသိလို့ မင်းတိုင်ပင်ရွာအထိ လှည်းကြုံစီးပြီး ငါလိုက်လာခဲ့တာပဲ။ စိတ်ချပါအေ။ ညည်း မင်းတိုင်ပင်ရွာမှာနေတယ်ဆိုတာ ငါကလွဲလို့ ဘယ်သူမှ မသိစေရပါဘူးအေ"

ဒေါ်မိန်းကလေး နှုတ်ဆိတ်နေမိသည်။ ဒီမျက်ရည်တွေကို မမြင်ချင်။ ပေဒါပျံ၏ စကားလုံးတွေအောက်မှာ ဒေါ်မိန်းကလေး အာစေးထည့်ခံထားရသလို ဆွံ့အ,နေမိပြန်သည်။

"ဒါနဲ့ ကြာမှုန်ကလေးရော. . . "

"တိတ်စမ်း ပေဒါပျံ. . .။ ညည်း ဒါတွေပြောဖို့ ငါ့ဆီလိုက်လာတာဆိုရင်တော့ အခု ပြန်လိုက်တာ ကောင်းလိမ့်မယ်။ ငါက ညည်းသိထားတဲ့ ဒေါင်းမြရီ မဟုတ်တော့ဘူး။ ငါက မိမိန်းကလေး။ ဒေါင်းမြရီတို့ ကြာမှုန်တို့ဆိုတာတွေကို ငါမေ့ထားနိုင်ခဲ့ပြီ။ ငါ့ဘဝမှာ ငါကလွဲရင် ခင်ထားရီဆိုတဲ့ မိန်းကလေးပဲရှိတယ်။ ညည်း ငါ့ကို ဒဏ်ရာတွေ လာပေးတာလားအေ"

ဒေါ်ပေဒါပျံသည် ဒေါ်မိန်းကလေး၏မျက်နှာကို တွေတွေကြီး စိုက်ကြည့်နေလေ၏။ ဒေါ်မိန်းကလေးသည်ကား မျက်လုံးအစုံကို နတ်ကွန်းအတွင်းမှာရှိသည့် အနောက်မယ်တော်ကြီးထံကိုသာ အကြည့်လွှဲထား၏။ မယ်တော်ကြီးသည် ဒေါ်မိန်းကလေးကို ပြန်၍စူးစိုက်ကြည့်နေသကဲ့သို့ ခံစားရ၏။ ငှက်ကြီးတောင်ဓားနှစ်လက်ကို ရင်ဝယ်ယှက်ထားပြီး မဟူရာဝတ်လဲတော်ကို ဆင်မြန်းထားသည့် အနောက်မယ်တော်ကြီးသည် "ငါ့သမီး ဒေါင်းမြရီ. . .။

mgyoe.com

ညည်းဘဝက နေဝင်ချိန်ရောက်တာတောင် မအေးမြသေးပါလားအေ" ဟုပင် မိန့်ခြွေချင်နေမည်ထင်မိသည်။

mgyoe.com SAMPLE BOOK

နတ်ကွန်းကြီးသည် ပို၍ တိတ်ဆိတ်ခြောက်ကပ်နေသည်။ နတ်ကွန်းအနီး၌ ရပ်နေသည့် အမျိုးသမီးကြီးနှစ်ဦးသည် မျက်နှာမူ ရှေးရှုရာအရပ် မတူညီကြ။ ဒေါ်ဗေဒါပျံသည် ဒေါ်မိန်းကလေး၏ ပခုံးစွန်းတို့ကို ကိုင်ထားသည့် သူမ၏လက်များအား ဖြည်မပစ်မိ။ ဒေါ်မိန်းကလေးသည်လည်း နှုတ်ဖျားမှသာ ခါးခါးသီးသီး ပစ်ပစ်ခါခါ စကားလုံးများကို ကရားရေလွှတ် တရစပ်သွန်ချနေမိသည့်တိုင်၊ ဒေါ်ဗေဒါပျံ၏လက်များကိုကား ဖယ်ထုတ်ခြင်း ပုတ်ချခြင်းတို့ မပြုမိ။ ငြိမ်စွာ ရပ်လျက်ရှိကြ၏။

ဒေါ်မိန်းကလေးသည် အနောက်မယ်တော်ကြီးထံသို့သာ အမြင်အာရုံတို့ကို ပို့လွှတ်ထားသည်။ ကြည့်ရင်းနှင့်ပင် မယ်တော်ကြီးရုပ်တုသည် မျက်တောင်လွှာများပင် တဖျပ်ဖျပ် ခတ်လာသလိုလို၊ နီထွေးစိုအိသော ဆေးသားခြယ်ထားသည့် နှုတ်ခမ်းတော် နှစ်လွှာသည်ပင် တွန့်ကွေး ညွတ်ပြုံးလာသလိုလို။ ဒေါ်မိန်းကလေး ကိုးကိုးစားစား ပပမြှောက်မြှောက် ရှိရသည့် မယ်တော်ကြီး။ မယ်တော်ကြီးသည် ဒေါ်မိန်းကလေးအဖို့ သောကအပူကိုလည်း မျှဝေခံယူနိုင်သည့် ပုဂ္ဂိုလ်၊ ခံစားချက်ဟူသမျှကိုလည်း လျှောက်တင်ရင်ဖွင့်နိုင်သည့် ပုဂ္ဂိုလ် မဟုတ်လား။ ဒေါ်မိန်းကလေး တစ်စုံတစ်ရာသော အကြောင်းတို့ကြောင့် မွန်းကြပ်လာလေတိုင်း၊ မယ်တော်ကြီးရှိရာ မင်းတိုင်ပင်ရွာ၏ မြောက်ဘက်တောစပ်မှ နတ်ကွန်းကြီးသို့လာ၍ လျှောက်တင်နေကျ။ ရင်စုံကိုလှပ် မယ်တော်ကြီးအပါးကပ်ပြီး ခြေတော်စုံဝယ် တွားဝပ်ခစားကာ သံတော်တိုက်နေကျ။ ခုမျှားဖြင့် တထူးတထွေ လျှောက်တင်သံတော်တိုက်နေဖို့ မလိုတော့ပြီ။ ဒေါ်မိန်းကလေး၏ ရင်တွင်းသောကကို မယ်တော်ကြီး မျက်မြင်ကိုယ်တွေ့ ရှိနေချေပြီတကား။

"ကိုင်းအေ. . . ရှင်ဒေါင်းမြရီ. . .။ ညည်းဖြစ်ချင်သလို ဖြစ်ရစေ့မယ်။ ညည်း ပြည်ဖုံးကားချထားပြီဖြစ်တဲ့ အတိတ်ဟောင်းတွေကိုလည်း ငါ ပြန်မတူးတော့ပါဘူး။ သို့ပေမင့် တွေ့သခိုက်တော့ဖြင့် ချစ်ကျွမ်းတဝင် နေပါရစေအေ။ ညည်းနဲ့ဆုံဖို့ဆိုတာလည်း သမုဒ္ဒရာ ရေထဲ မျောပါလာတဲ့ ထမ်းပိုးတုံးပေါက်နဲ့ လိပ်ဦးကင်းစွပ်မိဖို့ထက်တောင် ခက်ခဲပါသကော။ တို့တွေကြားမှာ ဘာအမုန်းတွေရှိလို့များ ရေဆုံးမြေဆုံး ပုန်းချင်ရသတုံးအေ"

"ငါ မတွေ့ချင်တဲ့သူက ညည်းတစ်ယောက်တည်း မဟုတ်ဘူး ဗေဒါပျံ။ အတိတ်က လူတွေမှန်ရင် ငါ ဘယ်သူနဲ့မှကို မတွေ့ချင်တော့တာ။ ငါ့အတိတ်ကို ဖော်မယ့်သူမှန်ရင် ဘယ်သူနဲ့မှကို မဆုံချင်တော့တာ။ ငါ့ကိုယ်ငါ အတိတ်ထဲကို ပြန်ပြီး မသယ်ဆောင်ချင်တော့ဘူး။ ငါ ပင်ပန်းလှပြီ။ ညည်း ငါ့ကိုချစ်တာလည်း သိပါရဲ့။ သံယောဇဉ်တင်းတာလည်း ခံစားရပါရဲ့။ သို့ပေသိ ညည်းတို့အားလုံးဟာ ငါ့ကို အတိတ်ထဲ ဆွဲနှစ်ကြမယ့်သူတွေချည်းပဲ။ ဒါ့ကြောင့် ငါ့စဘောရွာမှာ မနေတော့ဘဲ မင်းတိုင်ပင်ရွာဘက်မှာ လာခိုနေတာပဲအေ့။ မဝေးလှပေမယ့် ချောင်ကျတဲ့ ဟောဒီမင်းတိုင်ပင်ရွာမှာ ငါ စိတ်ရောကိုယ်ပါ လုံခြုံတယ်။ အခုတော့ ငါ့ကို ညည်းရှာတွေ့ပြီဆိုတော့ ငါ ခြေရာပြန်ဖျောက်ရလိမ့်မယ်"

ဒေါ်မိန်းကလေး ဆုံးဖြတ်ချက်ချလိုက်ပြီ။ ဤမင်းတိုင်ပင်ရွာမှာ နေ၍မဖြစ်တော့။ နေရာသစ် စားကျက်သစ်ကို ထပ်ပြောင်းမှ ရတော့မည်။ အခန့်မသင့်လျှင် မီးခိုးကြွက်လျှောက်

mgyoe.com

mgyoe.com

လိုက်လာမည့် မီးတန်းနောက်မှာ ဒေါ်မိန်းကလေး၏ နှလုံးသည်းစိုင်ပါ လောင်ကျွမ်းပြာကျသွားနိုင်ပေသည်။ ဒေါ်မိန်းကလေးအပေါ် ကျူးလွန်ခဲ့ကြသူများအား ဒေါ်မိန်းကလေး ဘယ်နည်းနှင့်မျှ အရှုံးမပေးနိုင်။ သင်းတို့သည် ကျေနပ်ပျော်ရွှင်ခွင့် မရှိစေရ။ ဒေါ်မိန်းကလေး တမြေ့မြေ့ခံစားခဲ့ရသကဲ့သို့ ကျူးလွန်ခဲ့ကြသူများသည်လည်း တတီတီ လောင်ကျွမ်းစေရမည်။ ဒေါ်မိန်းကလေးသည် မင်းတိုင်ပင်ရွာတွင်သာ သာမန်အရပ်သူမကြီး တစ်ယောက်ကဲ့သို့ နေထိုင်ခဲ့သည်။ သဘင်မာန် သဘင်စွယ်တို့ကို ကိုယ်တိုင်ချိုးဖဲ့ မြှုပ်နှံခဲ့ကာ မထင်မရှားအမျိုးသမီးကြီးအဖြစ်သို့ သဏ္ဍာန်ပြောင်း လိပ်ပြာကူးခဲ့၏။ မင်းတိုင်ပင်ရွာနှင့် ရွာနီးချုပ်စပ်တွင် အရီ့လက်ကို ဆွဲကာ အပေါ်ပြော၊ အတင်အမြှောက်နှင့်သာ ဝမ်းကျောင်းနေခဲ့သည်။ ရင်ထဲမှာကား သဘင်သည်မာနတို့သည် ညွှန့်ဆဲ။ လူဆဲ။ ရှင်သန်ဆဲပင်။

သို့သော် ဤစိတ်ခံစားမှုများအား အရီ မသိမမြင်အောင် ဒေါ်မိန်းကလေး သိုဝှက်ဖုံးကွယ်ထားနိုင်ခဲ့သည်။ အများအမြင်တွင်လည်း ဒေါ်မိန်းကလေးသည် ဓာတ်ကိုးနတ်ကိုးပေးသည့် အမျိုးသမီးကြီးတစ်ယောက်ဟူ၍သာ မြင်ကြသိကြသည်။ စင်ပေါ်ဝယ် ငြိမ့်ညောင်းသောအသံ၊ သွယ်ပျောင်းသော အချိုးအဆစ်၊ ယိမ်းညွတ်သော ကကြိုးကကွက်များကို ကပြအသုံး တော်ခံခဲ့ဖူးသည့် ဒေါင်းမြရီဟူ၍ သိသူရှားသည်။ သိသူများသည်လည်း မေ့သူမေ့၊ ကွယ်သူကွယ် ပျောက်သူပျောက် ကြလေပြီ။ သိကြ မှတ်မိကြသေးသည့်တိုင် ဒေါ်မိန်းကလေး ရှောင်တိမ်းချင်သည့် မန္တလေးမြို့ကြီးနှင့်ကား ဝေးခဲ့ရပြီမို့ ဤမင်းတိုင်ပင်ရွာ၌ စိတ်ချလက်ချနေထိုင်ခဲ့သည်။ ချစ်ရသူများနှင့် ကွေကွင်းပြီးနောက်ပိုင်းတွင် မုန်းရသူများကိုပါ ဒေါ်မိန်းကလေး စွန့်ခွာခဲ့တော့သည်။ သို့သော် သင်းတို့ပေးခဲ့သည့် ဒဏ်ရာမျိုးကို ပြန်မပေးနိုင်ခဲ့သည့်တိုင်၊ သင်းတို့ ရှင်သန်သမျှကာလပတ်လုံး တနုံ့နုံ့စူးနေစေမည့် ဆူးတစ်ချောင်းကို ဒေါ်မိန်းကလေး ထိုးစိုက်ပစ်ခဲ့သည်။

ဒေါင်းမြရီသည် သိမ်မွေ့ထက်မြက်လွန်းသည့် ပညာပြည့်မင်းသမီးကြီး ဖြစ်စေကာမူ၊ နာကျည်းမှုတို့ဝင်ရောက်လာသည့်အခါတွင်မူကား သိမ်မွေ့မှုအပေါင်းနှင့် များစွာခြားနားဆန့်ကျင်လျက် ခက်ထန်ခြင်းအဖြစ်သို့ ရောက်ရှိခဲ့ရ၏။

"ညည်းက တယ်ပြီး အသိခေါက်ခက် အဝင်နက်တဲ့မိန်းမပဲ ဒေါင်းမြရီ၊ ညည်း ငါ့စိတ်ဓာတ်ကို ခုထိ နားမလည်သေးတာလည်း ငါဖြင့် အံ့မိရဲ့။ ဇာတ်ဆရာကိုဆောင်ပန်းနဲ့ မင်းသားကြာမြိုင်တို့ စိတ်တိုင်းကျရေးဆွဲခဲ့တဲ့ ဇာတ်ညွှန်းထဲမှာ ညည်းတစ်ယောက်တည်းပဲ အလူးအလှိမ့်ခံခဲ့ရတယ် မှတ်သလား။ ငါကိုယ်တိုင်လည်း ဘဝပျက်ခဲ့ရတာပါအေ့။ ညည်းနဲ့ ငါ သဘင်လောကမှာ လည်ပင်းဖက်ပေါင်းခဲ့ကြသလို ဘဝတွေကလည်း ကံတူအကျိုးပေးတွေ ဖြစ်ခဲ့ကြရတာပဲ မှတ်လား။ ညည်း ဒီကနေ ရှောင်ထွက်ဖို့ မလိုပါဘူးအေ။ နောက်များဖြင့် ငါ ညည်းကို ဘယ်တော့မှ လာမတွေ့တော့ဘူး"

ဒေါ်မိန်းကလေး ဟက်ခနဲ ခြောက်ကပ်စွာ ရယ်လိုက်သည်။ ရှင်ဘို့မယ် ဇာတ်ထုတ်ထဲကလို "ဒွေးနှစ်ဖော် သံဝါညီပါလို့၊ မပြေးသော် ကံရာရှိပါ့မလား၊ တန်ပါအမိ မဘို့မယ်ရယ်" ဟုပင် ဟစ်လိုက်ချင်စမ်းသည်။ ဒေါ်မိန်းကလေး မည်သူ့ကိုမှ မယုံတော့ချေ။ ယုံကြည်မှုကို အစမွေကျင့်ခံလိုက်ရပြီးနောက်မှာ သံသယဆိုသော ဒေါမနဿသည် လက်သည်မပေါ်ဘဲ မွေးဖွားခဲ့လေပြီ။ အတိတ်က ပတ်သက်ခဲ့ဖူးသူမှန်သမျှကို ဒေါ်မိန်းကလေး မယုံကြည်

mgyoe.com

ဝံ့တော့ပေ။

mgyoe.com SAMPLE BOOK

ဒေါ်ဗေဒါပျံသည် ကျောက်ပန်းတောင်းဇာတိဖြစ်သည်။ ဒေါင်းမြရီနှင့် ဆင်ဖြူကျွန်း စလင်းဘက်ရှိ ပွဲချိုတစ်ချိုတွင် ကြာမြိုင်နှင့်ဆက်စပ်၍ မထင်မှတ်ဘဲ ဆုံခဲ့ကြခြင်းဖြစ်သည်။ ယခုလည်း ဒေါင်းမြရီကိုတွေ့လိုက်ရသည့်အတွက် အင်မတန်ဝမ်းသာသည်။ ဒေါင်းမြရီလို မင်းသမီးမျိုးနှင့် လည်ပင်းဖက်ပေါင်းသင်းခဲ့ရသည့်အတွက် ကျေနပ်သည်။ ဒေါင်းမြရီသည် စိတ်ကောင်းနှလုံးကောင်းရှိသည်။ လျှမ်းလျှမ်းတောက်အောင်မြင်သည့်အချိန်၌ပင် မာန်မောက် ထောင်လွှားခြင်း အလျဉ်းမရှိ။ ပညာကြီးသူ မင်းသား မင်းသမီးကြီးများနှင့်ကြုံလျှင် ခေါင်း လျှို့ငုံ့ဝင်လျက် ပညာနို့သက်ခံဖို့လည်း ဝန်မလေး။ တက်သစ်စလေးများအပေါ်တွင်လည်း ပညာမျိုးစေ့ကြဲရန် မတွန့်တို။ လိုချင်သည့် ပညာရှိလျှင် တပည့်အဖြစ် ခံယူဝံ့သူဖြစ်သကဲ့သို့ ထောက်ပြစရာရှိလျှင်လည်း နားဝင်လက်ခံအောင် စွမ်းနိုင်သူဖြစ်သည်။ သို့သော် ဒေါင်းမြရီ သည် အတတ်ပညာအပေါ် စော်ကားပြက်ရယ်ပြုသူများနှင့် ကြုံလာလျှင် ပြတ်ပြတ်သားသား တုံ့ပြန်တတ်သူဖြစ်သည်။ ဇာတ်အဖွဲ့သားချင်း ကြီးနိုင်ငယ်ညှင်းပြုမှုခြင်းကို လက်မခံ။ ဇာတ် ဆရာပင် ဖြစ်စေကာမူ ဒေါင်းမြရီသည် ငုံ့ခံလေသူမဟုတ်။ လူပြက်၊ ထမ်းဆင့်၊ ရှေ့ထွက်မင်း သမီးလေးများအပေါ် ဇာတ်ဆရာတို့က ခေါင်းပုံဖြတ်ခြင်းမျိုး တွေ့လျှင်လည်း ၎င်းတို့ရှေ့မှ မတ်မတ်တည်တည် ကာကွယ်ပေးတတ်သည်။ ထို့ကြောင့်လည်း ဇာတ်ဆရာအများစုသည် ဒေါင်းမြရီကို မကြည်သာကြပေ။ သို့သော် ဒေါင်းမြရီ၏ ပညာကြီးမှု ကျော်စောမှုတို့ကြောင့် လက်လွတ်မခံဝံ့သဖြင့် မချစ်သော်လည်း အောင့်ကာနမ်းကြသည့် ဇာတ်ဆရာများက များ သည်။ ဒေါ်ဗေဒါပျံသည်လည်း ဒေါင်းမြရီ၏ ယင်းသို့သော ကိုယ်ကျင့်သိက္ခာ၊ စောင့်ထိန်းမှု၊ ရပ်တည်မှုတို့ကို အထင်ကြီးလေးစားခဲ့ရသည်။

"ငါ ပြန်မယ် ဗေဒါပျံ။ အိမ်မှာ အရီတစ်ယောက်တည်း ထားခဲ့ရတာ။ ငါ ညည်း ကို တောင်းပန်ပါတယ်အေ။ နောက်များ ငါ့ကို ယောင်လို့တောင် လာမတွေ့ပါနဲ့"

ဒေါ်မိန်းကလေးသည် ဒေါ်ဗေဒါပျံအား ကျောခိုင်းကာ လှည့်ထွက်မည့်ဟန်ပြင် သည်။ ဒေါ်ဗေဒါပျံသည် ဘာစကားမျှ မတုံ့ပြန်။ ရွှတ်ပေကာ ရပ်နေမိသည်။ သူမသည် ဒေါင်းမြရီ၏ သတင်းကို တစဉ်တစိုက် နားစွင့်ခဲ့သည်။ လက်လှမ်းမီသလောက် ရှာဖွေခဲ့သည်။ ဒေါင်းမြရီ၏ဇာတိဖြစ်သည့် စဘေးရွာအထိ လိုက်ခဲ့ဖူးသည်။ မတွေ့ခဲ့။ နောက်ပိုင်းမှ ဒေါင်းမြရီ သည် စဘေးရွာနှင့် များစွာ အလှမ်းမဝေးလှသည့် မင်းတိုင်ပင်ရွာကလေးတွင် နေထိုင်ကြောင်း သတင်းအစအန ကောက်မိခဲ့၏။ ယခုလည်း သည်နယ်တကြောက ရွာကလေး၏ ဘုရားပွဲ တစ်ခုတွင် သမီးဖြစ်သူ ဩဘာတင့် ကရမည်ဖြစ်၍ ဒေါ်ဗေဒါပျံပါ လိုက်ခဲ့ခြင်းဖြစ်သည်။ ဒေါင်းမြရီနေထိုင်ရာရွာနှင့် ရွာစဉ်မဝေးမှန်းသိသည်မို့ သမီးဖြစ်သူကို အသိပေးကာ ဒေါင်းမြ ရီရှိရာ မင်းတိုင်ပင်ရွာသို့ လှည်းကြုံစီး၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ လှည်းသည် မင်းလိုရွာမှ လှည်းဖြစ်၍ ဒေါ်ဗေဒါပျံအား မင်းတိုင်ပင်ရွာတွင်းထိ လိုက်မပို့ပါဘဲ ဤနတ်ကွန်းအနီးတွင် ချခဲ့ခြင်းဖြစ်၏။ နတ်ကွန်းသည် အေးအေးလူလူရှိသည်က တစ်ကြောင်း၊ တွေ့ဆုံခြင်းအပေါ် ဒေါင်းမြရီ၏ သဘောထားမှန်ကို မသိရသေးသည်က တစ်သွယ်မို့ နွားကျောင်းသားတစ် ယောက်နှင့် ဒေါင်းမြရီတဖြစ်လဲ မိမိန်းကလေးကို မှာလိုက်ခြင်းဖြစ်ပေသည်။ ယခုမှာမူ လှည်း ကြုံလဲ မရှိတော့။ ထို့ကြောင့် သူမအဖို့ သမီးဩဘာတင့် အငြိမ့်ကရာ ရွာသို့ မည်သည့်နည်း

mgyoe.com

နှင့်မှ ပြန်၍မဖြစ်သေးပေ။ ဒေါင်းမြရီသည် ရွာဘက်သို့ ခပ်သုတ်သုတ် စိုင်းပြင်လေ၏။ ဒေါ်ဗေဒါပျံသည်လည်း ထပ်ချပ်မကွာ လိုက်လေ၏။ ဒေါင်းမြရီ ရပ်တန့်သွားသော် ဒေါ်ဗေဒါပျံသည် တုံ့ဆိုင်းနေလိုက်၏။ ဒေါင်းမြရီ ရှေ့ဆက်လျှင် ဒေါ်ဗေဒါပျံသည် နောက်မှထပ်လိုက်လေသည်။ ဒေါင်းမြရီရင်ထဲတွင် မည်သို့ရှိမည်ကို မသိသော်ငြား၊ ဒေါ်ဗေဒါပျံ၏စိတ်တွင်း၌မူ မိန်းမကြီးနှစ်ယောက်၏ ကလေးကလားဆန်သည့် အပြုအမူတို့အတွက် ရယ်ချင်နေမိသည်။

ရွာအဝင်သို့ရောက်သော် ရှေ့တူရူသို့သွားနေသည့် ဒေါင်းမြရီသည် တုံ့ခနဲရပ်တန့်သွားလေသည်။ ပြီးလျှင် နောက်တော်ပါးမှ တစ်ဖဝါးမခွာလိုက်ပါလာသော ဒေါ်ဗေဒါပျံဘက်သို့ လှည့်၍ စကားဆိုလေသည်။

"အိမ်ရောက်တဲ့အခါ ဒေါင်းမြရီဆိုတဲ့အမည်ရော၊ ကြာမှုန်ဆိုတဲ့အမည်ရော တစ်ခွန်းတစ်ပါဒတောင် မထွက်မိစေနဲ့။ အိုအေ. . . အတိတ်နဲ့ပတ်သက်သမျှ အရိပ်တွေကို စကားဦးတောင် မသမ်းမိပါစေနဲ့"

ဒေါ်ဗေဒါပျံ မည်သို့မှ ပြန်မပြောဖြစ်ပေ။ စိတ်ထဲမတော့ "ကောင်းပါလေ့အေ ကောင်းပါလေ့" ဟုသာ အာမဘဏ္ဍေ ခံလိုက်ရတော့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၅

"စွယ်တော်မြတ်လေး၊ ယဥ်ကျေးပုန်းညက်၊ ခက်ညွန့်ဝေဖြာ၊ လေယူရာသွေး၊ တဝိုင်းမွှေးသို့၊ ရေးလို့မကုန်၊ မွှေးမျိုးသင်းထုံစွာ၊ စကားစိမ်းမဥ္ဇူ၊ သင်းကြူချရား၊ စကား စံပယ်၊ သရဖီ ပုန်းညက်၊ ဂုဏ်သိမ်ကမ္ဘာ၊ ပန်းမျိုးသင်းထုံစွာ…"

ပုန်းညက်ပင်ကြီး၏ တုတ်ခိုင်လှသော ပင်စည်ထက်ဝယ် အကိုင်းအခက်တို့သည် ခက်ဖြာလျက်ရှိသည်။ စိမ်းညို့နေသည့် ပုန်းညက်ရွက်တို့သည် နေရောင်အောက်ဝယ် ရွှန်းလက်နေ၏။ ဝါဆိုဦးသို့ ကူးလုပြီဖြစ်သည့် သမယပေမို့ ပုန်းညက်ဖူးတို့သည် ရတုနယုန်ကို နှုတ်ဆက်လျက် လမြတ်ဝါဆိုကို ပုတ်ခတ်ကျီစယ်ကြလေပြီ။ အကိုင်းတလျောက်မှ ရွက်ညှာခြေတို့ဝယ် ပုန်းညက်ဖူး တစ်ခိုင်နှစ်ခိုင်တို့သည် ပြူလျက်ရှိ၏။ ကတော့ထိုးနေသည့် ရွက်ကြားတွင်လည်း တစ်ခက်နှစ်ခက် ဖူးတံတို့ ထွက်ကြချေပြီ။

စောမောင်နှင့်အရီသည် အရီတို့အိမ်ခေါင်းရင်းရှိ ပုန်းညက်ပင်အောက်မှ ကွပ်ပျစ်ပေါ်ဝယ် နှစ်ကိုယ်ယှဉ်လျက် ထိုင်နေကြသည်။ စောမောင်သည် လက်လှမ်းမီရာ ပုန်းညက်ကိုင်းထက်မှ ပုန်းညက်ပန်းတစ်ခက်ကို ခူးယူကာ အရီ၏ ဆံကေသာများအကြားသို့ တယုတယ ထိုးစိုက်ပန်ဆင်ပေးလိုက်သည်။ အရီ့မျက်နှာသည် ရွှင်နေ၏။ ပြုံးနေ၏။ ပြီးလျှင် စောမောင်ပခုံးထက်သို့ ခေါင်းကလေး စောင်းငဲ့မှီခိုလိုက်သည်။ စောမောင်သည် အရီ့ပခုံးလေးအား ကြင်နာစွာ ပြန်လည်သိုင်းဖက်ထားသည်။ စောမောင်သည် အရီ့ကို အောက်မေ့လွန်းလှသဖြင့် လှည်းကောက်ကာ မင်းတိုင်ပင်ရွာဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ စောမောင် အရီ့ကို မြတ်မြတ်နိုးနိုးချစ်မိသည်။ ဒုက္ခိတတစ်ယောက်ဟူ၍ တစိုးတစိပင် အပြစ်မမြင်ရက်။ အရီ့ကို စောင့်ရှောက်လိုသည်။ အရီသည် စောမောင်ထက် ရှစ်နှစ်ခန့်ငယ်သည်။ အရီသည် ဆယ့်ငါးနှစ်အရွယ်ဆိုသော်လည်း တွေးခေါ်ဆင်ခြင်မှုဝယ် ရင့်ကျက်သည်။ လူကြီးဆန်သည်။

မျက်လုံးအလင်းမရသည်မှလွဲ၍ နုသစ်သော အဆင်း၊ လှပသော အဆင်းရှိ၏။ သို့ရာတွင် စောမောင်သည် အရီ့အား ဤအခြင်းအရာတို့ကြောင့် စုံမက်ခဲ့သည်ကားမဟုတ်။ မည်သည် ကြောင့် ချစ်မိသည်ကိုကား မခွဲခြားတတ်ပြန်။ သို့သော် စောမောင်၏ ဆွေမျိုးအသိုင်းအဝိုင်း နှင့် သူငယ်ချင်းများ တားသည်ကိုပင် စောမောင် မျက်ကွယ်ပြုခဲ့သည်။

mgyoe.com SAMPLE BOOK

"အစ်ကိုစောမောင်. . .။ အရီသာ မျက်လုံးအစုံ မြင်ခွင့်ရမယ်ဆိုရင်လေ အရီ ပထမဦးဆုံးမြင်ချင်သူက အစ်ကိုစောမောင်ပဲ သိလား။ အစ်ကိုစောမောင်က အရီ့လို မျက်မမြင် ဒုက္ခိတမလေးတစ်ယောက်နဲ့ မထိုက်တန်မှန်း သိပါတယ်။ ဒါပေမယ့်လေ. . . အရီ အစ်ကို စောမောင်ကို သိပ်ချစ်တာပဲ"

"အရီ့ကို အစ်ကိုစောမောင် အကြိမ်ကြိမ်ပြောခဲ့ပြီပဲကွယ်။ ကိုယ့်ကိုယ်ကိုယ် မျက် မမြင်တစ်ယောက်ဆိုတဲ့ သိမ်ငယ်မှုမျိုး အရီဘယ်တော့မှ မတွေးပါနဲ့။ အစ်ကိုစောမောင် အရီ့ကို မျက်မမြင်တစ်ယောက်ရယ်လို့ ဘယ်တော့မှ ပစ်ခွာသွားမှာ မဟုတ်ပါဘူးကွယ်။ အရီ့ကို အစ်ကိုစောမောင် တစ်သက်ပန်စာ ရွေးချယ်ခဲ့တာပါ မိန်းကလေးရယ် နော်။ အစ်ကို့ ကို ယုံပါ"

စောမောင်သည် အရီ့နဖူးပြင်လေးအား တစ်ချက်မွှေးကြူလိုက်သည်။ ပုန်းညက် ပင်စည်တွင် ချည်နှောင်ထားသည့် နွားနှစ်ကောင်သည် နှာမှုတ်သံတရှူးရှူးပေး၍ စားမြုံ့ခတ် လျက်ရှိ၏။ စာဝတီးငှက်ငယ်တို့သည်လည်း ပုန်းညက်ပင်ယံထက်ဝယ် ကျီကျီကျာကျာ တီတာ ခွန်းသွဲ့ ချစ်ခွန်းဖွဲ့လျက်နေလေသလော။ အရီတို့အိမ်ကလေးကမူ တိတ်ဆိတ်ခြောက်ကပ်နေ သည်။ မေကြီးမိန်းကလေးနှင့် အရီနှစ်ယောက်တည်းအတွက်မူ ဤသုံးပင်စိုက် ပျဉ်ထောင်အိမ် ကလေးမှာ လိုသည်ထက်ပို၍ ကျယ်ဝန်းနေ၏။ မေကြီးမိန်းကလေးသည် အိမ်၌ ကပ်ရချိန် နည်းသည်။ သည်နယ်တကြောရှိ ရွာကြီးရွာငယ်တို့သည် အရှင်ရိပ် သခင်ရိပ် ခိုကိုးကြသူများ ပေမို့၊ တင်ရန်မြှောက်ရန် ပင့်ဖိတ်ကြသည်က များသည်ကိုး။ မေကြီးမိန်းကလေး ရွာစဉ်လှည့် သလောက်၊ အရီသည် တောက်လျှောက်လိုက်ပါရသည်။ သို့အတွက် အိမ်ဆိုသော်ငြား လူမရှိ သည်က များ၏။

"အစ်ကိုစောမောင်အိမ်ကရော အရီနဲ့ ကြည်ဖြူပါ့မလားဟင်။ အစ်ကို ဘယ်လောက် ပဲ အားမငယ်ဖို့ပြောပြော၊ အရီ့လို ကိုယ်အင်္ဂါချို့ယွင်းသူအတွက် အားငယ်စရာချည်းပါပဲ အစ်ကိုရယ်။ အကယ်၍ အစ်ကို့အိမ်က မကြည်ဖြူကြဘူးဆိုရင်တောင် ဒါဖြစ်သင့်တဲ့ ကန့် ကွက်မှုလို့ အရီ နားလည်လက်ခံနိုင်ပါတယ်"

"အရီ. . . တော်တော့ကွယ်။ အစ်ကိုတို့နှစ်ဦး ရွာစဉ်ခြားတာမို့ ဆုံကြဖို့ ခဲယဉ်း ပါတယ်။ တွေ့သခိုက် ကြည်နူးစရာတွေပဲ ပြောကြစို့လား အရီရယ်။ နော် မိန်းကလေး"

အရီ ခေါင်းညိတ်လိုက်မိသည်။ အရီ့စကားများသည် အစ်ကိုစောမောင်အတွက် လေးလံစေရန် မရည်ရွယ်ပါ။

"မေကြီးမိန်းကလေး ပြန်လာပြီ အရီ။ ဘေးမှာ အမေကြီးတစ်ယောက်လည်း ပါ တယ်"

mgyoe.com

ဒေါ်မိန်းကလေးသည် မျက်နှာမရွှင်။ ပကတိညှိုးငယ်နေ၏။ အလိုမကျခြင်း၊ ညစ် ညူးခြင်းတို့သည် အတိုင်းသား ထင်ဟပ်လျက်ရှိ၏။ မောင်စောမောင်လှည်းကို ဝိုင်းတိုက်တံခါးဝ

ကတည်းက လှမ်းမြင်ပါသည်။ ပုန်းညက်ပင်ရင်းက နွားနှစ်ကောင်ကိုလည်း အဝေးကပင် တွေ့ပါသည်။ မောင်စောမောင်နှင့် အရိုကို မြင်သော်လည်း နှုတ်ဆက်စကား မဆိုမိ။ အိမ်ထဲသို့ ဝင်ရန်သာဟန်ပြင်လေသည်။

mgyoe.com SAMPLE BOOK

ဒေါ်ဗေဒါပျံသည် ဝိုင်းတိုက်အခြေအနေကို မျက်လုံးဝေ့ကြည့်လိုက်သည်။ အိမ်အခင်းအကျင်းကို စေ့စေ့ငုငု စူးစမ်းသည်။ ဝိုင်းတိုက်ထဲတွင် ပေါင်းမိုးလှည်းတစ်စီး ထောက်ရပ်ထားသည်။ နွားနှစ်ကောင်တို့သည် မြုံ့ပေးလျက် သဲမြေပွပေါ်သို့ ခေါင်းစိုက်ထိုးကာ ဦးချိုသွေးလျက်ရှိကြ၏။ ပုန်းညက်ပင်ခြေရှိ ကွပ်ပျစ်ပေါ်ဝယ် လုလင်ငယ်နှင့် လုံမပျိုတစ်ဦး ထိုင်နေသည်ကိုလည်း တွေ့မြင်ရသည်။ ဒေါ်ဗေဒါပျံသည် ဖျတ်ခနဲ လွှဲလိုက်မိသည့် အကြည့်ကို ပြန်လည်သိမ်းယူကာ၊ သည်အကြည့်အား လုံမပျိုထံသို့ စူးစိုက်ပို့လွှတ်လိုက်သည်။ ဒေါ်ဗေဒါပျံသည် လျှော်လှုပ်သကဲ့သို့ တုန်ဟည်းသွားတော့သည်။ တူလိုက်သည့်ဖြစ်ခြင်း။ ထိုသူ၏ မျက်နှာနှင့် တစ်ဆင်တည်း၊ တစ်သွေးတည်း၊ တစ်မျက်နှာတည်းပင် ထင်မှတ်ရ၏။ ထိုသူကား အခြားသူမဟုတ်၊ ဇာတ်မင်းသားကြီး ကြာမြိုင်ပင်တည်း။

"ကြာမှုန်. . . ညည်း ကြာမှုန်မှ ကြာမှုန်ပါအေ"

ဒေါ်ဗေဒါပျံသည် အနှိုလုံမပျိုလေးထံမှ မျက်စိမခွာနိုင်အောင် ရှိလေသည်။ လုံမပျိုလေးကမူ ဒေါ်ဗေဒါပျံအား တစ်ချက်ပင် ငဲ့စောင်း၍ မကြည့်။ လုလင်ငယ်၏ လက်ဖဝါးကို ဆုပ်ကိုင်ထားရင်း တစ်စုံတစ်ရာကို နားစွင့်နေဟန်တူသည်။ ဖြန့်ချထားသည့် ပိတုန်းရောင်ကေသာတို့သည် ခက်နွယ်နက်မှောင်နေ၏။ ဖြူဝင်းအိစက်သော အသားအရေသည် ညက်ညော စိုပြေလှ၏။ နီထွေးဖူးသစ်သော နှုတ်ခမ်းလွှာသည် ဆေးသားမကူပါဘဲ စိုရဲတောက်ရွှန်းကာ လေးကိုင်းသဏ္ဍာန် ကွေးညွှတ်လျက် နဂိုဟန်ကပင် ပြုံးယောင်သမ်းနေချေသည်။ ဒေါ်ဗေဒါပျံ မင်းသားကြာမြိုင်၏မျက်နှာကိုသာ ပြေးမြင်မိတော့သည်။ ကြာမြိုင်သည် မင်းသရုပ်(မင်းသားရုပ်ရည်) အပြည့်ရှိသည်။ ညို့သောမျက်ဝန်း၊ ရွှင်သောမျက်နှာ၊ ခရာသော အပြောတို့ဖြင့် ပရိသတ်အပေါင်းကို ဖမ်းစားနိုင်စွမ်းရှိလှသူ။ သို့သော် ပေပင်ကို ပေသီးကသတ်၊ ဝါးပင်ကို ဝါးပွင့်က သေစေသကဲ့သို့ ကြာမြိုင်၏ ရုပ်ဆင်းအင်္ဂါ ပြည့်စုံခြင်း၊ အပြောခရာခြင်းတို့သည် ကြာမြိုင်ဘဝကို အမည်းစက် စွန်းထင်းစေခဲ့သည်။ ကြာမြိုင်သည် နာမည်နှင့်လိုက်ဖက်စွာပင် ကြာပစ်သည်၊ မြာပွေသည်။ ရည်းစားသနာ ကိစ္စသာမဟုတ်၊ မိန်းမဖောက်ပြန်ခြင်းအရှုပ်၌ပါ တစ်ဖက်ကမ်းခတ်လေသူဖြစ်၏။

"မကြီးမိန်းကလေး. . .။ ဧည့်သည် ပါလာသလား"

ဒေါ်ဗေဒါပျံသည် လုံမပျို၏အသံကို ကနဦး ကြားလိုက်ရသည်။ အေးချမ်းလိုက်သည့်အသံ။ တည်ငြိမ်လိုက်သည့်အသံ။ အသက်သာငယ်ပေသိ ရင့်ကျက်သူကလေးဖြစ်ကြောင်းကို အသံက သက်သေလောင်းလျက် ရှိသည်။ မည်မျှပင် ရုပ်ရည်ချင်းဟပ် အသွင်ချင်းစပ်စေကာမူ အသံသြဇာ၌ကား ကြာမြိုင်နှင့်ကွာ၏။ မိန်းမငယ်လေး၏အသံသည် တည်ကြည်ပြီး သြဇာသံ စွက်သလောက် ကြာမြိုင့်အသံသည် ပြာ၏။ စူး၏။ ကွဲရှ၏။

ထို့နောက် ဒေါ်ဗေဒါပျံသည် လုံမပျိုလေးဘေးမှ လုလင်ငယ်ထံ အကြည့်တို့ စေလွှတ်လိုက်ပြန်သည်။ လုလင်ကား အသက်နှစ်ဆယ်ကျော်ခန့်ရှိဟန်တူသည်။ ထူထဲသော မျက်ခုံး၊ မည်းနက်သော မျက်လုံးတို့ရှိ၏။ ကျယ်ပြန့်သောနဖူးနှင့် ကားစွင့်သော မေးရိုးတို့သည်

mgyoe.com

လှလင်အား သမာသမတ်ကျသူ အဖြစ်လည်းကောင်း၊ ယောက်ျားပီသခြင်း အဖြစ်သို့လည်း
mgyoe.com SAMPLE BOOK
ကောင်း တွန်းပို့လျက်ရှိလေ၏။ နှုတ်ခမ်းမွေး ရေးစစလည်း ရှိသည်။ ညိုမောင်းသော အသား အရေနှင့် ကျယ်ပြောသော ရင်အုပ်၊ ကျစ်လုံးဖွံ့ထွားသော လက်မောင်းအိုးကြီးများနှင့် တည်ကြည် အားကိုးထိုက်သူဖြစ်ကြောင်း သက်သေပင်တည်း။

ဒေါ်မိန်းကလေးသည် အိမ်ထဲသို့ တစူးတစိုက် ရှေးရှုနေရာမှ နောက်ဘက်သို့ ပြန်လှည့်လာသည်။ အရီ့အမေးကို ပြန်ဖြေဆိုခြင်း မပြု။ ဒေါ်ဗေဒါပျံ၏ လက်မောင်းရင်းကိုသာ ဇောင့်ခနဲဆွဲ၍ အိမ်တွင်းသို့ဝင်လေ၏။ မျက်နှာသည်ကား သုန်မှုန်နေဆဲပင်။ ဒေါ်ဗေဒါပျံသည် ဒေါ်မိန်းကလေး၏ ဦးဆောင်ဆွဲခေါ်မှုကြောင့် အိမ်အတွင်းသို့ ဒယဉ်သိုးသီ လိုက်ပါခဲ့ရလေသည်။

စောမောင်မှာမူ ထူးလှသည့် မေကြီးမိန်းကလေး၏မျက်နှာကို အကဲဖမ်းလျက်ရှိသည်။ ဧည့်သည်အမေကြီးကို ဆက်ဆံပုံကား ထူးလှပေစွ။ စိမ်းလှပေစွ။ ဧည့်သည်အပေါ် လိုလား နှစ်မြို့ဟန် စိုးစဉ်းမျှပင်မရှိ။ မတတ်သာ၍ ခေါ် ဆောင်လာခဲ့ရပုံပေါ်သည်။ ဧည့်သည် အမေကြီး၏ အမူအရာတို့သည်လည်း တမူထူးခြားသည်ပင်။ သို့သော် မေကြီးမိန်းကလေး ထူးပုံနှင့်ကား ကွာခြား၏။ ဧည့်သည်အမေကြီးသည် ဦးစွာ အိမ်ဝိုင်းတိုက်တစ်ခုလုံးကို စူးစမ်းသည်။ ပြီးသော် အရီ့အား စူးလက်သော မျက်လုံးအစုံဖြင့် ခြေဆုံးခေါင်းဆုံး အနုလုံပဋိလုံ ခြုံငုံအကဲခတ်ပြန်သေးသည်။ မေကြီးမိန်းကလေးသည် အိမ်ဘက်သို့ လျှောက်နေရာမှ ပြန်လှည့်လာ၍ ဧည့်သည် အမေကြီးအား ဆတ်ခနဲဆွဲခေါ်ကာ အိမ်အတွင်းသို့ သွင်း၏။ စောမောင်သည် အခြေအနေကို သုံးသပ်ကြည့်ရင်း "ငါ့အလုပ် မဟုတ်ပါဘူးလေ" ဟု တွေးကာ မျက်နှာလွှဲလိုက်မိသည်။

မေကြီးမိန်းကလေးသည် ဧည့်သည်အမေကြီးအား အိမ်ထဲ၌ထားပြီးလျှင် စောမောင်နှင့် အရီထိုင်နေသည့် ပုန်းညက်ပင်အောက်ရှိ ကွပ်ပျစ်အနီးသို့ လှမ်းလာသည်။ စောမောင်ကိုလည်း မင်းတိုင်ပင်ရွာဘက်သို့ လာရသည့် အကြောင်းရင်းအား မေးခွန်းထုတ်၍ လောကဝတ်ပြုလေသည်။ မေကြီးမိန်းကလေး၏ဟန်သည် တစ်စုံတစ်ခုအပေါ် စိုးရိမ်မကင်း ဖြစ်နေဟန်တူ၏။ မျက်နှာသည် ညှိုးရော်လျက်၊ မျက်လုံးတို့သည်ကား ခက်ထန်ရိပ်ကလေး ငွေ့နေသည်ကို စောမောင် သတိထားမိသည်။

"အကြောင်းထူး တထွေတရာတော့ မရှိပါဘူး မေကြီးမိန်းကလေး။ ဒီတစ်သုတ်မိုးတစ်ဖြိုက်ကျရင် မြေပဲလေးတွေနှုတ်စရာရှိတာမို့ မင်းတိုင်ပင်ဘက်က ကိုမှတ်စာတို့၊ ကိုထွန်းဘော်တို့လှည်းတွေကိုလည်း လိုက်ပေးဖို့ လာပြောတာပါ။ အရေးကြီးလှတယ်တော့ မဟုတ်ပါဘူး။ သို့ပေမင့် ကြိုပြောထားမှ တော်ကာကျတာမှုတ်လားမေကြီးမိန်းကလေးရဲ့။ အနီးကပ်မှဆို သူခေါ် ကိုယ်ခေါ် နဲ့ အားကြတာမဟုတ်ဘူးလေ။ ဒါ့ကြောင့် ရက်ဦးအောင် ကြိုခေါ်ထားတာ"

စောမောင်၏အဖြေသည် ဆင်သေကို ဆိတ်သရေနှင့်ဖုံးသလိုဖြစ်သွားသော် မတတ်နိုင်ပေ။ အရီ့ကိုလွမ်း၍ မင်းတိုင်ပင်ရွာဘက်သို့ လာခဲ့ရသည့်အကြောင်းကို မေကြီးမိန်းကလေးအား ပြော၍ မဖြစ်သည်မို့ စောမောင် ဆင်ခြေပေးလိုက်ရခြင်းဖြစ်သည်။
mgyoe.com

"အေးကွဲ့ မောင်စောမောင်။ အမောင့်မအေ ရှင်လွန်းဖုံကြီးရော ကျန်းခံရဲ့မှုတ်လား။

မကြီးဖြင့် မရောက်အားတာတောင် ကြာလှပေါ့"

mgyoe.com SAMPLE BOOK

မကြီးမိန်းကလေးသည် စောမောင်ဘေးသို့ နီးသထက်နီးအောင် တိုးကပ်လာသည်။ ပြီးလျှင် စောမောင်နှင့်အရီတို့နှစ်ဦးသာ ကြားနိုင်မည့် သွားကြားလေဖြင့် စကားဆိုလေသည်။

"မောင်စောမောင်. . .။ အရီ့ကို လူလေးတို့ မင်းမျက်ရွာဘက် ခဏခေါ်သွားစမ်းကွဲ့။ ညနေစောင်းမှ လူလေး ပြန်ပို့လှည့်။ မကြီးမိန်းကလေး သွားစရာ လုပ်စရာရှိသေးသမို့ အရီ့ကို ဒီနေ့အဖို့ မစောင့်ရှောက်နိုင်ဘူး။ လူလေး တာဝန်ယူပေးကွယ်"

စောမောင်သည် ဘယ်အတွက်ကြောင့်ရယ်ဖြင့် မပြောနိုင်ပေသိ မကြီးမိန်းကလေး၏ စိတ်လှုပ်ရှားမှုကို သိသည်။ ရေးကြီးသုတ်ပျာ အသွင်ကို အကဲခတ်မိသည်။ အရီ့ကို ရှောင်ထွက်သွားစေချင်နေမှန်းလည်း ရိပ်မိသည်။ သို့သော် အကြောင်းရင်းကိုကား မေးမနေတော့ပေ။ ပုန်းညက်ပင်အောက် ကွပ်ပျစ်ပေါ် မှ ထကာ ပုန်းညက်ပင် ပင်စည်တွင် ချည်ထားသည့် နွားနှစ်ကောင်ကို ဖြုတ်ကာ လှည်းကောက်လေသည်။ ပြီးလျှင် အရီ့ကို လှည်းပေါ်သို့ တက်စေ၏။

အရီသည်လည်း မကြီးမိန်းကလေး၏ လေယူလေသိမ်းကို ထောက်ဆ၍ အကြောင်းထူး တစ်စုံတစ်ရာရှိနေပြီကို ပါးရေနပ်ရေရှိသူပီပီ ရိပ်ဖမ်းသံဖမ်း ရှိပါသည်။ မကြီးမိန်းကလေး၏ ဆန္ဒအမှန်ကို သိသဖြင့်လည်း အစ်ကိုစောမောင်နှင့်အတူ လိုက်သွားရုံသာ။ သာမန်အချိန်တွင် အစ်ကိုစောမောင်နှင့် နှစ်ကိုယ်တူယှဉ်၍ လှည်းယဉ်ကြော့များ စီးရမည်ဆိုလျှင် ဝမ်းပန်းတသာ ရေဆုံးမြေဆုံးအထိ လိုက်မိပေလိမ့်မည်။ ယခုမူကား အစ်ကိုစောမောင်နှင့်အတူ လိုက်ပါရမည့် အရေးကို များစွာ နှစ်ထောင်းဝမ်းသာ မရှိသည့်အပြင် စိုးရိမ်ပူပန်စိတ်များပင် ဝင်မိသေးတော့၏။ အရီ မကြီးမိန်းကလေး၏ အသံအနိမ့်အမြင့်၊ အတက်အကျပေါ်မူတည်၍ သည်အရေးသည် အရေးကြီး၏၊ မကြီး၏။ သည်အခင်းသည် လျှို့ဝှက်သင့်၏ မသင့်၏ကို နားလည်သည်။ အကြားဖြင့် အာရုံခံရသူတစ်ယောက်အတွက် အသံကပြောသော ဘာသာစကားတို့ကို နားလည်ရန် မခက်ခဲပေ။ အရီသည် အစ်ကိုစောမောင်နှင့် လိုက်ရချိန်တွင် မကြီးမိန်းကလေးကိုပါ တစ်ခါတည်း လိုက်ပါရန် ခေါ်မိသည်။

ဒေါ်မိန်းကလေးသည် တစ်ပါတည်းလိုက်ပါရန် မဖြစ်သေးကြောင်းကို အရီ့အား လှည့်ကာပတ်ကာ ဖြေလိုက်ရသည်။ မုသားသုံး၍ အပြစ်သင့်မည်ဆိုလည်း သင့်ပါစေတော့။ ဗေဒါပျံ့ထံ မည်သည့်သဲလွန်စမျှ အပါမခံနိုင်။ ဗေဒါပျံ့သည် အရီ့အား တွေ့ဆုံ စကားပြော၍ မဖြစ်။ ဗေဒါပျံ့၏ မူလဗီဇသည် စူးစူးစမ်းစမ်း စပ်စပ်စုစုရှိသလို၊ နှုတ်လုံသူမဟုတ်။ ဒေါ်မိန်းကလေးအား မည်သို့ပင် ကတိကဝတ်ပေးထားစေကာမူ အရီနှင့် စကားလက်ဆုံကျမိသွားလျှင် စကားဦးကျွံမသွားဟု အာမ မခံနိုင်။ ဗေဒါပျံ့၏ နှုတ်သည်ကား ဘူးပေါက်တစ်ရာထက် ကြောက်ဖို့ကောင်းသည်။ သည်မှတစ်ဆင့် စကားတွေကျွံကုန်လျှင် မီးခိုးကြွက်လျှောက် လိုက်တော့မည်။ အရီသည် ဒေါ်မိန်းကလေး၏ ဘဝဖြစ်သည်။ အသက်ဖြစ်သည်။ နာကြည်းမှုများကြားမှ ခဲရာခဲဆစ် မွေးမြူစောင့်ရှောက်ခဲ့ရသည့် ဤမိန်းကလေးအား ဆုံးရှုံးမခံနိုင်။ လက်လွှတ်မပေးနိုင်။ ဒေါ်မိန်းကလေး၏မျက်လုံးအိမ်ထဲဝယ် ကိုလေပြေမျက်နှာ ပေါ်လာသည်။ သူမ၏ ဖြစ်သူ မြပန်းရုံ၏မျက်နှာလေး ထင်ဟပ်လာသည်။ ချစ်မြတ်နိုးရသူများသည် ဒေါ်မိန်းကလေး၏

mgyoe.com

ဘဝထဲမှ တစ်ယောက်ပြီးတစ်ယောက် ခွဲထွက်သွားကြသည်။ ဒေါ်မိန်းကလေးသည် အရှုံး
mgyoe.com SAMPLE BOOK
မီးဝိုင်းသည့်နှယ် ဆောက်တည်ရာမရ ဖြစ်ခဲ့ရ၏။ ရင်ကွဲပက်လက် ကျန်ရစ်ခဲ့ရ၏။ အရီသည် ဒေါ်မိန်းကလေးအတွက် တစ်မျှင်တည်းသောနွယ်။ တစ်ကြိုးတည်းသော သံယောဇဉ်။ မည်သည့်ပယောဂ အဟန့်အတားကြောင့်မှ အဝေးမခံနိုင်တော့ပေ။ ထို့ကြောင့် မောင်စောမောင်၏လှည်းကို အစောတလျင် ထွက်ခိုင်းလိုက်သည်။

စောမောင်သည် အိမ်ဘက်သို့လှည့်ထားသည့် လှည်းဦးကို ရွာလမ်းမဘက်သို့ ဦးတည်မိစေရန် အလှည့်ဘက်မှ နွားကို ကြိုးတင်းလျက် အတိုင်ဘက်မှနွားကို နကန်ဖြင့် တစ်ချက်တို့လိုက်သည်။ နွားသည် ခြုသံတချွင်ချွင်ပြုလျက် မြူးလေ၏။ ပွဲဝင်တော့မည့် သူရဲကောင်းသဖွယ် မြီးတံကို မြှောက်ကာ လည်တံကြော့ကြော့ ဦးကင်းမော့နေလေ၏။ သခင်၏ အမိန့်ကို စောင့်ဆိုင်းနေချိန်တွင် နကန်ချက်ကြောင့် ခွာမြှောက်လျက် ကဆုန်စိုင်းနှင်လေ၏။

"ဟဲ့ သူငယ်. . . ဟဲ့ သူငယ်. . . ငါ့ကို စောင့်စမ်းကွဲ့. စောင့်စမ်းကွဲ့."

ဒေါ်ဗေဒါပျံသည် အိမ်ထဲတွင် ထိုင်နေရင်း ပုန်းညက်ပင်အောက်မှ ဒေါင်းမြရီ၊ လုလင်ငယ်နှင့် လုံမပျိုတို့အား မျက်လုံးဒေါက်ထောက်ကာ ကြည့်နေမိသည်။ ဒေါင်းမြရီသည် လုလင်အား လုံမပျိုကို တင်ဆောင်ကာ ဤအိမ်ရိပ်မှ ထွက်ခွာရန် ပြောလိုက်သည်ထင်၏။ လုလင်ကား ချက်ချင်းပင် နွားကောက်ကာ လုံမပျိုအား လှည်းပေါ်သို့ တင်ဆောင်လေသည်။ ဒေါ်ဗေဒါပျံသည် နတ်ကွန်းမှ ဒေါင်းမြရီအိမ်သို့တိုင် နေပူစပ်ခါးထဲတွင် ခြေကျင်လျှောက်ခဲ့ရသဖြင့် အိုက်စပ်ပူလောင်နေသည်။ အိမ်ကြမ်းပြင်ပေါ်တွင် အသင့်တွေ့သည့် အုန်းရွက်ဖြင့် ရက်ထိုးထားသည့် အုန်းလက်ယပ်တောင်လေးကို ကောက်ယူကာ တဖျပ်ဖျပ်လေသွင်းရင်း လေညှင်းခံလျက်ရှိ၏။ ထိုအခိုက်တွင် လုလင်သည် လှည်းဦးလှည့်ကာ မောင်းထွက်တော့မည့်ဟန်ပြုသဖြင့် ဒေါ်ဗေဒါပျံသည် အုန်းလက်ယပ်တောင်ကို ချိုင်းကြားတွင်ညှပ်လျက် လှည်းရှိရာဆီသို့ ကသောကမျော ပြေးထွက်ခဲ့ခြင်းပင် ဖြစ်လေသည်။ နှုတ်မှလည်း လုလင်အား စောင့်ရန် အော်ဟစ်လျက်ရှိ၏။

"ညည်း ဘာလုပ်ဦးမလို့တုံး ဗေဒါပျံ"

"ငါ လှည်းကြုံရှိတုန်း ငါ့သမီးဩတာတင့် ကမယ့်ရွာကို လိုက်သွားတော့မယ် မိမိန်းကလေး။ ငါ ညည်းအိမ်မှာ ခရီးတစ်ထောက် မနားတော့ဘူး။ ဟဲ့ သူငယ်. . . မင်း မေကြီးဗေဒါကို ရွှေပြည်စိုးရွာအထိ လိုက်ပို့ပေးစမ်းကွဲ့."

"ညည်း လိုက်လို့မရသေးဘူး ဗေဒါပျံ။ နေစောင်းမှပြန်။ ငါ ရွာထဲက လှည်းတစ်စီးစီစဉ်ပေးမယ်။ ရွှေပြည်စိုးရွာထိ ရောက်အောင်လည်း ငါ လိုက်ပို့ခိုင်းလိုက်မယ်။ ရောက်တုန်းရောက်ခိုက် အေးအေးလူလူ စကားပြောကြသပေါ့အေ"

"နေပြိုတဲ့အထိ ငါမနေတော့ဘူး မိန်းကလေး။ ငါ့သမီး ငါ့ကို မျှော်နေရော့မယ်အေ့။ လှည်းလည်း ကြုံနေပေါ့ အတူလိုက်သွားတော့ ဘာဖြစ်သတုံးအေ။ ညည်း တကန်တကလှည်းစီစဉ်ပေးစရာ မလိုတာပေါ့။ ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့ မိမိန်းကလေးရယ်။ စိတ်ချလက်ချ နေရစ်ခဲ့ပါအေ့။ ညည်းတွေးပူတဲ့အရာတွေ ငါ့ကြောင့်တော့ ဘာမှဖြစ်မလာစေရပါဘူး"

mgyoe.com

ဒေါ်ဗေဒါပျံသည် ဒေါင်းမြရီအား အတင်းနှုတ်ဆက်ကာ လှည်းဆောင်ပန်းအိမ်၏

mgyoe.com SAMPLE BOOK

နောက်မြီးပေါ်သို့ စွေ့ခနဲ တက်ထိုင်လေသည်။ အုန်းလက်ယပ်တောင်ကြီးကိုပင် တဖြန်းဖြန်း ဆင့်ကာဆင့်ကာ ခတ်လိုက်သေးသည်။ ဒေါ်မိန်းကလေးမှာမူ ဒေါ်ဗေဒါပျံ၏ စိတ်ထင်ရာ လုပ်ဆောင်နေမှုများအပေါ်တွင် ကြိတ်မနိုင်ခဲမရ ဖြစ်လျက်ရှိ၏။ ဗေဒါပျံသည် ငယ်စဉ်က တည်းက ထိုသို့ပင်။ လုပ်မည်ဆိုလျှင် သင့်၏ မသင့်၏ စဉ်းစားသူမဟုတ်။ သည်ခရီး သည်ထီးနဲ့ တော်သဟဲ့၊ သည်အရပ်ကတော့ သည်ဖိနပ်နဲ့ သင့်သဟဲ့၊ သည်စခန်း သည်ပန်းနဲ့မှ ပန်တင့် သဟဲ့ရယ်လို့ ဆင်ခြင်တွေးဆသူမဟုတ်။ စိတ်နောက် ကိုယ်ပါရင်း မှားခဲ့သည့် အမှားများသည် လည်း ဒုနဲ့ဒေး။ ဤသည်ကိုပင် သင်ခန်းစာယူ ဆင်ခြင်တတ်သည့် မိန်းမမျိုး မဟုတ်ပေ။

စောမောင်မှာမူကား ခွာမြှောက်နေသည့် နွားများအား စုတ်သပ်ချော့မြှူထားကာ၊ မေကြီးမိန်းကလေး၏ အဆုံးအဖြတ်ကို စောင့်ဆိုင်းနေမိသည်။ အရီကတော့ ငြိမ်သက်စွာ ထိုင်နေဆဲပင်။ ဤအမျိုးသမီးကြီးသည် သူ့ကိုယ်သူ မေကြီးဗေဒါဟု သုံးစွဲပြောဆိုသည်။ မေကြီးဗေဒါသည် မည်သူနည်း။ မေကြီးမိန်းကလေးနှင့် မည်သို့ ပတ်သက်ဆက်နွယ်နေဘိ သနည်း။ မေကြီးမိန်းကလေးကရော သူတို့နှစ်ဦး၏ ဆက်နွယ်မှုအား အရီ့ကို မသိစေချင်၍ အစ်ကိုစောမောင်နှင့်အတူ မင်းမျက်ရွာဘက်သို့ ထည့်လေသလော။ အရီ မတွေးတတ်တော့ ပေ။ အရီနှင့်တော့ မဆိုင်စကောင်းဟုသာ အောက်မေ့မိရင်း မေကြီးမိန်းကလေး၏ တုံ့ပြန်သံ ကိုသာ နားကြားပန်ဆင်ရန် အသင့်ရှိမိတော့၏။

"ကိုင်း မောင်စောမောင် . . .။ သည်မိန်းမကို ရွှေပြည်စိုးရွာအထိသာ လိုက်ပို့ လိုက်ပါတော့ကွယ်။ မင့်နှမ ခင်ထားရီကိုတော့ မင့်အိမ်မှာပဲ ချထားခဲ့လိုက်ပေ့ါ"

ဒေါ်မိန်းကလေးသည် အရီ့အား လှည်းပေါ်မှ မဆင်းခိုင်းမိတော့။ ပြောပြီးသား စကားရှိသည်မို့ လူကြီးစကား တည်ချင်မိသည်။ ဗေဒါပျံအား "ညည်းကတိ ညည်းတည်ပါစေ နော်" လို့ ခပ်ကြိတ်ကြိတ် မှာလိုက်သည်။ စောမောင်သည် မေကြီးမိန်းကလေး၏ ခွင့်ပြုချက် ရပြီမို့ လှည်းကို မောင်းထွက်ခဲ့တော့သည်။ နွားများမှာမူ သခင်က ကြိုးလျှော့လိုက်သည်နှင့် လေးညို့မှ ပစ်ခွင်းလိုက်သည့် မြားတံနှယ်၊ လျင်စွာသော အဟုန်ဖြင့် ခွာကိုမြှောက်လျက် ကဆုန်ပေါက် ထွက်ခွာလေတော့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၆

“သေလာယ ကျောက်တိုင်၊ ရေဆိုင်၍တိုးတော့၊ ကိုးနန္ဒ ကျက်သရေ၊ ကမ်းပါး လေသွေးတော်မူစမ်း“

လှည်းသည် ကျွဲမရဲချောင်းကမ်းနဖူးမှ ညောင်မုတ်ဆိတ်ပင်ကြီးအနီးသို့ ရောက်လာသည်။ ချောင်းပြင်အတွင်းဝယ် ချောင်းသဲဖြူလွလွတို့သည် ငွေကောဇောကြီး ခင်းကျင်းထားသကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။ လှည်းလမ်းတစ်ဖက်တစ်ချက်တွင်ရှိသည့် ကောက်ပင် သီးပင်တို့သည် ကောက်စိမ်းနံ့ လှိုင်နေ၏။ စိမ်းရွှေ့ရွှေ့ရနံ့ရှိသည့် ဘောက်ဖတ်ပင်၏ ရနံ့သည်ပင်ဝန်းကျင်မှ လေကို လတ်ဆတ်စေ၏။ ယာမြေပေါ်ဝယ် မြေပဲပင်တို့သည် ခပ်ဝပ်ဝပ်ရှိသည့် အပင်က ရှိ၏။ ငွားငွားစွင့်စွင့်နှင့် မတ်ထောင်နေသည့် အပင်ကလည်း ဝံ့ကြွားနေ၏။ နေအပူကို အန်တုကာ စိမ်းမြသော အရောင်ဖြင့် မျက်စိအပူကို ငြိမ်းစေ၏။ ရင်တွင်းအပူကို သက်သာစေ၏။

သို့သော် ဒေါ်ဗေဒါပျံ၏ ရင်တွင်း၌မူ အေးမြခြင်းမရှိ။ တည်ငြိမ်ခြင်း မရှိ။ ပြင်းစွာလှုပ်ခတ်လျက်ရှိသည်။ အိမ်မှ ထွက်စဉ်ကတည်းကပင် နှုတ်ဆိတ်လာခဲ့ရသော ဒေါ်ဗေဒါပျံသည် မနေတတ်တော့ပေ။ မူလဓာတ်ခံက စကားဖောင်ဖွဲ့လိုသူဖြစ်သည့် အားလျော်စွာ တိတ်ဆိတ်နေခြင်းကို မနှစ်ပြို့။ သူမနှင့် မျက်နှာချင်းဆိုင်အရပ်တွင် ထိုင်နေသည့် လုံမပျိုသည် သူမအား ယောင်လို့မျှ စောင်းငဲ့မကြည့်။ နေစိမ့်ရန်ကော၊ ထည်ဝါရန်ကော ရယ်လို့ပင် ဒေါ်ဗေဒါပျံ၏ ရင်တွင်း၌ မှတ်ချက်ပေးမိသည်။

“ညည်း နာမည် ဘယ်လိုခေါ်သတုံးအေ့. . . ”

“ခင်ထားရီ”

ဒေါ်ဗေဒါပျံ၏ အမေးကို လုံမပျိုက တိုပြတ်စွာဖြေသည်။

mgyoe.com

"အသက်ကရော ဘယ်လောက်ရှိပတုံး"

mgyoe.com SAMPLE BOOK

"ဆယ့်ငါးနှစ်"

ဒေါ်ဗေဒါပျံသည် ရက်၊ လ၊ နှစ် သက္ကရာဇ်တို့ကို လက်ချိုးတွက်ဆကြည့်မိသည်။ တစ်ဆယ့်နှစ်နှစ်တင်းတင်းပင် ရှိခဲ့ချေပြီတကား။ ဤလုံမငယ်ကလေး၏ ငယ်စဉ်ဘဝသည် သုံးနှစ်သမီးအရွယ်ထိ ဒေါ်ဗေဒါပျံ၏ ချိုပိုးချော့မြူခြင်းဖြင့် ကုန်လွန်ခဲ့ရသည်။ လုံမငယ်ကလေးကား မှတ်မိဟန်မရှိ၊ စိမ်းသက်လွန်းသည်။ သုံးနှစ်သမီးဟူသော အရွယ်သည်များစွာ နုငယ်လွန်းသည် မဟုတ်လား။ သို့သော် ဒေါ်ဗေဒါပျံ၏ မျက်လုံးထဲတွင်မူ အခုတွေးလျှင် ခုပင် မြင်လေသည်။ သည်ကလေးမသည် "ပဒုမ္မာ" ဇာတ်သဘင်ထဲတွင် ရှိသမျှ ဇာတ်အဖွဲ့သားအားလုံး၏ အချစ်တော်ကလေး။ မိခင်နို့စို့ချိန်နှင့် အိပ်ချိန်မှလွဲလျှင် သူတစ်ခါချီ ငါတစ်ခါပွေ့ဖြင့် အဖွဲ့သားတို့၏ လက်အတွင်း၌ပင် တီတီတာတာ ရှိခဲ့ရသည်။ ငိုကြီးချက်မ ငိုကြွေးလျှင် ချော့မြူမည့်သူတို့သည် အရန်သင့်။ ဤမျှထိ ဘဝပေးကံကောင်းခဲ့သူကလေး။ သို့သော် သူကလေး၏ ဇာတာ စန်းလာဘ် ထွန်းပချိန်သည် သုံးနှစ်သမီးအရွယ်လေး၌ အဆုံးသတ်ခဲ့ရတော့သည်။

ထို့နေ့က မတ္တရာနယ်ဘက်တွင် ဘုရားပွဲတစ်ပွဲရှိသည်။ နယ်သူနယ်သားတို့သည် ဇာတ်သဘင်ကို ချစ်မြတ်နိုးကြသည့် အားလျော်စွာ ပဒုမ္မာဇာတ်သဘင်ကြီးကို ထိုဘုရားပွဲ၌ ကပြသုံးတော်ခံရန် ပွဲငှားရမ်းခဲ့သည်။ သို့သော် မိုးသည် သုံးရက် သုံးည ဆက်တိုက် သည်းထန်စွာရွာသဖြင့် ပဒုမ္မာဇာတ်တစ်ဖွဲ့လုံးသည် ပွဲမကဖြစ်ကြ။ ကျောင်းထိုင်ဆရာတော်ကြီးက "ပွဲကူးမရှိလျှင် မိုးပြတ်တဲ့အထိနေပါ။ စားဖို့သောက်ဖို့အတွက် မပူကြပါနဲ့။ ဘုန်းကြီး တာဝန်ယူပါတယ်" ဟု မိန့်သဖြင့် ထိုနေရာ၌ပင် သောင်တင်နေခဲ့ကြရ၏။ အဆက်မပြတ် စွေဖြိုးနေသည့်မိုးသည် ညာတာခြင်းကင်းစွာ မိုးသီးများပြိုကျသည်အထိ ရွာသွန်းလေ၏။ တတိယမြောက်နေ့တွင်လည်း မိုးသည် ရေနှစ်ရက်နည်းတူပင် နေ့နေ့ညည စွေဖြိုးမြဲ။ ညဦးနက်သန်းခေါင် တိုင်အောင်မစဲ။

သုံးနှစ်သမီးကလေးသည် ထိုအခြေအနေများအား ဘာမျှမသိရှာ။ ဇာတ်ခုံနောက်ဘက်တွင်ရှိသည့် ဇာတ်သူဇာတ်သားတို့ ယာယီနေထိုင်ရာ ကပ်ပိအတွင်းဝယ် နှစ်ခြိုက်စွာ အိပ်ပျော် နေခဲ့ပေသည်။ အပြစ်ကင်းလှသည့် ပီတိကလေးငယ်လေး။ သို့သော် ယင်းကလေးငယ်လေးသည် ထိုည၌ပင် အာယာတမီးညွှန့်မီးခက်တို့ကြားဝယ် လောင်မြိုက် မီးသင့်ခဲ့ရပေသည်။

ဒေါ်ဗေဒါပျံ ခေါင်းကိုတွင်တွင် ခါရမ်းလိုက်သည်။ သူမသည် ဤအဖြစ်ဟောင်းသနစ်ဟောင်းများအား မည်သူ့ကိုမှ ပြော၍မဖြစ်။ အထူးသဖြင့် ခင်ထားရီဟူသော သူမရှေ့မှ လုံမပျိုလေးအား မဖွင့်ဟမိအောင် စောင့်ထိန်းရပေတော့မည်။ ဒေါ်ငါးမြရီအား ကတိကဝတ်တို့ ပေးခဲ့သည်မဟုတ်လား။ လုံမပျိုသည် လှည်းဆောင်ပန်းအိမ်အလယ်မှ ရှေ့ဘက်သို့ တိုးရွေ့သည်။ လက်ချောင်းကလေးများသည် ဆောင်ပန်းအိမ်အတွင်းခင်းထားသည့် သင်ဖြူးဖျာကလေးပေါ်ကို စမ်းသပ်ကိုင်တွယ်လျက်ရှိ၏။ ဆောင်ပန်းဦးတွင်ထိုင်ကာ လှည်းမောင်းနေသည့် လုလင်အနားသို့ရောက်မှ တိုးရွေ့ခြင်းကို ရပ်တန့်လေသည်။

ဒေါ်ဗေဒါပျံ သိလိုက်ပါပြီ။ ခင်ထားရီသည် စက္ခုနှစ်ကွင်း အလင်းမရရှာသူ သူကလေးပင်တည်း။ ဒေါ်ဗေဒါပျံရင်ထဲဝယ် "သနားလိုက်ပါဘိတော့လား ကြာမှုန်လေးရယ်"

mgyoe.com

ဟု ရေရွတ်ညည်းတွားမိတော့သည်။ ဖြစ်ခဲ့သမျှအကြောင်းတရားတို့၏ ဤအကျိုးဆက်တို့သည် ဒေါ်ပေဒါပျံ၏ အပြစ်ရော ကင်းစင်ပါရဲ့လား။ မကင်းနိုင်ပေ။ သူမကိုယ်တိုင် အဓိက ပါဝင် ပတ်သက်ခဲ့သူ မဟုတ်ပါလား။ ခင်ထားရီကိုကြည့်ရင်း စီးဆင်းသွယ်ကျလာသည့် မျက်ရည် မြစ်နှစ်သွယ်အား ဒေါ်ပေဒါပျံသည် လက်ခုံဖြင့် ပွတ်သပ်သုတ်ချပစ်လိုက်၏။ ထို့နောက် ဒေါ်ပေဒါပျံသည် သူမဝတ်ဆင်ထားသည့် အပေါ်ထပ်ချည်အင်္ကျီကလေး၏ ဘေးအိတ်အတွင်း သို့ လက်လျှိုသွင်းလိုက်ကာ တစ်စုံတစ်ခုသော အရာလေးကို ထုတ်ယူကိုင်တွယ် ကြည့်မိတော့ သည်။

ဒေါ်ပေဒါပျံသည် ထိုအရာဝတ္ထုလေးအား တယုတယ ထုတ်ယူကာ၊ ညင်ညင် သာသာ ဖြန့်လိုက်လေ၏။ အဖြူရောင် လက်ကိုင်ပဝါလေး တစ်ထည်ပင်တည်း။ လက်ကိုင် ပဝါလေးသည် နှစ်ဌာန်းကြာရှည်စွာ သိမ်းဆည်းခြင်း ခံခဲ့ရ၍ ထင်သည်။ တွန့်ခေါက်ကြေမွ၍ အသားကျနေသည့် ခေါက်ရိုးကြောင်းများအကြားတွင် ဝါကြန့်ညစ်ထေးနေလေပြီ။ မိုးညှင်း ကွက်ကဲ့သို့သော အမည်းအစက်အပြောက်တို့သည်လည်း စွဲထင်နေလေပြီ။ သို့သော် ဒေါ်ပေဒါ ပျံသည် ယင်းပဝါလေးအား တမြတ်တနိုး သိမ်းဆည်းထားခဲ့သည်မှာ ဆယ့်နှစ်နှစ်တိုင်တိုင် ရှိခဲ့ချေပြီကော။ ဒေါ်ပေဒါပျံအပေါ် ကျောရရုံကျန်ခဲ့သူ၊ သို့သော် ဒေါ်ပေဒါပျံကမူ တစ်စွဲတလမ်း မြတ်နိုးခဲ့ရသူ၏ ပဝါဖြူလေးပင်ဖြစ်တော့သည်။

စီးကျလာသော မျက်ရည်မြစ်နှစ်သွယ်ကို ယင်းပဝါဖြူလေးဖြင့် သုတ်လိုက်သည်။ ဒေါင်းမြရီသည် ဤလုံမပျိုလေးအား ခင်ထားရီပါဟု မည်သို့ပင်ပြောစေကာမူ လုံမပျိုလေး၏ ရုပ်အဆင်းသည် အမှန်တရားအပေါ် မည်သို့မျှ ထိန်ချန်ဖုံးကွယ်နိုင်စွမ်း မရှိချေ။ ပဒုမ္မာ မိသားစု၏ တစ်ဦးတည်းသော နောက်ဆုံးမျိုးဆက်ဆိုသည်မှာ ကျိန်းသေသည်။ သုံးနှစ်သား အရွယ်ထိ ဒေါ်ပေဒါပျံ၏ လက်ပေါ်ဝယ် ချော့မြူထွေးပွေ့ခဲ့ရသည့် ကြာမှုန်ကလေးဖြစ်ကြောင်း ကို ဒေါ်ပေဒါပျံသည် တပ်အပ်သိသည်။ ထိုမိန်းကလေးသည် မည်သည့်အတွက်ကြောင့် မျက်စိနှစ်ကွင်း အလင်းမဲ့ခဲ့ရှာလေသည်မသိ။ တစ်ထီးတစ်နန်းနှင့် စံမြန်းရမည့် ဤလုံမငယ် လေးသည် ယခုမူကား ဆင်းရဲခြင်းအတိ ပြည့်နှက်နေသည့် ဒုက္ခတွင်းဝယ် နစ်ဆင်းနေရချေပြီ။ အာယာတတို့၏ ဆုံမှတ်သည် အပြစ်ကင်းလှသူကလေးအပေါ် စုပြုံကျရောက်ရခြင်းအား ဒေါ်ပေဒါပျံ ရင်နင့်နောင်တ ရမိလျက်ရှိ၏။ သို့သော် ပြင်ဆင်ခွင့် မရှိတော့ချေ။ ထိုလုံမငယ်၏ ဘဝသည် အတ္တတို့၏ စေစားမှုနောက်ဝယ် လောင်တိုက်သွင်းခံခဲ့ရချေပြီတကား။

အရီသည် အစ်ကိုစောမောင်အနားသို့ တိုးကပ်ကာ မင်းမျက်ရွာတွင် မနေခဲ့ဘဲ ရွှေပြည်စိုးရွာအထိ လိုက်ပါလိုကြောင်း ခွင့်ပန်လိုက်သည်။ အမှန်တွင် အရီသည် လှည်းဆောင် ပန်းဦးရှိ အစ်ကိုစောမောင်၏အနီးသို့ အကြောင်းမဲ့ တိုးကပ်ခဲ့သည် မဟုတ်ချေ။ အရီ၏ အမြင်အာရုံသည် မည်သို့ပင် ကွယ်ပျောက်စေကာမူ တစ်စုံတစ်ဦးသော လူပုဂ္ဂိုလ်သည် အရီ့ အားစူးစိုက်စွာ ကြည့်နေကြောင်းကို အလိုလို ခံစားမိနေသည်။ ထိုလူပုဂ္ဂိုလ်သည်ကား အခြား သူမဟုတ်။ မကြီးပေဒါပျံဖြစ်ကြောင်းကိုလည်း အရီ ကောင်းစွာသိသည်။ မကြီးပေဒါသည် မည်သည့်အတွက်ကြောင့် အရီ့ကို စိုက်ကြည့်နေဘိသနည်း။ မကြီးပေဒါသည် မကြီး မိန်းကလေးနှင့်အတူ အရီတို့အိမ်သို့တိုင် ဆိုက်ဆိုက်မြိုက်မြိုက် လိုက်ပါလာပြီးမှ အစ်ကိုစော မောင်၏ လှည်းထွက်သည်နှင့် အလျင်စလို ပြေးထွက်လာပြီး မကြီးမိန်းကလေး တားဆီး

mgyoe.com SAMPLE BOOK

mgyoe.com SAMPLE BOOK

နေသည့်ကြားမှပင် လှည်းကြုံလိုက်စီးခဲ့သည့် အဖြစ်မှာလည်း ထူးဆန်းသည်။ မေကြီးမိန်းကလေးနှင့် မေကြီးဗေဒါတို့ကြားတွင် မည်သို့သော အကြောင်းတရားတို့သည် ဖွဲ့တည်ယှက်နွယ်နေလေသလော။ အရိုတွေးရင်းပင် အာရုံတို့ နောက်ကျိရှုပ်ထွေးလာ၏။ ထို့ပြင်တဝ မေကြီးဗေဒါသည် အရို့အား စူးစိုက်ကြည့်နေသည်ဟု ခံစားရသဖြင့်လည်း အစ်ကိုစောမောင်အနီးသို့ တိုးကပ်ခဲ့ခြင်း ဖြစ်လေသည်။

"လမ်းက ကြမ်းသကွယ်။ လှည်းဆောင့်တာ ခုန်တာတွေနဲ့ အရို ခရီးပန်းမှာဖြင့် အစ်ကိုစောမောင် စိုးမိရဲ့။ အရို ပင်ပန်းခံနိုင်လို့ လိုက်ချင်သပဆိုရင်ဖြင့် လိုက်ခဲ့ပါ။ ရွှေပြည်စိုးရွာက အပြန်ကျ အစ်ကိုစောမောင်လည်း စကားပြောဖော်ရတာပေ့ါ"

စောမောင် အရို၏ခွင့်ပန်ခြင်းကို လက်ခံခွင့်ပြုလိုက်ရသည်။ မင်းမျက်ရွာတွင်ရှိသည့် စောမောင်တို့အိမ်ဝယ် နားနားနေနေ နေရစ်ခဲ့စေချင်သည့်တိုင်၊ အရိုကမူ ကျန်ခဲ့ချင်ပုံမပေါ်။ ဟုတ်လည်း ဟုတ်ပေလိမ့်မည်။ စောမောင်၏ မိသားစုဝင်များနှင့် မည်မျှပင် ကျွမ်းဝင်ရင်းနှီးသည်ဆိုစေဦးတော့၊ အရို့ခမျာ အနေကြပ်ရှာပေလိမ့်မည်။ သို့ကြောင့်လည်း ခွင့်ပြုခေါ် ဆောင်ခဲ့ခြင်းဖြစ်ပေသည်။

"ဟဲ့ သူငယ်၊ မင်းကရော လုံမလေးနဲ့ ဘယ်လိုပတ်သက်သတုံးကွဲ့။ ဘယ်သူ့ကိုမှ အယုံအကြည်မရှိတဲ့ ရှင်မိန်းကလေးကတောင် လုံမလေးကို သူငယ့်လက်ထဲ စိတ်ချလက်ချ ဝကွက်အပ်ပုံထောက်တော့ တော်ရုံရင်းနှီးမှုမျိုးဖြင့် ဟုတ်အံ့မထင်ပေါင်"

"သာမန်မိတ်ဆွေတွေပါပဲ မေကြီးဗေဒါ။ အရို့ကို ကျုပ်နှမကလေးဆိုတဲ့စိတ်နဲ့ စောင့်ရှောက်ပေးတာပါ"

စောမောင်သည် တိုတိုပြတ်ပြတ်သာ ချန်လှပ်၍ ဖြေလိုက်သည်။ ဤမျှထိ ခရေစေ့တွင်းကျ စူးစမ်းလွန်းလှသော မေကြီးဗေဒါအား မနှစ်မြို့မိပေ။ သို့ရာတွင် တစ်ဖက်ကလည်း ပဟေဠိဆန်လှသော မေကြီးဗေဒါအပေါ် စိတ်ဝင်စားမိသည်။ မင်းတိုင်ပင်ရွာသို့ ရုတ်တရက် ပေါက်ချလာပြီး စောမောင်၏ လှည်းကြုံကိုစီး၍ ဆိုင်းမဆင့် ဗုံမဆင့် ကောက်ကာငင်ကာ ထပြန်ခဲ့သူ။ လှည်းထွက်ကာနီးအချိန်တွင် မေကြီးမိန်းကလေးက "ညည်းကတိ ညည်းတည်ပါစေနော်" ဟုပင် မှာလိုက်သေးသည်။ ဤအမျိုးသမီးကြီး နှစ်ယောက်ကြားတွင် အဘယ်မည်သော ကတိကဝတ်တို့သည် တင်းကြပ်ချည်နှောင်နေဘိသနည်း။ စောမောင် စဉ်းစားရကြပ်လှသည်။ အရို့ရင်ထဲတွင်လည်း အလိုမကျခြင်း၊ နားမလည်နိုင်ခြင်း၊ ပဟေဠိဆန်ခြင်း၊ ရှုပ်ထွေးနောက်ကျိခြင်းတို့သည် လွန်းထိုးသကဲ့သို့ ပြန်ချည်လှန်ချည် ကူးလူးယှက်ငင်နေလေ၏။

နေစွယ်သည် တစ်စတစ်စ ကျိုးကျလာခဲ့ပြီ။ စောမောင်၏ ပေါင်းမိုးလှည်းလေးသည်လည်း ရွှေပြည်စိုးရွာအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာချေပြီ။ တစ်နေကုန် ရှိန်းရှိန်းထခဲ့သော အပူကြောင့် သဲဆန်သော အညာဒေသ၏ မြေကြီးသည် နဂိုရှိရင်းစွဲထက်ပင် ပို၍ ပွယောင်းနေပေသည်။ နေစွယ်ကျိုးစ ဆည်းဆာလေပြေ၏ ကလူကျီစယ်ဆော်သွေးမှုကြောင့် လှပ်ခနဲလွှာခနဲ လွင့်ပျံ လာသော ဖုန်တို့သည် လှည်းနောက်မှ ထပ်ချပ်မကွာ ကပ်ကာလိမ့်ကာ လိုက်ပါလာသည့် ဖုန်လုံးထုကြီးအား တိုးဝင်အံတုနိုင်ခြင်းမရှိဘဲ ငုပ်လျှိုးပျောက်ကွယ်သွားတော့သည်။ ရွာလယ်လမ်းမပေါ် သို့ အရောက်တွင် ဘုရားပွဲဇာတ်ခုံဆီမှာ လွင့်ပျံလာသော အသံချဲ့စက်သံသည် နားစည်သို့ တိုးဝင်ရိုက်ခတ်လာ၏။ မကြာမီတွင် ဘုရားပွဲကွင်းအတွင်းသို့ ဆိုက်ရောက်ခဲ့ချေပြီ။

mgyoe.com

နေချိုစ ညနေစောင်းဝယ် ဘုရားပွဲဈေးသည်တို့သည် ဈေးရောင်းကြရန် ပုံကိုင်နေကြ၏။ ဘုန်းကြီးကျောင်းဝင်း၏ အနောက်မြောက်ထောင့်ရှိ အကြော်ဆိုင်တန်းများဆီတွင် မီးခိုးငွေ့ငွေ့ လူနေကြပြီ။ ရွာဘုရားပွဲဖြစ်သည်နှင့်အညီ အကြော်ဆိုင်များမှလွဲ၍ ဆိုင်ကြီး ကန္နားကြီးဟူ၍ မရှိချေ။ နေစွယ်ကျိုးသည်ဆိုသော်လည်း အပူရှိန်အားကောင်းဆဲ ညနေစောင်းဝယ် အကြော်သည်တို့သည် တဆူဆူ တမြိုက်မြိုက် ရှိကြပေလိမ့်မည်။ ပဲကြိတ်သူက ကြိတ်၏။ အိုးကင်းပက်လက်လေးထဲသို့ ဆန်မုန့်ရည်သွန်းလောင်းကာ မုန့်ပျားသလက်ထိုးသူက ထိုး၏။ ဆီပွက်ပွက်ဆူ ဘောင်ဘင်ခတ်နေသည့် ဒယ်အိုးကြီးထဲသို့ ပဲကြိတ်နှစ်တို့သည်လည်းကောင်း၊ မုန့်နှစ်ရည်စိမ်ထားသည့် ဘူးသီးစိတ်တို့သည်လည်းကောင်း သက်ဆင်းကြကုန်၏။ ကြက်သွေးရောင်တောက်တောက် ကတ္တီပါကန့်လန့်ကာကြီး ချထားသည့် ဇာတ်ခုံကြီးသည်ကား ထည်ဝါလှ၏။ ခမ်းနားလှ၏။ သို့ရာတွင် ပိတ်ဆီးကာရံထားသော ကန့်လန့်ကာကြီးကြောင့် ဇာတ်ခုံနှင့် ပွဲကွင်းတို့သည် ကင်းပြတ်စိမ်းသက်လျက်ရှိလေသည်။ ညအခင်းအတွင်မှ ယင်းပွဲခင်းကြီးနှင့် ဇာတ်ခုံကြီးသည် ကန့်လန့်ကာကြီး၏ ကွယ်ဆီးချုပ်နှောင်မှုမှ လွတ်မြောက်ကာ ပေါင်းစည်းခြင်းအဖြစ်သို့ ရောက်ကြရပေဦးမည်။

"ရပကွဲ့ သူငယ်။ မေကြီးဗေဒါ ဟောသည်နားမှာပဲ ဆင်းလိုက်တော့မယ်"

စောမောင် နွားကို စုပ်သပ်ချော့မြှူကာ လှည်းကို ရပ်တန့်လိုက်၏။ မေကြီးဗေဒါသည် လှည်းနောက်မြီးပေါ်မှနေ၍ သင်ဖြူးဖျာအတိုင်း လျှောချကာ ဆင်းလေသည်။

"ဇာတ်ခုံနောက် ကပ်ပိထဲ လိုက်ခဲ့ကြပါဦးလား။ တအောင့်တခရား နားရတာပေါ့။ မေကြီးဗေဒါသမီး ဩဘာတင့်နဲ့လည်း တွေ့ရတာပေါ့။ အမှန်တော့ လုံမလေးတို့နဲ့ မေကြီးဗေဒါတို့ဆိုတာ သွေးချင်းမနီး ဆွေခန်းမျိုးခန်းမစပ်ပေမယ့် သူစိမ်းတရံတော့လည်း မဟုတ်ဘူးကွဲ့။ လုံမလေးက မမှတ်မိလို့သာရယ်။ လုံမလေးငယ်ငယ်ကဆို မေကြီးဗေဒါပဲ ချီပိုးထိန်းကျောင်းခဲ့ရတာကလား"

ဒေါ်ဗေဒါပျံ့သည် လုလင်ငယ်နှင့် လုံမပျိုအား လောကဝတ်ပြုလိုက်သည်။ နောက်ဆက်တွဲ စကားများကိုပါ နှုတ်လွန်စည်းကျော်မိလေ၏။ ပြောပြီးမှ ဒေါ်ဗေဒါပျံ့သည် "စကားစည်းရိုး၊ ကျိုးမိပါပကော" ဟူသည့် ဟန်ဖြင့် မိမိ၏ပါးစပ်ကို လက်ဖဝါးဖြင့် ယောင်ရမ်း အုပ်လိုက်လေသည်။ သည်မျှလောက် စကားစည်းဖောက်မိတာကိုပင် ဒေါင်းမြရီသိလျှင် မိုးမီးလောင်ပေလိမ့်မည်။ ဒေါ်ဗေဒါပျံ့၏ ငယ်ဘဝတွင် ဒေါင်းမြရီနှင့်ပင် လည်ချင်းဖက်၍ တွဲလင့်ကစား စိတ်ဓာတ်ရေးရာမှာကား ရွှေနှင့်ကြေးကဲ့သို့ ကွာလှ၏။ ဒေါင်းမြရီသည် သိုဝှက်နိုင်သည်။ ချုပ်တည်းနိုင်သည်။ ပညာကြီးသည်။ ဒေါ်ဗေဒါပျံ့မှာကား ဒေါင်းမြရီ ကျင့်သုံးသည့် လမ်းစဉ်များနှင့် ဆန့်ကျင်ဘက်ပင်တည်း။ စကားဖွာသည်။ နှုတ်စွာသည်။ သဘင်ပညာဝမ်းစာ ဖြည့်ရန်ထက် အမြှု အခရာတို့ကိုသာ အားသန်သည်။ တစ်စရိုက် တစ်ဘာသာစီပင် ဖြစ်ချေတော့၏။

"မလိုက်တော့ပါဘူး မေကြီးဗေဒါ။ ကျုပ်တို့ပြန်ရမယ့်ရွာစဉ်က အတော်ကလေး လှမ်းသေးသမှုတ်လား။ မိန်းကလေးပါနေတော့ကာ မိုးချုပ်နေဝင်လို့မှ ခရီးစဉ်မဆုံးသေးရှင် ဘယ်သင့်တော်လိမ့်မတုံး။ အရီ့ရွာဘက်ကိုက ပြန်ပို့ရဦးမှာဆိုတော့ ကျုပ်တို့ပြန်မှ ဖြစ်မယ်ဗျ"

စောမောင်က စကားလှအောင် ငြင်းလိုက်သည်။ အရီသည်ကား တုတ်တုတ်မျှပင်

mdyoe.com SAMPLE BOOK

မလှုပ်။ ခပ်မဆိတ်ပင် ရှိချေ၏။ အရီ့ရင်ထဲတွင် ပဟေဠိ ပုစ္ဆာတို့ဖြင့် ပြည့်သိပ်နေသည်။ မေကြီးဖေဒါဟူသော အမျိုးသမီးကြီးပြောသည့်စကားများကို အပြန်ပြန်အလှန်လှန် တွေးဆ သုံးသပ်ကြည့်ရင်း လိပ်ခဲတည်းလဲ ဖြစ်နေမိသည်။ ဤအမေကြီးသည် အရီငယ်စဉ်က ချိုပိုး ထိန်းကျောင်းခဲ့ရသည်ဆို၏။ ဤအမေကြီးကပင် ကယောင်ကတမ်းဖြင့် တောင်စဉ်ရေမရ ပြောလေသလား။ အရီကပင် သူမပြောသလို မေ့မေ့ပျောက်ပျောက် ရှိခဲ့လေသလော။ အိမ်ပြန် ရောက်မှ မေကြီးမိန်းကလေးကို မေးကြည့်မယ်ဟု ဆုံးဖြတ်လိုက်သည်။ တမဟုတ်ချင်းမှာပင် ထိုဆုံးဖြတ်ချက်သည် ပျက်ပြယ်သွားမိပြန်၏။ အရီမေးမည့် မေးခွန်းများကို မေကြီးမိန်းကလေး သဘောတွေ့လိမ့်မည် မဟုတ်။ အရီ သိပါသည်။ အကြောင်းတစ်စုံ တစ်ရာရှိ၍ပင် အရီ့ကို ပ,ထုတ်ခဲ့သည်မဟုတ်လား။

မေကြီးဖေဒါသည် စောမောင်နှင့် အရီ့ကို နှုတ်ဆက်ကာ ဇာတ်ခုံနောက်သို့ ဝင် သွားလေတော့၏။ စောမောင်သည် လှည်းကို ဘုရားပွဲကွင်းပြင်ထဲတွင် ခဏရပ်ကာ အရီ့ကို ခေါ်၍ အကြော်ဆိုင်တန်းဘက်သို့ သွားကာ မုန့်ပျားသလက်နှင့် အကြော်စုံ စားလိုက်သေး ၏။ ပြီးလျှင် လှည်းကောက်ကာ အိမ်ပြန်ခရီးဆက်ခဲ့တော့သည်။

"အရီ. . . ပေါင်းမိုးအောက်ကို ဝင်လေကွယ်။ အပြင်က ဖုန်တွေလာတယ်။ အစ်ကို စောမောင်ဘေးမှာ ထိုင်ရင် ဖုန်တွေပေလိမ့်မယ်။ ပြီးတော့ နေဝင်ရောရီဆိုတော့ လှည်းပေါ် မိန်းကလေးပါလာတာကို ဘယ်သူမှ မမြင်ရင်တော့ ကောင်းတာပေါ့ကွယ်။ ကြားရဲ့လား မိန်းကလေး"

အစ်ကိုစောမောင်၏စကားကြောင့် အရီ နောက်ဘက်သို့ ပြန်ရွှေ့လိုက်သည်။ အရီ သည် မေကြီးဖေဒါနှင့် ယှဉ်တွဲထိုင်ရစဉ်က ဘာကြောင့်ရယ်မသိ အလိုအလျောက် စိတ်ညစ် ညူးနေခဲ့မိသည်။ ယခုမှပင် စိတ်ကျဉ်းကြပ်မှုမှ လွတ်မြောက်တော့သည်။ အတော်အတန် ပေါ့ပါးသွားသည်ဟု ခံစားလိုက်ရသည်။ အရီသည် အကြော်ဆိုင်တွင် အကြော်စားပြီးစဉ်က ရေမသောက်ခဲ့သည်မို့ ရေဆာသလို ရှိလာသည်။ ထို့ကြောင့် အစ်ကိုစောမောင်ထည့်လာသည့် ရေဘူးလေးကို လက်ဖြင့်လျှောက်စမ်းလိုက်၏။

"အစ်ကိုစောမောင်. . .။ ဒါက ဘာကလေးလဲဟင်"

စောမောင်သည် အရီ့အသံကြောင့် လှည်းမောင်းနေရာကနေ နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ အရီ့လက်ထဲတွင် လက်ကိုင်ပဝါ အဖြူကလေးတစ်ထည်။ ပဝါကလေး သည် တွန့်ကြေနေ၏။ အဖြူဆိုသော်ငြား မူလဗီဇ ဖြူစင်ခြင်းသဘောသည်ကား ခပ်ရေးရေးသာ ကျန်တော့သည်။ အနှစ်နှစ်အလလက လေဒဏ် မိုးဒဏ် ရာသီဥတုဒဏ်ကို ခံထားရဘိသကဲ့ သို့ ညစ်ထေးထေး အဝါရောင်ဘက်သို့ပင် တိမ်းနေချေပြီ။

"လက်ကိုင်ပဝါလေးတစ်ထည်ပဲ အရီ။ အရီ ဒီပဝါလေး ဘယ်ကများ ရလိုက်သတုံး"

"ဒီလှည်းပေါ်ကပဲ အစ်ကိုစောမောင်။ အရီ ရေဘူးရှာရင်း စမ်းမိသွားတာ"

"ဒါဆိုရင်တော့ မေကြီးဖေဒါရဲ့ ပဝါပဲဖြစ်လိမ့်မယ် အရီ။ သူ မေ့ကျန်ခဲ့ပုံရတယ်။ အရီပဲ သိမ်းထားလိုက်ပါကွယ်။ နောက်များ ပြန်ဆုံတော့လည်း ကြုံရင် ပေးလိုက်ပေါ့"

ထိုပဝါလေးအား အရီ ဆုပ်ကိုင်ထားလိုက်သည်။ အစ်ကိုစောမောင်ပြောသလို မေကြီးဖေဒါ မေ့ကျန်ခဲ့သည်က ဖြစ်ဖို့များသည်။ သိမ်းဆည်းထားရန်မှာ အရီ့အတွက် မခက်

mdyoe.com

ခဲ့လှ။ အကယ်၍ ဆုံခဲ့လျှင် ပြန်ပေးရုံပင်။

mgyoe.com SAMPLE BOOK

လှည်းသည် တစ်စတစ်စ သိပ်သည်းလာသော အမှောင်ထုအောက်ဝယ် လေးလံလာသည်။ ထိုနေ့က စောမောင်၏လှည်းသည် မင်းမျက်ရွာသို့ ညကြီးမိုးချုပ်မှ ဝင်လေသည်။ အရှီအား မင်းတိုင်ပင်ရွာသို့ ပြန်ပို့ရန် အချိန်လင့်သဖြင့် အရှီသည်လည်း စောမောင်တို့အိမ်၌ပင် တစ်ညတာ နားခိုမှေးစက်ခဲ့ရလေသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၇

"အမြင့်ကိုတင်၊ တစ်လင့်ပြင် နှစ်လင်ပျော်၍ ဘုရင်ကတော် အရသာမက်သူရဲ့ မြပဒါနှစ်ခက်ပို အသဝင်းကိုလာ့၊ ညအခါဆက်ဆက် နှစ်ကိုယ်ကမြင်းရအောင်၊ လိုရင်းအမှု ဟိုနောင်ခါ ကစားစေဖို့၊ မဘို့မယ်ရယ်··· ဟိုဒင်းတစ်ခု အပိုဆောင်ထား"

ညဥ့်သည် မှောင်သထက်ပင် ပိုမှောင်လွှန်းနေ၏။ သည်အထဲ ပဒုမ္မာဇာတ်အဖွဲ့၏ မီးစက်ကြီးသည် မင်းသားကြာမြိုင်နှင့် ဒေါင်းမြရီတို့ နှစ်ပါးခွင်၌ မြိုင်ထ ကနေချိန်တွင် ရုတ်ချည်းထိုးရပ်သွားသည်။ ကြာမြိုင်နှင့် ဒေါင်းမြရီတို့သည် အပေးအယူမျှစွာ အချိတ်အဆက်မိမိဖြင့် အပြောအဆိုတို့ဖြင့် ဖျော်ဖြေနေချိန်တွင် မီးစက်ထိုးရပ်လိုက်သဖြင့် ကြောင်အမ်းသွားသည်။ ပွဲခင်းတစ်ခုလုံးသည်လည်း အမှောင်ကျသွား၏။

ရှာစား စိန်လှဖေ၏ ဆိုင်းသံသည်လည်း တုံ့ခနဲ ရပ်ဆိုင်းသွားလေသည်။ ပွဲကြည့် ပရိသတ်တို့သည်ကား ဇာတ်ခုံတွင် ဆင်ထားသည့် အောက်လင်းမီး ဆလိုက်မီးရောင်စုံတို့ ဖျဉ်းခနဲ မှိတ်ကျသွားသည်မို့ ရုတ်တရက် မှင်သက်မိ တိတ်ဆိတ်သွားကြသော်လည်း၊ မီးပျက်ချိန်သည် လိုသည်ထက်ပိုကြာလောသောအခါ ပွဲဆူလာကြသည်။

ဇာတ်ဆရာ ကိုဆောင်ပန်းမှာမူ ကားလိပ်ဆွဲ ကိုဘသောင်းအား ကားလိပ်ချခိုင်းလေ၏။ ပြီးလျှင် မီးစက်ရှိရာသို့ သုတ်ချေတင်ပြန်၏။ မြရီသည်လည်း လင်းနေရာမှ မှောင်ကျသွားသည့် ဇာတ်ခုံ၏အမှောင်ထုထဲတွင် မျက်လုံးများပင် ပြာဝေသွားလေသည်။ နောက်မှ ထမ်းဆင့်ကောင်ကလေး မောင်ဆိုးပေ ထွန်းညှိလာသည့် ဖယောင်းတိုင်၏အလင်းကို အားပြုကာ၊ ကပ်ပိအတွင်းရှိ သူမ၏ နားနေခန်းသို့ ဝင်ခဲ့ရသည်။ သူမနှင့်အတူ နှစ်ပါးခွင်ကနေသည့် မင်းသားကြာမြိုင်သည်ကား ဘယ်အချိန်က ဘယ်လို ဆင်းသွားလေသည်မသိ။ မြရီဘေးတွင် မရှိတော့ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

မြရီသည် ကာရံထားသည့် လိုက်ကာစကို အသာဆွဲမကာ အခန်းတွင်းသို့ ဝင်လိုက်၏။ အခန်းတွင်းသို့ရောက်လျှင် ကနဦး ဖယောင်းတိုင်နှင့် မီးခြစ်ပုံးကို ရှာဖွေကာ မီးညှိရပြန်သည်။ အခန်းသည် လင်းသွား၏။ မြရီနှင့် တစ်ခန်းတည်းအတူနေသည့် ဗေဒါပျံကိုမူ မတွေ့။ "သည်မိန်းမ ဘယ်များ သဝေထိုးပြန်ပါလိမ့်။ တပိုတပါးသွားသည်လည်း ဖြစ်တန်ကောင်းရဲ့" ဟုသာ အောက်မေ့လိုက်ရသည်။ မြရီ၏ အလှအပ မျက်နှာချေဘူးတို့ထားရာ သစ်သားခုံကလေးပေါ်တွင် တင်ထားသည့် ကြည့်မှန်သည် ဖယောင်းတိုင်မီး၏ အရောင်ကြောင့် အလင်းပြန်လျက်ရှိသည်။ ထိုအလင်းသည် မြရီ၏မျက်နှာပေါ်သို့ ထိုးကျနေ၏။ မြရီသည် သူမ၏ ကိုယ်လုံးလေးအား မှန်ရှေ့တည့်တည့်သို့ နေရာရွှေ့ထိုင်လိုက်၏။ ပြီးလျှင် သူမ၏ မျက်နှာအား ဘယ်ညာစောင်းငဲ့လျက် ကြည့်မှန်တွင်ကြည့်ရင်း ပြုံးလိုက်သည်။ မြရီ၏ မျက်နှာကလေးသည် ဖယောင်းတိုင်မီးရောင်အောက်ဝယ် မှုန်ဝင်းအိစက်နေသည်။ နဂိုရုပ်ခံ ပြည့်စုံလွန်းသည့် မြရီသည် မျက်နှာချေနံ့သာတို့ဖြင့် မွမ်းမံခြယ်သလိုက်သည့်အခါတွင်ကား ရှုမဆုံးတော့သည့် လှကညာတစ်ပါး ဖြစ်ရချေတော့သည်။ မြရီသည် အဆင်းသာလှသည်မဟုတ်။ အသံလည်း သာသည်။ ပညာဝမ်းစာလည်း ပြည့်သည်။ သဘောထားလည်း ကြီးသူဖြစ်သည်။ အဖွဲ့သားအချင်းချင်းပေါ်တွင် ညာတာတတ်သူ၊ ဖေးကူ ထူမ,တတ်သူလည်း ဖြစ်သည်။ ဤသည့် အဘက်ဘက်မှ ပြည့်စုံမှုများကြောင့်လည်း ဒေါင်းမြရီဟူ၍ ကျော်စောခြင်းဖြစ်ပေလိမ့်မည်။

မီးပျက်သည့်အချိန်သည် နာရီဝက်ခန့်ပင်ကြာခဲ့ပြီ။ ကြာသည်ထက်ကြာလာသောအခါ မြရီ အပြင်သို့ထွက်၍ စနည်းနာရန် မှန်ရှေ့မှ ထရပ်လိုက်သည်။ သည်ကြားထဲ ဗေဒါပျံပျောက်နေသည့်အချိန်သည်လည်း မီးစက်ပျက်ချိန်နှင့် အတူပင်ဖြစ်၏။ မြရီ ဖယောင်းတိုင်ကို ကိုင်ကာ လိုက်ကာစကို မ၍ အခန်းပြင်သို့ ထွက်ခဲ့သည်။ ဆိုင်းဝိုင်းနားအရောက်တွင် ခင်ပွန်းသည် ကိုလေပြေနှင့် ဆုံမိ၏။

"အစ်ကို မီးစက်က ဘယ့်နှယ်ဖြစ်ရတာလဲ။ ဒီည ကောင်းဖို့ရော ရှိသေးရဲ့လား။ ပွဲခင်းကိုလည်း ကြည့်ဦး။ ပရိသတ်တွေက တရုန်းရုန်းနဲ့ ပွဲဆူလှပေါ့။ မြရီဖြင့် ပရိသတ်ကိုသာ အားနာတော့တာပဲ"

ဟုတ်သည်။ ပရိသတ်များသည် ထသူက ထ၊ ပြန်သူက ပြန်ကြချေပြီ။ ကာလသားတချို့သည် ဇာတ်အဖွဲ့အား မကျေမချမ်း အော်ဟစ်ကာ ဆဲရေးတိုင်းထွာနေကြသည်ကိုလည်း အတိုင်းသား ကြားနေရသည်။

"ပျက်တာမဟုတ်ဘူး မြရီရ။ ဆီကုန်သွားတာလို့ ပြောတယ်။ စက်သမားများကလည်း ပေါ့လျော့ပါသကောကွယ်။ ကိုဆောင်ပန်း ဆဲမယ်ဆူမယ်ဆိုလည်း ဆဲချင်ဆူချင်စရာပဲ။ ဘယ့်နှယ်ဗျာ။ ရံထားတဲ့ စက်ဆီကို ရောင်းစားခံရတယ်လို့ပဲ"

"ဘယ့်နှယ် အစ်ကိုရဲ့။ မြရီ နားလည်အောင် ရှင်းပြစမ်းပါဦး"

"စက်အဖွဲ့ထဲက သာခိုင်က အရံဝယ်ထားတဲ့ စက်ဆီတွေကို ညနေက လှည်းဇာတ်ကကြတဲ့ ကာလသားအဖွဲ့ဆီ ရောင်းပြီး ရတဲ့ငွေကို ဖဲရိုက်ပစ်တာတဲ့။ အခုကျ ဆီကကုန်၊ ရွာဘက်ဆိုတော့ ဝယ်လို့က မရနဲ့ ဒုက္ခရောက်ရတာပေါ့ကွယ်။ သည်အကောင် သာခိုင်တော့ ညကြေးဖြတ်ခံရရုံမက မနက်လင်းရင် အထုပ်ထမ်းပြီး ဇာတ်ထဲက နှင်ထုတ်ခံရမယ့် အပေါက်

mgyoe.com

ချိုးတာပဲ"

mgyoe.com SAMPLE BOOK

မြရီ ဟင်းသာ ချမိတော့၏။ သင်းတို့ကလည်း သင်းတို့ပါပဲ။ ဇာတ်ဆရာ ကိုဆောင်ပန်းက သည်လောက်မျက်နှာသာမပေးတာတောင် သင်းတို့က ကွန့်နိုင် ညွှန့်နိုင် လော်မာနိုင်အားရဲ့။

"ဒါဖြင့် အခု ဘယ့်နှယ်ကြမလဲ အစ်ကိုရဲ့"

"ဘယ့်နှယ်လုပ်ရပ့ါမလဲကွယ်။ ရွာသားတစ်ယောက်က ရွာလူကြီးအိမ်က စက်ဘီးအိုချာကိုနင်းပြီး ဆီရနိုင်တဲ့ ဟိုဘက်နှစ်ရွာကျော်ကို သွားဝယ်လေရဲ့။ ဒီအချိန် ဘယ်အိမ်ကများ ရောင်းပ့ါမလဲ။ သေချာပါတယ်။ ဒီတစ်ညဖြင့် သည်ပုံနဲ့ မိုးလင်းရတော့မှာပါပဲ"

ခက်လိုက်ပုံများ။ မြရီဖြင့် ဇာတ်ဆရာကိုဆောင်ပန်း၏ မျက်နှာအို မျက်နှာမင်းကြီးကိုသာ ပြေးမြင်မိတော့သည်။ သာခိုင့်လုပ်ပေါက်ကြောင့် မနက်မိုးလင်းသည်နှင့် ပဒုမ္မာတစ်ဖွဲ့သားလုံး အပဟိန်းအဟောက် အမာန်အငေါက် ခံရပေတော့မည်။ မြရီ ဗေဒါပျံ့အားအမှတ်ရသွားပြန်သည်။ သည်မိန်းမ ပျောက်ပုံထူးရဲ့။ ဘယ်သောင်နေလို့ ဘယ်ရေများ ကူးတော့သည် မသိ။ သင်းကို ပိုးပန်းနေသည့် စက်သူဌေး ကိုမြတ်သော်နှင့်များ အချိန်းအချက်ပြုကြတော့သလား။

"မေးလက်စနဲ့ မေးစမ်းပါရစေတော့ အစ်ကိုရေ။ ဗေဒါပျံ့ကိုရော ဘယ်ကမ်းကပ်နေတာများ တွေ့မိသေးလဲ"

"ဘယ်ကမ်း ကပ်ရမလဲကွယ်။ ဆရာမနိုင်တဲ့ ကြာမြိုင်ရဲ့ကမ်းမှာ ဗေဒါတစ်ပွင့်ရေမျောကမ်းတင်နေလေရဲ့ဗျာ။ အစ်ကိုဖြင့် နှမသားချင်း မစာမနာလည်း ပြောချင်လွန်းလို့မဟုတ်ပါဘူး။ ဒီဗေဒါမကတော့ဖြင့် လင်မလာ သဥ္ဇာကြွ၊ ယှဉ်ကာပ စက်ရာ၊ ကြင်နာကြမက်တဏှာမှာ၊ ဆက်လာတဲ့ ဒွါဒသ' ဆိုတဲ့ အစားမျိုးပါပဲ။ ဘယ်လောက်သင်သင် ဆင်ခြင်မယ်မရှိဘူး။ အိပ်ရာချည်း ရှာနေတဲ့ ဗီဇနဲ့။ ဘယ့်နှယ်ဗျာ သဘင့်ဂုဏ် မင်းသမီးဂုဏ်ကိုမှမထောက်။ သင်းကလေးလိုဟာတွေရှိလို့လည်း တို့သဘင်လောကသားတွေကို ဖက်ခွက်စားရယ်လို့ အနှိုင်းခံရတာပေါ့ကွယ်"

ကိုလေပြေသည် ပြောပြောဆိုဆိုဖြင့် ထွက်သွားတော့၏။ မြရီမှာသာ ငူငူငိုင်ငိုင်ကျန်ခဲ့ရသည်။ ဗေဒါပျံ့နဲ့တော့ ခက်ပါသကော။ အကြိမ်ကြိမ်အခါခါ မြရီ သွန်သင်ဖူးခဲ့ပြီ။ သို့သော် ဗေဒါပျံ့ကား ဇမြဲ ဇမြဲပင်။ အချိုးမပြင်ပေ။ သည်တစ်ခါဖြင့် မြရီ ခပ်ပြတ်ပြတ် ဆိုရပေတော့မည်။ ကိုလေပြေ ပြောသလိုပါပဲ။ ဗေဒါပျံ့လို ဇာတ်မင်းသမီးတွေကြောင့် မြရီတို့ပါ တံတွေးခွက်ထဲ ပက်လက်မျောကြရသည်။ ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဘူးဆိုသည့်တိုင် "ညည်းတို့ သဘင်သည်တွေ" ဟူသည့် လက်ညှိုးများကိုမြင်လျှင် မြရီရင်တွေ အကြိမ်ကြိမ်နာကျင်ရပါ၏။ ပြက်ပြက်ထင်ထင် ပြောမှ ဖြစ်တော့မည်။ ငရုတ်သီးနှင့် ပေါင်းမှ ကြက်သွန်နီပါရောအထောင်း ခံရသည့် ကိန်းမျိုးဖြင့် အဆိုက်မခံနိုင်။ မြရီ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ မကြာပါချေ။ ဗေဒါပျံ့သည် နှစ်ပါးမြိုင်ထသီချင်းကို ညည်းတွားရှ် မြရီ၏အခန်းထဲသို့ ဝင်လာတော့သည်။ သည်မိန်းမ ကြာမြိုင်နှင့် နှစ်ပါးခွင်ကပြီး အတော်မြူးလာပုံပေါ်၏။

"ဗေဒါပျံ့. . . ။ ညည်း ဘယ်ကပြန်လာသတုံး"

ဗေဒါပျံ့၏ မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

နှုတ်မှ ခပ်ညည်းညည်း ခပ်ရွှင်ရွှင် သီဆိုလာသော နှစ်ပါးခွင်သီချင်းသည်လည်း တိခနဲ ရပ်သွား၏။ ဗေဒါပျံသည် သူမအား စူးစိုက်စွာကြည့်နေသည့် ဒေါင်းမြရီ၏ အရောင်လက်နေသော မျက်လုံးများကို ရဲရဲရင်ဆိုင်၍ မကြည့်ဝံ့ပေ။ သူမသည် "ကိုယ်ဆန္ဒရှိသလို ကိုယ့်ဘာသာလုပ်တာ ဘာဖြစ်သလဲ" ဟူသည့် မထီမဲ့မြင်အချိုးမျိုးဖြင့် ဇာတ်ဆရာကိုဆောင်ပန်းကိုပင် ခေါင်းထဲထည့်သူမဟုတ်။ သို့ရာတွင် ဗေဒါပျံသည် ဒေါင်းမြရီကိုမူကား ရှိန်သည်။ ရွံ့သည်။ လေးစားသည်။ ထို့ကြောင့်လည်း ဒေါင်းမြရီ၏ ခပ်စူးစူးအကြည့်အောက်ဝယ် ရှိန်ကုပ်သိမ်ငယ်စိတ်ဖြင့် မလုံမလဲ ဖြစ်ရခြင်းပင်။ သို့လင့်ကစား ရှိန်သည်ကား ရှိန်သည်သာ။ သည်ဗီဇ သည်သန္ဓေကိုဖြင့် ဗေဒါပျံ တွန်းလှန်ချိုးဖျက်ခြင်း မပြုနိုင်။ မင်းသားကြာမြိုင်၏ အထိအတွေ့အပေါ်မှာ ဗေဒါပျံ ယစ်မူးတိမ်းညွတ်မိချေပြီ။ သူမ လက်ထပ်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ စက်သူဌေး ကိုမြတ်သော်ကိုပင် ဗေဒါပျံ မေ့ချင်ချင်။ ဗေဒါပျံ ကိုယ့်အကြောင်းကိုယ်လည်း သိပါ၏။ စောင့်ရမည့် စည်း၊ ထိန်းရမည့် သိက္ခာတို့ကိုလည်း ဗေဒါပျံ သဘောပေါက်ပါ၏။ သို့သော် ဗေဒါပျံသည်ကား မင်းသားကြာမြိုင်၏ အထိအတွေ့၊ အညှုအစွဲ၊ အပလီ အခရာ တို့အောက်ဝယ် ကျေကျေနပ်နပ်ကြီး လည်စင်းပေးခဲ့မိလေပြီ။

"ကာမအညှီကိုလေ၊ နံ့သာအလှဆီလို ထင်ခဲ့မိတာကြောင့်" ဟုပင် ဆိုရချေတော့မည်။ ကြာမြိုင်သည် ဗေဒါပျံအပေါ် ကျောရရုံ ခြေတော်တင်ခြင်းပင်ဖြစ်၏။ ပုဆိုးတန်းတင် တရားဝင်အဖြစ် အသိအမှတ်ပြုရန်ကား မဟုတ်ပေ။ ကြာမြိုင်သည် မိန်းမကိစ္စဝယ် ခြေရှုပ်သည်။ မြာပွေသည်။ မိန်းမကျမ်း ကျေသည်။ သို့ရာတွင် အတည်မကြံ။ သို့သော် ဗေဒါပျံသည် ကြာမြိုင်အား ချစ်သည်။ ကြာမြိုင်နှင့်ယှဉ်လျှင် စက်သူဌေး ကိုမြတ်သော်လည်း အရေးမပါ။ အရေးလုပ်ရမည့် အရေးအတွက်ဝယ် စာရင်းသွင်းလောက်သူ မဟုတ်တော့ချေ။

ဗေဒါပျံသည် ဒေါင်းမြရီအား "ပွဲဈေးတန်းဘက်က ပြန်လာတာပါအေ" ဟု အလွယ်ဖြေလိုက်သည်။ မျက်လုံးချင်းကား မဆုံမိအောင် သတိထား၍ ရှောင်လေ၏။ ဒေါင်းမြရီသည် လွယ်သူမဟုတ်။ အနေတည်သကဲ့သို့ အပြောလည်း စောင့်ထိန်းသည်။ စကားလည်း ကြွယ်သည်။ ပါးပါးနပ်နပ်လည်း ရှိသည်။ သဘင်ဝမ်းစာပြည့်သူပီပီ ဟိတ်နှင့်ဟန်နှင့် ထည်ထည်ဝါဝါပြောရမည်ဆိုလျှင်လည်း ရ၏။ စကားနု စကားလှများကို ပုလဲတစ်လုံး ရွှေတစ်လုံးနှယ် သီကုံးခွန်းဆိုရင်း နားဆင်သူအပေါင်း ငိုင်ကျသွားအောင် ပြောတတ်သူ။ စိတ်မထင်၍ တစ်တစ်ခွခွ ဆိုလိုက်လျှင်လည်း ပိဿာလေးနှင့် နံဘေးပစ်သကဲ့သို့ အောင့်သက်သွားအောင်လည်း ပြောနိုင်သူဖြစ်သည်။ အနေမှန် အပြောမှန်သူမို့ ဗေဒါပျံ ရှိန်မိခြင်းဖြစ်၏။

"ညည်း မလိမ်နဲ့ ဗေဒါပျံ။ ညည်း ကြာမြိုင့်အခန်းထဲသွားပြီး ကယုကယင် ချစ်တင်နေကြတာကို ငါ မသိဘူးများ အောက်မေ့နေသလား။ ငါ ညည်းကို အကြိမ်ကြိမ် သတိပေးခဲ့ပြီးပြီ။ တစ်သက်မှာ တစ်လင်တော့ ညည်းရုပ်သွင်နဲ့ တည်တည်တံ့တံ့ ရနိုင်ပါတယ်အေ။ ညည်း ဒီလိုပဲ တို့အားလုံးချစ်ကြရတဲ့ သဘင့်ဂုဏ် မင်းသမီးတွေရဲ့ ဂုဏ်သရေကို ညှိုးလျှော့မယ့် အလုပ်မျိုး ဆက်လုပ်နေမယ်ဆိုရင် ငါနဲ့အတူ မနေနဲ့တော့။ ညည်းလောင်းရိပ်ကြောင့် ငါပါ လက်ညှိုးထိုးမခံနိုင်ဘူး။ ဒေါင်းမြရီနဲ့နေတဲ့ မင်းသမီးဟာ ဒေါင်းမြရီလိုပဲ စောင့်ထိန်းနိုင်ရလိမ့်မယ်"

ဗေဒါပျံသည် ဒေါင်းမြရီကို မကြည့်။ မှန်ရှေ့တွင်ထိုင်ကာ ပွယောင်းကြဲဖွာနေသည့်

mgyoe.com

သူမ၏ ဆံခြည်တို့ကို လက်ဖြင့် သပ်ချနေ၏။ တွန့်ကြေပုံပျက်နေသည့် အင်္ကျီအား ခါးကို မတ်လျက် ဆွဲဆန့်၏။ မျက်လုံးများသည်ကား ရီဝေဆွေးမြေ့လျက် ရှိလေသည်။

m g y o e . c o m SAMPLE BOOK

"ငါ ညည်းကို ပညာနဲ့ကျော်စောတဲ့ မင်းသမီးမျိုး ဖြစ်စေချင်တာ ဗေဒါပျံ။ ညည်းကတော့ သဘင်ပညာဆိုတာ ခြေ၊ လက်၊ ခေါင်း၊ ခါး မျက်နှာထားလောက် မြောက်တတ်ချိုးတတ်ရုံ၊ ခရာတတ် မြှူတတ် ကလူတတ်ရုံနဲ့ မင်းသမီးတို့အတတ် သင်ရိုးကုန်ပြီလို့ အောက်မေ့တဲ့ မိန်းမပဲ။ မှတ်ထား ဗေဒါပျံ။ သဘင်သည်ဆိုတာ ဆိုပြတတ် ငိုပြတတ်ရုံနဲ့ သဘင်သည်အစစ်လို့ မခေါ်ထိုက်ဘူး။ တကယ့်ဘသင်သည်ဆိုတာ နိုင်ငံ့အခင်း၊ မြို့အခင်း ရွာအခင်း လူမှုစရိုက်အခင်းတွေကို ပြည်သူတွေထံ အနုပညာအတတ်နဲ့ တင်ပြ သတင်းပို့ရတဲ့သူတွေပဲ။ ပြည်သူက ချစ်တဲ့ ပြည်သူကိုချစ်တဲ့ ပညာသည်အစစ်မှန်ရင် စေတနာမှန်ရမယ်၊ သီလမှန်ရမယ်၊ သမာဓိမှန်ရမှာပဲ။ လူထုကို တင်ပြအသုံးတော်ခံရတဲ့ ပညာသည်မှာ လူထုက ချစ်မြတ်နိုးပြီး အားကိုးယုံကြည်ရလောက်တဲ့ သိက္ခာမျိုး၊ ပညာမျိုး၊ စေတနာမျိုး ရှိရလိမ့်မယ်။ ငါ ညည်းကို တွေ့သမျှဆရာတွေထံက သဘင်ဝမ်းစာဖြည့်ဖို့ အကြိမ်ကြိမ် ပြောခဲ့ပါလျက်နဲ့ ညည်းကတော့ သဘင်ဝမ်းစာထက် လင်ဝမ်းစာဖြည့်ဖို့ပဲ စိတ်ထက်သန်တဲ့ မိန်းမ။ တကယ်တော့လေ ညည်းလိုသဘင်သည်မျိုးဟာ ငါတို့ချစ်တဲ့ သဘင့်မဏ္ဍိုင်ကြီးကို အတွင်းလှိုက် ဖျက်ချိုးနေတဲ့ သဘင်ဖျက်ပိုးပဲအေ့"

ဗေဒါပျံ၏ ခါးသေးရင်ချီ ကိုယ်လုံးကလေးသည် ဆတ်ခနဲ မတ်သွား၏။ ရီဝေနေသော မျက်လုံးတို့သည် တောက်လာ၏။ ဒေါင်းမြရီဘက်သို့ ဖြည်းညှင်းစွာလှည့်လိုက်ရင်း ခပ်စိမ်းစိမ်းကြည့်လေသည်။ ထို့နောက် မည်သည့်စကားမျှ မဆိုဘဲ၊ သူမ၏ ထိုင်မသိမ်းထဘီတို့ကိုလည်းကောင်း၊ ပိုး ဖဲ မှန်ရောင် ဇာ၊ ခါးတောင်အင်္ကျီတို့အားလည်းကောင်း ကောက်ယူကာ သူမ၏ သေတ္တာအတွင်းသို့ ထိုးသိပ်ထည့်လေသည်။ မျက်နှာချေဘူး နှုတ်ခမ်းနီဘူးတို့ကိုလည်း သူမ၏ အလှပြင်ပစ္စည်းများထည့်သည့် ထန်းခေါက်ဖာငယ်အတွင်းသို့ ပစ်သွင်းလေ၏။ ပြီးလျှင် ထမ်းဆင့်မောင်ဆိုးပေအား အော်ခေါ်ကာ သေတ္တာနှင့် အသုံးအဆောင်များအား သယ်ယူခိုင်းကာ ကပ်ပိအတွင်းပိုင်းဘက် ဆိုင်းဝိုင်းထောင့်သို့ နေရာရွှေ့လေသည်။

မြရီ ဟင်းသာ ချလိုက်မိသည်။ ခက်လိုက်သည့် ဗေဒါပျံ။ ကိုယ်မဟန်ပုံကို ကိုယ်တိုင်လည်း သတိထားမိပုံမရ။ မြရီက ထောက်ပြတော့လည်း မကြိုက်။ အဖေ (ဦးကျောင်းပေါင်) နှင့် အမ(ဒေါ်ရွှေဆိုင်)တို့သည် မြရီအား တစ်ဦးတည်းသာ မွေးဖွားခဲ့သဖြင့် မြရီသည် မွေးချင်းမောင်နှမ မက်စက်သည်။ ငယ်စဉ်က ပဲနောက်တို့ အေးသင်တို့အပေါ် အလွန်တွယ်တာခဲ့ဘိသကဲ့သို့၊ သဘင်လောကအတွင်း မြရီ ရောက်လာခဲ့ချိန်မှာလည်း ဗေဒါပျံအပေါ် ညီအစ်မကဲ့သို့ ကျွမ်းဝင်ရပါသည်။ သို့ရာတွင် ဗေဒါပျံနှင့် စရိုက်သဘာဝ တူမျှ၍ကား မဟုတ်။ အနေနီးသဖြင့် သံယောဇဉ် ပိုခြင်းသာဖြစ်ပေသည်။ ကြာမြိုင်နှင့် ဗေဒါပျံသည် မွေ့မွေ့ချင်း ခြေမြင်ကြသူများပီပီ၊ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ခြင်ပင်တည်း။ မြရီသည် ဗေဒါပျံနှင့် အနေနီးသူပီပီ ဗေဒါပျံ၏အကြောင်းကို ခရေစေ့တွင်းကျ မဟုတ်သည့်တိုင် အတော်အတန်သိသည်။ ဗေဒါပျံသည်လည်း မကူနိုင်မကယ်နိုင် ဖြစ်လာလေတိုင်း မြရီအား ရင်ဖွင့်နေကျ။ အတိတ်က အရှုပ်ထုပ်များကိုလည်း ကြားခဲ့ရ၏။ ရှုပ်နိုင်သမျှ ရှုပ်ပြီးသော် မျက်ဖြူလန်မှ ဆေးဆရာထံ ပြေးသူဖြစ်၏။ သို့သော် အချိုးကိုကားမပြောင်း။ စရိုက်ကိုကား

m g y o e . c o m

မပြင်။ တစ်လင့်ပြင်နှစ်လင်ကဲ၍ လင်ကုန်ကူးတတ်သည့် စရိုက်ရှိသူပင်တည်း။

mgyoe.com SAMPLE BOOK

ဗေဒါပျံသည် စက်သူဌေးကိုမြတ်သော်နှင့်လည်း ကင်းရှင်းသူမဟုတ်။ ဗေဒါပျံကိုဆောင်ပန်း၏ ပဒုမ္မာဇာတ်အတွင်းမရောက်မီ အသက်နှစ်ဆယ့်ခြောက်နှစ် အရွယ်ကပင်ကိုမြတ်သော်နှင့် ပရောပရီ ကလူကလဲ ရှိခဲ့ချေ၏။ ကိုမြတ်သော်မှာမူ အတည်ချစ် အတည်ကြံသူပင်ဖြစ်သည်။ ဗေဒါပျံကသည့် ပွဲတိုင်းသို့ တောက်လျှောက်လိုက်ပါ ပိုးပန်းရင်း ဗေဒါပျံနှင့် ငြိစွန်းခဲ့ခြင်းပင်။ ငြိစွန်းခဲ့သည်ဆိုသော်ငြား ဗေဒါပျံဘက်က ချစ်လွန်း၍ကား မဟုတ်ပေ။ ဗေဒါပျံကိုယ်၌က မြာပွေခြင်းအာရုံ၌ အထုံပါသူဖြစ်၍ ငြိစွန်းကြခြင်းသာ။ ကိုမြတ်သော်က တာဝန်ယူပါမည်။ အိမ်တစ်ဆောင် မီးတစ်ပြောင်ထားပါ့မည်၊ ရွှေကျောင်းပြောင်ပြောင် ဆွမ်းခေါင်ခေါင်လည်း မဖြစ်စေရပါဟု ကတိကဝတ်ပြုကာ အာမဘန္တေခံ၍ လက်ထပ်ခွင့်တောင်းသော်လည်း၊ ဗေဒါပျံသည် သူမ၏အပျိုစင်ဘဝ ပျက်စီးခြင်းအား နံ့သာလိမ်း ထိုင်မသိမ်းဝတ်သည့် အရေးလောက်ပင် အမှုမထားခဲ့ချေ။ ပန်းပန်မပျက်၊ နံ့သာခြယ် မပျက်။ မျက်နှာချေတမှုန်မှုန် နှုတ်ခမ်းနီ တရဲရဲပင်။

ပို၍ဆိုးသည်ကား ဗေဒါပျံတွင် ကိုမြတ်သော်နှင့် ရခဲ့သည့် ဂုဏ်ရည်တင့်ဟူသောသမီးငယ်ကလေး ရှိနေခြင်းပင်ဖြစ်၏။ သို့သော် ဗေဒါပျံသည် ကိုမြတ်သော်အား လက်ထပ်ရမည်စိုး၍ အသိမပေး။ ကိုယ်လေးလက်ဝန်ဖြစ်စက အရပ်လက်သည်နှင့် ဖျက်ချ၏။ သို့သော်ပျက်စီးခြင်းအဖြစ်သို့မရောက် အထမမြောက်ခဲ့။ ထို့အတွက် ဗေဒါပျံသည် ကိုမြတ်သော်မသိအောင် ကျောက်ပန်းတောင်နယ်ဘက်ရှိ မိဘများထံပြန်၍ နှစ်နှစ်ခန့် ဇာတ်မြုပ်ကာဂုဏ်ရည်တင့်လေးအား မွေးဖွားခဲ့သည်။ နှစ်နှစ်ကျော်အကြာတွင်မှ ပဒုမ္မာဇာတ်သဘင်အတွင်းသို့ ရောက်ရှိလာခြင်းဖြစ်၏။ ကိုမြတ်သော်လည်း ဂုဏ်ရည်တင့်ကလေးရှိနေကြောင်းကို ယခုထိတိုင် မသိ။ ဗေဒါပျံနှင့် မကြာမီကမှ အဆက်အသွယ်ပြန်ရ၍ ထပ်မံတွယ်ကပ်နေခြင်းပင်ဖြစ်သည်။ ဗေဒါပျံကမူ ကိုလေပြေ ပြောသကဲ့သို့ ကြာမြိုင်ဟူသောကမ်းမှာ ရေမျောကမ်းတင်လျက် ရှိလေသည်။ ကိုမြတ်သော်ကိုကား ဖုတ်လေသည့်ငပိ ရှိတယ်ပင် မမှတ်တော့ချေ။

ဤမျှထိ သပွတ်အူကျသော ဗေဒါပျံပါပေ။ မြရီ စိတ်မသက်သာစွာ သက်ပြင်းရှည်ကြီး ချမိပြန်သည်။ ကိုမြတ်သော်နှင့် ဂုဏ်ရည်တင့်ကလေးကိုသာ သနားမိတော့၏။ ဗေဒါပျံသည် ထိုညမှစ၍ မြရီအား အခေါ်အပြော မလုပ်တော့ပေ။ မြရီသည်လည်း ဇာတ်ကချိန် ပတ်သက်ရသည်မှလွဲ၍ ခပ်ကင်းကင်းသာနေခဲ့သည်။ သို့သော် ဗေဒါပျံသည်ကြာရှည်စွာ အမှတ်သည်းခြေ ရှိသူမဟုတ်။ များမကြာမီပင် မြရီထံ ချဉ်းကပ်တိုးဝင်လာခဲ့ပြန်ပေသည်။ နောင်အခါတွင်မူ မြရီသည် ဗေဒါပျံနှင့် ကြီးမားလှစွာသော ပတ်သက်မှုကြီးဖြင့်ပတ်သက်ခဲ့ရပေ၏။ ထိုပတ်သက်မှုကြီးသည် မြရီ၏ ဘဝတစ်လျှောက်လုံးဝယ် ထမင်းလုံးတစ္ဆေ ခြောက်သကဲ့သို့ အရိပ်ပမာ ကပ်တွယ်ခြောက်လှန့်နေတော့သည်တကား။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၇

"စက်မပျော်ပေါင်၊ ထက်မော်ခေါင် သဥ္ဇာလယ်၌၊ ရင်နာဖွယ် ပောင်းသနစ်တွေက ပြောင်းသစ်ကာ အာရုံသို့၊ အသာခြံ ရစ်နှောင်ဖွဲ့လေတော့၊ နွဲ့မကြော့ စိတ်အခြေမှာ၊ အတိတ်ဝေဒနာ စွဲကာမြိုက်တော့တယ်၊ သည်းလှိုက်လှိုက် နွမ်း"

ညဥ့်သည် မှောင်သည်ထက် မှောင်လာသည်။ နက်သည်ထက် နက်လာသည်။ ပိုးကောင်ငယ်တို့နှင့် ညဥ့်ငှက်တို့၏ စိုးစိုးစီစီသံမှတပါး သိပ်သည်းလှသော အမှောင်ထုကြီးအောက်ဝယ် တိတ်ဆိတ်ခြင်းသည် ကြောက်မက်ဖွယ်ပင် ကောင်းနေသေးတော့၏။ အမှောင်ထုသည် ချောက်ချားမှုကို ပေးစွမ်းသကဲ့သို့ တိတ်ဆိတ်ခြင်းသည် အတွေးမျှင်ယှက်ဖွဲ့စိတ်အာရုံကို နယ်ချဲ့စေ၏။ ဒေါ်မိန်းကလေးသည် မှေးမရ စက်မပျော်ရှိနေသည်။ တရေးမျှပင် မရသေးချေ။ မှောင်မိုက် တိတ်ဆိတ်သည့် ညဥ့်ယံဝယ် ဒေါ်မိန်းကလေး၏ အတွေးလိပ်ပြာငယ်သည် အတိတ်ဆီသို့ တောင်ပံဖြန့်ကျက် ပျံဝဲလျက်ရှိလေသည်။

ဗေဒါပျံသည် ဒေါ်မိန်းကလေးထံသို့ ဖိတ်ခေါ်ခြင်း မရှိပါဘဲ ဆိုင်းမဆင့် ဘုံမဆင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ဒေါ်မိန်းကလေး၏ အသားကျလုလု အတိတ်၏ အရိပ်တို့ကို ဗေဒါပျံကပင် ပုတ်ခတ်လှုပ်နှိုးခဲ့ချေသည်။ "ဒေါင်းမြရီ" ဆိုသည့် အမည်ကို ဒေါ်မိန်းကလေး မေ့ထားခဲ့သည်မှာ ကာလကြာမြင့်ခဲ့ချေပြီ။ သို့သော် ဗေဒါပျံ၏ တူးဆွမှုကြောင့် ဒေါင်းမြရီသည်လည်းကောင်း၊ ဗေဒါပျံသည်လည်းကောင်း၊ ကိုလေပြေသည်လည်းကောင်း ဒေါ်မိန်းကလေး၏ စိတ်အာရုံဝယ် အသီးအသက ရစ်ဝဲထင်ဟပ်လာတော့သည်။ ကိုဆောင်ပန်းသည်လည်းကောင်း၊ မင်းသား ကြာမြိုင်သည်လည်းကောင်း ဒေါ်မိန်းကလေး၏ မြင်လွှာဝယ် တရေးရေး တရိပ်ရိပ် နေရာယူခဲ့ကြတော့၏။

ဘဝကံ နံ့ချာရသည့်အထဲ အကျင့်မှဲ့ ဖောက်ပြန်တတ်လေသော ဗေဒါပျံ။ ကြာမြိုင်

mgyoe.com

mgyoe.com SAMPLE BOOK

သည်သာ မိန်းမကိစ္စ ရှုပ်သည်မဟုတ်။ ဗေဒါပျံ့သည်လည်း တစ်လင့်ပြင် နှစ်လင်ပျော်တတ်လေသူ။ ဖို တည်းဟူသော ဓာတ်နှင့် ကြုံလာလျှင် "စိတ်ပိုင်းက အကုသလံကို၊ တစ်ခုမကျန်စွမ်းမြောက်ပေလှ" ဆိုသည့် ဗိဇမျိုး၊ နှုတ်မစောင့်စည်း စကားဖွာသည်မှာလည်း သူ့ပြင် အခြားမရှိ။ အာပစ်ချွဲတွဲ့သလို၊ ကြာပစ်လည်း ကဲနွဲ့သည့် မိန်းမပင်ဖြစ်သည်။

ဒေါ်မိန်းကလေး ပုတ်ခတ်ချင်လွန်းလှ၍ တွေးဆမိသည်ကား မဟုတ်။ ဒေါ်မိန်းကလေး ကိုယ်တိုင် ဒေါင်းမြရီ ဘဝသရုပ်၌ နဖူးတွေ့ ဒူးတွေ့ကြုံခဲ့ခြင်းပင် မဟုတ်လော။ ဆပ်ပြာထဲဝင်တဲ့သဲ ဆပ်ပြာကုန်မှ ထွက်ချေတော့မည့် စရိုက်ပင်ဖြစ်တော့သည်။ သည်မိန်းမ ဒေါ်မိန်းကလေးထံ ရောက်လာခြင်းသည်ကား ကောင်းသောလာခြင်းမှ ဟုတ်ပါလေစ။

ဗေဒါပျံ့ထံ လွင့်ပျံ့ရောက်ရှိသွားသည့် ဒေါ်မိန်းကလေး၏ စေတသိက်တို့သည် အရီ့ထံသို့ ကူးလူးဆက်နွယ် သွားပြန်ချေသည်။ သနားစဖွယ် ကောင်းလှသည့် သုံးနှစ်အရွယ် လူမမယ်မိန်းကလေးသည် မိုးကြီးသည်းထန်စွာ သွန်းဖြိုးခဲ့သည့် မတ္တရာနယ်ဘက်မှ ဘုရားပွဲညာ၏ သန်းခေါင်ယံတွင် ဒေါ်မိန်းကလေးထံသို့ ရောက်ရှိခဲ့ရသည်။ ကံဆိုးလှသည့် ဤလူမမယ် မိန်းကလေးအား မိုးရေမိုးစက်တို့သည် အပြိုးဖြင့် သွန်းလောင်းနေတော့ သယောင်။ လာခြင်း မလှခဲ့သလို ဘဝပေးနုံချာခဲ့ရသူကလေး။ ငါးနှစ်သမီးအရွယ်တွင် အပြင်းဖျား၍ တက်ချက်ရာမှ အသက်လုခဲ့ရသည်။ သို့သော် ယင်းမိန်းမငယ်ကလေးသည် အသက်ရှင်သန်ခွင့်ရသော်လည်း ဘဝသည် သေဆုံးခဲ့ရတော့၏။ မျက်စိနှစ်ကွင်း အလင်းမရတော့ပေ။ ထိုမိန်းမငယ်လေးသည်ကား ဗေဒါပျံ့ပြောခဲ့သည့် ကြာမှုန်တဖြစ်လဲ ခင်ထားရီပင်တည်း။ ဒေါ်မိန်းကလေးသည် သန်းခေါင်ယံတိုင် မှေးမရနိုင်ဘဲ ကြောင်စီစီ ဖွင့်ထားသည့် မျက်လုံးတစ်စုံအား အတင်းမှိတ်ချပစ်လိုက်သည်။ မျက်ရည်ပူတို့သည် မျက်ထောင့်စွန်းမှ စီးဆင်းသွယ်ကျကာ ခေါင်းအုံးပေါ် သို့တိုင် ခယလေ၏။

အရီသည် မောင်စောမောင်အိမ်၌ တစ်ညတာ ခိုနားမှေးစက်နေလိမ့်မည်။ နေ့ခင်းက မလိုက်ချင့် လိုက်ချင်နှင့် လိုက်ပါသွားရသော သူမသည်လည်း ဤညဥ့်ယံဝယ် အိပ်စက်လို့မှ ပျော်ပါလေစ။ ဒေါ်မိန်းကလေးအား စိုးရိမ်ပူပန်နေသည်မှာ မြေကြီးလက်ခတ်မလွဲပင်။ နေ့ခင်းက ထွက်ခွာသွားသည့်လှည်းပေါ်တွင် မောင်စောမောင်၊ အရီနှင့် ဗေဒါပျံ့တို့ စီးနင်းလိုက်ပါသွားကြသည်။ မည်ကဲ့သို့ ရှိခဲ့ကြလေမည်နည်း။ ဗေဒါပျံ့သည် အတိတ်ကြောင်းတို့ကို အရီ့အား ဖွင့်အန်ထွေးချ ပြောလိုက်လေတော့သလား။ သို့ဆိုလျှင် အရီသည် ဗေဒါပျံ့အား မည်သို့ တုံ့ ပြန်ခဲ့ဘိသနည်း။ ဒေါ်မိန်းကလေးအပေါ်တွင်လည်း မည်သို့သော စိတ်ခံစားမှုဖြစ်ပေါ် ပေါက်ဖွားလေမည်နည်း။ နာကြည်းမည်လော။ မုန်းတီးမည်လော။ လုပ်ရက်လေသည်ဟု ယိုးမယ်ဖွဲ့ရှာလေမည်လော။

ဒေါ်မိန်းကလေးရင်ထဲတွင် သောကတို့ဖြင့် ပူလောင်လျက်ရှိ၏။ အရီ့ကို ဒေါ်မိန်းကလေး ချစ်သည်။ သနားသည်။ တွယ်ရာမှန်သမျှ ဆုံးရှုံးပြီးသည့်နောက်တွင် အရီသည် ဒေါ်မိန်းကလေး၏ နောက်ဆုံးသော ဖက်တွယ်ရာပင်တည်း။ ချစ်ရသူတို့နှင့် ကွေကွင်းရသော သောကအား ဒေါ်မိန်းကလေး အလူးလူးအလှိမ့်လှိမ့် ခံစားခဲ့ရဖူးပြီ။ ယခုတဖန် ထပ်မံ မခံစားလိုတော့ပြီ။ အရီ့ကို မည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်။ သည်တစ်ကြိမ်သာ ခွဲရလျှင် ဒေါ်မိန်းကလေးသည် ရှင်လျက်ဖြင့် သေသူနှင့်မခြား ဖြစ်ရတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအချိန်တွင် အရီသည်လည်း အိပ်မပျော်နိုင်ပေ။ အိပ်နေကျ အိပ်ရာမဟုတ်သည်မို့ ဘယ်လူးညာစောင်းကာ တလူးလူးလှိမ့်ရှိရှာသည်။ အိပ်ရသည်မှာ မလွတ်လပ်၍မဟုတ်။ လွတ်လပ်ပါသည်။ အစ်ကိုစောမောင်အိမ်၌ မေကြီးလွန်းဇံနှင့် အစ်ကိုစောမောင်မှလွဲလျှင် တခြားသူမရှိ၊ အစ်ကိုစောမောင်၏ အစ်ကိုအစ်မ ငါးယောက်သည်ကား အိမ်ထောင်ကျကြ၍ ကိုယ်စီခွဲထွက်ကုန်ကြပြီ။ အစ်ကိုစောမောင်သည် နွားစာစည်း(နွားစာတိုက်) အောက်မှ ကုတင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီထင်၏။ တစ်ချက်တစ်ချက် ကြားရသည့် နွားခြုလုံးသံမှလွဲ၍ တစ်ဝိုင်းတိုက်လုံး ဆိတ်ငြိမ်နေသည်။ မင်းတိုင်ပင်ရွာဘက်တွင် မေကြီးမိန်းကလေးတစ်ယောက်တည်း ကျန်ခဲ့သည်မို့ အရီ စိတ်မချနိုင်။ အရီ့အတွက် မေကြီးမိန်းကလေး မရှိ၍မဖြစ်သလို၊ မေကြီးမိန်းကလေးသည်လည်း တိုးတိုးဖော် မရှိ၍မဖြစ်။ အရီ မိုးစင်စင်လင်းစေချင်လှပြီ။ မင်းတိုင်ပင်ဘက်သို့ ပြန်ချင်လှပြီ။

အမှောင်ယံ အကာလဝယ် အိပ်မပျော်နိုင်သည့် အရီ့အတွေးအိမ်ထဲသို့ မေကြီးဗေဒါ၏ စကားများသည်လည်း ရိုးတိုးရိပ်တိပ် ဝင်လာပြန်သည်။ အရီငယ်စဉ်က မေကြီးဗေဒါက ချိုပိုးထိန်းကျောင်းခဲ့ရသည်ဟု ဆို၏။ အရီ၏ငယ်ဘဝသည် မည်ကဲ့သို့ ရှိခဲ့သနည်း။ မေကြီးမိန်းကလေးပြောဖူးသည်က အရီသည် မေကြီးမိန်းကလေး၏ သမီး ဒေါ်မြပန်းရုံက မွေးခဲ့သည့် ရင်သွေးဖြစ်သည်။ သို့သော် အရီ အမေမြပန်းရုံကို မမြင်ခဲ့ဖူးပါ။ အဖေဆိုသည်မှာ နာမည်ပင် မကြားဖူးခဲ့။ တကယ်ပြန်တွေးလျှင် အရီ့ဘဝသည်လည်း ပဟေဠိဆန်လွန်းသည့် ပုစ္ဆာတစ်ပုဒ်နှယ်ပင်။ အတွေးတို့သည် အရီ့စိတ်ကို လွှမ်းမိုးနေ၏။ အိပ်ရေးပျက်သည်မို့ ခေါင်းထဲတွင် မကြည်လင်။ နောက်ကျိနေ၏။

ဘုန်းကြီးကျောင်းဘက်ဆီမှ တုံးမောင်းသံ လေးချက်ကြားလိုက်သည်။ အစ်ကိုစောမောင်၏အမေ မေကြီးလွန်းဇံ၏ ချောင်းဟန့်သံကိုလည်း ကြားရ၏။ စဥ့်အိုးအဖုံးဖွင့်သံ ရေယံတို့ကိုလည်း ကြား၏။ မေကြီးလွန်းဇံ မျက်နှာသစ်ချေပြီ ထင်သည်။ မကြာမီမှာပင် ဒန်အိုးသံ၊ ဒယ်အိုးသံတို့လည်း ထွက်ပေါ်လာ၏။ ထဇစ်ဖတ်(ထန်းဆစ်ဖတ်) မီးရှို့နံ့ကိုလည်း ရသည်။ မနက်ခင်း ဆွမ်းချက်ရန် ဖြစ်ပေလိမ့်မည်။

"အရီ . . နိုးနေပြီလား။ မျက်နှာသစ်တော့မယ်ဆို ပြောလေကွယ်။ အစ်ကိုစောမောင် လိုက်ပို့မှာပေ့ါ"

အစ်ကိုစောမောင်၏အသံလည်း ကြားလိုက်ရသည်။ အရီက မျက်နှာသစ်ချင်ကြောင်းပြောတော့ အစ်ကိုစောမောင်က ရေစဥ့်အိုးနားသို့ လိုက်ပို့လေသည်။

"အစ်ကိုစောမောင်လည်း နိုးနေတာကြာပြီ။ နွားစာကျင်းတောင် ချပြီးပြီ။ အရီ မနိုးသေးဘူးထင်လို့ အစ်ကိုစောမောင် လာမနှိုးလာ"

အရီသည် တစ်ညလုံး အိပ်မပျော်ကြောင်း မပြောဖြစ်ပါ။ မင်းတိုင်ပင်ရွာဘက်သို့ စောစောပြန်ချင်ကြောင်းကိုသာ ပြောလိုက်မိသည်။ တုံးမောင်း ငါးချက်တီးတော့ မေကြီးလွန်းဇံက မနက်စာ ခူးခပ်ကျွေးသည်။ အရီ တို့ကနန်းဆိတ်ကနန်း စားနေသည်ကို ကြည့်၍ အားရ ပုံမပေါ်။

"ထည့်စားစမ်းပါအေ့ မိန်းကလေးရဲ့။ ကြောက်ရ ရွံ့ရမယ့်သူတွေ မှတ်လို့။ သူ့စိမ်းတရံတွေ ကျနေတာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

မကြီးလွန်းဇံက အားရပါးရစားခိုင်းသည်။ အရီသည် စားနိုင်သမျှ စားကြောင်း၊ စားကောင်းကြောင်း စကားပြန်လိုက်သည်။ ခြောက်ကြိမ်မြောက် တုံးမောင်းထိုးချိန်တွင်ကား မကြီးလွန်းဇံကို နှုတ်ဆက်ကာ မင်းတိုင်ပင်ဘက်သို့ ပြန်ခဲ့လေတော့သည်။ သို့ရာတွင် မင်းတိုင်ပင်ရွာသို့ အဝင်၌ အရီ့ကို ခရီးဦးကြိုပြုလျက်ရှိသည့် သတင်းကား အရီ့ရင်ဝကို အားကုန်ဆောင့်တွန်းလိုက်သကဲ့သို့ ရှိချေတော့သည်။

"သည်ကောင်မ စောမောင်စွဲတာလဲ မပြောနဲ့အေ့။ မျက်စိမမြင်တာလေးက လွဲလို့ ဆံကေသာ၏ ကောင်းခြင်း၊ အသားရေ၏ ကောင်းခြင်း၊ အချိုးအဆစ်ပြေပြစ်ချင်း ဆိုတဲ့ သနရုပ္ပကလေးတော့ ရှိသား"

"သနရုပ္ပရှိတော့ကောအေ မျက်မမြင်က လင်နောက်လိုက်တယ်ဆိုတာ လူမြင်ရှင်ကြား ဘယ်ဘက်ကများ တင့်တယ်လို့တုန်း။ အသက်ကဆိုတော့ဖြင့် နို့နံ့တောင်စင်သေးတဲ့ အရွယ်မဟုတ်ဘူး။ ကာလသား လူပျိုအိမ် ညအိပ်ညနေလိုက်မှတော့ ဘယ်ကျားက ဥပုသ်စောင့်လိမ့်မတုံးဟဲ့။ မြေစာပင် ပုခက်ချိတ်တဲ့ခေတ်က ဧကန်ရောက်တော့မယ် ထင်ပါရဲ့"

အရီ့မျက်နှာပြင်တစ်ခုလုံး ပူထူနေသည်။ ရှက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်းတို့သည် အရီ့ရင်ထဲဝယ် ကဆုန်ပေါက်ပြေးလွှားနေတော့၏။ လှည်းနောက်ဘက်တွင် ကျန်ခဲ့သည့် သည်အတင်းအဖျင်းစကားတွေကို အစ်ကိုစောမောင်လည်း မကြားဘဲနေမည် မဟုတ်။ ကြားပေလိမ့်မည်။ အရီ အစ်ကိုစောမောင်ကိုလည်း မျက်နှာပူသည်။ အစ်ကိုစောမောင်၏ ရင်ထဲတွင်လည်း မည်သို့ရှိလေမည် မသိ။ အရီကဲ့သို့ပင် ရှက်ရွံ့ထူပူနေလေမလား။ သို့တည်းမဟုတ် မခိုင်လုံ မခြေမြစ်သည့် အတင်းအဖျင်းဆိုသူများအပေါ် ဒေါမနဿစိတ်ဖြစ်တည်နေလေမလား အရီမသိပေ။ အရီ့ရင်ထဲတွင် ခံစားချက်ပေါင်းစုံတို့သည် စက္ကန့်မလပ် တရစပ်ပင် သန္ဓေတည် မွေးဖွားလျက်ရှိတော့သည်။

ကြားလိုက်ရသည့် စကားများကြောင့် စောမောင်ရင်ထဲတွင် ဖျင်းခနဲ ကျဉ်တက်သွားသည်။ ခိုင်လုံသည့် အကြောင်းတရားကို ခြေခြေမြစ်မြစ် ဂယနဏ မသိပါလေဘဲ မိန်းမငယ်တစ်ယောက်၏ ဂုဏ်သိက္ခာကို ထမင်းစား ရေသောက်သဖွယ် အမနာပပြောဆိုခြင်းသည်ကား အင်မတန်မှပင် သေးနုပ်သိမ်ဖျင်းလှပေစွ။ မိမိပါးစပ် အရသာခံ ခံတွင်းတွေ့ရုံမျှဖြင့် တစ်ပါးသူဘဝကို စကားလုံးများဖြင့် စောင်းမြောင်းပုတ်ခတ်ရန် မသင့်ပေ။ စောမောင် နွားနှစ်ကောင်ကို ကြိုးတင်းလျက် လှည်းကို ဆိုင်းလိုက်သည်။ ထို့နောက် လှည်းပေါ်မှဆင်းကာ လှည်းနောက်တွင် ကျန်ရစ်သည့် အမျိုးသမီးများထံသို့ ရောက်လေ၏။ စောမောင် ဖြေရှင်းရပေမည်။ မိမိအတွက်မူကား မဟုတ်။ အရီ့ဂုဏ်သိက္ခာအတွက်ပင် ဖြစ်၏။ နဂိုကပင် သိမ်ငယ်စိတ်အခံရှိသူကလေး အပေါ် မရေရာသော ဤသည့်အတင်းအဖျင်းများဖြင့် စောင်းမြောင်းတိုက်ခိုက်ခြင်းကို စောမောင် လက်မခံနိုင်ပေ။ မိမိသည်ကား ယောကျ်ားသားဖြစ်သည်မို့ ထူးထွေဂုဏ်ငယ်ရန် မရှိ။ မဖြေရှင်းဘဲ နေစိမ့်လိုက်လျှင် မိန်းမသားဖြစ်သည့် အရီ့အတွက်မူ ကြီးစွာသော အမည်းစက်ကြီး ထင်ကျန်ခဲ့ပေတော့မည်။

"ကျုပ်နှမများ အစ်မများဗျာ. . .။ ကျုပ်နှမတို့ပြောပုံအရ အရီ့ကို ရည်ညွှန်းတဲ့ စကားများဆိုတာ ကျုပ်သိပါရဲ့။ ကျုပ်နှမများရဲ့ ဝေဖန်ချက်တွေက မခိုင်လုံပေဘူး။ အရီကလည်း ကျုပ်နှမများ ထင်သလို ကျုပ်ခိုးယူရာနောက်ကို လိုက်တာ မဟုတ်ပေဘူးဗျ။ မနေ့

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ခင်းက မေကြီးမိန်းကလေးက ထည့်လိုက်တဲ့အတွက်ကြောင့်သာ ကျုပ်တို့ မင်းမျက်ရှာဘက်ကို အလည်အပတ်လိုက်ခဲ့တာပါ။ အရီ့လို မျက်စိအလင်းမရရှာကလွဲလို့ ဣန္ဒြေရရ ဗိုင်းကောင်း ကျောက်ဖိနေတတ်တဲ့ မိန်းမငယ်လေးရဲ့ ဂုဏ်သိက္ခာကို မဆိုထားလင့် ကျုပ်လို အမျိုးသား တစ်ယောက်မှာတောင် ကိုယ့်ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်စွမ်းရှိပါရဲ့ ကျုပ်နှမတို့ရယ်။ ကျုပ်နဲ့အရီဟာ ခိုးယူပေါင်းသင်းခဲ့ကြခြင်း မဟုတ်သလို၊ ငြိစွန်းစပ်ယှက်ခဲ့ကြခြင်း အလျဉ်း မရှိရပေါင်ဗျာ။ ကျုပ်နှမများကသာ မိကောင်းဖခင် သားသမီးများပီပီ အရီ့ဂုဏ်သိက္ခာကို ညှိုးနွမ်းကျဆင်းစေမယ့် စကားမျိုးတွေနဲ့ ဝါဒမဖြန့်ဘဲ၊ တခြားအထင်အမြင်လွဲသူများရှိရင်လဲ အဖြစ်မှန် သနစ်မှန်ကို ရှင်းပြပေးခြင်းနဲ့ အရီ့သိက္ခာကို ဆယ်ယူပေးကြဖို့ မေတ္တာရပ်ခံပါရဲ့"

အမျိုးသမီးငယ်နှစ်ဦးတို့သည် ခေါင်းများငုံ့သွားကြ၏။ စောမောင်လည်း လှည်းရှိ ရာဆီ ပြန်လှည့်ထွက်လာခဲ့သည်။ ထို့နောက် လှည်းပေါ်တက်ကာ မေကြီးမိန်းကလေးအိမ် ဘက်သို့ ခပ်သွက်သွက် မောင်းခဲ့လေတော့၏။

အိမ်ရောက်ပြီဆိုသည်ကို အရီ သိပါသည်။ ညင်းသွဲ့သွဲ့ တိုက်ခတ်လာသော နံနက်ခင်း၏ လေပြည်ထဲတွင် ပုန်းညက်ရနံ့တို့သည် အရီ့နှာသီးဖျားဆီသို့ တိုးခွေ့ဝင်ရောက် လာကာ ကြိုလင့်နေကြပြီကိုး။ အစ်ကိုစောမောင်သည် အရီ့ကို လှည်းပေါ်မှ ကူချပေးသည်။ အရီ အိမ်ထဲသို့ အရောက်တွင် အီခနဲ ရှိုက်ငိုမိတော့၏။ ရှက်ရွံ့နာကျင်ခြင်း၊ သေးသိမ်ဝမ်း နည်းခြင်းတို့သည် အရီ့မျက်ရည်မိုးတို့ကို စွေသွန်းရွာဖြိုးစေခဲ့ပြီ။ မေကြီးမိန်းကလေးသည် အရီ့အား ဘယ့်အတွက်ကြောင့် ငိုကြွေးကြောင်းကို လောလျင်သောအသံဖြင့် ပူပန်စွာ မေး လေသည်။ မေကြီးမိန်းကလေး၏ အမေးကို အရီမဖြေမိ။ မေကြီးမိန်းကလေးကို တိုးဖက်၍ သာ ဝမ်းပန်းတနည်းတိုးကာ ငိုချမိလေတော့သည်။

ဒေါ်မိန်းကလေးရင်ထဲတွင် ဗလောင်ဆူလှပြီ။ သည်ကောင်မလေး ဘယ့်အတွက် ကြောင့်များ ရှိုက်ကြီးတငင် ချုံးပွဲချလေသည် မသိ။ ဧကန္တ ဗေဒါပျံသည် အရီ့ဘဝဖြစ်ကြောင်း ကုန်စင်ကိုများ အိတ်သွန်ဖာမှောက် ဖွင့်ချပြလိုက်လေတော့သလား။ အရီသည် သူ့မဘဝ၏ အဖြစ်သနစ်စုံကို အလုံးစုံသိသွား၍များ ဝမ်းနည်းစိတ်၊ မချိတင်ကဲစိတ်၊ နာကျည်းမုန်းတီး စိတ်တို့ကြောင့် သည်းထန်စွာ အပူတိုက်လေတော့သလား။ ဒေါ်မိန်းကလေး၏ ရင်ထဲဝယ် စိုးရိမ်စိတ်တို့ တရိပ်ရိပ် ကြီးစိုးလာလေသည်။ မဖြစ်ပေ။ သည်အကြောင်းခြင်းရာတို့ကို အရီ သိ၍ ဘယ်နည်းနှင့်မျှ မဖြစ်။ ဒေါ်မိန်းကလေး မည်သို့မည်ပုံမျှ ကြံရလေမည် မသိ။

အရီ၏ သည်းထန်စွာ ကြွေးခြင်းသည် ရပ်စဲသွား၏။ တသိမ့်သိမ့် ရှိုက်၏။ တလှိုက် လှိုက်ငို၏။ သို့ရာကား အဖြေစကားသည် ထွက်မလာ။ မောင်စောမောင်က ဖြစ်ကြောင်း ကုန်စင်ရှင်းပြလေမှ ဒေါ်မိန်းကလေး အပူလုံး ကျရတော့သည်။ အရီ့အပေါ် ရပ်ရွာ၏ သည် မျှသော အထင်လွဲမှားမှုကိုဖြင့် ဒေါ်မိန်းကလေး တာဝန်ယူနိုင်သည်။ ဖြေရှင်းပေးနိုင်သည်။ အရေးကြီးသည်က ဗေဒါပျံ ကတိတည်ရန် သာတည်း။ ဂုဏ်ရည်တင့်။ ဟုတ်သည်။ ဗေဒါပျံ ၏သမီး ဂုဏ်ရည်တင့်။ ကြာမှုန်၊ ခင်ထားရီ၊ ဂုဏ်ရည်တင့်။ ဒေါ်မိန်းကလေး ကျေနပ်စွာ တစ်ချက်ပြုံးလိုက်သည်။ ဗေဒါပျံသာ နှုတ်မလုံခဲ့လျှင် ဂုဏ်ရည်တင့်သည် ဒေါ်မိန်းကလေး အတွက် နယ်ရုပ်တစ်ရုပ် ဖြစ်ရချေတော့သည်။

mgyoe.com

ဒေါ်မိန်းကလေးသည် သည်ပြဿနာကို ဖြေရှင်းပေးမည့်အကြောင်း အရီ့ကို ကတိ

ပေးချော့မော့ နှစ်သိမ့်လေ၏။ ပြီးလျှင် မောင်စောမောင်ဘက်သို့ လှည့်ကာ သိလိုလှသော အဖြေတစ်ခုအတွက် ပလ္လင်ခံ စကားပျိုးလိုက်သည်။

mgyoe.com SAMPLE BOOK

"ရှင်ဗေဒါပျံကို လိုက်ပို့ရတာ အဆင်ပြေရဲ့လား မောင်စောမောင်။ သည်မိန်းမက မကြီးမိန်းကလေးရဲ့ ငယ်သူငယ်ချင်းပေါ့ကွယ်။ သူ့အကြောင်းများတော့ မေကြီးမိန်းကလေး က ခရေစေ့တွင်းကျ စေ့စေ့ငုငုကို သိပါသကော။ အင်မတန် စကားဖွာပြီး နှုတ်လျှာကွန့်မြူးတဲ့ ဗေဒါပျံပေါ့။ သို့နဲ့ မောင်စောမောင်တို့ကိုရော ငယ်ကျိုးငယ်နာတွေကို ပေထုပ်တစ်လွှာ ကျမ်း စာတစ်ဖွဲ့ ပြုစုလောက်အောင် နားမီး မရှို့လိုက်ဘူးလားကွဲ့"

စောမောင်သည် မေကြီးမိန်းကလေးအား မေကြီးဗေဒါကို လိုက်ပို့သည်မှာ အဆင် ပြေကြောင်း၊ လှည်းလမ်းတစ်လျှောက် စကားရယ်လို့ များများစားစား မပြောဖြစ်ခဲ့ကြောင်း ကို ပြန်ဖြေလိုက်သည်။ အရီသည် မင်းမျက်ရွာဘက်တွင် မနေခဲ့ဘဲ ရွှေပြည်စိုးရွာဘက်အထိ လိုက်ပါလာကြောင်းကိုတော့ ချန်လှပ်ထားလိုက်၏။ ဘယ့်အတွက်ကြောင့်ရယ်မှန်း မသိသော် ငြား မေကြီးမိန်းကလေး၏မျက်နှာတွင် ကျေနပ်ရိပ်တစ်ခု ဖြတ်ပြေးသွားသည်ကို စောမောင် သတိပြုလိုက်မိသည်။ သို့ရာတွင် စောမောင်၏ အာရုံထဲဝယ် ထိုအတွေးတို့သည် ရှည်ကြာစွာ မဖွဲ့တည်နိုင်ချေ။ အရီ၏ ကြေကွဲဝမ်းနည်းခြင်း၊ ဂုဏ်သိက္ခာကျဆင်းခြင်းအပေါ်၌သာ အုံကျင်း ဖွဲ့နေလေ၏။

အရီ့ဂုဏ်သိက္ခာသည် ပြန်လည်ဆယ်ယူ၍ ရသည်ဆိုသည့်တိုင် ဆိုခဲ့ကြသမျှ အရပ်စကားတို့သည် ပြန်လည်ပိတ်ပင်၍ မရကောင်းတော့ပေ။ ထို့အတွက် စောမောင်တာ ဝန်ယူနိုင်သည်မှာ တစ်ခုသာ ရှိသည်။ မေကြီးမိန်းကလေးသာ ခွင့်ပြုလျှင် အရီသာ လက်ခံ မည်ဆိုလျှင်၊ စောမောင် အရီ့ကို မိသားဖသားစုံစွာနှင့် တောင်းရမ်းလက်ထပ်လိုခြင်းပင်။ သို့သော် အရီ့အသက်သည် စောမောင်နှင့်စာလျှင် များစွာငယ်သေး၏။ အရီ လက်ခံချင်မှ လက်ခံပေလိမ့်မည်။ အရီသည် အသက်သာငယ်သော်လည်း စဉ်းစားတွေးခေါ်မှု၌ကား နုံချာ သူမဟုတ်။ သို့ရကား စောမောင် မတတ်သာချေ။ အမ(အမေ့)ကို အကျိုးအကြောင်း အသိပေး ကာ ကြောင်းလမ်းခိုင်းကြည့်ရပေဦးမည်။ စောမောင် အရီ့ကို မြတ်နိုး တန်ဖိုးထားပါသည်။ သည်ပန်းကလေး လေယူသိမ်း၍ ယိမ်းညွတ်သည်ကိုပင် စောမောင် မကြည့်ရက်နိုင်ပါ။ အခြားသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ချစ်ခြင်းမေတ္တာအား မည်ကဲ့သို့ အနက်ဖွင့်ဆိုကြမည် မသိသော်ငြား၊ စောမောင်နားလည်သည့် ချစ်ခြင်းမေတ္တာသည် တမြတ်တနိုး သက်ဝင်၍ တယုတယ တန်ဖိုးထားခြင်းပင်တည်း။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၉

"နောင်ဖြစ်လေရာ၊ မောင်ညစ်ကယ် မြူတထားနဲ့၊ ပူလောင်စွာ ငါလိုပွက်ရအောင်၊ ကမ္ဘာ့ကမ္ဘာ ဘဂဝါအဆက်ဆက်၌၊ မုနာလိကိုတော်(အမလေး) ဖျက်ရစေကြောင်း"

ပိုး၊ ဖဲ၊ ကတ္တီပါတို့ဖြင့် ထုံမွှန်းဆင်ယင်ထားသည့် နန်းတော်တမျှ ကြီးကျယ်လှသော နှစ်ထပ်စံအိမ်တော်ကြီး။ စံအိမ်တော်ကြီးသည် ရှေးဆန်လှသော အသုံးအဆောင်၊ အမွှန်းအပြောက်တို့ဖြင့် ခမ်းနားချင်တိုင်း ခမ်းနားနေလေသည်။ အိမ်လုံးပြည့် ခန်းလုံးပြည့် ခင်းကျင်းထားသည့် ကော်ဇောနီကြီးများသည် နင်းရက်စရာမရှိအောင် တောက်ကြွားဝံ့ထည်နေလေ၏။ ကောင်းပေ့ ညွှန့်ပေ့ဆိုသည့် ကျွန်းသစ်တို့ကိုသုံး၍ တပ်ဆင်ထားသော ကျွန်းလှေကားကြီး၏ ခြေနင်းများပေါ်တွင်လည်း ကော်ဇောနီတို့ ခင်းကျင်းထားပြန်သည်။ လှေကားလက်ရန်းသည် အကြေးခွံတို့ အနွယ်အခက်တို့ဖြင့် ပုံဖော်ထုဆစ်ထားသည့် နဂါးကြီးတစ်ကောင်၏ ကိုယ်ထည်ဖြစ်ပြီး၊ အမောက်အချွန်း အခက်အတက်တို့ဖြင့် ခန့်ထည်လှပလွန်းသော ဦးခေါင်းကြီးသည် လှေကားဦးတွင် မာန်ဖီဝံ့ကြွားလျက်ရှိ၏။

အဆင့်ဆင့်အထပ်ထပ်သော အခန်းငယ်များနှင့် အံဆွဲများ ပါရှိသည့် ကျွန်းဗီရိုကြီးများသည်လည်း စံအိမ်တော်ကြီး၏ အခန်းထောင့်များတွင် တည်ငြိမ်သောအသွင်ဖြင့် စံအိမ်တော်ကြီး၏ ခံ့ညားထည်ဝါမှုကို ပို၍ပင် အားဖြည့်နေတော့သယောင်။ ဧည့်ဆောင်ခန်းဦး၌ရှိသော ခြူးပန်းခြူးနွယ်တို့ဖြင့် ထုဆစ်တန်ဆာဆင်ထားသော မှန်ဘီဒိုကြီးထဲတွင်မူ ကျမ်းကြီးကျမ်းငယ်အသွယ်သွယ်တို့သည် အစီစီအထပ်ထပ်။ ဘီရိုထက်တွင်ကား အနီရင့်ရောင် ပိုးသားခြည်မျှင်တို့ ရစ်ပတ်နွယ်ကျနေသည့် ရွှေရောင်ဖိတ်ဖိတ်လက်နေသည့် စောင်းကောက်ကြီးတစ်လက်။ ယွန်းထည်ပစ္စည်းတို့သည်လည်း သူ့နေရာနှင့်သူ နေသားတကျဖြင့် ခံ့ထည်သော ပုံရိပ်ကို ဖန်တီးပေးနေလေ၏။ ခေတ်မီလွန်းသည့် မီးဆိုင်းတို့သည် စံအိမ်တော်ကြီး၏ မျက်နှာ

mgyoe.com

mgyoe.com SAMPLE EBOOK

ကျက်တွင် နေရာယူထားကြပြန်သည်။ အဖြူရောင်ဝယ် ရွှေနားဘောင်ကွပ်ထားသော ပိုးသားခန်းဆီးလိုက်ကာတို့ကြောင့် စံအိမ်တော်ကြီးသည် မှောင်ပိတ်မနေဘဲ လင်းနေချေ၏။ အိမ်တော်ကြီးတွင်ရှိသည့် အလုပ်ကျွေးတို့သည်ကား တစ်ယောက်နှင့်တစ်ယောက် စကားမဆိုအားကြ။ မိမိတို့ လုပ်စရာရှိသည်များကိုသာ တစူးတစိုက် လုပ်ဆောင်နေကြသည်။ ခမ်းနားခြင်းအပြင် တိတ်ဆိတ်ခြင်းတို့ပါ မင်းမူနေသည့် ရွှေနန်းတော်တမျှ ကြီးကျယ်လှသော စံအိမ်တော်ကြီး။ ဤစံအိမ်တော်ကြီးသည်ကား မင်းသားကြီး ဦးကြာမြိုင်ပိုင်ဆိုင်သည့် မန္တလေးမြို့မှ ပဒုမ္မာစံအိမ်တော်ကြီးပင် ဖြစ်တော့သည်။

ဦးကြာမြိုင်သည် ဧည့်ခန်းဆောင်ကြီးအလယ်မှ ရွှေဘောင်အနားကွပ် အနီရောင်ကော်ဇောချပ် ခင်းထားသည့် ပန်းကနုတ်တို့ဖြင့် ထည်ဝါလှစွာသော ကျွန်းထိုင်ခုံကြီးပေါ်တွင် တည်တင်းသောဟန်ဖြင့် တောင့်မတ်စွာ ထိုင်နေလေသည်။ ဦးကြာမြိုင်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်၌ နှစ်ဆယ့်နှစ်နှစ်ခန့်ရှိသည့် ကျော့ရှင်းပျိုမျစ်လှသည့် မိန်းမငယ်လေးတစ်ဦး ရှိလေသည်။ ဦးကြာမြိုင်သည် မျက်လုံးအစုံအား မှေးကျဉ်းလျက် အေးစက်လှသောအကြည့်တို့ဖြင့် မိန်းမငယ်အား စူးစိုက်ကြည့်နေလေသည်။ မိန်းမငယ်သည်ကား ဦးကြာမြိုင်နှင့် ဆန့်ကျင်ဘက်ပင်တည်း။ နက်မှောင်ကော့ရွန်းသော မျက်တောင်တို့ဖြင့် အနားသတ်ဘောင် ခတ်ထားသည် ဝိုင်းစက်စူးလက်သော မျက်လုံးတစ်စုံသည် ဦးကြာမြိုင်အား ပြန်လည်စူးစိုက်ကြည့်ရင်း တုံ့ပြန်နေချေ၏။ အကြည့်နှစ်ခုသည် အေးစက်ခြင်းနှင့် တောက်စားခြင်း။ သားရဲတို့၏ အထာကို ကျွမ်းဝင်သော မုဆိုးတစ်ယောက်၏ မျက်လုံးမျိုးနှင့် မုဆိုးတို့၏ ပရိယာယ်ညွှတ်ကွင်းကို ထိုးထွင်းသိမြင်နေသည့် သားရဲတစ်ကောင်၏ မျက်လုံးမျိုးပင်တည်း။

"စိမ့်စမ်းကြည်ဆိုတာ သဘင်သည်အစစ်ပါ ဦးကြာမြိုင်။ ဇာတ်ထဲမှာ နေရာရချင်ရုံ ဇာတ်ဆရာရဲ့ ပစားပေးခံချင်ရုံနဲ့တော့ သဘင်ကိုဗန်းပြပြီး နောက်ကွယ်မှာ ခန္ဓာကိုယ်ကို ရင်းနှီးမယ့် မင်းသမီးမျိုး မဟုတ်ဘူး။ ခေါင်းဆောင်မင်းသမီးဖြစ်ဖို့အတွက်နဲ့ စိမ့်စမ်းကြည်က ဘဝပေးလိမ့်မယ် ထင်ထားရင် ဦးကြာမြိုင် သိပ်မှားတာပေါ့။ ငွေနဲ့ အောင်မြင်မှုနောက်လိုက်ရင်း ဘဝပေးလိုက်ကြတဲ့ မင်းသမီးတွေ ရှိကောင်းရှိဖူးပါလိမ့်မယ်။ ဒါပေမဲ့ စိမ့်စမ်းကြည် မပါဘူး။ သဘင်သည်ဆိုတာ ကျရာဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်ရင်း ပရိသတ်ရင်တွင်းကို အနုပညာနဲ့ သင်ခန်းစာပေးရတဲ့သူတွေ မဟုတ်လား။ စိမ့်စိမ့် ဘယ်နေရာမှာပဲ နေရနေရ ဝါသနာပါတဲ့ သီဆိုကခုန်မှု ပြုနေရရင် ကျေနပ်တယ်။ စိမ့်စိမ့် အနုပညာအပေါ်မှာ ရူးသွပ်ပါတယ်။ ဒါပေမဲ့ ဘဝပျက်ခံမယ့်အထိတော့ မရူးမိုက်ဘူး ဦးကြာမြိုင်။ စိမ့်စိမ့်မှာသာ ပညာဝမ်းစာပြည့်ရင် စိမ့်စိမ့်ကျော်စောမှာပဲ။ ဘယ်တော့မှ ဖြတ်လမ်းမလိုက်ဘူးဆိုတာ မြဲမြဲ မှတ်ထားပါ"

စိမ့်စမ်းကြည်၏အသံသည် မာ၏။ ပြတ်၏။ မာန်ပါ၏။ အပြောနှင့်အလုပ်ညီမည့်သူ။ မည်သည်ကြောင့်မျှ ဝပ်တွားခယမှာ မဟုတ်သည့် အသွင်မျိုးပင်ဖြစ်တော့၏။

"မိကျောင်းမင်းကို ရေကင်းပြနေသလား စိမ့်စမ်းကြည်။ ညည်းသဘောက ဝါးရင့်ကို ဝါးနုက ပတ်ချင်တာလား။ ညည်းလို မင်းသမီးပေါက်စတော့ မဆိုထားနဲ့။ အရိုးခေါက်ရင်တောင် ဗိုးသံထွက်တဲ့ မင်းသမီးရင့်ထော်ပေါင်း ရာထောင်မက ငါကြုံခဲ့ဖူးပြီ။ နောက်ဆုံးတော့ ငါ့ခြေရင်းမှာ ဝပ်ဆင်းကြရတာချည်းပဲ။ ငါ နောက်ဆုံးတစ်ကြိမ် ထပ်ပြောမယ်။ ညည်းကို

mgyoe.com

မင်းသားထက်ပိုတဲ့ ညကြေးပေးမယ်။ ညည်းအတွက် လုပ်ကွက်များများရမယ့်၊ ပညာကုန် အိတ်သွန်ဖာမှောက် ချပြနိုင်မယ့် ပဋ္ဌာစာရီလို၊ မအောင်ဖြူလို၊ စူဠသုဘဒ္ဒါလို မင်းသမီးဇာတ် တွေကိုချည်း ငါ က,ခွင့်ပြုမယ်။ ညည်းလုပ်နိုင်ရင် လုပ်နိုင်သလောက် တဟုန်ထိုးကျော်စော မယ့် ဇာတ်တွေပဲ။ ညည်း စဉ်းစားပေါ့။ ဘယ်ဇာတ်ထဲမှာမှ မင်းသားထက်ပိုပြီး လုပ်ခွင့်ရတဲ့ မင်းသမီးဇာတ်တွေကို ချမပေးဘူး။ အေး အဲဒီအတွက် ညည်းပေးရမယ့်အရာက တစ်ခုတည်း ပဲ။ ငါ့အပါးမှာ ငါလိုအပ်တိုင်း ရှိနေပေးဖို့ပဲ"

စိမ့်စမ်းကြည်၏ မျက်နှာသည် ရဲရဲတောက်သည်ထက် ပို၍ နီမြန်းကာ၊ ပတ္တမြား ရောင် ထလျက်ရှိ၏။ အသားများသည်ကား တဆတ်ဆတ်တုန်နေ၏။ သဘင်ပညာကို ခုတုံး လုပ်၍ အကျင့်ပျက်ဖောက်ယွင်းနေကြသည့် သဘင်အရေခြုံ လောဘထိပ်သီးများ၊ ကာမမု ဆိုးများ၊ သင်းတို့ကြောင့် ဘဝပျက်ခဲ့ရသည့် သဘင်ရှူးမင်းသမီးတွေ ဘယ်လောက်တောင် များပြားခဲ့ကြရပြီလဲ။ သဘင်ဆိုသည်မှာ လူတို့၏စိတ်ကို ပျော့ပျောင်းညွတ်နူးရန် ထိန်းကျောင်း ပေးသည့်အရာ။ လောဘ၊ ဒေါသ၊ မောဟ သားကောင်တို့၏ လားရာလမ်းတို့ကို မီးမောင်း ထိုးပြ သင်ခန်းစာပေးရသည့် အတတ်။ သဒ္ဓါ၊ သတိ၊ ဟီရိ၊ ဩတ္တပ္ပ၊ ဝီရိယ၊ သုတ၊ ပညာတည်း ဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို စောင့်ထိန်းလိုက်နာကြသည့် သူတော်ကောင်းတို့ ၏ မြန်းရာဘုံဂတိကို ညွှန်ပြရသော သိမ်မွေ့နက်နဲသည့် ပညာရပ်။ သည်မျှ အဖိုးတန်လှသော၊ နူးညံ့လှသော အနုပညာကို အရေခြုံကာ ပြုချင်တိုင်းပြုနေကြသည့် အတ္တဘောများကြောင့် သဘင်သည် တိုးတက်ခြင်းထက် ဆုတ်ယုတ်ခြင်းဘက်ကို ဦးတည်ရွေ့လျားနေသည်ဟု စိမ့် စမ်းကြည် ထင်မိသည်။

သဘင်သည်သည် သဘင်လောကအပေါ်မှာ ကြီးစွာသစ္စာစောင့်သိပြီး၊ သဘင် အတတ်ပညာအပေါ်မှာ တန်ဖိုးထားကာ တိုးတက်အောင်၊ စည်ပင်အောင်၊ ပြန့်ပွားအောင်၊ လူတို့နှလုံးသားကို သိမ်မွေ့လာအောင်၊ ယဉ်ကျေးမှုအနုပညာအပေါ်မှာ ချစ်မြတ်နိုးတတ်လာ အောင် ကြံဆောင်အားထုတ်ကြရမည် မဟုတ်လား။ ဦးကြာမြိုင်တို့လို သဘင့်ကပ်ပါးကောင် များ ရှိနေသောကြောင့်သာ သဘင်လောကသည် တစ်စတစ်စ ယိုယွင်းပြိုကျလာခြင်းပင် ဖြစ်သည်။ စိမ့်စမ်းကြည် ဦးကြာမြိုင်ကို စက်ဆုပ်ရွံရှာသော အကြည့်ရိုင်းဖြင့် ကြည့်ပစ်လိုက် သည်။ သည်လိုဇာတ်ပိုင်ကြီးတချို့ကြောင့် သီလ သမာဓိရှိပြီး၊ ပညာရပ်အပေါ် တန်ဖိုးထား သည့် ဇာတ်ပိုင်များသည်လည်း သိမ်းကျုံးနှပ်ပစ်ခံရခြင်းပင်။

"စိမ့်စိမ့် ဒီပဒုမ္မာဇာတ်အဖွဲ့ထဲကနေ နုတ်ထွက်ပါတယ် ဦးကြာမြိုင်။ စိမ့်စိမ့်တို့ ကြားမှာ ဘာကတိကဝတ် စာချုပ်စာတမ်းမှလည်း မရှိခဲ့ကြတဲ့အတွက် စိမ့်စိမ့်သဘောဆန္ဒ အတိုင်း ဒီဇာတ်အဖွဲ့ကို စွန့်ခွာပါတယ်။ ဦးကြာမြိုင် မကျေနပ်ရင် ကြိုက်ရာအဖွဲ့အစည်းကနေ ဆင့်ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ စိမ့်စိမ့်ဘက်ကလည်း ဒီအတိုင်းငြိမ်နေမှာတော့ မဟုတ်ဘူး နော်။ စိမ့်စိမ့်တို့အဘိုး အဘွားခေတ်ကတည်းက နှစ်ပေါင်းကြာရှည်စွာ ဂုဏ်သတင်းကြီးခဲ့တဲ့ ပဒုမ္မာဇာတ်ကြီးရဲ့နောက်ကွယ်မှာ သည်လိုအကျင့်ပျက်ဖောက်ပြားမှု၊ လူ့ဂုဏ်သိက္ခာကို စော် ကားမှု၊ သဘင့်ကျက်သရေကို ညှိုးနွမ်းအောင် ကျင့်ဆောင်မှုတွေ ရှိနေတဲ့အကြောင်း စိမ့်စိမ့် ကြေညာမောင်းခတ်ရလိမ့်မယ်"

စိမ့်စမ်းကြည်သည် ဦးကြာမြိုင်ကို ကျောခိုင်းကာ ပဒုမ္မာစံအိမ်တော်ကြီးမှ ထွက်ခွာ

mgyoe.com SAMPLE BOOK mgyoe.com

ခဲ့လေသည်။ သူမ၏ ပစ္စည်းပစ္စယများကိုလည်း နိုင်သလောက် သယ်ယူသွား၏။

mgyoe.com SAMPLE BOOK

ဦးကြာမြိုင်သည် ကြိတ်မနိုင်ခဲမရစွာ အံကြိတ်ရင်း တောက်ခေါက် ကျန်ခဲ့ရသည်။ မနေ့တစ်နေ့ကမှ သဘင်လောကထဲသို့ ရောက်လာသည့် သူငယ်နံ့မစင်သေးသည့် မင်းသမီး ပေါက်စတစ်ယောက်က နင်ပဲဆ ပြောသွားသည်ကို ခံရခက်လှသည်။ သင်းတို့လို ဟာလေးတွေတော့ မဆိုထားနှင့်။ ထိပ်တင်လှိုင်၊ စိန်ဘယက်၊ လှလေးကြည်၊ ဗေဒါပျံတို့ကဲ့သို့ တစ်ခေတ်တစ်ခါက မင်းသမီးကြီးများသည်ပင် ကြာမြိုင့်ခြေတော်စုံ ဆံပုံဝပ်တွားခဲ့ကြရတာ မဟုတ်လား။ ကုန်ကုန်ဆိုရလျှင် ပြည်သူ့အချစ်တော် ဒေါင်းမြရီကဲ့သို့သော မင်းသမီးမျိုးကိုပင် ပြိုလဲကျအောင် ဖြိုချဖျက်ဆီးနိုင်ခဲ့သည်သာ။

ဒေါင်းမြရီ။ ဟုတ်သည်။ သည်နာမည်ကို ကြာမြိုင် မမေ့။ ဘယ်သောအခါမှ မမေ့။ မမေ့နိုင်စရာအကြောင်းတရားတို့သည်လည်း စွဲမြဲခိုင်မာစွာ ရှိခဲ့သည်မဟုတ်လား။ သင်း၏ အငြိုးသည် ကြာမြိုင့်ဘဝတစ်သက်ဝယ် စုတ်ချက်ထိုးခဲ့သလို စွဲထင်ကျန်ရစ်မည့် ခံရခက်လှစွာသော ဝေဒနာကို ပေးခဲ့ပေသည်။ ထက်သလောက် ကျော်ခဲ့သည့် မိန်းမ။ ကျော်သလောက်လည်း တော်ခဲ့သည့် မိန်းမ။ တော်သလောက်လည်း မာနတံခွန်တို့ တလူလူ လွင့်ခဲ့သူ။ စူဠသုဘဒ္ဒါလို၊ စိဥ္စမာနလောင်းလျာလို အငြိုးကြီးခဲ့သည့် ဣတ္ထိယ။ သို့ရာတွင် ဒေါင်းမြရီသည် စူဠသုဘဒ္ဒါကဲ့သို့ အစွယ်ဖြတ်ခိုင်း၍ သေစေသူလည်းမဟုတ်၊ စိဥ္စမာနလို မှောင်မိုက်သည့် တဏှာဖြင့် ဖျက်စီးခြင်းလည်း မဟုတ်ပေ။ သို့သော် ကြာမြိုင့်ဘဝအား တစ်သက်စာ ဒဏ်ခတ်ခဲ့သူကား အမှန်ပင်ဖြစ်တော့သည်။ ကြာမြိုင့်ဘဝကို တမြေ့မြေ့လောင်ကျွမ်းပါစေကြောင်း ဆုတောင်းခဲ့လေသလား ထင်မှတ်ရတော့၏။

သို့သော် ကြာမြိုင်သည် ဒေါင်းမြရီ၏ ကြီးစွာသော ဘဝသင်ခန်းစာပေးခြင်းကို ခံခဲ့ရသည့်တိုင်၊ မိမိ၏ စိတ်ဆင်ရိုင်းတို့ကို ယခုအရွယ်ထိတိုင် ချွန်းမအုပ်နိုင်သေးပေ။ မိမိ၏ နောင်ကြဉ်မှုသည် ဒေါင်းမြရီနှင့်သာ သက်ဆိုင်သည်။ ဒေါင်းမြရီမဟုတ်သည့် အခြားသူများအပေါ်တွင် ကျူးလွန်းမိမြဲပင်။ သို့သော် ဒေါင်းမြရီကိုကား တစ်သက်မမေ့တော့ချေ။ ရေဆုံးမြေဆုံး ပုန်းရှောင်နိုင်လွန်းလှသည့် မိန်းမ။ လိုက်လေလေ ဝေးခဲ့ရပြီ။ ခြေရာလည်းပျောက် ရေလည်း နောက်ခဲ့ရချေပြီတကား။

ယခုအချိန်မှာများ ဒေါင်းမြရီကိုတွေ့ခဲ့ရလျှင် ကြာမြိုင် တောင်းပန်မိလေမလား။ သို့တည်းမဟုတ် ရင့်သီးခက်ထန်စွာ ပြောမိလေမလား။ သေချာပါသည်။ ကြာမြိုင် ဘယ်သောအခါမှ တောင်းပန်လိမ့်မည် မဟုတ်ပါ။

ကြာမြိုင် မျက်လုံးအစုံကို မှိတ်ချလိုက်သည်။ ခပ်နွေးနွေး အာပေါဓာတ်တို့သည် မျက်ထောင့်စွန်း ပထဝီဓာတ်ကိုဖြတ်၍ တလိမ့်လိမ့် စီးကျလာ၏။

ထိုစဉ် ခံ့ညားထည်ဝါလှသည့် ဧည့်ခန်းဆောင်ကြီးအတွင်းသို့ အမျိုးသမီးကြီးတစ်ဦး ဝင်ရောက်လာလေသည်။

"အစ်ကိုကြာမြိုင်. . .။ ကျွန်မ. . . သမီးလေးကြာမှုန်နဲ့ တွေ့ခဲ့တယ်"

အမျိုးသမီးကြီး၏ မျက်လုံးတို့သည် ရီဝေဆွေးမြေ့နေ၏။ မည်သည့်အာရုံအပေါ်တွင်မျှ ခံစားချက် တစ်စုံတစ်ရာရှိဟန်မတူ။ သူမ၏ စိတ်အာရုံသည် အကြောင်းရင်းတစ်ခုပေါ်၌သာ အာရုံနစ်မြုပ်နေဟန်ရှိသည်။ အိပ်မက်မှ နိုးထလာသူ၏ ပုံသဏ္ဌာန်မျိုးနှင့် ဧည့်ခန်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်ထဲသို့ဝင်လာပြီး၊ ဦးကြာမြိုင်အား တိုးသက်ညင်သာသောအသံ၊ မောပန်းလှိုက်နွမ်းသည့် အသံမျိုးဖြင့် စကားဆိုလေသည်။ သူမ၏အကြည့်နှင့် စိတ်ခံစားချက်တို့သည် မိုင်ထောင်ချီဝေးကွာလှသည့် နွေကန္တာခရီးမှ ဖြတ်ကျော်လျှောက်လှမ်းလာရသူလို နွမ်းလျနေသည့်ဟန်ကား အထင်းသား။ စိတ်နှင့်ကိုယ်သည် လွင့်မျောကွာဝေးကာ ပေါင်းစည်း၍ မရနိုင်သည့် အသွင်သည် ထင်ရှားပေ၏။ အမျိုးသမီးကြီးသည် သူမပြောချင်သည်ကို ပြောပြီးလျှင် ဧည့်ခန်းဆောင်ကြီးအတွင်းမှ ချက်ချင်းပင် ပြန်လည်ထွက်ခွာသွားလေသည်။

ဒေါ်ခင်မြတ်သာ။ ဟုတ်ပေသည်။ ထိုအမျိုးသမီးကြီးသည်ကား ဦးကြာမြိုင်၏ ကောင်းမွေဆိုးမွေကို ခါးစည်းခံ၍ ပါရမီဖြည့်ခဲ့သည့် မယေားသီ ဒေါ်ခင်မြတ်သာပင်တည်း။ ဦးကြာမြိုင်သည် မိမိ၏ဦးခေါင်းကို ဖြည်းညင်းလေးတွဲ့စွာ ခါယမ်းလိုက်သည်။ ထို့နောက် တံတောင်နှစ်ဖက်ကို ကျွန်းစားပွဲကြီးပေါ်သို့ တင်ထောက်ကာ မိမိမျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ခေါင်းငိုက်စိုက်ချထားမိတော့၏။ ဦးကြာမြိုင်ပြုခဲ့သမျှ အကြောင်းတရားတို့၏ အကျိုးဆက်တို့သည် ဒေါ်ခင်မြတ်သာအပေါ်၌ ပုံကျသက်ရောက်ခဲ့သည် မဟုတ်ပါလား။

ဒေါ်ခင်မြတ်သာသည် ခင်ပွန်းသည် ဦးကြာမြိုင်၏ မြာပွေခြင်း၊ အိမ်ထောင်ရေး ဖောက်ပြန်ခြင်းတို့အပေါ်၌ပင် ခဲရာခဲဆစ်သည်းခံကာ ပေါင်းသင်းခဲ့သည့် ဇနီးသည်ဖြစ်၏။ ဦးကြာမြိုင်သည် ဖောက်ပြားသော သဘောရှိသလောက်၊ ဒေါ်ခင်မြတ်သာမူကား အင်မတန်ပင် ကျိုးနွံသော၊ အိမ်ထောင်မှုနိုင်နင်းသော၊ ခင်ပွန်းသည်အပေါ် လေးစားတန်ဖိုးထားသော ဇနီးသည်အဖြစ် ဇနီးကောင်း ပီသခဲ့ပေသည်။ သို့ရကား ယခုတွင်မူ ဒေါ်ခင်မြတ်သာသည် အပ္ပမာဒတရားတို့ ကင်းလွတ်လျက် ရှိချေပြီ။ သူမသည် တစ်ခါတစ်ရံ၌ ပြုံးသည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရ ရယ်မောသည်။ တစ်ခါတစ်ရံ၌ အကြောင်းတရားမဲ့စွာ ငိုကြွေးချက်မ ချုံးပွဲချသည်လည်း ရှိ၏။ သူမ၏ စိတ်အာရုံဝယ် စွဲထင်နေသူတို့နှင့် တွေ့ဆုံကာ တစ်ဦးတည်း စကားပြောနေတတ်ပြန်သည်။

အမှန်တွင်မူကား ဤအကျိုးတရားတို့သည် ဦးကြာမြိုင်၏ အကုသိုလ်တို့အပေါ်တွင် တည်မှီ၍ တစ်နွယ်ငင်ခဲ့ရသော အကျိုးဆက်ပင်။ အစ်ကိုကြီး ကိုဆောင်ပန်းသည်လည်း ဦးကြာမြိုင်၏ ပယောဂကြောင့်ပင် နှစ်ရှည်လများ ဆောက်တည်ထားခဲ့သည့် ခိုင်မာတောင့်တင်းသည့်ဘဝ ပျက်စီး၍ စိတ်ထောင်းကိုယ်ကြေကာ လူ့လောကကြီးကို နှုတ်ဆက်ခဲ့ရပေသည်။ ဦးကြာမြိုင်၏ ဘဝသည် "အကုသလံ ဇေရဟာတ်၊ တောမသတ် ချာလည်" လျက်ရှိ၏။ သို့လင့်ကစား ဦးကြာမြိုင်သည် မိမိ၏အကုသိုလ်ကြီးမားပုံကို သတိပြုဆင်ခြင်ခြင်း အလျဉ်းမရှိပေ။ မိုက်ပင်ပျိုး၍ ဆက်လက်ထမ်းပိုး မိုက်တွင်းနက်လျက်ပင် ရှိလေသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၁၀

"ဘဝသခင်၊ အရှင့်မလို၊ သမျှကိုလည်း၊ ဝှက်သိုသမှု၊ အာဏာသွေဖည်၊ မိန့်တော်ရည်ကို၊ မတည်မှုနှင့်၊ ပြုသသူကို၊ ငါမှုတစောင်း၊ ရန်မကောင်းနယ်၊ မောင်းလိုက်မယ်…"

"ဒေါ်မိန်းကလေးသည် ယွန်းလက်ဖက်အစ်ကလေးကို ကောက်ပိုက်လိုက်လေသည်။ ချည်စောင်ပေါင်းကလေးကို ခေါင်းပေါ်တင်ကာ ရွာမြောက်ဘက် နတ်ကွန်းရှိရာဆီသို့ ထွက်လာခဲ့လေ၏။ ရွာနှင့်နတ်ကွန်းသည် ယာခင်းလေးငါးကွက်ခန့် ခြားသည်။ ဝေးသည် မဟုတ်လှသည့်တိုင် နီးသည်ဟူ၍လည်း မဆိုသာ။ သို့သော် သည်မျှလောက်သောခရီးကို ဒေါ်မိန်းကလေး မမှုပေ။ မယ်တော်ကြီး၏ နတ်ကွန်းသည် ဒေါ်မိန်းကလေး သွားနေကျ။ အထူးသဖြင့် ဒေါ်မိန်းကလေး စိတ်ထွေပြားလာလေတိုင်း မယ်တော်ကြီးထံသို့ အရောက်လာပြီး၊ ဆားနယ်လက်ဖက်ကို ဆီရွှဲရွှဲဆမ်းပြီး မယ်တော်ကို တင်နေကျ။ မြှောက်နေကျ။ သံတော်တိုက်နေကျ။ ယခုလည်း ဒေါ်မိန်းကလေး၏ စိတ်အစဉ်တို့သည် နေရထိုင်ရ သရိုးသရီရှိလှသည်မို့ နတ်ကွန်းဘက်သို့ ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။

ဗေဒါပျံ့ ရောက်ချလာပြီး နောက်ပိုင်းနေ့ရက်များသည် ဒေါ်မိန်းကလေးအဖို့ တစ်စုံတစ်ရာအပေါ် စိုးရိမ်မကင်းသည့်စိတ်ဖြင့် မွေးမရစက်မပျော် ဖြစ်ခဲ့ရသည်။ ဗေဒါပျံ့၏ လာခြင်းသည် ကောင်းသောလာခြင်း မဟုတ်ဟု ဒေါ်မိန်းကလေး၏ စိတ်မှ အလိုလို ခံစားနေရသည်။ ဗေဒါပျံ့သည် မိမိ၏ ကိုယ်ရေးကိုယ်တာ၌သာ သပွတ်အူကျသည်မဟုတ်။ တစ်ပါးသူတို့၏ အတွင်းရေး၌ပါ စာဘူးတောင်းသိုက်လုပ်တတ်သော ဉာဉ်ရှိသူပေတည်း။ ဒေါ်မိန်းကလေးသည် နောက်ကျိရှုပ်ထွေးနေသည့် စိတ်အလျဉ်ကို မယ်တော်ကြီးထံ ရင်ဖွင့်လျှောက်တင်၍ ဖယ်ရှင်းသန့်စင်ပေးရန် အယူခံဝင် သနားခံရပေတော့မည်။

" လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ " ဆိုလျှင် ဒေါ်မိန်းကလေး၏ သောကအပူတို့သည်

mgyoe.com

ဆယ်ကုဋေမက ရှိလိမ့်မည်ထင်သည်။ဖြတ်သန်းခဲ့ရသည့် ဘ၀တစ်လျှောက်ဝယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပရိဒေဝတို့သည် များပြားလှပေစွ။ မည်သည့်အခါများမှ သည်သောကတို့သည် ငြိမ်းအေးမည် မသိတော့။ အငြိုးအာယာတတို့ ပြေငြိမ်းပြီးသည့်တိုင် လက်ကျန်အပူခိုးငွေ့တို့သည် လူဆဲ၊ အူဆဲပင်ဖြစ်ချေ၏။

ဒေါ်မိန်းကလေးသည် နတ်ကွန်းထဲသို့ ရောက်လေလျှင် နတ်နန်းဘေးရှိ ညောင်ပင်ခြေရင်း၌ ဦးစွာထိုင်ချလိုက်၏။ ပြီးလျှင် ခေါင်းပေါင်းထားသည့် ချည်တဘက်ကလေးကို ဖြုတ်ယူကာ မျက်နှာထက်ဝယ် သီတွဲဝေ့ခိုနေသည့် ချွေးစက်တို့ကို ပွတ်သုတ်လိုက်လေသည်။ ထို့နောက် နတ်နန်းဘက်သို့ မော့ကြည့်လိုက်ပြန်သည်။ မယ်တော်ကြီးသည် ဒေါ်မိန်းကလေးအား ရွှန်းရွှန်းစားစားဖြင့် ကြည့်လျက်ရှိသည်။ အပူတိုက် သံတော်တင်တော့မည့် ဒေါ်မိန်းကလေး၏ ရင်တွင်းအကြံကို ထိုးထွင်းသိမြင်နေသကဲ့သို့ ပြုံးတော်မူသယောင် ထင်မိသည်။ " မိမိန်းကလေး. . . "။ ညည်းရောက်လာပြန်ပြီလားအေ့။ ဘယ့်နှယ်တွေများ အပူတိုက်သံတော်တင်ချင် ပြန်သတုံး။ ညည်းရင်ထဲ ခံစားရသမျှ ပရိဒေဝ အသီးသီး၊ သောကမီးအဖြာဖြာတို့ကို ဖြစ်ကြောင်းရယ်ကုန်စင်အောင် လျှောက်စမ်းအေ့။ တင်စမ်းအေ့။ ညည်းရင်ထဲ ပေါ့ပါးသွားတဲ့အထိ ငါ့ရွှေနားတော်အတွင်း ဆက်သွင်း သံတော်တိုက်စမ်းအေ့ " ဟု မိန့်နေသယောင်။ ဒေါ်မိန်းကလေးသည် ချွေးတိတ်လျှင် မတ်တတ်ထရပ်ကာ နတ်နန်းရှေ့သို့သွား၍ ယွန်းအစ်ကလေးကို အဖုံးဖွင့်ပြီး မယ်တော်ကြီးရှေ့၌ တည်ခင်းလိုက်သည်။

"မယ်တော်ကြီးတော်. . . ။ မယ်တော်ကြီး၏ သမီးရင်း ကျွန်တော်မျိုးမ မိမိန်းကလေးသည် မယ်တော်ကြီး၏ ခြေရင်းဝပ်ဆင်းခစားရပါရဲ့တော်။ ကျွန်တော်မျိုးမ၏ ရင်တွင်းမှ သောကပရိဒေဝတို့အား မျက်ရည်လည်ရွဲ ရင်နှင့်အမျှ လျှောက်တင်ပါရစေ။ ရွှေနားနှစ်ဆူနှင့် ပန်ဆင်တော်မူပါ့တော်။ ကျွန်တော်မ မိမိန်းကလေး၏ ဘ၀တစ်လျှောက်ဝယ် နာကြည်းခြင်း၊ ကြေကွဲခြင်းတို့နှင့်သာ ကြုံခဲ့ဆုံခဲ့ ခံစားခဲ့ရသည်မှာ မယ်တော်ကြီးအသိပါ။ သည်လောကဓံတွေကို မိမိန်းကလေး ခါးစည်းခံခဲ့ရပါရဲ့။ ကျရာဘ၀မှာလည်း နေပျော်အောင်နေရင်း အပြစ်ကင်းသောအမှုဖြင့် အသက်မွေးမှု ပြုပါရဲ့။ ယခု ကျွန်တော်မျိုးမ၏ အေးချမ်းနေသောဘ၀က တဖန်ပြန်ပြီး ဂယက်ထ လှုပ်ခတ်ခဲ့ရပြန်ပါပြီဘုရာ့။ ချစ်ရသူတို့နဲ့လည်း ကွေကွင်းခဲ့ရပါပြီ။ မြတ်နိုးရသူတို့နဲ့လည်း ကွဲကွာခဲ့ရပါပြီ။ သံယောဇဉ်ဟူသမျှလည်း ပြတ်တောက်ခဲ့ရပါပြီ။ နောက်ဆုံးလက်ကျန် သံယောဇဉ်ကြိုးလည်း ပြတ်လုပြတ်ဆဲအဖြစ်နဲ့ ကြုံရတော့မယ်ထင်ပါရဲ့ဘုရာ့။ ကျွန်တော်မျိုးမရဲ့ ဘဝင်နှလုံးဟာ ညှိုးချုံး မသာမယာ ရှိနေရပါတယ် မယ်တော်ကြီးတော်။ သည်လက်ကျန်ကြိုးသာ ပြတ်ခဲ့ရင် ကျွန်တော်မျိုးမ ရင်ကွဲနာကျလို့ သေပွဲဝင်ရပါလိမ့်မယ်။ မယ်တော်ကြီးသာ ကူပါ့ ကယ်ပါ့ ဖေးမပေးပါ့တော် "

ဒေါ်မိန်းကလေးသည် မယ်တော်ကြီးထံ သံတော်တိုက်လေသည်။ မျက်ရည်တို့သည်လည်း မငိုပါပဲ စီးကျနေ၏။ မယ်တော်ကြီးကို တွေတွေကြီး စိုက်ကြည့်နေမိပြန်သည်။ ဒေါသကြောင့် ဖြစ်တည်ရသည့် သောက၊ သမုဒယကြောင့် ပေါက်ဖွားရသည့် ပရိဒေဝ။ ဘယ်အပူမှ မသက်ပါကလားလို့သာ ဒေါ်မိန်းကလေး ဆင်ခြင်မိတော့သည်။ ယခု ဒေါ်မိန်းကလေး၏အပူသည် သမုဒယကြောင့် လောင်မြိုက်ရသည့်အပူပင်ဖြစ်တော့သည်။ မြတ်စွာဘုရားက " ပိယတော ဇာယတိ သောကော " ဟုပင် ဟောမြွက်ခဲ့သည် မဟုတ်လား။ ချစ်ခြင်းမေတ္တာ

mgyoe.com SAMPLE BOOK

ကြောင့်လည်း သောကဖြစ်ရသည်ကို ဒေါ်မိန်းကလေး ကိုယ်တွေ့ကြုံရသည်မှာ များလှပါပကော။

မယ်တော်ကြီးထံ ဦးတိုက်လိုက်ရသည့်တိုင် ဒေါ်မိန်းကလေး၏ သောကတို့သည် အေးငြိမ်းခြင်းမရှိ။ မယ်တော်ကြီးသည်ပင် သည်သောက သည်အပူတို့ကို ပြေလျော့အောင် မစွမ်းနိုင်တော့လေသလော။ ဒေါ်မိန်းကလေးသည် အပူသက်သာလို သက်သာငြား တောင်စဉ်ရေမရ အတွေများကို တောင်တောင်အီအီ တွေးရင်း နတ်ကွန်းကြီးဘက်မှ မင်းတိုင်ပင်ရွာဘက်သို့ ပြန်ခဲ့လေသည်။

အရီ မေကြီးမိန်းကလေးကို မျှော်နေမိသည်။ မေကြီးမိန်းကလေး နတ်ကွန်းဘက်ထွက်သွားသည်မှာ ကြာလှချေပြီ။ မေကြီးမိန်းကလေးရှိလျှင် အရီအားရှိသည်။ မေကြီးမိန်းကလေး၏ ချောင်းဟန့်သံ၊ ကျီးစောင့်ကြက်နှင်သံကလေးသည်ပင် အရီ့ကို လုံခြုံမှု ပေးစွမ်းနိုင်လှ၏။ မေကြီးမိန်းကလေး တခြားရွာဘက်သို့ အရှင်ကိုး သခင်ကိုး လိုက်ပါသွားသည့် အချိန်မျိုးတွင် အရီ၏ ဝမ်းနည်းအားငယ်မှု၊ စိုးထိတ်ကြောက်ရွံ့မှုတို့သည် အတိုင်းအဆ မဲ့နေတတ်သည်။ သို့သော် မေကြီးမိန်းကလေး သွားရာနောက်သို့ အရီ လိုက်ရသည်က များပါသည်။ မိုးဆင်လေဆင် မသာသည့် အခါမျိုး၊ မကျန်းမမာရှိသည့်အခါမျိုးတွင်သာ အရီ အိမ်၌ကျန်ခဲ့ရတတ်၏။ မေကြီးမိန်းကလေးသည် အရီ့အတွက်တော့ အင်မတန် စိတ်လုံခြုံမှုပေးနိုင်သည့် မဟာတံတိုင်းကြီးပင် ဖြစ်တော့၏။

မေကြီးမိန်းကလေးအား အရီ မျှော်နေခြင်းမှာ အခြားသော အကြောင်းအရာတစ်ခုလည်း ရှိနေသေးသည်။ မေကြီးမိန်းကလေးကို အရီ တစ်ခု မေးချင်သည်။ သိချင်ပါလျက် ကယ်နှင့် အရီ မမေးမိစေရန် မိမိစိတ်ကို အကြိမ်ကြိမ် ထိန်းချုပ်ခဲ့ရသည်။ မေးမိလျှင်လည်း မေကြီး မိန်းကလေး များစွာမနှစ်သက်မည်ကို အလိုလိုသိနေသည်။ သို့သော် ယခုမူ အရီ မထိန်းချုပ်နိုင်တော့ပြီ။ အရီမေးမည့် မေးခွန်းအပေါ် တုန့်ပြန်လာမည့် မေကြီးမိန်းကလေး၏ အဖြေကိုလည်း အရီ သိချင်လှသည်။ ပဟေဠိဆန်လှသော ထိုပုစ္ဆာများကို ဖန်တီးပေးခဲ့သူမှာ မေကြီး ဗေဒါပင် ဖြစ်တော့သည်။

"ကောင်မလေး. . . ။ မေကြီးမိန်းကလေး ပြန်လာပြီအေ့"

အရီ အတွေး၌ နစ်မျောနေစဉ် မေကြီးမိန်းကလေးအသံကို ကြားလိုက်ရသည်။ မေကြီးမိန်းကလေးသည် အရီ့အပါးသို့ ရောက်လာပြီး အရီ့လက်ထဲသို့ လက်ဖက်အစ်လေး ထိုးထည့်ပေးလေ၏။ ဤသည်မှာ မေကြီးမိန်းကလေး နတ်ကွန်းမှ ပြန်လာတိုင်း အရီ့အပေါ် ပြုနေကျ ဝတ္တရားပင် ဖြစ်တော့သည်။ အရီငယ်စဉ်ကတည်းကပင် မေကြီးမိန်းကလေး နတ်ကွန်းမှ ပြန်လာတိုင်း အရီ ပွဲတော်ကျ ရှင်ကြီးအန်ဖတ် စားရသည်။ ယခုမူကား အရီ ရှင်ကြီးအန်ဖတ်ကို စိတ်မရောက်မိပေ။ သိချင်လှသည့် မေးခွန်းတစ်ခုကို မေးရန်သာ စိတ်ရောက်နေမိသည်။ မေကြီးမိန်းကလေးသည် အရီ့အပေါ် မည်သို့တုန့်ပြန်လေမည်လဲ။

အရီ စိတ်လှုပ်ရှားနေမိသည်။ အရီသည် သူမ၏မိဘနှစ်ပါးကို မမြင်ဖူးခဲ့။ မြင်ဖူးခဲ့လျှင်လည်း မမှတ်မိတော့ချေ။ မေကြီးမိန်းကလေးနှင့် ရွာစဉ်လှည့် လိုက်ရသည့်အခါများတွင် "ဘယ်သူ့ သမီးလေးတုံးအေ့" ဟု အမေးခံရလေတိုင်း၊ "ဒေါ်မြပန်းရုံရဲ့သမီး ခင်ထားရီပါ" ဟုသာ အရီ အဖြေပေးနိုင်ခဲ့သည်။ ဖခင်နာမည် မပါ။ အရီ မျက်စိမမြင်၍ မိခင်ဖခင်ကို

mgyoe.com

mgyoe.com SAMPLE BOOK

မမြင်ဖူးသော်ငြား၊ မိဘနှစ်ပါး၏အကြောင်းကို စေ့စေ့ငှငှ သိသင့်သည်ဟု ထင်မိသည်။ သို့သော် မိဘနှစ်ပါးအကြောင်းကို မေးမိတိုင်း မေကြီးမိန်းကလေးထံမှ ရှည်လျားထွေပြားသော အဖြေစကားကို မကြားရ။ "ညည်းအမေက ငါ့သမီး မြပန်းရုံပေါ့" ဟူသည့် တိုပြတ်သော အဖြေကိုသာ အမြဲတစေ ကြားရလေသည်။ မေကြီးမိန်းကလေးသည် မီးဖိုချောင်ထဲသို့ ဝင်နေသည်ထင်၏။ ပန်းကန်ခွက်ယောက်သံများ ကြားနေရသည်။ နှစ်ဝမ်းနှစ်ခါးစာ စားသောက်ရေးအတွက် ပြင်ဆင်နေခြင်းပင် ဖြစ်တော့မည်။

အရီ ငါးနှစ်သမီးအရွယ်က အပူကြီး အဖျားကြီးပြီး သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရသည်။ သေပြီဟု အားလုံးက ထင်မှတ်ခဲ့ကြသည်။ သို့သော် မေကြီးမိန်းကလေးသည် အသက်အမျှဉ်းမျှဉ်း ရှူနေသေးသည့် အရီ့အား သုသာန်တစ သင်္ချိုင်းဝသို့ မစွန့်ပစ်နိုင်ခဲ့ပေ။ အရီသည်လည်း သေကံမရောက် သက်မပျောက်ဘဲ ဒုက္ခိတဘဝနှင့် ရှင်သန်ခွင့်ရခဲ့လေသည်။ မေကြီးမိန်းကလေးသည် အရီနှင့်ပတ်သက်၍ အများနှင့် စကားစပ်မိလေတိုင်း "အင်မတန်ကံအကျိုးပေးနံ့နဲ့ရှာတဲ့ သေတွင်းထွက်မ ကလေးပါအေ" ဟု ဆိုတတ်သည်။ အရီ့အပေါ် ထွေးထွေးပိုက်ပိုက် မရှိလှသည့်တိုင် အရီ့ကို အရိပ်တကြည့်ကြည့်ရှိတာ အရီ သိသည်။ အရီ တစ်စုံတစ်ရာဖြစ်သည်နှင့် ချက်ချင်းရောက်လာတတ်သူသည် မေကြီးမိန်းကလေးသာ။ မေကြီးမိန်းကလေး အရီ့အပေါ် ချစ်သည်ကိုလည်း အရီ သိသည်ပင်။ အရီ့ဘဝအတွက် တစ်ဦးတည်းသော တွယ်တာခိုကိုးရာသည်လည်း မေကြီးမိန်းကလေးမှတပါး အခြားမရှိတော့ပြီ။

မေကြီးမိန်းကလေးသည် အရီ့အား ထမင်းစားရန် လာခေါ်လေသည်။ ထမင်းဝိုင်းသို့ ရောက်လေလျှင် မေကြီးမိန်းကလေး၏ လုပ်ရိုးလုပ်စဉ်အတိုင်း "ဒီကနေ့ ဘာဟင်းလေးချက်သဟေ့၊ ငါးဟင်းကိုတော့ အရိုးမမျက်အောင် သေချာစား၊ ညည်းပန်းကန်ထဲမှာ အချဉ်သုပ်ကလေး ပုံပေးထားတယ်" ဆိုတာမျိုးဖြင့် ဂရုစိုက်ရှာသည်။ အရီ ထမင်းကို တို့ကနန်းဆိတ်ကန်းသာ စားနေမိ၏။ သိချင်လွန်းလှသည့် မေးခွန်းတစ်ခုကို မေးရန်လည်း ချီတုံချတုံ ဖြစ်နေမိသည်။ မေကြီးမိန်းကလေး စိတ်ဆိုးလေမည်လား။ စိတ်မကောင်းဖြစ်လေမည်လား။ အရီ မသိတော့ပြီ။ ဖြစ်ချင်ရာဖြစ်စေတော့ဟု အောက်မေ့ကာ မဝံ့မရဲစိတ်ကို အားတင်းလျက် မေကြီးမိန်းကလေး အား ခေါ်လိုက်လေသည်။

"မေကြီးမိန်းကလေး"

မေကြီးမိန်းကလေးထံမှ မည်သည့်ထူးသံ တုန့်ပြန်သံမှ ထွက်မလာ။ ပြောစရာရှိလျှင် ပြောပေါ့ ဟူသည့် အဓိပ္ပာယ်ကိုဆောင်ကြောင်း အရီ သိသည်။ မေကြီးမိန်းကလေးသည် အမြဲတစေ ထိုသို့ပင် မဟုတ်လား။

"အရီငယ်ငယ်တုန်းက မေကြီးဖေဒါပဲ ချီပိုးထိန်းကျောင်းခဲ့ရတယ်ဆို"

"ဘာ. . . ဘယ့်နှယ့်အေ့"

ဒေါ်မိန်းကလေး၏ ကိုယ်လုံးကလေးသည် နတ်ပူးသကဲ့သို့ တုန်ခါသွားလေသည်။

ကြားရသည့်စကားသည် ဒေါ်မိန်းကလေး၏ နားစည်အတွင်းဝယ် ကျယ်လောင်လှစွာသော မိုးချုန်းသံကြီးကို ကြားလိုက်ရဘိသကဲ့သို့ ရှိချေ၏။ ဖေဒါပျံ မီးမွေးခဲ့ချေပြီတကား။ ဒေါ်မိန်းကလေး၏ စိတ်တို့သည် ဖေဒါပျံ၏ မစောင့်ထိန်းမှုကြောင့် ယမ်းပုံမီးကျ ဒေါမနဿတို့ပွားနေတော့သည်။ ဖေဒါပျံသည် ဒေါ်မိန်းကလေး ထင်သကဲ့သို့ပင်။ ကောင်းသောလာခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ခဲ့ပေ။ ယခုပင်လျှင် ငြိမ်သက်စပြုနေပြီဖြစ်သည့် ဒေါ်မိန်းကလေး၏ဘ၀ကို ဂယက်ထဘောင်ဘင်ဆန်အောင် ဗေဒါပျံ့ ပြုခဲ့ပြန်ချေပြီ။ ဒေါ်မိန်းကလေး၏ရင်ထဲတွင် ပူလောင်သည်ထက်ပင် ပိုပူလောင်လွန်းလှသည်။ စိတ်အလျဉ်တို့သည် ဆောက်တည်ရာမရ။ ဒေါ်မိန်းကလေး စိုးရွံ့ ချောက်ချားခဲ့ရသည့် နေ့ရက်တို့သည် ဒေါ်မိန်းကလေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီထင်၏။ ဒေါ်မိန်းကလေးသည် အရီ့ကို တစ်ချက်ကြည့်လိုက်သည်။ အရီကမူ ခေါင်းကလေးကို စောင်းငဲ့၍ နားစွင့်ကာ ဒေါ်မိန်းကလေး၏ အဖြေစကားကို စောင့်မျှော်နေဟန်တူသည်။ ဒေါ်မိန်းကလေးသည် စားလက်စထမင်းကိုပင် ဆက်မစားနိုင်တော့။ ယခုပင် မယ်တော်ကြီးထံမှာ သံတော်တိုက် အသနားခံလာခဲ့ပေသည်။ သို့သော် မယ်တော်ကြီးသည် ဒေါ်မိန်းကလေး၏ သောကအပူမီးတို့အပေါ် ဝယ် မျက်ကွယ်ပြုချေပြီထင်၏။ ဒေါ်မိန်းကလေး မယ်တော်ကြီးအပေါ် မည်သည့်အပြစ်မျိုး ကျူးလွန်မိ၍များ စိတ်အမျက်သိုလေသည်မသိချေ။ ဗလောင်ဆူနေသော ဒေါ်မိန်းကလေး၏ ရင်အစုံသည် ဖားဖိုကြီးသဖွယ် ပိန်တလှည့် ဖောင်းတလှည့် ရှိလေသည်။ ချောက်ချားစိုးရွံ့စိတ်တို့ဖြင့် နွမ်းလျနေသကဲ့သို့ ဗေဒါပျံ့အပေါ် နာကြည်းစိတ်တို့သည်လည်း ဒီရေအလား တရိပ်ရိပ်တိုးလျက်ရှိလေသည်။

အရီသည် မကြီးဗေဒါကို ရွှေပြည်စိုးရွာဘက် လိုက်ပို့သည့်နေ့က အစ်ကိုစောမောင်၏ မင်းမျက်ရွာဘက်တွင် မနေခဲ့ချင်သဖြင့် ရွှေပြည်စိုးရွာအထိ လိုက်ပါသွားခဲ့ကြောင်း၊ မကြီးဗေဒါသည် အရီ ငယ်စဉ်က သူမသာလျှင် ချီပိုးထိန်းကျောင်းခဲ့ရကြောင်းတို့ကို မခြွင်းမချန် ပြောပြလိုက်သည်။ အရီ ကိုယ့်ငယ်ဘ၀ကို သိချင်သည်။ မိဘများနှင့်ပတ်သက်သည့် သဲလွန်စ စကားတို့ကို ကြားနာချင်သည်။ မကြီးမိန်းကလေးသည် အရီငယ်စဉ်ကတည်းကပင် အရီ့မိဘများအကြောင်းကို ပြောတိုင်း ဒေါ်မြပန်းရုံဟူသည့် အမည်နာမတစ်ခုမှလွဲ၍ အခြားသော အပိုစကားတို့ကို အယိုအဖိတ်မရှိအောင် ထိန်းသိမ်းခဲ့သည်။ အရီ့အပေါ်၌ မကြီးမိန်းကလေး တစ်စုံတစ်ခုသော အကြောင်းအရာကို ထိမ်ချန် ဝှက်ကွယ်ထားသည်ဟုလည်း အရီ ခံစားရသည်။ ယခု အရီမေးလိုက်သည့် မေးခွန်းသည်ပင် မကြီးမိန်းကလေးကို များစွာသွေးပျက်ချောက်ချား သွားစေဟန်တူသည်။ မကြီးမိန်းကလေး၏ အသံလှိုင်းအတွင်းဝယ် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဆောက်တည်ရာမရခြင်း၊ သွေးပျက်ထိန့်လန့်ခြင်း အငွေ့အသက်တို့သည် ရောပြွမ်းနေသေးသည်ကို အရီ အလိုလိုသိနေသည်။

"ဗေဒါပျံ့က ညည်းကို ဘာတွေပြောလိုက်သေးတုံး အရီ။ ပြောစမ်း မကြီးမိန်းကလေးကို ပြောစမ်း။ ဒါတင်ပဲလား။ တခြားဘယ်လိုအကြောင်းအရာတွေရော ပြောလိုက်သေးတုံး "

ဒေါ်မိန်းကလေး၏ အသံတို့သည် သိသာစွာပင် တုန်ယင်နေ၏။ အလျင်စလို ရှိလှ၏။

"အစ်ကိုစောမောင်နဲ့အရီ မကြီးဗေဒါနဲ့ စကားအများကြီး မပြောဖြစ်ပါဘူး မကြီးမိန်းကလေး။ မကြီးဗေဒါက အရီ့ကိုတော့ အကြာကြီး စိုက်ကြည့်နေတာထင်တယ်။ ပြီးတော့ အရီက မကြီးဗေဒါကို မမှတ်မိဘူးလားတဲ့။ အရီငယ်ငယ်က မကြီးဗေဒါပဲ ထိန်းကျောင်းခဲ့ရတာလို့လည်း ပြောတယ် "

ဒေါ်မိန်းကလေး၏ ငယ်ထိပ်ကို အဆိပ်ပြင်းလှစွာသော မြွေဆိုးတစ်ကောင် ပေါက်

mgyoe.com

လိုက်သလိုခံစားရ၏။ ကတိကဝတ်ကို ချိုးဖျက်ဖို့ဝန်မလေးလှသော ဗေဒါပျံ။ ဒေါ်မိန်းကလေးနှင့် ဗေဒါပျံတို့သည် "ဒီနေ့ကစပြီး ညည်းနဲ့ငါ မဆုံစတမ်း။ ဆုံလာရင်လည်း ဘယ်တုန်းကမှ မသိခဲ့ဖူးသလို မျက်ကွယ်ပြုကြစတမ်း" ဟု ကတိကဝတ်ပြုခဲ့ကြသည်။ သို့ရာတွင် ဗေဒါပျံသည် သူမ၏နဂိုဉာဉ် နဂိုဗီဇအတိုင်း အရာရာကို ပေါ့ပေါ့တန်တန်သာ သဘောထားမှတ်ပိုက်ခဲ့သည်။ ဒေါ်မိန်းကလေးကို တကန်တက ရှာဖွေနေခဲ့သည်။ တကန်တက လာရောက်တွေ့ဆုံခဲ့သည်။ သို့သော် မင်္ဂလာရှိသော လာရောက်တွေ့ဆုံခြင်းကားမဟုတ်ခဲ့။ ဒေါ်မိန်းကလေး၏ဘဝကို ရိုက်ချိုးဖျက်ဆီးဖို့များ တမင်ရည်ရွယ်သည့် တွေ့ဆုံခြင်းလေလား။ ဗေဒါပျံ နှုတ်မစောင့်စည်းသည့်အတွက် အရိ၏မေးခွန်းထုတ်ခြင်းကို ဒေါ်မိန်းကလေး ခံရချေပြီတကား။

"ဗေဒါပျံစကားကို အဟုတ်မှတ်ရင်တော့ ညည်းတို့ရှုံးလိမ့်မယ်အေ့။ သည်မိန်းမမှာ စကားကို ဗလောင်းဗလဲပြောတတ်တဲ့ဉာဉ် အင်မတန်ရှိတာရယ်။ ဗေဒါပျံစကားများတော့ သုံးခွက်ကျိုလို့ တစ်ခွက်တင်လိမ့်မယ် မထင်နဲ့။ သို့ပေသိ ညည်းငယ်ငယ်က ချိုပိုးထိန်းကျောင်းဖူးတာ ဟုတ်ကောင်းဟုတ်မပေါ့အေ။ သည်မိန်းမက သူ့အသိုက် သူ့ဝပ်ကျင်းမှာ ကျောပူဖျာပူအောင် နေတာမှတ်လို့၊ အရပ်တကာလှည့်နေရရင် ရှင်နေတတ်တဲ့ မိန်းမကိုး။ မေကြီးမိန်းကလေးတို့အိမ်ဆိုတာ သည်မိန်းမရဲ့ ဝင်ခလုတ်ထွက်ခလုတ် စားအိမ်သောက်အိမ်ဆိုတော့ ကြုံတဲ့အခါလည်း ကောက်ချိကောက်ပွေ့တော့ ရှိမှာပေါ့။ ဒါကို သည်မိန်းမက ဇာချဲ့ပြောပုံရပါရဲ့"

ဒေါ်မိန်းကလေးသည် မိမိ၏ တုန်ရီနေသောအသံကို ထိန်းလျက် အရိ့ကို လှည့်ကာ ပတ်ကာ နားသွင်းလေသည်။ ရင်ထဲမှာကား တကျိုကျိုတရဲရဲ အားပြင်းစွာ တောက်လောင်နေသည့် ရှားမီးခဲများကို ဒုံးကျင်းဖွဲ့ထားသည့်ပမာ ပူလောင်လွန်းလှချေသည်။ သို့သော် ဒေါ်မိန်းကလေးသည်ကား ဒေါင်းမြရိပင် ဖြစ်ချေ၏။ ဒေါင်းမြရိသည် သဘင်လောကၣ အင်မတန်ကျော်စော၍ ဩဇာတိက္ကမကြီးခဲ့သူ ဖြစ်ခဲ့သည့်အလျောက် သူမ၏ ပညာစက်သည်လည်း ကျော်သလောက်တော်ခဲ့သူပေတည်း။ ရုပ်သေးမှာ အသံ၊ ဇာတ်မှာ ဟန်ဆိုသည့်အတိုင်း ဒေါင်းမြရိသည် သဘင်ပညာဝမ်းစာ ပြည့်ဝသူပီပီ၊ အတုကို အတူလုပ်ရာၣ ပါးနပ်သူပင် ဖြစ်လေသည်။ အအေးကို ချက်ချင်း အပူတိုက်နိုင်သကဲ့သို့ အပူရုပ်ကိုလည်း တမဟုတ်ချင်း အအေးအုပ်နိုင်သူဖြစ်၏။ ယခုလည်း မိမိ၏ သိသာစွာ တုန်လှုပ်မှုကို ချက်ချင်းပေါ့ပါးသည့်အသွင် ပြောင်းလဲပစ်လိုက်သည်။ ထောင်တန်သည့်စကား ရယ်လျှင်ပေါ့ ဟုတောင် ဆိုစမှတ်ရှိသည်မဟုတ်လား။

"ကိုင်းပါအေ။ စားမယ့်ထမင်းသာ ဖြောင့်ဖြောင့်စားစမ်းပါ။ ဗေဒါပျံလို မရှူမကောင်းမိန်းမရဲ့စကားများ ညည်းမလို့ အရေးလုပ်ရန်ကော"

ဒေါ်မိန်းကလေးသည် ထမင်းကို ထိရုံတို့ရုံ စိတ်မအီမသာစားနေသည့် အရိ့အား အာရုံပြောင်းစေရန် အလိုငှာ စကားလွှဲလိုက်သည်။ ဗေဒါပျံ၊ ဗေဒါပျံ။ သင်း မီးပွားချခဲ့ပါပေါ့လား။ သည်လောက် နှုတ်လုံဖို့ အတန်တန်မှာထားပါလျက်ကယ်နဲ့ စကားစည်းကျိုးမိအောင် ကျိုးလိုက်သေးသည်။ ဒေါ်မိန်းကလေးကတော့ဖြင့် ဥဒါရီ ကုမာရီဇာတ်ထုတ်ထဲကလို "အကြောင်းသိပါပေါ့၊ ပေါင်းမိတာ လွန်ပါစေတော့၊ ညွန့်တဏှာ မှောင်အတိဟာမို့၊ မှားတာကို အားနာဖို့ ရှိတယ်၊ (အမယ်မင်း) ပြောရခက်သား " လို့ပင် ဟစ်လိုက်တော့သည်။

♦ ♦ ♦

mgyoe.com SAMPLE BOOK

## အခန်း - ၁၁

"တကယ်အမုန် အသရေ မနပ်ပါဘု၊ အထည်ခံ မသွေစုတ်သော်လည်း၊ ရွှေထုတ်ပါတဲ့ မြပဝါ..."

"မင့်ဟာမင်း သေချာအောင် စဉ်းစားပေါ့ ငါ့သားရယ်။ အမ(အမေ)တို့က မင်းသဘောကျတယ်ဆို မကန့်ကွက် မပိတ်ပင်ပေါင်ပါကွယ်။ မင်းနဲ့ပေါင်းရမှာ မှုတ်လား။ တစ်သက်စာ လက်တွဲကြမယ့်အရေးဆိုတော့ မင်းတစ်လျှောက်လုံး ဒဏ်ခံနိုင်ဖို့ပဲ လိုတာ။ မျက်မမြင် ဒုက္ခိတလေးတစ်ယောက်ရဲ့ ကရိကထက ဘယ်လောက်ကြီးလေးတယ်ဆိုတာ မင်းလည်း အသိပဲ။ မင့်ဘက်က ကျိန်းသေပါတယ် ဒဏ်ခံနိုင်ပါတယ်ဆိုရင် အမ မယ်မိန်းကလေးဆီ လိုက်ပြီး တောင်းရမ်းပေးရမှာပေါ့"

စောမောင် သေချာပါသည်။ စောမောင် အရီ့ကို ချစ်သည်။ မေကြီးမိန်းကလေးထံ တောင်းရမ်းလက်ထပ်မည်။ အရီ့ဘဝ လုံခြုံရန်အတွက် စောမောင် အပြည့်အဝ တာဝန်ယူနိုင်သည်။

"မေကြီးမိန်းကလေးသာ မရှိတော့ရင်လေ။ အရီဖြင့် ဘယ်သို့ဘယ်ပုံ ခရီးဆက်ရမယ်တောင် မသိတော့ပါဘူး အစ်ကိုစောမောင်ရယ် "

တောင်ပေါ်စေတီတွင် အရီပြောခဲ့ဖူးသည့် စကားသည် စောမောင်နားထဲက မထွက်။ သနားစရာကောင်းလွန်းလှသည့် မိန်းကလေး။ သည်မိန်းကလေးကိုမှ စောမောင်၏ မေတ္တာစိတ်တို့ ယိုဖိတ်ခဲ့ရလေသည်။ အရီပြောသလိုပင်။ အရီ့ရှေ့ရေးကား ဝေဝါးမှောင်မိုက်လွန်းလှသည်။ အရီ့ဘေးတွင် မေကြီးမိန်းကလေးကဲ့သို့ မားမားမတ်မတ် တာဝန်ယူနိုင်မည့် သူမျိုးရှိမှ ဖြစ်ပေလိမ့်မည်။ ထိုသူသည် စောမောင်အပြင် တခြားသူ မဖြစ်နိုင်ပေ။

စောမောင်အမေ ဒေါ်လွန်းဖံကမူ စောမောင်၏ ဆုံးဖြတ်ချက်ကို လက်ခံလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စောမောင်၏ အစ်မနှစ်ယောက်ကမူ အပြင်းအထန် ကန့်ကွက်လေ၏။ အကန်းကို မယား လုပ်ရကောင်းရဲ့လို့ ပျစ်ပျစ်နှစ်နှစ်ဝေဖန်ကြ၏။ စောမောင်သည် အစ်မဖြစ်သူတို့နှင့် အတိုက် အခံ ဖြစ်ရလေသည်။ အစ်မများဘက်မှ မလိုလား မကြည်ဖြူသည့် သဘောရှိသလောက်၊ စောမောင်သည် မိမိဆုံးဖြတ်ချက်ကို မပြင်နိုင်ပေ။ အရီ့အပေါ် သနားကရုဏာစိတ်မရှိဟု စောမောင် မငြင်းပါ။ သနားပါသည်။ ကရုဏာ သက်ဝင်မိပါသည်။ သို့သော် စောမောင် အရီ့ကို လက်ထပ်မည့်အရေးသည် သူ့ရဲကောင်းကြီးလုပ်ချင်၍ မဟုတ်။ သနားကရုဏာစိတ် တစ်ခုတည်းကြောင့်တည်း မဟုတ်ပေ။ ချစ်မြတ်နိုးစိတ်ကြောင့်သာ ဖြစ်လေသည်။

အရီသည် ဘဝအကျိုးပေး နုံနဲ့၍ အမြင်အာရုံ ချို့ယွင်းမှုရှိသည်ဆိုသော်ငြား မြော် မြင်တတ်သော အမျိုးကောင်းသမီးကလေးပင် ဖြစ်သည်။ အရာရာအပေါ်၌ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားတွေးခေါ်နိုင်သည်။ ခြိုးခြံချွေတာနိုင်စွမ်းရှိသည်။ အသက်နှင့်မမျှသော လောကဓံတို့ ကြောင့် သိတတ်နားလည်မှုတို့သည် ရှိရင်းစွဲထက် ရင့်ကျက်သူကလေးပင်။ မေကြီးမိန်းကလေး ၏ သွန်သင်ဆုံးမမှုအောက်တွင် ဗိုင်းကောင်းကျောက်ဖိ နေခဲ့ရသူကလေး။ ယခုမူကား စော မောင်အိမ်၌ တစ်ညတာ ခိုနားမှုကလေးသည် အရီ့အတွက် လက်ညှိုးထိုးခံစရာ ဖြစ်ခဲ့ရချေ ပြီ။ အမည်းစက်ကွက်ခဲ့ရချေပြီ။ သည်အမည်းစက်သည် ချေဖျက်၍ရသည့်တိုင် နစ်နာမှု သည်ကား ပြန်၍မပြင်ဆင်နိုင်တော့ပေ။ ထို့ကြောင့် စောမောင် အရီ့ကို လက်ထပ်ချင်သည်။ တစ်ဦးအပေါ်တစ်ဦး ချစ်ကြင်နာကြသူများ ဖြစ်သည့်အားလျော်စွာ အရီလည်း ငြင်းလိမ့် မည်မထင်။

ထိုညနေခင်း၌ ဒေါ်လွန်းဇံသည် သားဖြစ်သူစောမောင်၏ မိန်းမပြန်းခြင်းအမှု၌ လိုက်ပါဆောင်ရွက်ရန် မင်းမျက်ရွာတွင်းရှိ ရွာ့မိရွာ့ဖများကို လိုက်လံ၍ ဆင့်ဖိတ်လေ၏။ နောက်နေ့မနက်ခင်းတွင် စောမောင်သည် ဒေါ်လွန်းဇံနှင့် ရွာ့မိရွာ့ဖလေးဦးတို့ကို လှည်းပေါ် တင်ဆောင်ကာ မင်းတိုင်ပင်ရွာဘက်ရှိ မေကြီးမိန်းကလေးတို့အိမ်သို့ ခရီးနှင်ခဲ့လေသည်။ စောင်မောင်၏ရင်အစုံသည် လှိုက်ခုန်နေ၏။ မြတ်နိုးရသူကလေးနှင့် နီးစပ်ရန်အရေးပေမို့ အရီရှိရာ မင်းတိုင်ပင်ရွာသို့ ဆောလျင်စွာ ရောက်လိုစိတ်သည် ပြင်းပြလျက်ရှိ၏။ စောမောင် သည် အရီ့အား ကြိုတင်၍ ပြောမထားပေ။ အမ(အမေ)သည်လည်း မေကြီးမိန်းကလေး ကို အကြောင်းကြားမည်မထင်။ အိမ်မှာ ရှိမှရှိကြပါလေစ။ မေကြီးမိန်းကလေးသည် တခြား ရွာစဉ်သို့ အတင်အပ၊ အကိုးအမြှောက်လိုက်သွားသော် ခက်ရချေတော့မည်။ ရင်တဖိုဖိုနှင့် ရွှင်သော ဘဝင်တို့သည် စိုးရိမ်စိတ်တို့ဖြင့် ပူပန်မိသွားပြန်သည်။ ကျွဲမရဲချောင်းအလွန်၌ စောမောင်သည် နွားတရှဉ်းအား နှင်တံဖြင့် ပုတ်လျက် သုတ်ခြေတင်စေ၏။ လှည်းပေါ်တွင် ပါလာသည့် ဘကြီးစံထွားသည် " စောမောင်တို့များ မယားရမယ့်အရေးဆိုတော့ နွားတွေကို ခိုင်းလိုက်ပုံများ။ တို့များဖြင့် လှည်းစီးရတာ အရိုးများတောင် အောင့်သကွာ" ဟု စနောက်လေ သည်။ စောမောင်၏မျက်နှာသည် ရဲတက်လာလျက် မျက်နှာမထားတတ်အောင် ရှိလေ၏။

ဒွေးလေးကြာခြည်ကလည်း "သကောင့်သားနှယ်၊ ဖြည်းဖြည်းမောင်းစမ်းပါကွဲ့။ မင့်လှည်းမယ် ပေါင်းမိုးပါလို့သာ တော်ပေတော့တယ်။ မဟုတ်ရင်တော့လား သည်လောက် ဖုန်ထပုံမျိုးနဲ့ နတ်ဝင်သည် မိတုတ်ရဲ့ နတ်ရုပ်လို ဖြစ်ရချေရဲ့" ဟု ဆိုပြန်သည်။ စောမောင် သည် ရှက်ရှက်ဖြင့် ရယ်သွမ်းသွေးလိုက်ရင်း "မတုတ်ရဲ့ နတ်ရုပ်က ဘယ့်နှယ့်များတုံး ဒွေးလေး

mgyoe.com

ကြာခြည်ရဲ့" ဟု စကားထောက်လိုက်လေသည်။
mgyoe.com SAMPLE BOOK
"ဘယ့်နှယ့်ရှိရမတုံးကွယ်။ မိတုတ်က သူ့အိမ်မှာ ကိုးကွယ်တဲ့နတ်ရုပ်ကို နေ့တိုင်း ငါးကြော်ဆက်တာရယ်။ မိတုတ်မြေးမ ရှင်ပုကျစ်ကလည်း သည်ငါးကြော်ကို စားချင်လွန်းလို့ မျက်စောင်းတထိုးထိုးပေါ့။ သို့ပေမင့် အချိန်တန်တော့ သည်ငါးကြော်ကို နတ်ရုပ်လည်း မစားရဘူး၊ မိတုတ်လည်း မစားရဘူး၊ ရှင်ပုကျစ်ကတော့ အနံ့တောင် ခံရရှာတာမဟုတ်ဘူး။ ဘာဟုတ်ရမတုံးကွယ်။ မိတုတ်အိမ်တောင်ဘက်က ကိုဘလွင့်ရဲ့ ကြောင်အိုပေမွေးက လာလာချီသွားသကိုး "

ဒေါ်လွန်းဇံသည် ဒွေးလေးကြာခြည်၏စကားကို နားထောင်ရင်း ပြုံးနေလေ၏။ လှည်းပေါ်တွင်ပါသူတို့သည်လည်း ခပ်သောသောရယ်ကာ နားစွင့်နေကြ၏။ ဒွေးလေးကြာခြည်က သူ့စကားအုပြတ်ကို ထပ်ဆက်လေသည်။

"သည်တော့ ရှင်မိတုတ်မြေး ရှင်ပုကျစ်က ဘယ့်နှယ့်လုပ်တယ် မှတ်သတုံး။ သည်ငါးကြော် နတ်လည်း စားမရ ငါလည်း စားမရမယ့်အတူ ကြောင်ကိုလည်း အစားမခံနိုင်ဘူး။ နတ်ရုပ်ရှိသမျှလည်း အမေတုတ်က ငါးကြော်တင်မြှောက်နေဦးမှာပဲ။ သည်တော့ ကြောင်သူခိုးကို မဖမ်းနိုင်မှတော့ နတ်ရုပ်ကို ဖျောက်မယ်ဆိုပြီး လက်စဖျောက်လိုက်ပါကရော့လား။ ရှင်မိတုတ်ခမျာတော့ နတ်ရုပ်ပျောက်လို့ ဒေါင်းတောက်လိုက်ရပုံများ။ ရှင်ပုကျစ်ကလည်း သူဘယ့်နှယ့်မှ လုပ်မထားသလို မှင်နဲ့မောင်းနဲ့ နေသပေါ့ကွယ်။ အောင်မယ် နောက်တော့ နတ်ရုပ်ကို ဘယ်က ပြန်တွေ့တယ်မှတ်သတုံး "

ဒွေးလေးကြာခြည်က အမေးကလေးနဲ့ ဖြတ်လိုက်တော့ ဘကြီးစံထွားက "ဘယ်ကများ တွေ့သတုံးအေ" ဆိုသည့် အမေးကလေးနဲ့ ပြန်ထောက်လေ၏။

"ဘယ်က ဟုတ်လိမ့်မတုံး။ ရှင်မိတုတ်ရဲ့ ထုံးစိမ်းအိုးထဲက တွေ့သတော့်။ ရှင်မိတုတ်ကော သူ့လင်ကော အင်မတန်ကွမ်းကြိုက်တဲ့ဟာတွေဆိုတော့ ထုံးစိမ်းကို သောက်ရေအိုးကျတွေထဲထည့်ပြီး ဖောက်ထားတာကလား။ နတ်ရုပ်ဆိုတာများ နတ်ရုပ်တောင် မပေါ်ရာဘူး။ ထုံးချိုးတက်နေလို့ မနည်းခွာကြရတယ်။ နောက်မှ ရှင်ပုကျစ်လက်ချက်မှန်း သိကြသတဲ့ကွယ်။ ငါးကြော်ကို စားချင်တာက ပုကျစ်၊ တကယ်စားသွားတာက ကိုဘလွင်ရဲ့ ကြောင်အို၊ ထုံးနှစ်ခံရတော့ နတ်ရုပ်။ ခုလည်း အဲ့သလိုပေါ့ကွယ်။ မယားလိုချင်တော့ မင်း၊ ဖုန်တင် ခါးမျက်တော့ ငတို့ပေါ့ကွယ် မင့်နှယ်"

လှည်းပေါ်က တစ်ဖွဲ့လုံးသည် ဒွေးလေးကြာခြည် စကားကြောင့် ရယ်ပွဲကျကြလေတော့သည်။ စကားတပြောပြောဖြင့် မောင်းလာရင်း မေကြီးမိန်းကလေးတို့ အိမ်ဝင်းအတွင်း ဆိုက်လေပြီ။ မေကြီးမိန်းကလေးသည် လှည်းဆိုက်လာသည်ကို မြင်လျှင် အိမ်ထဲမှ ထွက်လာ၏။ လူတစ်စုတစ်ဝေးကြီး လှည်းပေါ်မှ ဆင်းလာသည့်အတွက် အံ့ဩနေရှာသည်ထင်၏။ ပြီးမှ အားလုံးကို အိမ်ထဲသို့ ဝင်ရန် ဖိတ်လေသည်။

"ရှင်လွန်းဇံပါကော။ ပြောစမ်းပါဦးအေ့ ဘယ့်နှယ့်အကြောင်းထူးရှိလို့များတုံး "

ဒေါ်မိန်းကလေးသည် အားလုံးကို နေရာချပြီးမှ ဒေါ်လွန်းဇံကို မေးလိုက်သည်။ အမေးရှိလျှင် အဖြေရှိရမည်မဟုတ်လား။ ဒေါ်လွန်းဇံက မိမိတို့အိမ်၌ အရီ တစ်ညတာ တည်းခိုသွားသည်မှစ၍၊ အရီ့သိက္ခာကို မကျစေချင်သဖြင့် မောင်စောမောင်သည် တောင်းရမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရန် ပူဆာသသည့်အတွက် လာရောက်ကြောင်းပြန်းရခြင်းဖြစ်ကြောင်း ဝေဝေဆာဆာ ပြောလေသည်။ ဒေါ်မိန်းကလေးရင်ထဲ ထိတ်ခနဲခုန်သွားမိ၏။ လာရောက်ကြောင်းမြန်းကြသည်ဆို၏။ မောင်စောမောင်နှင့် အရီတို့ နှစ်ဦးသား လူငယ်ချင်းမေတ္တာမျှနေကြသည်ကို သိသည့်တိုင်၊ ဤမျှ မြန်ဆန်စွာ ကမ်းလှမ်းလာလိမ့်မည်ကား မထင်ခဲ့။ ဒေါ်မိန်းကလေးရင်ထဲဝယ် ချစ်ရသူကလေးကို ဆုံးရှုံးရတော့မည်ဟူသော အသိဖြင့် လှိုက်တက်လာလေသည်။ နှမြောသည့်စိတ်၊ ဝမ်းနည်းသည့်စိတ်တို့သည် ဒေါ်မိန်းကလေးကို ဆွံ့အ,နေစေ၏။ အရီသည်ကား မလှုပ်မယှက်ဖြင့် နှုတ်ဆိတ်နေလေသည်။

ဒေါ်မိန်းကလေးသည် မိမိကိုယ်တိုင်သာ ဦးဆောင်ပြောရမည်ဖြစ်သဖြင့် လှိုက်တက်လာသောစိတ်ကို သိုသိပ်လိုက်ကာ တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်လေသည်။ ထိုအခိုက်မှာပင် အိမ်ခေါင်းရင်းပုန်းညက်ပင်ထက်မှ ကျီးတစ်အုပ်သည် တအာအာအော်မြည်လျက် ပင်ယံထက်မှ ပျံသန်းကြကုန်၏။ ကျန်ရစ်သည့် တစ်ကောင်ကား စူးစွာသောအသံဖြင့် ဆက်ကာအော်မြည် နေပြန်သည်။ စကားပြောရန်ပင် အနှောင့်အယှက်ဖြစ်သည့်အတွက် ဒေါ်မိန်းကလေးကိုယ်တိုင်ပင် ပုန်းညက်ပင်အောက်သို့သွားကာ မောင်းနှင်ထုတ်လိုက်ရလေသည်။

ကျီးပြိုခြင်းကို ဒေါ်မိန်းကလေး သဘောမကျချေ။ ဒေါ်မိန်းကလေးသည် ဇာတ်ကျမင်းသမီးကြီးတစ်ဦးဖြစ်သည်နှင့်အညီ အမြင်၊ အတိတ်၊ အသံတို့အပေါ်တွင် စွဲလန်းစိတ်ရှိသည်။ ဒေါ်မိန်းကလေးတို့ ဇာတ်သမားများ၏ အဆိုအရ " အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ အသံတဘောင်" ဟု ဆိုကြသည်မဟုတ်လား။ ထို့ကြောင့် ကျီးပြိုခြင်းနိမိတ်ကိုကား ဒေါ်မိန်းကလေး အမှန်ပင် မကြိုက်။ ကျီးအာသံကို အဆိုးနိမိတ်အဖြစ်သာ မှတ်ယူမိသည်။ ဒေါ်မိန်းကလေးသည် ပုန်းညက်ပင်ထက်မှ တစာစာမြည်အာနေသည့် ကျီးတစ်ကောင်ကို မောင်းထုတ်လိုက် အပြီးတွင်၊ အိမ်ထဲ၌ ဧည့်သည်များရှိသည်မို့ ချက်ချင်းပြန်ဝင်လာခဲ့ရသည်။ စိတ်ထဲ၌ ကသိကအောက် ဖြစ်လှသော်လည်း "ဧည့်လာလို့ ကျီးသာတာ နေမှာပေါ့လေ" ဟုသာ ဖြေတွေးတွေး လိုက်ရတော့သည်။

ဘိုးစံထွားသည် ဒေါ်မိန်းကလေးထံ သမီးတောင်းလာရသည့်အကြောင်းကို ထပ်မံ၍ ပြောလိုက်သည်။ ဒေါ်မိန်းကလေးသည် အရီ့ကို မိမိအနားသို့လာကာ ထိုင်စေ၏။ သင်းကလေးသည် အရွယ်ရောက်ခဲ့ချေပြီ။ သည်မိန်းမငယ်လေးကို စုံမက်တောင်းရမ်းသူတို့ ရှိလာချေပြီ။ ဒေါ်မိန်းကလေး မည်သို့တုန့်ပြန်ရမည် မသိအောင် ရှိလေသည်။ သို့သော် မတုန့်ပြန်၍လည်း မဖြစ်ချေ။ လက်ခံ၏ လက်မခံ၏ကိုဖြင့် အကြောင်းပြန်ရမည်သာ။ အရီ့သဘောထားကိုလည်း မေးမြန်းရပေမည်။ သည်မိန်းကလေးသည် ဒေါ်မိန်းကလေး၏ ခွင့်ပြုခြင်း၊ မခွင့်ပြုခြင်းကို မည်သို့မျှ အဆိုးအကောင်း ဝေဖန်လိမ့်မည့်သူကလေး မဟုတ်ချေ။ ဒေါ်မိန်းကလေး စီမံသည့်အတိုင်း နာခံမည့်သူကလေး ဖြစ်လေသည်။

သို့သော် ဒေါ်မိန်းကလေး မိမိ၏စိတ်ဆန္ဒကို ရှေ့တန်းမတင်လိုပေ။ ကာယကံရှင်၏ ဆုံးဖြတ်ချက်အတိုင်းသာ တည်စေချင်မိသည်။ မိမိ၏တစ်ကိုယ်စာ သဘောဆန္ဒအရဆိုလျှင်တော့ သည်မိန်းမငယ်လေးကို မည်သူ၏လက်တွင်းကိုမျှ ထိုးထည့်အပ်နှံလိုစိတ်မရှိ။ မိမိနှင့်သာ ရင်အုပ်မကွာ ထားလိုလှသည်။ တစ်မျှင်တည်းသော နောက်ဆုံးနွယ်ကလေးမို့ ဒေါ်မိန်းကလေး ရင်ထဲ နင့်နေမိသည်။ သို့သော် သူကလေးသာ မောင်စောမောင်နောက်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်သွားခဲ့လျှင် လိုက်ပါစေတော့၊ သူချစ်ရသူနှင့်သာ သူ့ဘဝကို လျှောက်လှမ်းပါစေတော့" ဟူ၍လည်း နှလုံးသွင်းမိပြန်သည်။ ဒေါ်မိန်းကလေးသည် ဇရာထောင်းလှချေပြီ။ ဒေါ်မိန်းကလေးသည် အရီ့ကို တစ်သက်ပန်လုံး ရင်အုပ်မကွာ စောင့်ရှောက်ရန်ကား မဖြစ်နိုင်ချေ။ အကယ်၍သာ ဤကြောင်းမြန်းမှုကို ငြင်းဆိုလိုက်လျှင် ဒေါ်မိန်းကလေးမျက်ကွယ်ပြုသည့် အခါ အရီ့ဘဝသည် ကမောက်ကမ ဖြစ်ရချေတော့မည်။ ဒိုးကိုးရာ မဲ့ရချေလိမ့်မည်။ ဒေါ်မိန်းကလေးပြီးလျှင် အရီ့အနွံတာကို သည်းခံနိုင်ဆုံးနှင့်၊ အရီ့ ကရိကထကို တာဝန်ယူနိုင်ဆုံးသော သူမှာ မောင်စောမောင်သာလျှင် ရှိကြောင်းကိုလည်း ဒေါ်မိန်းကလေး သိပေသည်။ ယင်းအတွက်ကြောင့် မောင်စောမောင်တို့ဘက်မှ ကြောင်းမြန်းခြင်းအမှုကို ခွင့်ပြုလက်ခံရုံမှတစ်ပါး အခြားမရှိတော့ပြီ။

"အရီ . . ကောင်မလေး။ မောင်စောမောင်ဘက်က ညည်းကို လာကြောင်းမြန်းကြတာတဲ့အေ့။ ညည်း ဘယ်လိုသဘောရတုံး။ မေကြီးမိန်းကလေးကရော ဘယ်လိုကြောင်းပြန်လိုက်ရမတုံး။ ညည့်စိတ်ထဲရှိသလိုသာ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါအေ။ မေကြီး ဘာမှ ကန့်ကွက်စရာ မရှိပါဘူး "

မေကြီးမိန်းကလေး၏ စကားအဆုံးတွင် အရီ ငိုမိလေသည်။ အရီ့စိတ်ထဲတွင် ချစ်ရသူနှင့် အတူနေရမည့်အရေးအတွက် ဝမ်းသာခြင်း၊ မေကြီးမိန်းကလေးကို စိတ်မချနိုင်ခြင်းနှင့်အတူ အစ်ကိုစောမောင်ကို သနားခြင်း၊ ကိုယ့်ဘဝကိုယ် အားငယ်မိခြင်းတို့သည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လျက်ရှိသည်။ အရီသာ ဤကြောင်းမြန်းခြင်းကို လက်ခံလိုက်လေလျှင် အစ်ကိုစောမောင်အပေါ် ဒုက္ခထုပ်ကြီးကို ပုံအပ်လိုက်သလိုများ ဖြစ်ချေတော့မလား။ အစ်ကိုစောမောင်သည် အရီ၏အနွံတာကို မငြိုမငြင်ခံနိုင်သည်ဆိုသော်ငြား၊ တစ်သက်ပန်လုံး တာဝန်ယူခိုင်းဖို့မူ အရီ တွန့်ဆုတ်နေမိသည်။ သို့သော် မေကြီးမိန်းကလေးသာ အရီ့ကို မျက်ကွယ်ပြုသွားချိန်တွင် အရီ မည်သူ့အပေါ် မှီခိုရမည်နည်း။ မေကြီးမိန်းကလေးသည်လည်း ဤအချက်ကို တွေးဆ၍ လက်ခံစေချင်ပုံရှိသည်ဟု အရီ ထင်မိသည်။ အရီ့စိတ်အာရုံတို့သည် နောက်ကျို ညစ်ညူးနေလေ၏။

"မေကြီးမိန်းကလေးဆန္ဒက အရီ့ဆန္ဒပါပဲ။ သင့်တော်မယ်ထင်သလိုသာ ဆုံးဖြတ်ပါ။ ဘယ်လိုဆုံးဖြတ်ချက်ဖြစ်ဖြစ် အရီ လက်ခံပါတယ်။ အရီ့ရင်ထဲက ခံစားချက်ကို အရှိအတိုင်း ပြောရရင်တော့ အစ်ကိုစောမောင်ကို တစ်သက်စာ ဒုက္ခပေးသလိုဖြစ်မှာကို အားနာလှပါတယ်"

"အရီ"

စောမောင် အရီ့နာမည်ခေါ်၍ အရီဆက်ပြောလာမည့်စကားတို့ကို တန့်စေလိုက်သည်။ အရီ တွေဝေနေမှုမျိုးကို စောမောင် လက်မခံနိုင်။ စောမောင်ကိုယ်တိုင်ပင် ပြတ်သားစွာ ရွေးချယ်ပြီးပြီမို့ အရီ့ကိုလည်း ဘာကိုမှ မငဲ့ဘဲ စောမောင်ရှိရာကို မတွံ့မဆိုင်း လာလိုက်စေချင်သည်။ စောမောင်သည် လူကြီးများရှေ့ဝယ် ကလေးကလားစကား မပြောချင်လှပေသိ စောမောင်အတွက် အရီသည် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်ကြောင်း၊ ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့လျှင်ပင် လိုလားစွာခံယူလိုကြောင်းတို့ကို ပြောမိသည်။ နောက်ဆုံးတွင် မေကြီးမိန်းကလေး၏ ဆုံးဖြတ်ချက်ကို ခံယူလိုက်ကြရသည်။ သည်ဝါကျွတ်သည်အထိစောင့်၍၊ တပို့တွဲလထဲတွင်မှ

mgyoe.com

စုလျားရစ် ပတ်ကြရန်ဖြစ်လေသည်။ စောမောင် အင်မတန် ဝမ်းသာမိသည်။ ယခုမူကား ဝါခေါင်လထဲသို့ ရောက်ချေပြီ။ ကြားကာလသည် မနီးလှသော်ငြား အနှစ်နှစ်အလလ စောင့်ဆိုင်းခဲ့ရသည့် စောမောင်အဖို့ကား များစွာမကြာတော့ပြီ။ ကြောင်းမြန်းခြင်းအမှု ပြီးလေသော် စောမောင်တို့သည် မင်းမျက်ရွာဘက်သို့ပြန်ရန် မေကြီးမိန်းကလေးနှင့် အရီးကို နှုတ်ဆက်လိုက်ကြသည်။ ဒေါ်လွန်းဇံသည်လည်း အရီးကို ကြည်ဖြူပါကြောင်း၊ မိမိတို့လက်ထဲတွင် အရီးကို စိတ်ချနိုင်ပါကြောင်း ဒေါ်မိန်းကလေးထံ အာမခံစကားပြောလိုက်သည်။ ထို့နောက် ပြန်ကြရန် လှည်းပေါ်သို့ တက်လေသည်။

ဒေါ်မိန်းကလေးသည် ဧည့်သည်များကို ပုန်းညက်ပင်အောက် လှည်းရှိရာအထိ လိုက်ပို့လေသည်။ နွားတစ်ရှဉ်းသည် မောင်စောမောင်က ငေါက်လိုက်သည်နှင့် ကဆုန်ပေါက်ကာ လှည်းကို ဆွဲလေ၏။ လှည်းသည် ဒေါ်မိန်းကလေးတို့ အိမ်ဝိုင်းတံခါးနား အရောက်တွင်၊ လှည်းနှင့်မျက်နှာချင်းဆိုင်အရပ်မှ လူတစ်ယောက်သည် ဒေါ်မိန်းကလေးရှိရာဆီသို့ သုတ်သီးသုတ်ပျာ လှမ်းလာလေသည်။ ထိုသူကို သဲကွဲစွာ မြင်လိုက်ရသည့်အခိုက်တွင် ဒေါ်မိန်းကလေး၏နှလုံးခုန်သံတို့သည် ဒိုင်းခနဲဆောင့်တက်သွား၏။ မျက်လုံးတို့သည် ပြာဝေသွား၏။ ဦးခေါင်းတစ်ခုလုံးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါအောင် ချာချာလည်သွားလေတော့သည်။

◆◆◆

mgyoe.com SAMPLE BOOK

## အခန်း - ၁၂

ပဒုမ္မာ စံအိမ်တော်ကြီး၏ ညှော်ခန်းဆောင်အတွင်းဝယ် ဝုန်းခနဲမြည်သံကြီးလည်း ကျယ်လောင်စွာ ထွက်ပေါ်လာလျက်၊ ကွန်းစားပွဲကြီးပေါ်တွင် တင်ထားသမျှသော ကြွေရည်သုတ် ကရားအိုး၊ အချိုသောက်ပန်းကန်လုံး၊ သစ်သီးစုံထည့်ထားသည့် ယွန်းဒေါင်းလန်းကြီးတို့သည် ခန်းလုံးပြည့်ခင်းထားသည့် ကော်ဇောနီကမ္ဗလာခင်းပေါ်သို့ လွင့်စင်ပြန့်ကျဲသွားကြလေသည် အခန်းငယ်အကန့်ကန့်၊ အံအသွယ်သွယ်ပါရှိသည့် ကွန်းဗီဒိုကြီးပေါ်တွင် ခံ့ညားဝံ့ကြွားစွာ အလှဆင်ခဲ့သော စောင်းကောက်ကြီးသည်လည်း ကော်ဇော်နီအခင်းပေါ်တွင် တစ်စစီကျိုးပဲ့လျက် နန်းကျလေပြီ။

ဦးကြာမြိုင်သည် ဒေါသပုန်ထလျက်ရှိ၏။ ကျယ်လောင်အားပါလှစွာသော တက်တစ်ချက် ခေါက်လိုက်လေသည်။ မျက်နှာပြင်တစ်ခုလုံးသည်လည်း နီရဲခက်ထန်ကာ ဒေါသသွေးတို့ ဆူဝေနေလေသည်။ ဦးကြာမြိုင်၏ရှေ့တွင်ကား ကျိုးနွံကြောက်ရွံ့စွာရပ်နေကြသည့် အမျိုးသားကြီးသုံးဦးရှိကြသည်။ ထိုအမျိုးသားကြီးသုံးဦးတို့သည် ဦးခေါင်းကို လိုသည်ထက်ပို၍ ငုံ့ထားကြလေသည်။ မည့်သည့်စကားကိုမျှ မဆိုကြ။ သခင်၏အမိန့်ကို တစ်သဝေမတိမ်း နာခံနေကြသည့် ကျွားနာကြီးများပမာ။ ထိုအမျိုးသားကြီးများသည် ဦးကြာမြိုင်၏ လက်ကိုင်တုတ်များ ဖြစ်ကြသည့် ဒေဝ၊ ယက္ခ၊ ဂုမ္ဘာန်တို့ပင်တည်း။

"ငါ အနှစ်နှစ်အလလ ကြိုးပမ်းခဲ့သမျှ မင်းတို့ပေါ့လျော့မှုကြောင့် သဲထဲရေသွန်ဖြစ်သွားရပြန်ပြီ။ မင်းတို့မှာ မိန်းမကြီးတစ်ယောက်ကိုတောင် အမိအရ ခေါ်မလာနိုင်လောက်အောင် ညံ့ဖျင်းကြရသလားကွ ဟေ။ ငါကရော ငါ့သမီးနဲ့ ဘယ်အချိန်ထိ လွဲရဦးမှာတုံး။ ဘယ်အချိန်ကျမှ ဆုံကြရမှာတုံး။ ဒေါင်းမြရီလို မိန်းမကို မဆိုထားနဲ့၊ ဗေဒါပျံလို မိန်းမကိုတောင် မင်းတို့ ခေါ်မလာနိုင်မှတော့၊ မင်းတို့ကို ဘယ်နေရာမှာများ သုံးစားရတော့မှာတုံးကွ"

mgyoe.com

mgyoe.com SAMPLE BOOK

ဒေဝ၊ ယက္ခ၊ ဂုမ္ဘာန်တို့သည် လူပ်ရှားခြင်း အလျဉ်းမရှိကြပေ။ ဒေဝတို့တစ်ဖွဲ့လုံးသည် မင်းသမီးကြီး ဒေါင်းမြရီ၏ သဲလွန်စနောက်လိုက်ရင်း ကျောက်ပန်းတောင်းမြို့၌ မင်းသမီးကြီး ဗေဒါပျံကို ခြေရာကောက်မိလေသည်။ ဗေဒါပျံသည် သမီးမင်းသမီး သြဘာတင့် ကသည့်ပွဲ များသို့ လိုက်ပါလျက်ရှိသည်။ ဒေဝတို့ ကျောက်ပန်းတောင်းမြို့သို့အရောက်တွင် မြို့အစွန်ရှိ ဗေဒါပျံ၏အိမ်သို့ သွားခဲ့ကြသည်။ ထိုရက်က ဗေဒါပျံသည် အိမ်၌ ရှိလေသည်။ ဒေဝတို့နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံခဲ့ရသည်။ ဒေဝတို့အဖွဲ့သည် ဗေဒါပျံကို ဒေါင်းမြရီနှင့် အဆက်အသွယ်ရှိသလားဟု မေးခဲ့ကြသည်။

ဗေဒါပျံသည် ဒေါင်းမြရီနှင့် အဆက်အသွယ်မရှိကြောင်း၊ သူမသည်လည်း ဒေါင်းမြရီကို ရှာဖွေနေသည်မှာ ကြာမြင့်လှပြီဖြစ်ကြောင်း၊ ဖြစ်နိုင်လျှင် ယခုပင် သူမကိုယ်တိုင် ဒေါင်းမြရီကို တွေ့ဆုံလိုကြောင်းတို့ကို စီကာပတ်ကုံး ပြောလေသည်။ ဒေဝတို့သည် ဗေဒါပျံ၏စကားကို ယုံကြည်ကာ မန္တလေးမြို့သို့ ပြန်တက်ခဲ့ကြသည်။ အကြောင်းစုံကို ဦးကြာမြိုင် သိလေလျှင် ဗေဒါပျံကို သွားခေါ် ချေဟု စေခိုင်းသဖြင့် ကျောက်ပန်းတောင်းမြို့သို့ ပြန်ဆင်းခဲ့ကြရ၏။ သို့ရာတွင် ဗေဒါပျံနှင့် သြဘာတင့်တို့ကို ကျောက်ပန်းတောင်းအိမ်၌ မတွေ့ကြရတော့ချေ။ ဗေဒါပျံတို့သည် ကျောက်ပန်းတောင်းအိမ်ကို သော့ပိတ်လျက် စွန့်ခွာထွက်ပြေးကြလေပြီ ဖြစ်သည်။ ထို့ကြောင့် ဦးကြာမြိုင်၏ ဒေါသတို့ကို ခံယူရခြင်းပင် ဖြစ်တော့သည်။

ဦးကြာမြိုင်၏ မဟေသီ ဒေါ်ခင်မြတ်သာသည် နဂါးလက်ရန်းကြီးဖြင့် ခံ့ထည်လွန်းလှသော လှေကားကြီးပေါ်မှဆင်းလာလေသည်။ ဒေါ်ခင်မြတ်သာ၏ အသွင်သည် နဂါးလက်ရန်း လှေကားကြီး၏ ထည်ဝါမှုနှင့် ပြိုင်နေလေသည်။ မရမ်းရောင်အခံပေါ်တွင် အဖြူရောင် အနားကွပ်ထားသည့် ရွှေချည်ချိတ်တို့ထင်လင်းနေသည့် ထဘီကို ဝတ်ဆင်ထားသည်။ မရမ်းရောင်ရင်ခံနှင့် ပဒုမ္မာပိတ်ပါးလက်ရှည် ရင်ဖုံးအင်္ကျီကို ဆင်မြန်းထားသော ဒေါ်ခင်မြတ်သာသည် ခံ့ညားလွန်းလှပေစွ။ ဘီးဆံထုံးကြီးထက်တွင် တစ်ပွင့်တည်းသော စိန်ဆံထိုးသည် တဖျပ်ဖျပ်လက်လျက် ရှိ၏။ လည်ပင်းတွင်မူ ပဒုမ္မာကြာပွင့်သဏ္ဍာန် ပုံဖော်ထားသည့် ရွှေဘယက်ကြီးသည်လည်း စိန်ဆံထိုးနှင့် အားပြိုင်နေကဲ့သို့ ရှိချေ၏။

သူမသည် ဧည့်ခန်းဆောင်ကြီးထဲသို့ ဝင်လာကာ ဦးကြာမြိုင်ကို "ကြာမှုန်နဲ့ သွားတွေ့လိုက်ဦးမယ်" ဟု ပြော၏။ ထို့နောက် သူမသည် ဒေဝ၊ ယက္ခ၊ ဂုမ္ဘာန်တို့အား ခပ်စူးစူး၊ ခပ်စိမ်းစိမ်း စိုက်ကြည့်သည်။ ပြီးလျှင်ပြုံး၏။ ထို့နောက် ငိုလျက် ဧည့်ဆောင်အတွင်းမှ ထွက်ခွာသွားလေသည်။ ဦးကြာမြိုင်သည် ဒေါ်ခင်မြတ်သာကို ကြည့်လျက် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိတော့၏။ ဒေါ်ခင်မြတ်သာသည်ကား အမုန်းအာဃာတ မီးတောက်များကြားဝယ် အပြစ်မဲ့စွာ လောင်ကျွမ်းခဲ့ရရှာသည့် သားကောင်တစ်ကောင်ပင်တည်း။ ဒေါသများ ပြေလျော့စပြုလာသည့် ဦးကြာမြိုင်သည် ဒေဝတို့သုံးဦးကို မာန်မဲဟိန်းဟောက်ကာ ဧည့်ဆောင်အတွင်းမှ နှင်ထုတ်လိုက်လေသည်။

ပဒုမ္မာစံအိမ်တော်ကြီးဝယ် ဒေါသမီးတို့ ဟုန်းဟုန်းတောက်နေချိန်၌ မင်းတိုင်ပင်ရွာကလေးတွင်ရှိသည့် ဒေါ်မိန်းကလေးတို့၏ အိမ်တွင်လည်း သောကမီးတို့သည် ဖျစ်ဖျစ်မြည်နေလေသည်။ ဒေါ်မိန်းကလေးသည် ဗေဒါပျံကို စိမ်းကားရင့်သီးစွာ ကြည့်နေလေ၏။ အိမ်ထဲသို့ မခေါ်။ အိမ်ထဲတွင် အရီရှိသည်မို့ ဒေါ်မိန်းကလေးပြောမည့်စကားများကို အရီကြား၍ မဖြစ်။

mgyoe.com

ထို့ကြောင့် ပုန်းညက်ပင်အောက်၌သာ အချေအတင်ဆိုကြလေသည်။

mgyoe.com SAMPLE BOOK

"ညည်း ဘာကြောင့်ပြန်လာရသတုံး ဗေဒါပျံ။ ငါတို့ဘဝနဲ့ ငါတို့ အေးအေးလူလူ နေပါရစေအေ။ ညည်း ငါတို့ဘဝကို လာပြီးမဖျက်ဆီးပါနဲ့လား။ ညည်း ပြန်ပါအေ။ ငါ့ရှေ့ ရောက်မလာစမ်းပါနဲ့ "

ဒေါ်မိန်းကလေးသည် ဗေဒါပျံကို အိမ်မှ နှင်ချလေသည်။ ရက်စက်ရာကျလည်း မတတ်နိုင်ချေ။ ဒေါ်မိန်းကလေးအဖို့ အတိတ်က လူမှန်ရင် ဘယ်သူနှင့်မှ မပတ်သက်ချင်တော့ပေ။

"ငါပြန်လို့ မဖြစ်ဘူး ဒေါင်းမြရိ။ ငါ ညည်းဆီမှာ တော်တော်ကြာအောင် သောင်တင်ရလိမ့်ဦးမယ်။ ငါ ညည်းဆီရောက်လာတာ ညည်းဘဝကို ဖျက်ဆီးဖို့ မဟုတ်ဘူးအေ့။ ငါ ကျောက်ပန်းတောင်းကို ပြန်ရင်သာ ညည်းဘဝ အပြုံပြုံအလဲလဲ တစ်စစီစုတ်ပြတ်သွားမှာ။ ငါ ညည်းဆီကို စိတ်ဒုက္ခပေးဖို့ သက်သက်နဲ့ အကြောင်းမဲ့ လာခဲ့တယ်များ ထင်နေသလား"

ဒေါ်မိန်းကလေးသည် ဗေဒါပျံ၏ စကားကြောင့် ဆတ်ခနဲ တုန်ခါသွားသည်။ ဗေဒါပျံရောက်လာခြင်းသည် မည်သည့်အကြောင်းကြောင့် ဖြစ်သနည်း။ ဗေဒါပျံကမူ သူပြန်လျှင် ဒေါ်မိန်းကလေးဘဝ တစ်စစီ ပြိုကွဲမည်ဟု ဆို၏။ မည်သို့သော အကြောင်းခြင်းရာတို့ ရှိလေသနည်း။

ဗေဒါပျံသည် ရွှေပြည်စိုးရွာ၌ ဩဘာတင့် အငြိမ့်ကအပြီးတွင် ပွဲငှားမရှိသဖြင့် ကျောက်ပန်းတောင်းအိမ်သို့ပြန်ကာ သားအမိနှစ်ယောက် ထိုင်စားဘဝဖြင့် နေခဲ့ရသည်။ ထိုအချိန်၌ပင် ကြာမြိုင်၏လူများရောက်ရှိလာကြကာ ဒေါင်းမြရိနှင့် ပတ်သက်သည့်အကြောင်းကိစ္စအဝဝအား မေးမြန်းကြောင်းကို စုံစေ့အောင် ရှင်းပြလေသည်။ ဒေါ်မိန်းကလေးရင်ထဲတွင် စူးအောင့်သွား၏။ မရောက်ချင်သော်လည်း မျှော်လင့်ထားသည့် နေ့ရက်ဆိုးတို့သည် ဒေါ်မိန်းကလေး၏အပါးသို့ တစ်စတစ်စ ချဉ်းကပ်လာခဲ့ချေပြီတကား။

ဒေါ်မိန်းကလေး မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ချက်မချနိုင်အောင် ရှိလေသည်။ မင်းတိုင်ပင်ရွာမှ ထွက်ခွာရမည်လော။ မဖြစ်ပေ။ ဗေဒါပျံသည် သူ့သမီး ဩဘာတင့်ကိုပင် ဖခင်ကိုမြတ်သော်၏ ဆွေမျိုးများရှိရာ ဆင်ဖြူကျွန်းဘက်သို့ စေလွှတ်၍၊ ဗေဒါပျံကိုယ်တိုင်ကမူ မိမိထံသို့ အရောက်လာခဲ့ချေသည် မဟုတ်လား။ ထို့ကြောင့် မိမိသာ မင်းတိုင်ပင်ရွာကို စွန့်ခွာလေလျှင် ဗေဒါပျံသည်လည်း တကောက်ကောက် လိုက်ပါနေမည်ပင်။ မိန်းမအိုနှစ်ယောက် ခြေဦးတည့်ရာ လျှောက်သွားနေ၍လည်း မည်သို့မျှ အကြောင်းမလျော်။ ဗေဒါပျံကို အိမ်ပေါ်တင်ထားမည်ဆိုပြန်တော့လည်း အရီနှင့် အနေနီးချေတော့မည်။ စကားကို ခြင်းကြား ရေယိုပြောဆိုတတ်သည့် ဗေဒါပျံ၏စရိုက်ကြောင့် အတိတ်တို့သည် မဖော်ပါဘဲ တစ်စတစ်စနှင့် ပေါ်ပေလိမ့်မည်။

သည်တော့ ဒေါ်မိန်းကလေးသည် အားလုံးအဆင်ပြေရန် အလို့ငှာ တစ်ခုခုလုပ်ရပေတော့မည်။

" ညည်း ကတိနှစ်ခုပေးရမယ် ဗေဒါပျံ "

ဒေါ်ဗေဒါပျံသည် ဘာကတိများပေးရမလဲဟူသည့် အကြည့်မျိုးဖြင့် ဒေါ်မိန်းကလေးကို ကြည့်လေသည်။ "နှစ်ခုမကဘူး၊ ကြိုက်သလောက်တောင်းစမ်း " ဆိုသည့် ဟန်ပန်

mgyoe.com

မျိုးလည်း ပေါ်လွင်နေလေသည်။

mgyoe.com SAMPLE BOOK

"ညည်း ငါ့ဆီမှာနေမယ်ဆိုရင် အရီ့ကို မင်းမျက်ရွာက မောင်စောမောင်ဆီကို ပို့ထားရတော့မယ်။ အကြောင်းတိုက်ဆိုင်လို့ ဆုံခဲ့ရင်တောင် အရီ့ကို စကားမပြောပါဘူးဆိုတဲ့ ကတိပဲအေ့။ နောက်တစ်ခုကတော့ ညည်း ကိုမြတ်သော်နဲ့ရခဲ့တဲ့ ဂုဏ်ရည်တင့်လေးဟာ အခု အငြိမ့်မင်းသမီးဩဘာတင့်ဆိုတာ ငါသိတယ်။ ဒီတော့ လိုအပ်လာတဲ့အခါ ဂုဏ်ရည်တင့်ကို ကြာမှုန်ဖြစ်ကြောင်း ညည်း သက်သေထူပေးရမယ်"

ကတိတောင်းပြီးသည့်ချိန်တွင် ဂုဏ်ရည်တင့်နှင့် ကြာမှုန်၏အသက်မှာ များစွာ ကွာခြားလွန်းလှသဖြင့် အစားထိုးခဲ့သည်ရှိသော် ကြာမြိုင် ယုံမှယုံပါ့မလားဟူ၍လည်း ဒေါ်မိန်းကလေး၏စိတ်ထဲတွင် စိုးထင့်သွားမိသေးသည်။

ဒေါ်ဗေဒါပျံသည်ကား ဒေါင်းမြရီ တောင်းဆိုသည့် ဒုတိယကတိစကားကြောင့် အံ့ဩသွားမိသည်။ သို့သော် ဒေါ်ဗေဒါပျံအတွက်မူ မခက်ခဲလှပေ။ ဂုဏ်ရည်တင့်ကို ကြာမှုန် ဖြစ်ကြောင်း သက်သေထူလိုက်၍ ကြာမြိုင်တို့က ယုံကြည်ပြီး သိမ်းသွားလျှင်လည်း ဂုဏ်ရည် တင့်ဘဝ ကောင်းစားရုံကလွဲ၍ ရှုံးစရာမရှိပေ။ ထို့ကြောင့် ဒေါ်ဗေဒါပျံ အလွယ်တကူပင် ခေါင်းညိတ်လက်ခံလိုက်လေသည်။

ဒေါ်မိန်းကလေးသည် ပြောသည့်အတိုင်း တကယ်လုပ်ခဲ့လေသည်။ နောက်တစ်နေ့ နံနက်ခင်းဝယ် မောင်စောမောင်သည် အရီနှင့် အရီ့အသုံးအဆောင်များကို လာရောက် သယ်ဆောင်သွားတော့၏။ မောင်စောမောင်သည် ဒေါ်မိန်းကလေးအား အရီ့ကို စိတ်ချလက်ချ ထားရန်နှင့် နှမကလေးကဲ့သို့ စောင့်ရှောက်ပါမည့်အကြောင်းကိုပင် ကတိပေးသွားသည်။ အရီကမူ လိုက်ချင်လွန်းလှသည်ဖြင့် မဟုတ်ချေ။ မေကြီးမိန်းကလေးကို ထားခဲ့ရမည်က တစ်ကြောင်း၊ လက်မထပ်ရသေးသည့် ယောကျာ်းပျိုတစ်ဦးအိမ်၌ မည်၍မည်မျှ မသိနိုင်သော ကာလတစ်ခုအထိ နေရမည်ကတစ်ကြောင်းမို့ စိတ်မပါလှပေ။ သို့သော် အရီသည် မေကြီး မိန်းကလေး၏ အစီအမံတို့ကို မည်သည့်အခါကမျှ လွန်ဆန်နိုင်ခြင်းမရှိခဲ့ပေ။ အစ်ကိုစော မောင်၏နောက်သို့သာ ကောက်ကောက်ပါအောင် လိုက်ခဲ့ရချေတော့၏။

ဒေါ်မိန်းကလေး၏ စိတ်အစဉ်သည် ကြီးမားလှစွာသော ကျောက်စိုင်သားကြီး များဖြင့် ဖိကြိတ်ခံထားရသည့်ပမာ လေးလံလွန်းလှသည်။ မိမိ ခြေရာကောက်သူများသည် တစ်စတစ်စ မိမိနှင့်မဝေးလှသော အကွာအဝေးသို့ ရောက်လာခဲ့ကြချေပြီ။ အကယ်၍သာ မိမိ၏ခြေရာကို ကြာမြိုင့်လူများ ခြေရာခံမိသွားကြလျှင်၊ ဒေါ်မိန်းကလေး ဆက်မတွေးချင် တော့ပေ။ ဗေဒါပျံနှင့် အတူနေရမည့်အရေးကို တွေး၍လည်း ဒေါ်မိန်းကလေး ရတက်မအေး နိုင်အောင် ရှိလေသည်။ ဗေဒါပျံသည် နှုတ်လုံသူမဟုတ်။ အကယ်၍ အရီ့ကို မပြောမိအောင် ချုပ်တည်းနိုင်သည့်တိုင် ရွာသူရွာသားများနှင့် စကားစပ်မိသည့်အခါတွင် မဖွင့်အန်ဟု ပြော နိုင်ပေ။ ဒေါ်မိန်းကလေးသည် ရင်မောလှသည်။ ဒေါ်မိန်းကလေးသည် ဗေဒါပျံရောက်လာ သည့်နေ့မှစ၍ အိပ်ကောင်းခြင်း စားကောင်းခြင်း မရှိတော့ပေ။ အတွေးဆိုးတို့သည်သာ ဒေါ်မိန်းကလေး၏ စိတ်အာရုံတို့ကို တင်းကြပ်စွာ ရစ်နှောင်ထားလေတော့သည်။

mgyoe.com

အရီသည်လည်း အစ်ကိုစောမောင်အိမ်သို့ ရောက်ရှိနေခဲ့သည်မှာ တော်သလင်း လကျော်၍ သီတင်းကျွတ်လသို့ပင် ချဉ်းနင်းလာခဲ့ချေပြီ။ သို့သော် နေ့ရက်များကြာလာ

mgyoe.com SAMPLE BOOK

သည့်တိုင် အစ်ကိုစောမောင်အိမ်၌ နေထိုင်ရခြင်းကို အသားမကျ မပျော်ရွှင်နိုင်သေးပေ။ မေကြီးလွန်းဇံနှင့် အစ်ကိုစောမောင်သည် အရီ့ကို သမီးရင်း နှမရင်းကဲ့သို့ စောင့်ရှောက်ကြပါသည်။ ၎င်းတို့၏ မေတ္တာရိပ်အောက်ဝယ် အရီ မနွေးထွေးသည်မဟုတ်။ နွေးထွေးပါသည်။ သို့ရာတွင် မင်းတိုင်ပင်ရွာဘက်တွင် ကျန်ခဲ့သည့် မေကြီးမိန်းကလေးကိုကား တစ်ချက်ကလေးမျှပင် စိတ်မချနိုင်ပေ။ မေကြီးမိန်းကလေးသည် ထူးဆန်းလှသည်။ မေကြီးဗေဒါရောက်လာတိုင်း အရီ့ကို အိမ်နှင့် ဝေးရာ အရပ်ဆီသို့ ပို့ဆောင်ခြင်းသည် မည်သည့်နည်းနှင့်မျှ သွေးရိုးသားရိုး မဟုတ်နိုင်။ မေကြီးမိန်းကလေးနှင့် အရီ့ကြားဝယ် အဘယ်မည်သော အကြောင်းတရားတို့သည် ပိတ်ဖုံးကာ ဆီးထားဘိသနည်း။ ထိုအကြောင်းခြင်းရာတို့ကို တွေးမိတိုင်း အရီ့စိတ်တို့သည် ထွေပြားရစမြဲ။ မေကြီးမိန်းကလေးမသိအောင် မေကြီးဗေဒါနှင့် တွေ့ဆုံကာ အရီ့ဘဝနောက်ကြောင်းကို မေးရလျှင် ကောင်းလေမည်လားဟုပင် စိတ်ကူးမိသည်။ သို့သော် မေကြီးမိန်းကလေး သာသိခဲ့လျှင် အရီ့အား အင်မတန်ပင် စိတ်ဆိုးလိမ့်မည်ကိုလည်း အရီတွက်ဆမိသည်။

"အရီ. . .။ ဒီမှာနေရတာ နေရတာ မပျော်ဘူးလားကွယ်။ အရီ့မျက်နှာလေးကို ကြည့်ရတာ မရွှင်ပျသလိုပဲ။ မေကြီးမိန်းကလေးကို မေကြီးဗေဒါနဲ့ ထားခဲ့ရတာကို စိတ်မဖြောင့်နေတာလား "

အစ်ကိုစောမောင်သည် အရီရှိရာ အိမ်ရှေ့သမုန်းပင်အောက်မှ ပေါင်းမိုးလှည်းကလေးဆီသို့ ရောက်လာပြီး စိတ်မချမ်းသာသည့်အသံဖြင့် မေးလေသည်။ အရီ၏ မရွှင်ပျသည့် အမူအရာကို အကဲခတ်မိဟန်တူသည်။ အမေးကို အရီ ခေါင်းကလေးဆတ်ကာ ဖြေလိုက်သည်။ ထို့နောက် အစ်ကိုစောမောင်၏ အမေးနှင့် လားလားမျှမဆိုင်သည့် စကားတို့ကို အရီ ပြောမိလေသည်။

"မေကြီးမိန်းကလေးက မေကြီးဗေဒါရောက်လာတိုင်း ဘာဖြစ်လို့များ အရီ့ကို အိမ်မှာ ရှိမနေစေချင်တာပါလိမ့်နော်။ မေကြီးမိန်းကလေးနှင့် မေကြီးဗေဒါတို့ ပတ်သက်မှုက ထူးဆန်းနေတယ်လို့ အစ်ကိုစောမောင် မခံစားမိဘူးလားဟင်။ မေကြီးမိန်းကလေးဆီမှာ အရီမသိစေချင်တဲ့ အကြောင်းအရာတစ်ခုခု ရှိလိမ့်မယ်လို့ အရီထင်တယ်။ အရီ မေကြီးဗေဒါနဲ့ တွေ့လိုက်ရကောင်းမလား အစ်ကိုစောမောင်"

စောမောင် အရီ့လက်ဖဝါးနုနုလေးကို သူ၏လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ အရီ ခံစားနေရသည်ကို စောမောင် စာနာ နားလည်မိပါသည်။ အရီ့အား လာခေါ်ရန် မေကြီးမိန်းကလေးထံမှ လူကြုံစကားကို ကြားလိုက်ရချိန်၌ စောမောင်ကိုယ်တိုင်ပင် မတင်မကျဖြစ်ခဲ့ရသည် မဟုတ်လား။ သို့သော် မေကြီးဗေဒါနှင့် တွေ့ဆုံလိုမှုကိုဖြင့် အားပေးအားမြှောက် မပြုမိချေ။ မေကြီးမိန်းကလေးသည် အရီ့အတွက် အကျိုးယုတ်စေမည့် အမှုကိစ္စမျိုးကို လုပ်မည့်သူမဟုတ်ကြောင်း စောမောင် ကောင်းကောင်းကြီးသိသည်။ အကြောင်းတစ်စုံတစ်ရာကြောင့်သာ မသိစေလိုသဖြင့် ဖုံးကွယ်သိုဝှက်ထားခြင်း ဖြစ်ပေလိမ့်မည်။

"မေကြီးမိန်းကလေးက မသိစေချင်မှတော့ မေကြီးဗေဒါနဲ့ မတွေ့တာ ကောင်းပါတယ် အရီ။ မေကြီးဗေဒါနဲ့ တွေ့တာကို မေကြီးမိန်းကလေး သိသွားရင်လည်း ဘယ်စိတ်ကောင်းလိမ့်မလဲကွယ်။ အရီ့အတွက် အကျိုးမဲ့စေမယ့် ကိစ္စတော့ဖြင့် မဟုတ်တန်ပါဘူး"

အရီ၏ ဦးခေါင်းလေးသည် စောမောင်ပခုံးလေးပေါ် သို့ မှီချလိုက်သည်။ စောမောင်

mgyoe.com

mgyoe.com SAMPLE BOOK

သည် အရီ့ပခုံးလေးကို ထွေးဖက်ထားလိုက်သည်။ လှည်းဆောင်ပန်းအိမ် နောက်မြီးတွင် ခြေတန်းလန်းချလျက်ထိုင်ကာ မှီခိုတွဲယှက်နေသည့် ချစ်သူနှစ်ဦး၏ ပုံရိပ်သည် မြင်ရသူတို့အဖို့ ကြည်နူးနှစ်သက်စရာအဖြစ် မှတ်ချက်ပြုကြပေလိမ့်မည်။ သို့သော် ဤအမြင်ကား ပြင်ပဗဟိဒ္ဓ အမြင်သာတည်း။ နှစ်ဦးသား၏ အတွင်းအဇ္ဈတ္တ၌မူ သောကကိုယ်စီဖြင့် ရှင်ပျခြင်းတို့ ဆိတ်သုဉ်းလျက် ရှိလေသည်။

အရီသည် တစ်စတစ်စ ပဟေဠိဆန်လွန်းလှသော သူမ၏ဘဝကို အားမလိုအားမရ ရှိလှသည်။ အရီ့ သဘောထားအရဆိုလျှင် မေကြီးဗေဒါနှင့် တွေ့လိုက်ချင်သည်။ သို့သော် အစ်ကိုစောမောင်ပြောသကဲ့သို့ပင် မေကြီးမိန်းကလေးသည် အရီ့ဘဝအတွက် အကျိုးမဲ့စေမည့် အလုပ်များကို မည့်သည့်နည်းနှင့်မျှ လုပ်မည့်သူမဟုတ်ချေ။ အရီ မေကြီးမိန်းကလေးကို ယုံ သည်။ အားကိုးသည်။ မေကြီးမိန်းကလေးတွင် အခက်အခဲများရှိခဲ့လျှင် အမြန်အဆင်ပြေပါစေဟုသာ အရီ ဆုတောင်းမိတော့သည်။

"ကောင်မလေး။ စိတ်မချမ်းမြေ့စရာတွေ မတွေးပါနဲ့တော့ကွယ်။ အရီတွေးသလောက်လည်း ကြီးကြီးမားမားကိစ္စကြီး ဟုတ်မယ်မထင်ပါဘူး။ ကဲပါ အရီ စိတ်မပျော်ဘူးမဟုတ်လား။ ရှေ့တစ်ပတ်ထဲကျ ရန်ကြီးအောင်ရွာမှာ ဘုရားပွဲရှိတယ်။ အဲဒီမှာ အစ်ကိုစောမောင်ရဲ့ အသိတွေလည်း ရှိတယ်။ အရီ စိတ်ပြေလက်ပျောက်ဖြစ်အောင် အစ်ကိုစောမောင် လိုက်ပို့ပါဦးမယ်။ ခုတော့ဖြင့် စိတ်ပျော်အောင်သာ နေပါကွယ်နော် "

စောမောင် အရီ့ကို ထွေးပွေ့ကာ ကလေးတစ်ယောက်ကဲ့သို့ ချော့မော့နှစ်သိမ့်နေမိသည်။ ဤမိန်းမငယ်လေး မျက်နှာညှိုးမည့်အဖြစ်ကို စောမောင် မလိုလားပေ။ အတိုက်အခံများကြားမှ ရွေးချယ်ထားသည့် ချစ်မြတ်နိုးရသူကလေးကို စောမောင် တန်ဖိုးထားသည်။

နေအပူသည် တစ်စတစ်စ ပို၍ကဲလာ၏။ အရိပ်ကောင်းလှစွာသော သမုန်းပင်ကိုပင် ထိုးဖောက်လျက် ပေါင်းမိုးလှည်းပေါ်သို့ ကွက်ကျလျက်ရှိသည်။ စောမောင်သည် အရီ့ကို လှည်းပေါ်မှ ဆင်းစေလျက် အိမ်ဘက်ဆီသို့ ဆောင်ကြဉ်းခဲ့လေသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၁၃

ဒေါ်မိန်းကလေးသည် ဗေဒါပျံ့ကို မျက်တောင်မခတ်တမ်း ကြည့်နေလေသည်။ ဘဝတစ်လျှောက်လုံးတွင် ဖြစ်သလို ဒေါင်ကျကျ ပြားကျကျ နေခဲ့သူ။ အရှုပ်မှန်သမျှကို မတွန့်မဆုတ် ရှုပ်ခဲ့သူ။ ဗေဒါပျံ့၏ဘဝသည် စပ်ဆုပ်ဖွယ်ကောင်းသလောက်၊ သံဝေဂကျဖွယ် ကောင်းလှသည်။ ဇာတ်ခုံပေါ်မှနေ၍ ပုရိသအပေါင်းတို့ကို အညှု အခရာ၊ အခွဲ့ အအီ၊ မျက်စ မျက်စောင်းတို့ဖြင့် သိမ်းကျုံးဖမ်းစားခဲ့သလောက်၊ ကန့်လန့်ကာနောက်မှ ဗေဒါပျံ့၏ ဘဝသည်ကား အကျည်းတန်လွန်းခဲ့သည်။ ဇာတ်အဖွဲ့သားချင်းပင် နောက်ကွယ်၌ ဗေဒါပျံ့ကို ရေမျောကမ်းတင် ဗေဒါပင်ဟူ၍ တီးတိုးလှောင်ပြောင် ခေါ်ဆိုခဲ့ကြသည်။ ဗေဒါပျံ့ကား မသိ၍ မဟုတ်။ သိသည်ပင်။ သို့သော် ပြင်ဆင်ခြင်း မရှိ။ ဆင်ခြင်ခြင်းကား နတ္ထိ။ ဗေဒါပျံ့သည် ရှုပ်မြဲ ရှုပ်ခဲ့သည်။ ပွေမြဲ ပွေခဲ့သည်။ နောက်ဆုံးတွင် သူမထက် ဖျံ့ကျသည့် ကြာမြိုင်နှင့် ကြုံသည့်အခါတွင်ကား ဗေဒါပျံ့ အသက်သေလုမတတ် ခံစားရချေတော့သည်။

"ညည်းနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ ပွဲရာသီပြီးကတည်းက ငါလည်း ပဒုမ္မာဇာတ်အဖွဲ့ကို စွန့်ခွာခဲ့တော့တာပါပဲ။ ငါ့ကိုယ်ငါ ယူကျုံးမရစိတ် ကြာမြိုင့်အပေါ် နာကြည်းစိတ်တွေက ညည်းနဲ့မတွေ့ခင်ကတည်းက ဖွဲမီးလို တမြေ့မြေ့ တငွေ့ငွေ့ တောက်လောင်နေခဲ့ရတာပါအေ။ ငါကတော့ လင်သားလိုတစ်မျိုး ဘုရင်တစ်ပါးလိုတစ်ဖုံ သင်းထံမှာ ဝပ်တွားခယခဲ့လိုက်ရတာ။ သူ ရက်စက်ခဲ့ပုံကတော့ ငါ့အသက် မသေရုံတမယ်ပါ"

ဒေါ်ဗေဒါပျံ့၏ မျက်လုံးအစုံသည် ရီဝေဆွေးမြေ့နေ၏။ အတိတ်ကို နာနာကြည်းကြည်းအောက်မေ့နေဟန်တူသည်။ ဒေါ်မိန်းကလေးကမူ ဗေဒါပျံ့၏စကားကိုသာ နားစွင့်နေမိသည်။ တစ်ခွန်းတပါဒမျှ ဝင်ထောက်မေးမြန်းခြင်း အလျဉ်းမပြုမိ။ ဗေဒါပျံ့သည် သူမ၏ စကားကို ဆက်လေသည်။

mgyoe.com